www.burmeseclassic.com

VIEW

BURMESE CLASSIC .com

# မြင်းကကဝလေး

ကာလာခြယ်မိုးတိမ်

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မိန်းကလေး

ကာလာခြယ်မိုးတိမ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် – ၅၀၁၀၆၉၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၅၃၁၀၁၀
ထုတ်ဝေသူ
ဒေါ်ပြင့်မြင့်ရီ (ယ–၁၃၅၈) (ဈေးစာပေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ • ၈၃
မိန်းကလေး
ကာလာခြယ်မိုးဟိန်း / မိန်းကလေး ။ – ရန်ကုန်။
ဈေးစာပေ ၊ ၂၀၁၀ ။
၂၈၄ – စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) ကာလာခြယ်မိုးဟိန်း

# အခန်း ( ၁ )

"ဟာ ဟော့ မို"

ဝတ္ထုဖတ်ကောင်းဆဲ ဝိုင့်လက်ထဲကစာအုပ် ဖျတ်ခနဲ ဆွဲလုတာခံရတဲ့အဖြစ်။

"မနှောင့်ယှက်နဲ့နော် မို"

ဝိုင့်ကိုယ်က ဆိုဖာပေါ်မှ ကြွတက်မတတ်ဖြစ်သလို နှုတ်ကလည်း မကျေမနပ် ရွတ်၏။ တစ်ပြိုင်နက် လက်ကလည်း စာအုပ်ပြန်လုပြီး –

"ပြန်ပေးကွာ၊ မပေးရင် ငါ့အဆိုး မပြောနဲ့၊ ငါ လုံးဝ သည်းမခံဘူးကွ"

ဝိုင် မျက်နှာထား ထပ်ဆင့်တင်းပြောင်သွားကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးသလို ခပ်ထန်ထန်ပြောသည်။ မိုက မယူရေးချ မယူဆိုတဲ့ မျက်နှာပေးနှင့် နှုတ်ခမ်းနှစ်လွှာကို မဲ့တွန့်၏။

"ဟွန့် မခံနဲ့ပေါ့လို့"

စာအုပ်ကို ချက်ချင်းပိတ်ပစ်ပြီး လက်တစ်ဖက် ခါး ထောက်လျက် ဝိုင့်ကိုတည့်တည့်စိုက်ကြည့်၍ စိန်ခေါ်သလို မိုပြော သည်။

ဝိုင် ခံပြင်းသွားကာ ဆိုဖာပေါ်မှ ဝုန်းခနဲထသည်။

"နင် လူပါးမဝနဲ့ မို"

"ဝ,တယ်လေ၊ ဘာဖြစ်လဲ"

"အောင်မာ မိုနော်၊ ငါ တွယ်လိုက်ရ"

စကားအဆုံးမှာ ဝိုင့်လက်တစ်ဖက် မြှောက်တက်သွား သည်။ မိုက ပခုံးတစ်ဖက်ပင့်ကာ –

"တွယ်ကြည့်ပါလား"

ဝိုင် လက်သီးရွယ်ဟန်ပြင်သည်နှင့် မို ပြောရင်း ပခုံးချင်း ယှဉ်တိုက်ကာ ခပ်ရဲရဲပြန်ပြော၏။

ဝိုင် စိတ်ပျက်လက်ပျက်ဖြစ်ကာ ရွယ်ဟန်ပြင်တဲ့လက်ကို အရှက်ပြေပြင်၍ မိမိဆံပင် တစ်ချက်သ,ပစ်သည်။ သီသိသာသာ အရုပ်နိမ့်တဲ့ မို့မျက်နှာကို ဝိုင် ငုံ့ကြည့်ရသည်။

မိုကလည်း မခေ။

ဝိုင့်ကို ပြန်မော့ကြည့်သည်။ အကြည့်ချင်းအဆုံမှာ





တိုက်ပွဲတစ်ခုအသွင်ဖြစ်ကာ သူနိုင်ကိုယ်နိုင်ကြဲဖို့ နှစ်ဦးနှစ်ဖက် တာဆူနေမှန်း သိသာနေသည်။

ဝိုင် လက်ရုံးပင့်ကြွရင်း –

"ကျစ်၊ ငါမလုပ်ဘူး မထင်နဲ့"

"သတ္တိရှိရင် လုပ်လိုက်လေ၊ မာမိရေ ဟောဒီမှာ ဝိုင် ဝတ္တုဖတ်နေတာ ညဉ့်တစ်နာရီထိုးနေပြီ"

"ဟာ ဟော့ မို"

မို ကကာယ်ပဲ အားပြဲပြီး ထ,အော်သည်။ ဝိုင် ကမန်း ကတန်း မို့ပါးဝပ်ပေါက်ကို လက်ဖဝါးနဲ့ ပိတ်လိုက်ရသည်။

မပိတ်လို့ မဖြစ်ပေ။ မို့အာပြဲသံ ဒယ်ဒီနဲ့မာမိ ကြားသွား လျှင် အခြေအနေဆိုးသွားနိုင်တာ ဝိုင် သိသည်။ ဒါကြောင့် အချိန်မီ ပိတ်လိုက်ခြင်း။ မိုက ဝိုင့်လက်ဖဝါးကို အားနဲ့ဆွဲဖယ်၍–

"ဘာလဲ၊ ကြောက်သွားလား"

တဲ့။ ဝိုင် နှုတ်ခမ်းဖိကိုက်ကာ မို့ကို အံကြိတ်လျက် စိုက်ကြည့်သည်။

"နင်နော် မို"

"ဘာမိုလဲ၊ နင် အိပ်ရမယ့်အချိန် လွန်တာ၊ နှစ်နာရီ ရှိပြီလေ"

"ရှိပစေ"

"ရှိပစေလို့ ရမလား၊ နင် မနက်အစောကြီး ထ,ရ...



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် တစ်နေ့လုံး ရှုတင်ရှိတယ်၊ နင့်အခန်းတွေချည်းပဲ ရိုက်ရမှာလေ၊ နင် အိပ်ရေးဝရမယ်၊ သက်သက်မဲ့ အိပ်ရေးပျက်ခံပြီး ဝတ္ထုဖတ်နေတာ၊ ငါ ဒီထက်အချိန်ကြာအောင် မစောင့်နိုင်တော့ဘူး၊ သွားအိပ်တော့''

တာဝန်ရှိလူကြီးမင်းလို အချက်ကျကျ မှီပြောချသည်။ ဝိုင် စိတ်ပျက်စွာ လက်နှစ်ဖက် ခါးထောက်မိသွားသည်။

မှီကတော့ ပြောစရာပြောပြီး ဝတ္ထုစာအုပ်ကို စားပွဲပေါ် ပစ်ချသည်။

''လာခဲ့''

မှီ ရှေ့ကဦးဆောင်ပြီး စာကြည့်ခန်းထဲက ထွက်သွားသည်။ ဝိုင် မကျေမနပ် အံကြိတ်လျက် နေပြီးရပ်နေလိုက်သည်။

ကောင်းခန်းရောက်နေပြီဖြစ်တဲ့ ဝတ္ထုထဲ ဝိုင် စိတ်ရောက်နေသည်။ စားပွဲပေါ်ကဝတ္ထုကို ပြန်ကောက်မယ်လို့ တွေးမိရုံရှိသေး –

''ဝိုင်''

ဝိုင်ပါမလာတာ သိသွားတဲ့မှီ စာကြည့်ခန်းထဲ လှည့်လာတာကြောင့် ဝိုင် အတွေးမဆုံးခင် အစီအစဉ်ပျက်သွားသည်။

ခါးထောက်ထားတဲ့ ဝိုင့်ညာဘက်လက်မောင်းကို မှီ ပိုင်ပိုင်နိုင်နိုင်ဆွဲပြီး –

''နင် သိပ်ဂျီမကျနဲ့၊ နင် ခုထိ မအိပ်သေးတာသိရင်





နင့်ဒယ်ဒီနဲ့မာမီ နင့်ကို စိတ်ဆိုးလို့ဆုံးမှာမဟုတ်ဘူး၊ လာ ပါပြီ ဝတ္ထု နှောက်ရက်ဆက်ဖတ်လို့ ရတယ်''

''ဟာ ကောင်းခန်းရောက်နေပြီကွ''

ဝိုင် ဂျစ်တစ်တစ်နဲ့ စောဒကတက်ကြည့်သည်။ မရပါ။ မှီက မျက်စောင်းလည်းတိုးသလို သူ့ကိုယ်ပါသွားအောင် ဆွဲရင်းဆိုသည်။

''မနက်ဖြန်ရိုက်ရမယ့် နင့်အခန်းတွေကလည်း တကယ့်ကောင်းခန်းတွေလေ၊ နင် အိပ်ရေးဝပြီး စိတ်ကြည်မှ ပိုကောင်းမယ်၊ ဒါတွေကို နင်သိပါတယ် ဝိုင်ရယ်၊ မြန်မြန်လာ''

မှီဆိုတဲ့ မိန်းကလေးက သူ့ဘော်ဒီဂတ်လား၊ သူ့အတွင်းရေးမှူးလား၊ သူ့မန်နေဂျာလား၊ ဘာလားတော့ ဝိုင် ခွဲခွဲခြားခြား မသိပါ။

ဝိုင်သိတာက ဝိုင့်အပေါ် သိပ်ပြီး ပါဝါပြလွန်းသည်။ သွေးသားလည်းမတော်စပ်ဘဲနဲ့ တစ်ခါတစ်ရံ အစ်မကြီးတစ်ယောက်လို မာန်ကလေးဝင့်ကာ လက်ညှိုးတထောင်ထောင်နဲ့ ပြောတတ်သည်။

ဒယ်ဒီနှင့် မာမီကလည်း မှီ့စကားအတိုင်းပဲ။

ဝိုင်က သားအရင်းခေါက်ခေါက်ဖြစ်လျက် ဝိုင့်စကားကို ခို ဒယ်ဒီနဲ့မာမီ ဘယ်တုန်းကမှ အရေးမထားပေ။

မှီ့ကိုရော ဒယ်ဒီနှင့်မာမီကိုပါ ဝိုင် သိပ်မကြည့်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ချင်ပေမယ့် လွှန်ဆန်လို့မရတော့ ခက်လှသည်။ မှိုဆွဲခေါ်တဲ့နောက် ပိုင် မပါချင့်ပါချင်နဲ့ ပါလာခဲ့ရသည်။

"မှီ နင် ငါ့ကို သိပ်နိုင်တာပဲ"

"ဘာ၊ ဟင့်၊ ငါက နိုင်တယ်၊ ခြော် ဟုတ်ပါလေ့၊ ငါက နိုင်သတဲ့၊ မပြောချင်ပါဘူး၊ ပြောလိုက်ရင် ခါ့တော်မှီက အောင်မင်းလိုပဲ လွှန်ဦးမယ်၊ နင့်ဘာသာနင် နိုင်ငံကျော်သရုပ်ဆောင်ဖြစ်ဖို့ ငမ်းငမ်းတက်ကြိုးစားနေတာလေ၊ ငါက စေတနာနဲ့ အခမဲ့ ကူညီစောင့်ရှောက်ပေးနေတာလည်း သတိရပါဦး"

"ဘာပဲဖြစ်ဖြစ် ငါ နင့်ကို မကြည့်ဘူး"

"မကြည့်နဲ့ပေါ့၊ ငါလည်း နင်နဲ့ အကြည့်တော် မဖြစ်ချင်ဘူး။ နင်ကြည့်အောင် ငါ ညပြနေဖို့ မရှိဘူး၊ ခါတော်မှီတို့က ဒါဆို ဒါပဲ"

"ကဲ တော်ပြီ၊ လျှာမရှည်နဲ့ မှီ၊ နင် သွားတော့"

အိပ်ခန်းထဲရောက်ခဲ့ပြီမို့ မှီ့လက်ကို ဖြုတ်ချပြီး ခပ်ဆတ်ဆတ် နင်သည်။

မှီက မျက်ခုံးတန်းနှစ်ဖက် စုံပင့်ကာ နွတ်ခမ်းပေါ် ခနီးခနဲ့အပြုံးလေးတင်၍ –

"သွားမှာပါ၊ နင့်အခန်းထဲမှာ ဘယ်သူမှမအိပ်ဘူး"

"အိပ်ချင်လို့လည်း မရဘူး။ တစ်သက်လုံးမှတ်"

"အောင်မယ်၊ မှီရယ် ငါ အိပ်မက်ဆိုးမက်လို့ ငါ့ကို





လာစောင့်အိပ်လို့ နင်ပဲ လာမခေါ်နဲ့"

ငယ်ငယ်တုန်းကအဖြစ်ကို မှီ အစဖော်ပြောလျှင် ပိုင် မျက်မှောင်တစ်ချက်ကုတ်သွားပါသည်။ ပိုင်ကလည်း ပိုင်ပဲ။ ယောကျ်ားဖြစ်သော်လည်း ငယ်စဉ်က ပိုင် ကြောက်တတ်သည်။ ထမင်းလုံးတစ္ဆေကြောင့် အိပ်မက်ဆိုး ခဏခဏမက်ဖူးပါသည်။

ထိုစဉ်က ပိုင်ကြောက်၍ မှီ့ကို မရအရဆွဲခေါ်သည်။ ပိုင် ကြောက်စိတ်ပြေပြီး အိပ်ပျော်စေဖို့ မှီ့ကို မိုးအလင်းထိုင်စောင့်စေခဲ့သည်။

မှီက အခွင့်သာတိုင်း စကြောက်ကြီးဆိုပြီး ထုတ်ပြောစမြဲ။ အပြောခံရတိုင်း ပိုင့်ရင်မှာ ခံခက်ခက်ဖြစ်ကာ –

"အေး ငယ်ငယ်တုန်းကပဲ နင့်ကို အိပ်စောင့်ခိုင်းမှာ၊ အခုတော့ ငါ အိပ်စောင့်ခိုင်းလို့ရတဲ့ နှုတ်ခမ်းနီမလေးတွေ အများကြီး။ သိတယ်နော် မှီ၊ ဟွန်း"

ထိုအကြောင်း အစဖော်ပြောသည့် မှီ့ကို ပိုင် အမြင်ကတ်လှသည်။ ထို့ကြောင့် အိုင်တင်မိမိနဲ့ ပိုင့်ကိုယ်ပိုင် လက်မ,ထောင်ပြီး အနိုင်ယူပြောချလိုက်သည်။ ထိုအခါ မှီ့မျက်နှာကြီး ချက်ချင်းပျက်ကျသွားသည်။ ကောင်းတယ်။ ပျက်ပစေ။

မှီ့ကို အဲသလိုလေး ကတ်သတ်အနိုင်ဖဲ့ထားနိုင်မှ၊ နောက်ဆို မလွယ်ဘူး။ ခါတော်မှီဆိုတဲ့ မှီက ပိုင့်အပေါ် အစစအရာရာ ဆရာကြီးလုပ်လွန်းသည်။ ခုတော့ ဘာတတ်နိုင်သေး[illegible]

"အေးပါ အေးပါ၊ နင်က စန်းထနေတဲ့အ[illegible]ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်ပေ့ါ၊ နှုတ်ခမ်းနီမလေးတင် မကဘူး၊ နှုတ်ခမ်းမည်းမတွေပါ တစ်ပြုံတစ်ခေါင်းခေါ်ပြီး အိပ်စောင့်နိုင်းပေ့ါ၊ ဟွန်း၊ ဂျိမ်း''

မို ချက်ချင်း မျက်နှာပြင်ကာ ခေါင်းမော့ပြီး မခံချိမခံသာ ပြောလျက် ဝိုင့်အိပ်ခန်းတံခါးကို ဂျိမ်းခနဲမြည်အောင် ဆွဲပိတ်သွားသည်။

ထိုအခါ ဝိုင် တဟားဟားအော်ရယ်ရင်း မွေ့ရာပေါ် ကိုယ်ကို ပစ်လှဲချသည်။ ဝိုင့်ရယ်သံ မိုကြားမှာပဲ။ ဝိုင့်ရယ်သံကြားရင် မို့တစ်ကိုယ်လုံး တုန်ခါမတတ်။

ခြေဖနောင့်ဆောင့်ထွက်သွားမယ်ဆိုတာ ဝိုင်ပြေးမကြည့်ဘဲ သိနိုင်ပြီးသား။

မို ငါနဲ့ပတ်သက်တဲ့ နင့်ပါဝါတွေကို လျှော့ချဖို့ လိုပြီကွ။ ဟား ဟား ဟား။

※ ※ ※



အခန်း ( ၂ )

''မို မြန်မြန်သိမ်းကွာ''

မို့ကို ငုံ့ကြည့်၍ စိတ်မရှည်သလို ဝိုင် တစ်ခွန်းပြောလိုက်သည်။

နောက်ဆုံး ဇာတ်ဝင်ခန်းအပြီး ချွတ်ပုံထားတဲ့ ဝိုင့်အဝတ်တွေ ခေါက်နေတဲ့ မို။

''ဟွန်း သိမ်းနေတာပဲဟာ၊ မမြင်ဘူးလား''

မို မျက်စောင်းထိုးရင်း မျက်နှာပါ တစ်ဆက်တည်း မဲ့ရင်း ပြောသည်။ ဝိုင် သိပ်စိတ်မရှည်ချင်တော့ပါ။

''မြင်တယ်ဟ၊ နင် သိမ်းပုံက သိပ်နှေးနေလို့''

''နှေးတယ်ထင်ရင် နင်ပါ မြန်မြန်လာသိမ်းပေ့ါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟ သိမ်းစရာလား၊ ငါက မင်းသားလေ"

ပိုင်က မျက်နှာပြင်နုနုကို ရေခဲစိမ်တာဝါနဲ့ပွတ်ရင်း ခပ်ဝင့်ဝင့်လေး ပြောချ၏။ မှီ့မျက်စောင်းက ပိုင့်မျက်နှာပေါ် ညနေခင်းနေရောင်ခြည်လို ခပ်နွေးနွေးလေး လင်းဖြာထိုးကျလာပြန်သည်။

"ဟွန်း မင်းသားတဲ့"

"နို့ မဟုတ်လို့လား"

"ဟုတ်ပါတယ်၊ နင်က ရွှေမင်းသား၊ ငါ့ကိုတော့ အလုပ်သမားခိုင်းတဲ့လေသံနဲ့ မခိုင်းနဲ့"

"ကြီးကျယ်လိုက်တာ"

"ကျယ်တယ် ဘာဖြစ်လဲ"

ဆတ်ဆတ်ထိမခံ ပြန်ပြောနေတဲ့ မှီ့ကို ပိုင် အမြင်ကတ်လာသည်။ ရိုက်ကွင်းသိမ်းနေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေအားလုံးလိုလို ပို့နဲ့ပိုင် အချေအတင်ပြောနေတဲ့ဆီ အာရုံရောက်လာသည်။

ထိုအခါ ပိုင် ပို၍ မှီ့ကို အမြင်ကတ်လာသည်။ မှိက နေရာတကာ ဒီလိုတွေ ပြန်ပြောတာကို ပိုင် သည်းခံနေဖို့ မလိုဘူးထင်တယ်။ ဟုတ်တယ်လေ။ ဒါကြောင့် –

"မှိနော်၊ နင့်လေသံနဲ့ နင့်အချိုး နင်ပြင်တော့"

"ဘာလို့ပြင်ရမှာလဲ၊ ဝေးသေး"

"ဟ နင် ပြောလေကဲလေ လုပ်မနေနဲ့"

"ငါ ဘာကဲနေလို့လဲ၊ နင်ပဲ နင့်ကိုယ်နင် မင်းသားဆိုပြီး





ဘဝင်ကိုင်နေတာလေ၊ မပြောလိုက်ချင်ဘူး၊ နင်ပင်ပန်းသလို ငါလည်း ပင်ပန်းတာပဲ၊ နင့်လိုပဲ မြန်မြန်နားချင်တာပဲ"

"နင် ဘာလို့ ဖိမ်ဆွဲနေသေးလဲ၊ မြန်မြန်သိမ်းပေါ့"

"ငါ သိမ်းနေတာပဲ၊ နင် မြင်မြင်ကြီးနဲ့ အပြစ်တင်သလိုလို၊ ဘာလိုလိုနဲ့ ပြောနေတာ၊ ခံနိုင်စရာလား၊ မသိရင် သူစိမ်းကျနေတဲ့ အတိုင်းပဲ"

"ကျွတ် သူစိမ်းပဲ၊ ဘာဖြစ်လဲ၊ နင်နဲ့ငါ သူစိမ်းပဲဥစ္စာ"

"ဘာ သူစိမ်းလဲ"

သူစိမ်းလို့ပြောလိုက်ရင် မှီ မခံမရပ်နိုင်ဖြစ်ကာ နာတတ်၏။ နာတတ်အောင် ပိုင်ကလည်း ဖိပြောဖို့ ဝန်မလေးပေ။

"နို့ မဟုတ်လို့လား၊ နင်နဲ့ငါ ဘာသွေးသားမှမတော်ဘူး"

"နင်နော်"

မှီ့မျက်ဝန်းအိမ်မှာ ရုတ်ခြည်း မျက်ရည်ဝဲလာသည်။ ခေါက်နေဆဲ ပိုင့်ကျင်းဘောင်းဘီကို အားနဲ့ဆုပ်ကိုင်ရင်း ပိုင်ကို နှုတ်ခမ်းကိုက်လျက် စိုက်ကြည့်၏။

ပိုင် သဘောတကျဖြစ်ကာ ဟက်ခနဲရယ်ပြီး –

"ဘာ နင်နော်လဲ၊ မဟုတ်လို့လား မှီ၊ နင်နဲ့ငါ ဘာတော်လို့လဲ"

ထိုမေးခွန်းက မှီ့မျက်ဝန်း နီရဲသွားကာ ပိုင့်ကိုစိုက်ကြည့်နေရာမှ မျက်နှာထား ဆတ်ခနဲလွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် ပို၍ပင် သဘောကျကာ ဟားဟားဟားရယ်သည်။ မို ပြန်မပြောနိုင်အောင် အထိရောက်ဆုံး သုံးနိုင်တာ အဲဒီမေးခွန်းမျိုးပဲ။

ထိုမေးခွန်းက မို့ကိုသာမက ပတ်ဝန်းကျင်ရှိသူတွေအားလုံး ပါ အံ့သြသွားစေသည်။ အားလုံးက မိုနဲ့ဝိုင်ကို မောင်နှမတစ်ဝမ်းကွဲ လို့ ထင်ထားတာလေ။

ခုတော့ ဝိုင့်မေးခွန်းကို မို ပြန်မဖြေနိုင်။

မို ပြန်မဖြေနိုင်တော့ အားလုံး ပို၍ စိတ်ဝင်စားကြည့် ကြည် သည်။ ဝိုင်နဲ့အပြိုင် သရုပ်ဆောင်တဲ့ "ကြယ်သစ်" ဝိုင့်ကို ပါးစပ် အဟောင်းသားနဲ့ ငေးကြည့်သည်။

ဘယ်သူ ဘယ်လိုကြည့်ကြည့် ဝိုင်မမှုပေ။ မို ကတ်ကတ်လန် ပြန်မပြောနိုင်ဖို့ ဝိုင် ပိတ်ပြောဖို့ အဆင်သင့်ဖြစ်နေပါသည်။

ထို့ကြောင့် –

အဝတ်ကို သားရေအိတ်ထဲ လုံးပြီးထိုးထည့်နေတဲ့ မို့ဘေး နား ထိုင်ချသည်။ ဝိုင့်ကို မျက်နှာလွှဲထားတဲ့ မို့မျက်နှာကို မေးဖျား လေးမှဆွဲကိုင်၍ ဝိုင်နဲ့ မျက်နှာချင်းဆိုင် မေးသည်။

"ပြောလေ မို၊ နင်နဲ့ငါ ဘာတော်လို့လဲ"

မို့မျက်နှာ တင်းပြောင်သွားကာ ခံပြင်းစိတ်နဲ့ မျက်တောင် တစ်ချက်ခတ်လျက် မျက်လွှာစင်းချလိုက်သည်။

ဆွဲကိုင်ထားတဲ့ မေးဖျားမှ ဝိုင့်လက်ကို မို ပုတ်ချလျှင် –

"နင်နဲ့ငါ ဘာမှမတော်တာ နင်အသိပဲ၊ ဘာလို့ မဏ္ဍပ်ဝိုင်း





တက်ချင်တာလဲ မို"

"နင်"

မို့ရင်မှာ နင့်ခနဲ ဝမ်းနည်းကာ မျက်ရည်ကြည်တွေ ရစ်ဝဲလာ တာ ဝိုင် မြင်ပါသည်။ ဝိုင် ခပ်မဲ့မဲ့လေးပဲ ပြုံးကြည့်ပြီး –

"နင် ဘာတစ်ခွန်းမှ ထပ်မပြောနဲ့ မို၊ ငါ ခိုင်းတာမှန်သမျှ နင် လုပ်ရမယ်၊ အဲဒါ နင့်တာဝန်ပဲ၊ နင်က ငါ့အလုပ်သမားဆိုလည်း ဟုတ်တယ်၊ ငါ့အခိုင်းအစေဆိုလည်း မှန်တယ်၊ ငါ့ဘော်ဒီဂတ်ဆို လည်း မမှားဘူး၊ ငါ့အတွင်းရေးမှူးဆိုလည်း ဖြစ်တယ်၊ အေး ဒိထက် ပိုပြီး ဘာမှဖြစ်စရာအကြောင်း မရှိဘူး၊ ဒါကြောင့် နင် ကမ်းတက်ဖို့ စိတ်မကူးနဲ့၊ ငါ့ကို ပတ်ခနဲ ပက်ခနဲ ပြန်ပြောတာတွေ ငါ မကြိုက်ဘူး၊ နားလည်တယ်နော် မို၊ နင့်ဘက်က ဆင်ခြင်စရာတွေ အများကြီးပဲ၊ နင်မဆင်ခြင်လို့ ငါပြန်ပြောရင် နင် မျက်ရည်မကျနဲ့နော်"

ဝိုင့်စကားအဆုံးမှာ ဝိုင့်လက်က မို့ခေါင်းကို ခပ်ဆတ်ဆတ် လေး ပုတ်လိုက်သေးတယ်၊ ခေါင်းပုတ်ခံရတဲ့အရှိန်နဲ့ မျက်ဝန်းအိမ်မှာ စုဝေးနေတဲ့ မို မျက်ရည်က ပေါက်ခနဲ ခုန်ချလေသည်။

ဝိုင့်အဝတ်ပေါ် ခုန်ချတဲ့ မို့မျက်ရည်ကို ဝိုင် ကျေနပ်စွာ ကြည့်၍ မဲ့မဲ့လေးပြုံးကာ မို့အပါးမှခွာသည်။

မို ခေါင်းလေးပြန်မမော့နိုင်အောင် ဝမ်းနည်းနေမှုန်း ကြယ် သစ် ငေးကြည့်နေရာမှ မျှဝေခံစားမိလေသည်။

"နင့်ကိုစောင့်နေရရင် ငါ အနားယူမယ့်အချိန် ပုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



မို့ နင် ပြီးတဲ့အချိန်မှ ပြန်လာ၊ ငါတော့ နင့်ကို မစောင့်နိုင်တော့ဘူး၊ ဒိုးမယ်''

မို မည်မျှဝမ်းနည်းနေမလဲ။ ဒါကို ဝိုင် မတွေးပါ။ တွေးဖို့လည်း မလိုအပ်ပါ။ ပြောပြီးတာနဲ့ ကားဆီ လျှောက်ထွက်သွားတဲ့ ဝိုင်။

ကြယ်သစ် မနေနိုင်မထိုင်နိုင်ဖြစ်ကာ သူ့ကားပေါ်သို့ တက်မလိုဖြစ်နေရာမှ မတက်ဖြစ်။ ကြယ်သစ် ကားဘေးမှသွားကာ ဖြေလာမ်းက ဝိုင့်ဆီ ဦးတည်သွား၏။

"ဝိုင်"

ကြယ်သစ် ဘာပြောမလဲဆိုတာ ဝိုင် သိနှင့်သည်။ ကြယ်သစ်ကို ငဲ့မကြည့်ဘဲ ဝိုင် ပျားရှေ့ခန်းတံခါး ဆွဲဖွင့်လိုက်သည်။

"နေဦးကွ"

ကြယ်သစ် ဝိုင့်လက်ကို ဆွဲတားလျှင် ဝိုင် စိတ်မရှည်တော့ပါ။

"ဘာလဲ မင်း"

"မင်းနဲ့မိုက တကယ်ပဲ ဘာမှမတော်ဘူးလား"

မမေးသင့်လား၊ မေးသင့်လား ကြယ်သစ် ဝေခွဲမတတ်တော့ပါ။ ဒါပေမဲ့ ရင်ထဲမှာ ဒါကို အတိအကျသိချင်တာကြောင့် မဆိုင်းမတွ မေးချမိသည်။

ဝိုင် မျက်မှောင်ကြုတ်လျက် စိတ်ပျက်သလို ကြယ်သစ်ကို ငဲ့ကြည့်သည်။





သိချင်စိတ်ပြင်းပြနေတဲ့ ကြယ်သစ်မျက်ဝန်းကို သရော်သလို ကြည့်ကာ ဝိုင် မျက်နှာလွှဲပြီး ကြယ်သစ်လက်ကိုဖယ်၍ ကားပေါ်တက်သည်။

ကြယ်သစ်ဆိုတဲ့ကောင် မို့ကို တစ်ပိုင်းသေတော့မတတ် ကြွေနေတာ ဝိုင်သိသည်။

ဝိုင့်ကို မှိန်နေလို့ ရှေ့မတိုးရဲခဲ့ပေ။ ကြယ်သစ် ရှေ့တိုးရင်လည်း ဝိုင်နဲ့ မဆိုင်ဘူး။ တိုးချင်ရင် ဆက်တိုးလို့ရအောင် ဝိုင် လမ်းဖွင့်ပေးဖို့ လိုအပ်သည်။

ဒါကြောင့် ဝိုင် ဘုဆတ်ဆတ် ပြန်ပြောချ၏။

"မတော်ဘူး၊ ဘာမှမတော်ဘူး"

ကြယ်သစ်မျက်ဝန်းမှာ ရင်ခုန်အငေင်းရောင်တွေ ပြန့်ကျဲသွားသည်။

"ကျေး ကျေးဇူးပဲကွာ"

ကြယ်သစ် အားရဝမ်းသာဆိုတဲ့အသံက အဖျားခတ် လှိုက်တုန်နေရှာသည်။ ဝိုင် ခပ်မဲ့မဲ့ကြည့်ကာ ကားကို လျှာခနဲ မောင်းထွက်ခဲ့သည်။

မို့ နင့်ကိုကြွေနေတဲ့ကောင်ကို နင် ကြိုက်သလို ပြန်ပက်။ နင် ပြန်ပက်သမျှ နင့်အကောင် မျက်နှာပျက်မှာမဟုတ်ဘူး။

ဒါကို ပြန်ပက်လို့ကတော့ နင် မျက်ရည်ကျသွားစေရမယ်။ အခုလည်း နင့်မျက်ရည် ဒလဟောကျနေတယ် မဟုတ်လား။ လား



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ပေမယ့် နင့်မျက်ရည် အသောမထာတ် ကျနေမယ်ဆိုတာ ငါ အလိုလို သိတယ်ကွ။

အဲဒါ နင့်ဘဝ အစစ်အမှန်ပဲလေ။ နင် ကမ်းတက်လာလို့ သာ ငါ ပြောချမိတာ။ ငါ မမှားဘူး မို။ နင့်ဘဝအမှန်ကို နင် စဉ္စာန် မလပ် သိနေဖို့ လိုအပ်တယ်မဟုတ်လား။

နင် မေ့ချင်ဟန်ဆောင်ချင်တာလား။ နင့်ဘဝအမှန်ကို နင် လက်ခံချင်တာလား။

ဘာပဲဖြစ်ဖြစ် နင့်ဖြစ်စဉ်ကို နင် ခံစားကြည့်လေ။

နင် ဘယ်ဘဝက လာသလဲဆိုတာ။

✿ ✿ ✿



## အခန်း ( ၃ )

ဝိုင် မူလတန်းကျောင်းစတက်တဲ့အရွယ်တွင် ဖြစ်သည်။

ထိုနေ့က ဝိုင် ကျောင်းကပြန်လာချိန်ပေါ့။

ဒရိုင်ဘာမောင်းတဲ့ကားပေါ်က ကျောပိုးအိတ်လွယ်ပြီး ဆင်း လာတဲ့ ဝိုင် –

ညည့်ခန်းထဲ လှမ်းဝင်လျှင် ဝိုင့်ခြေလှမ်းက ညည့်ခန်းအဝင်ဝမှာ တုံ့ခနဲရပ်သွားသည်။ မျက်ဝန်းကလည်း ပြူးလျက်သားနှင့် ဘွားခနဲ မြင်လိုက်ရတဲ့ ထိုကောင်မလေးကို မျက်တောင်မခတ်တမ်း ကြည့်ပိ သွားသည်။

ဝိုင့်ထက် အရပ်နိမ့်တဲ့ ကောင်မလေး။ ဖြူဖြူလေး။ အညို ရောင်ဆံပင်တွေက ရှည်လျားကာ ပခုံးစွန်းပေါ် ဖြာကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြီးသင်ထားတာ မဟုတ်သောကြောင့် ဆံပင်ခွေတွေက ပွထွားကာ အုံ့ကြွနေ၏။

ပခုံးပေါ် ခေါက်တင်ချည်ထားတဲ့ ဒူးဖုံးလုံဂါဝန်အဖြူလေးက ဟောင်းနွမ်းကာ ညစ်မှိုင်းလျက်ရှိသည်။ ထိုဂါဝန်က ကောင်မလေး ကိုယ်လုံးဝဝနဲ့ အံကိုက်မဖြစ်ပေ။ ကိုယ်မှာ ကျပ်ကာ လက်မောင်းနဲ့ ဗိုက်သားတွေ အစ်ထွက်နေသည်။

ဖိနပ်လည်း စီးမထားပေ။ ဒါပေမဲ့ ပုံစံလေးက အဓေတ်လွန်သည်။ ညှော်ခန်းထဲမှာ ခမ်းခမ်းနားနားရှိနေတဲ့ ဆိုဖာတွေကို ကိုင်ကြည့်လိုက်၊ ထိုင်ကြည့်လိုက်နှင့်။ စားပွဲတင်ပန်းအိုးကို မရဲတရဲတို့ကြည့်ကာ ရူးစမ်းနေပြန်သည်။

မှန်ပြတင်းပေါက်အပြည့် အလှတပ်ဆင်ထားတဲ့ ဆင်စွယ်ချောင်း လိုက်ကာစအိအိကို ဖွဖွလေးဆွဲကိုင်ကြည့်ပြန်သည်။ တီဗွီကြီးကို ငေးပြန်သည်။ မှန်ဗီရိုထဲ အလှဆင်ထည့်ထားတဲ့ အရုပ်တွေကိုလည်း မျက်လုံးလေးပြူးပြီး လျှောက်ကြည့်ပြန်သည်။

ပကာသနလွှမ်းနေတဲ့ ကြီးကျယ်တဲ့ ညှော်ခန်းတစ်ခုလုံးကို စိတ်ဝင်တစား လျှောက်ကြည့်၊ တို့ထိကြည့်နေတဲ့ ကောင်မလေးမျက်ဝန်းက အံ့သြကာ အရောင်တစ်မျိုးပြီးတစ်မျိုး ပြောင်းနေသည်။

သေချာတာက ဒီကောင်မလေးက ပိုင်တို့လို ပြည့်စုံကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲက မဖြစ်နိုင်။

မမြင်ဖူးတော့ အဆန်းတကြယ်ဖြစ်ကာ ဟိုဟိုဒီဒီ ကြည့်





နေတဲ့ ကောင်မလေး၊ နှုတ်ခမ်းလေးစူချွန်ချွန်၊ ပါးဖောင်းဖောင်း၊ မေးစေ့လုံးလုံးနှင့်မို့ ဘိုမရုပ်နဲ့တူသလိုဖြစ်နေတဲ့ ကောင်မလေး။

ဘယ်က ဘယ်လို ညှော်ခန်းထဲ ရောက်နေတာလဲ။ ညှော်ခန်းတစ်ခုလုံးကို စိတ်တိုင်းကျကြည့်ပြီးဟဲ့ ထိုကောင်မလေးက စားပွဲပေါ် အလှထိုးထားတဲ့ နှင်းဆီပူးတွေဆီမှာ အကြည့်ရပ်သွားသည်။

ထို့နောက် စားပွဲတင်ပန်းအိုးရှေ့ ဒူးနှစ်ဖက်ထောက် ထိုင်ချသည်။ မှန်စားပွဲဝိုင်းပေါ်ရှိ အိုးအောစင်တုံးပေါ် ကျောက်စိမ်းခက်တွေနဲ့ အတူရောထိုးထားတဲ့ အဖြူရောင်နှင်းဆီပန်းဖူးတွေဆီ နှာခေါင်းလေး ရှေ့တိုး၍ ဖွဖွလေးထိကာ ကောင်မလေး နမ်းရှိုက်လိုက်လျှင် –

"ဟိတ်"

ပိုင် ဟန့်တားသလို အော်မိသွားသည်။ ပိုင့်အော်သံကြောင့် ကောင်မလေး နှင်းဆီပူးကို နမ်းနေရာမှ ဖျတ်ခနဲ လှည့်ကြည့်သည်။

ကျောင်းဝတ်စုံအဖြူအစိမ်းနဲ့ ကျောပိုးအိတ်လွယ်ကာ စမတ်ကျကျ လှပကျော့ရှင်းနေတဲ့ပိုင်ကို မြင်လျှင် ကောင်မလေးမျက်ဝန်း တအံ့တသြ ဝိုင်းကာ အရောင်တောက်သွားသည်။

ပိုင့်ကိုလည်း ရူးစမ်းသလို ခြေဆုံးခေါင်းဖျား ကြည့်သည်။ ညှော်ခန်းထဲ ရဲရဲသွက်သွက်လှမ်းဝင်ခဲ့တဲ့ ပိုင်ကို စိုက်ကြည့်ပြီး –

"နင် ဘယ်သူလဲ" တဲ့။

ကောင်မလေး အသံစူးစူးနှင့် မတိုးမကျယ် ဆီးမေးသည်။

"အောင်မာ နင်ကပဲ မေးရတယ်ရှိသေးတယ်၊ နင်ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူလဲ၊ ပြောစမ်း''

ဝိုင် မျက်နှာထား တင်းခနဲဖြစ်သွားပြီး ခပ်ဆတ်ဆတ်မေးချသည်။ ကောင်မလေး နှုတ်ခမ်းရူထားလျက်နဲ့ ပန်းအိုးရှေ့ ဒူးထောက်ထိုင်နေရာမှ ဖျတ်ခနဲ ထသည်။

မေးလိုက်သည်နှင့် ဝိုင့်မျက်နှာကို ကောင်မလေး စိုက်ကြည့်လျက် သွက်သွက်လေးပြောသည်။

''ငါက ခါတော်မှီ၊ နင်ကရော'' တဲ့။

''သက်တန့်ငိုင်'' ကွ။

ဝိုင် ဟန်အပြည့်နှင့် ပြောချသည်။ ထိုအခါ ကောင်မလေး မျက်တောင်ညိုများကို ပုတ်ခတ် ပုတ်ခတ်လုပ်၍ ဝိုင့်ကို စိတ်ဝင်တစားကြည့်သည်။

''သက်တန့်ဝိုင်၊ ဟုတ်လား''

''ဟုတ်တယ်''

''နင်ရော ဒီတိုက်မှာနေဖို့လား''

''ဘာ''

ဝိုင် ဘာခနဲဖြစ်သွားရသည်။ ငိုင်ရော ဒီတိုက်မှာနေဖို့လားတဲ့။ ဝိုင် နှုတ်ခမ်းကိုက်ပြီး ဂုးရူးရဲရဲကြည့်မိတော့ ကောင်မလေး ပျာပျာသလဲ ပြောသည်။

''ဟို ဟိုလေ-ငါက ဒီတိုက်မှာနေရမှာ၊ နင်ရော ငါ့လိုပဲ ဒီတိုက်မှာ နေဖို့လာတာလား ဟင်၊ နင် နေမှာလား၊ နေရင် မာမီ့ကို





ငါပြောပေးမယ်၊ မာမီက အရမ်းသဘောကောင်းတာ၊ သိလား၊ ပြောပေးမယ်နော်၊ မာမီရေ ဟောဒီမှာ မာမီ့တိုက်မှာ နေချင်လို့တဲ့၊ သက်တန့်ဝိုင် ရောက်နေတယ်၊ မာမီ မြန်မြန်လာ''

ကြည့်စမ်း။ ပြောချလိုက်တဲ့စကားလုံးက ရေပက်မဝင်အောင် သွက်ကာ မြန်လှသည်။ ဝိုင့်ကို ဒီတိုက်မှာ နေလို့ရအောင် ပြောပေးမတဲ့။ ပြီးတော့ မာမီဆိုပြီး ပိုင်ပိုင်ရဲရဲ အော်ခေါ်တဲ့ကောင်မလေး။

မစဉ်းစားဘဲ ထင်တိုင်းပြောချနေတဲ့ ကောင်မလေး။ ဝိုင် အတော်ဖြုံသွားသည်။ ဝိုင့်ကိုများ ဘာထင်နေလဲမသိဘူး။

''ဟဲ့တ် ခါတော်မှီ၊ နင့်အသံပြဲနဲ့ လျှောက်မအော်နဲ့၊ ငါ့တိုက်မှာနေပြီးတော့ ဘာကြောင်နေတာလဲ၊ ဘယ်သူ့ကို မာမီလို့ အော်ခေါ်နေတာလဲ''

- ကောင်မလေးပခုံးကို ဝိုင် ဆုပ်ကိုင်လှုပ်ခါရင်း ခပ်တင်းတင်း ပြောချသည်။ ထိုအခါ ကောင်မလေးအသံ တိတ်သွားသည်။

ဝိုင့်ကိုလည်း အထူးအဆန်းလို ပြူးကြည့်သည်။ ဝိုင်လည်း ပြန်ကြည့်ကာ သိချင်တာကို မေးချသည်။

''နင့်မာမီက ဘယ်သူလဲ ပြောစမ်း''

''ဟိုမှာ''

ညို့ ဘောဘက်မျက်နှာလှည့်ကာ မေးထိုးပြလျှင် ဝိုင် ကြက်သေသေသွားသည်။ ခါးလောက်ရှိတဲ့ ဆံပင်ရှည် ကျောပေါ်ဖြန့်ချထားလျက် အိမ်နေရင်းဝတ်စုံ ပန်းပွင့်တွေပါတဲ့ဝမ်းဆက်ဖြစ်ချက်စိ



www.burmeseclassic.com

www.burmeseclassic.com



အေးသွားအောင် ကျက်သရေရှိလှတဲ့ မာမီ။

အတွင်းခန်းထဲမှ ဧည့်ခန်းထဲ သွက်သွက်လှမ်းဝင်လာတဲ့ ဝိုင့်မာမီ။

"မာမီ"

ဝိုင် အသံမထွက်နိုင်အောင် ဖြစ်သွားသည်။

"သား ဝိုင်"

မာမီ့အသံချိုချိုလွင်လွင်နှင့် ထုံးစံအတိုင်း ဝိုင့်ကိုခေါ်လျှင် ဝိုင် အသိဝင်လာသည်။ ပြီးတော့ ကောင်မလေးကို ပြန်ကြည့်ရင်း

"ဘာ နင့်မာမီလဲ အဲဒါ နင့်မာမီ မဟုတ်ဘဲနဲ့ အဲဒါ ငါ့မာမီ သိရဲ့လား၊ ဟွန်း"

ဝိုင် မကျေမနပ်ပြောရင်း လက်ကမ်းကြိုတဲ့ မာမီ့ရင်ခွင်ထဲ ပြေးဝင်လိုက်သည်။ မာမီက ကိုယ်လေးကိုင်ကာ ဝိုင့်ကို ဖက်ထွေး၍ ပါးပြင်ကို ဖွဖွနမ်းသည်။ ဝိုင်ကလည်း ထိုကောင်မလေးကို မကြည့်လင်တာကြောင့် မာမီ့ပါးကို ခပ်တဲကဲအမူအရာနဲ့ နမ်းပြလိုက်သည်။

ထိုအခါ ကောင်မလေး မျက်နှာညိုသွားသည်။ ဝိုင်နဲ့မာမီ့ကို တစ်လှည့်စီကြည့်ရင်း –

"မာမီ၊ မာမီကလည်း မိုမာမီပဲနော်၊ ဟုတ်တယ်နော် မာမီ"

မျက်လွှာလေးချကာ ဝမ်းနည်းသလိုပြောရင်း မာမီ့အပါး ရွှေ့လာတဲ့ကောင်မလေး။ ဝိုင် မာမီ့ရင်ခွင်ထဲမှ ဝိုင့်လက်တစ်ဖက် ဆန့်ထွက်လာပြီး မိုကို တွန်းပစ်ဖို့ရွယ်လျှင် –





"သား"

မာမီ ဝိုင့်လက်ကို ဆွဲထားရင်း ဆိုဖာပေါ်ထိုင်ချသည်။ အပါး ထိုးကပ်လာတဲ့ မိုကိုလည်း လက်တစ်ဖက်နဲ့ ဆွဲယူသည်။

မာမီ ဆွဲယူတော့ မိုက မျက်လုံးနဲ့တွေ့လားဟု အသံတိတ် ပြောသည်။ ဝိုင် အလိုမကျစွာ နှုတ်ခမ်းကိုက်လိုက်သည်။

မာမီက ဝိုင်နဲ့မိုကို လက်နှစ်ဖက်နဲ့ဖက်ထားရင်း ချစ်စနိုး ပြုံးကာ နှစ်ယောက်စလုံးကို အလှည့်ကျကြည့်သည်။

မာမီ့အပြုအမူနဲ့ မာမီ့အပြုံးကို ဝိုင် ဘဝင်မကျပါ။

"မာမီ"

ဟု ခပ်ဆတ်ဆတ် ဖိခေါ်သည်။ ဝိုင့်စိတ်ထဲမှာ ဘာရှိလဲဆိုတာ ခေါ်လှလှလွင် သိနေပါသည်၊ အညိုရောင်ရင့်သော သားဆံပင်ကို ဖွဖွပွတ်ကာ ခေါ်လှလှလွင် ချော့ရ၏။

"သား သားက လိမ္မာပါတယ်ကွယ်၊ သမီးလေးမိုမှာ သား လို ဒယ်ဒီ၊ မာမီခေါ်စရာ မရှိဘူး သားရဲ့၊ ဒါကြောင့် သားခေါ်သလို မာမီလို့ မာမီ့ကိုခေါ်တာလေ၊ ခေါ်ပါစေလား သားရယ်၊ နော်"

"မခေါ်နဲ့၊ မိုကို မာမီမွေးထားတာ မဟုတ်ဘူး၊ သိတယ်"

"ငါလည်း သိပါတယ်ဟ"

မိုက ပက်ခနဲ ဝင်ပြော၏။ ထိုအခါ မာမီက သဘောတကျ ပြုံးလေသည်။ မပြုံးနိုင်တာ ဝိုင်။

"သိရင် မခေါ်နဲ့ပေါ့၊ နင် မရှက်ဘူးလား၊ ဝိုင့်မာမီကို ...



www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ရလား''

''မရပါဘူးဟယ်၊ ဒါပေမဲ့ မာမီလို့ခေါ်မယ်၊ မာမီလို့ခေါ်တာ ရှက်စရာမှ မဟုတ်တာ၊ ချစ်လို့ ခေါ်တာလေ၊ နော် မာမီ၊ မာမီလို့ ခေါ်မယ်''

ကြည့်စမ်း၊ ပိုင့်ကို နည်းနည်းမှ အားနာရကောင်းမှန်းမသိဘဲ ပြောချတဲ့ မှီ။ ပိုင် လက်သီးရွယ်တော့ မာမီက ပိုင့်လက်သီးကိုဆွဲယူပြီး နှုတ်ခမ်းနဲ့ထိကာ ဖွေးသည်။

ဖွေးနေတဲ့ မာမီနှုတ်ခမ်းအတွေ့ကြောင့် ပိုင့်ဒေါသ တစ်ရစ် ပြိုကျသွားသလိုဖြစ်သည်။

''သားရယ် သားနဲ့အဖော်ရအောင် ခေါ်တာ ခေါ်ပါစေပေါ့၊ သမီးကလည်း ဒီတိုက်မှာပဲ သားနဲ့အတူနေမှာလေ၊ သားခေါ်သလို ခေါ်ပါစေ သားရဲ့''

''တောက် မခေါ်နဲ့''

''ခေါ်မယ် မာမီ၊ မာမီ မာမီ''

မှီက ပိုင်တားနေရင်းကြားက မာမီချင်းထပ်အောင် အသံကုန် အော်ခေါ်သည်။ မာမီ ကြည်ကြည်နူးနူး ပြုံးနေတာကြောင့် ပိုင် ဒေါသထွက်ရအခက်၊ စိတ်ဆိုးရအခက်၊ ဆွဲထိုးရအခက် ဖြစ်သွားသည်။ ထို့ကြောင့် ပိုင်လည်း စိတ်ပေါက်ပေါက်နဲ့ အော်ပစ်လိုက်၏။

''ခေါ် ခေါ် သေအောင်ခေါ်''

❀ ❀ ❀



## အခန်း ( ၄ )

''သား ပိုင် ဒယ်ဒီ ပြန်လာပြီကွ''

ဒယ်ဒီ ပြန်လာချိန်တိုင်း ကြားရတဲ့ခေါ်သံ။ ထိုခေါ်သံကြားတိုင်း အခန်းထဲက ပြေးထွက်ပြီး ဒယ်ဒီ့ကို ပိုင် ကြိုနေကျဖြစ်သည်။

ခုလည်း အသံကြားသည်နှင့် ပိုင် အခန်းထဲက ထွက်ခဲ့ပါသည်။ လိုက်ကာစ,လေး ဖယ်ပြီး ဒယ်ဒီ့ကို ပြေးထွက်ကြိုမလို့ ဧည့်ခန်းထဲဝင်လျှင် ပိုင့်ခြေလှမ်းက အလိုလိုတန့်သွား၏။

ကြည့်စမ်း ဟိုကောင်မလေး။

ပိုင် ကျောင်းကအပြန်မှာ တွေ့တုန်းကလို ညစ်ညစ်ပေ ပေ မဟုတ်တော့ပေ။ ရေမိုးချိုးကာ သနပ်ခါးပါးကွက်လေး [illegible] ထားသည်။ ဆံပင်အားလုံးကိုစုပြီး နှစ်ဖက်ခွဲစည်း၍ ဖဲကြိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးစည်းကာ အဝါရောင်ဂါဝန်အသစ်လေးနဲ့ ဝင်းဝင်းတောက်လှနေတဲ့ မို။

မိုက ဒယ်ဒီကို အားရဝမ်းသာ ပြေးကြိုသည်။ အောင်မာ ဒယ်ဒီကလည်း မို့ကို အမောပြေ ပွေ့ချီလေသည်။ မိုက တခစ်ခစ် ရယ်ရင်း ဒယ်ဒီ့ပါးနဲ့နဖူးကို မွှေးမွှေးပေး၏။ ထိုအခါ ဒယ်ဒီ သဘောတကျ ကြည်နူးအားရစွာ ရယ်ပြီး –

"ဟာ သမီးလေးက သိပ်လိမ္မာတာပဲ လှရှယ်"

မိုနဲ့ဒယ်ဒီ့ကို ပြုံးပြုံးကြီးရပ်ကြည့်နေတဲ့ မာမီက ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် ကိုကို၊ သမီးလေးက လိမ္မာတယ်၊ လှပြောသမျှ နားထောင်တယ်လေ၊ လှတော့ သမီးလေးကို တကယ်ချစ်သွားတာပဲ ကိုကိုရယ်"

"ကိုကိုကလည်း သမီးကို မြင်ကတည်းက ချစ်သွားတာလေ၊ ကြည့်စမ်း၊ သမီးလေး ဘယ်လောက်လိမ္မာသလဲ၊ ဒယ်ဒီ့ကို မွှေးမွှေး ပေးတာပေါ့လေ၊ ဟုတ်လား သမီး"

"ဟုတ်"

ဒယ်ဒီ့ရင်ခွင်ထဲမှ ကောင်မလေးက ပြုံးပြုံးလေး ခေါင်းညိတ်၏။ ဒယ်ဒီကလည်း ချစ်ခင်နွေးထွေးသောနှုတ်ခမ်းဖြင့် မို့ပါးနုနုကို ဖွဖွမွှေးလေသည်။

"သမီးပါးလေးက မွှေးနေတာပဲဟေ့၊ ဒယ်ဒီ အမောပြေ





သွားပြီ တကယ်"

လို့ ဂနာက်ပါးတစ်ဖက်ကို မွှေးရင်း သည်းသည်းလှုပ်ခဲ့သည်။

ဒယ်ဒီ၊ မာမီနှင့်မိုက ပိုင့်ကို မေ့လောက်သည်အထိ ပျော်ရွှင်ကြည်နူးနေကြသည်။ ထိုအခါ ပိုင့်ရင်မှာ တင်းကျပ်လာသလို ဝမ်းနည်းလာပါသည်။

ဒယ်ဒီ စ,ခေါ်တုန်းက ပိုင့်နာမည်။ ခုတော့ မို့ကို တွေးပိုက်ကြင်နာရင်း ပိုင့်ကိုပင် သတိမထားနိုင်အောင် ဖြစ်ရပြီလေ။

တောက် မကျေနပ်ဘူး။ ပိုင်. ရင်ထဲက မာမာကျစ်ကျစ်ရေရွတ်ရင်း ကိုင်ထားဆဲ လိုက်ကာစကို ဖျတ်ခနဲ လွှတ်ချကာ ပိုင့်ခြေလှမ်း ညည်ခန်းဆီ မရောက်တော့ပေ။

ခန်းဆီးစလေး ရိုပ်ခနဲ လှုပ်ယမ်းသွားတာမြင်မှ ဦးထွန်းလင်း ပိုင်နဲ့ ခေါ်လှလှလွှင် သားကို သတိရသွားသည်။

"သား ပိုင်"

လို့ ပြုံးတုလိုလို ခေါ်မိ၏။ သားရဲ့ထူးသံ မကြားရသလို သားခြေသံ ဝေးသွားမှန်း ရင်ထဲက အလိုလိုသိလေသည်။

ထိုအခါ ဒယ်ဒီနဲ့မာမီ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ စိတ်မကြည်လင်စွာ သက်မ,ချသည်၊ မို့ကြောင့် ပိုင် စိတ်အနာဂရဖြစ်သွားမှာကို မိဘနှစ်ပါး မလိုလားပေ။

"နေဦး ကိုကို၊ သားကို လှ သွားခေါ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီ ဦးစွာ ခြေလှမ်းသွားလျှင် –

"မို သွားခေါ်လိုက်မယ် မာမီ"

မို သွက်သွက်လေးပြောရင်း ဒယ်ဒီ့ရင်ခွင်ထဲက ရုန်းထွက်သည်။ မာမို့ထက် ခြေလှမ်းဦးသွားတဲ့ မို့ကို မာမီဆွဲထားမလို့ လက်ကစ်ဖက်ဆန့်ထွက်လာသည်။

ဦးထွန်းလင်းဝိုင်က ဇနီးသည့်လက်ကို ခပ်တင်းတင်းဆွဲထားရင်း ခေါင်းတစ်ချက်ယမ်းပြီး ဟန့်တားလိုက်သည်။

ကလေးချင်း တွေ့ပါများလျှင် အလိုအလျောက် ရင်းနှီးချစ်ခင်သွားပေမည်။ ဦးထွန်းလင်းဝိုင် ထိုသို့ယူဆသည်။

ဘာဖြစ်လို့လဲဆိုတော့ သားစိတ်သဘောက သူစိမ်းတွေအပေါ် ရင့်သီးစိမ်းကားတတ်တဲ့ ဉာဉ်ခိုးမရှိမှန်း သိနေသည်။

မို့ကလည်း ချစ်စရာကောင်းသလို အရွယ်နှင့်မမျှအောင် သိတတ်နားလည်လွန်းသည်။ သူလေးကို ဘယ်သူမဆို ချစ်ခင်သွားအောင် ပြုတတ်စွမ်းတယ်လေ။

လက်ရှိအခြေအနေကိုတော့ မိဘနှစ်ပါး ရင်ခုန်မအေးစွာ စောင့်ကြည့်နေသေးသည်။

❀





"ဝိုင်"

မို့ခေါ်သံမှန်းသိတာကြောင့် ဝိုင် မကြည့်ပေ။ ဖွေ့ရာပေါ် ငုတ်ကြီးထိုင်၍ ပူးကပ်၍ထောင်ထားတဲ့ ဒူးနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ သိုင်းဖိုက်၍ ဒူးခေါင်းပေါ် မေးတင်ကာ ကျောက်ရုပ်လိုပဲ ဝိုင် ငြိမ်သက်နေလိုက်သည်။

"ဒယ်ဒီ ရောက်နေပြီ ဝိုင်၊ နင့်ကို မေးနေဘယ်၊ လာလေ"

ဝိုင် ခုတင်နား သွက်သွက်လေးလျှောက်လာသလို ဝိုင့်လက်ကိုလည်း လှမ်းဆွဲရင်း မို့ခေါ်သည်။

ဝိုင်း ခေါင်းထောင်၍ မို့လက်ကို ဖယ်ချပြီး –

"မလာဘူး၊ သွား"

"နင်ကလည်းဟာယ်"

ခပ်တိုးတိုးလေး ရွတ်၍ ဝိုင့်ခုတင်ပေါ် ခွေ့ခနဲ တက်ထိုင်သည်။ စိတ်ဆိုးနေတဲ့ မျက်နှာကို မို့ စာနာစွာ ငေးကြည့်ပြီးပြောသည်။

"ငါက နင့်ကို မောင်နှမလို ခင်ချင်ပါတယ် ဝိုင်ရယ်၊ နော် ဒါကြောင့် နင့်ဒယ်ဒီနဲ့မာမို့ကို နင်ခေါ်သလိုခေါ်တာ၊ ဒယ်ဒီနဲ့မာမီကလည်း နှင်ခေါ်သလို ခေါ်ခိုင်းတယ်လေ၊ ဒါပေမဲ့ နင့်ဒယ်ဒီနဲ့မာမို့ကို နင်ပိုင်တယ်လေ၊ ငါမပိုင်ဘူးဆိုတာ ငါသိပါတယ်ဟာယ်၊ နင့်ဒယ်ဒီနဲ့ မာမို့ကို ငါ လုမယူပါဘူး၊ နင် ကျေနပ်ပါနော်၊ နော် ဝိုင်၊ မိုးကြိုးပစ်ဘုရားစူး၊ နင့်မိဘကို ငါ လုမယူဘူး၊ ကျိန်ရဲပါတယ်၊ မိုးကြိုးပစ်ဘုရားစူး၊ မြွေပွေးကိုက်၊ နောက် ဘာတွေကျိန်ရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးဝိုင်းပြီး ပိုင့်ကို ပြန်မေးတဲ့မို့။ သူ့ကို ဘယ်သူမှ မကျိန်နိုင်းဘဲနဲ့ သူ့ဘာသူ ကျိန်ပြီးတော့။ ပြီးတော့လည်း ပိုင့်လက်ကို ဆုပ်ကိုင်ပြီး ဘယ်လိုကျိန်မလဲမေးလာတော့ ပိုင် စိတ်ဆိုးနေတာ တစ်ရစ်လျော့ကျသွားသလိုဖြစ်သည်။

"သွား၊ လာမမေးနဲ့"

"နင်ယုံအောင် ငါ ကျိန်ပြချင်တယ်"

"လာလာချည်သေးရဲ့၊ ယုံအောင် ကျိန်ပြမလို့တဲ့၊ တောက်"

ပိုင် စိတ်ပေါက်ပေါက်နဲ့ မို့ခေါင်းကို လက်သီးနဲ့ တစ်ချက် ထုလိုက်သည်။

"အား"

နာလည်း ,..ဘဲနဲ့ ခေါင်းပုချကာ နာကျင်သလို မျက်နှာမဲ့ အော်တဲ့မို့။ ပြီးတော့ မျက်နှာမဲ့တာ မပြင်ဘဲ ပြောသေးသည်။

"နင် ကျေနပ်သလောက် ထုလေ၊ ဒယ်ဒီနဲ့မာမီ့ကို ငါ မတိုင်ဘူး" တဲ့။

"အောင်မာ တိုင်ကြည့်ပါလား"

ပိုင် ဘောက်ဆတ်ဆတ်ပြောရ၏။ မို့က မျက်နှာရှင်ရှင်လေးနဲ့ ဆိုသည်။

"မတိုင်ပါဘူးဆို"

"ဟွန်း"

ပိုင် မဲ့တဲ့တဲ့စိုက်ကြည့်သည်။ ပိုင့်ကို ပြုံးကြောင်ကြောင်လေး





ကြည့်နေတဲ့ မို့မျက်နှာကို အားနဲ့ တစ်ချက်တွန်းပြီး ခုတင်ပေါ်က ပိုင် ခုန်ဆင်းလိုက်သည်။

ထိုအခါ မို့က ပခုံးလေးတွန့်ကာ အပြစ်ကင်းစွာ ပြုံးသည်။ ပိုင် မကျေမနပ်ပြုသမျှခံနေတာ ဘာကြောင့်လဲ မို့။ ပိုင် အပြင်ကတ်သလို မျှော်မှောင်ကြုတ်ကြည့်လျက် မေးသည်။

"ဘာပြုံးတာလဲ"

"နင်က ဒယ်ဒီပြောသလို လိမ္မာတယ်ဆိုတာ ငါသိလို့"

တဲ့။ ပိုင် မျက်ခုံးနှစ်ဖက် တအံ့တသြ ပင့်တက်သွားသည်။ စိတ်ဆိုးတာတွေ ဘယ်ပျောက်လို့ ပျောက်သွားမှန်းမသိတော့ပါ။

"ဟုတ်တယ် ပိုင်၊ နင် တကယ်လိမ္မာတယ်၊ ငါ့ကို စိတ်မဆိုးနဲ့နော်၊ နင့်ဒယ်ဒီနဲ့မာမီ့ကို ငါ လုမယူဘူး၊ နင့်ဒယ်ဒီနဲ့မာမီကလည်း ငါ့ထက်လိမ္မာတဲ့ နင့်ကိုပဲ ပိုချစ်တာလေ၊ နင် မယုံဘူးလား၊ ဒယ်ဒီ ပြန်လာတာနဲ့ နင့်ကို အရင်မေးတာပေါ့၊ နင်ကြားတယ် မဟုတ်လား"

ပိုင် မို့မျက်နှာမှ အကြည့်ရုပ်သိမ်းလိုက်သည်။ ဟင်းခနဲလည်း သက်မ,ချသည်။ မို့ပြောနေတာ တကယ်ဆိုတာ ပိုင် လက်ခံပါသည်။

ဒယ်ဒီ လာလာချင်း ပိုင့်ကိုပဲ အရင်ခေါ်တာ ပိုင်ကြားတာပေါ့။ မို့က ဒယ်ဒီ့ဆီပြေးသွားလို့ မို့ကို ပွေ့ချီလိုက်တာက နောက်မှလေ။

"အခုလည်း နင့်ကို ဒယ်ဒီခေါ်နေတယ် ပိုင်ရဲ့"

ခုတင်ပေါ်မှ ဖွဖွလေးဆင်းရင်း မို့ ပုံမှန်အသံနဲ့ပြောသည်။ ပိုင် စိတ်ဆိုးတာတွေ မရှိတော့ပေမယ့် ဒီကောင်မလေးကို ကြည့်ချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့စိတ်နဲ့ မခင်ချင်သေးပါ။ ထို့ကြောင့် –

"ခေါ်ပစေ၊ နင် သွားတော့"

မို့ကို ဝိုင် ခပ်မာမာပြောပြီး နှင်ထုတ်၏။ မို့မျက်ဝန်းတောက်တောက်လေးနဲ့ ဝိုင့်ကိုမော့ကြည့်ကာ ခေါင်းညိတ်သည်။

ပြီးတော့ ဝိုင်ပြောတဲ့စကားကို တစ်သဝေမတိမ်း နာခံဟန်လေးနဲ့ ဂါဝန်ကားကားလေး လှုပ်ခါသွားအောင် လက်နှစ်ဖက်လွှဲပြီး ခပ်သွက်သွက်လေး မို့ထွက်သွားသည်။

မို့အရိပ်လေးပျောက်သွားတော့ ဝိုင် ခေါင်းတစ်ချက်ယမ်းကာ သက်မ,ချသည်။

မို နင့်မှာ အဆိပ်မရှိဘူးလား။

❀ ❀ ❀



## အခန်း ( ၂ )

"သား ဝိုင်"

ခေါ်သံနှင့်အတူ ဒယ်ဒီ ဝိုင့်အပါးရောက်လာသည်။ ဝိုင့်ကို ဒယ်ဒီ ပွေ့မ,ချီလိုက်လျှင် ဝိုင့်ရင်ထဲမှာ သိမ့်ခနဲ ကြည်နူးသွားသည်။

မိုပြောသလို ဒယ်ဒီက မို့ထက် ဝိုင့်ကိုပိုချစ်တာ သေချာတဲ့သဘောလို့ ခံစားရသောကြောင့်ဖြစ်သည်။

ဒယ်ဒီက ခုတင်ပေါ်ထိုင်လျှင် ဝိုင်က ပွေ့ချီခံထားရတဲ့ ဒယ်ဒီ့ရင်ခွင်ထဲမှာရှိသလို ဒယ်ဒီ့ပေါင်ပေါ်မှာလည်း ထိုင်ချပြီးသား ဖြစ်လေသည်။

"သားက လိမ္မာပါတယ်ကွာ"

ဒယ်ဒီ ခေါင်းလေးငုံ့၍ ဝိုင့်နဖူးကို ဖွဖွနမ်းပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝိုင့်လက်နှစ်ဖက်နဲ့ ဒယ်ဒီ့လည်တိုင်ကို ပွေ့ဖက်သလို ဒယ်ဒီ့ မေးဖျားနဲ့ပါးပြင်ကို တစ်ဆက်တည်း ဖွဖွလေးမိသွားသည်။

လွင့်ပြယ်နေပြီဖြစ်တဲ့ ရေမွှေးနံ့နဲ့အတူ ချွေးနံ့တွေရောနေတဲ့ ကိုယ်နံ့က စက်ရုံကပြန်လာတိုင်း ဝိုင် မက်မောစွာရှူရှိုက်ခဲ့သော ဒယ်ဒီ့ရဲ့ ပုံမှန်ကိုယ်ရနံ့ပဲ ဖြစ်သည်။

နွေးသောဒယ်ဒီ့ရင်ခွင်က မှီ ရောက်နေပေမယ့် အနွေးဓာတ်တွေ ပြောင်းလဲမသွားမှန်း ဝိုင် ခံစားသိရှိသွားသည်။

"ဝိုင် မဆိုးဖူးဘူး ဒယ်ဒီရဲ့"

"ဒယ်ဒီ သိပါတယ်ကွယ်၊ ဒါပေမဲ့ မှီ့ကြောင့် သားစိတ်ထဲမှာ တစ်ခုခုမဖြစ်စေချင်ဘူး သားရယ်၊ မှီ့ဘဝလေးက သနားဖို့ကောင်းပါတယ် သားရဲ့"

"ဟုတ်တယ် သားရယ်"

ဒယ်ဒီ့နောက်မှာ ပါလာတဲ့ မာမီကလည်း ဒယ်ဒီ့ဘေး ဝင်ထိုင်သည်။ ဝိုင့်ဆံပင်ကို တယုတယပွတ်၍ ဝိုင် နားလည်လာအောင် ရှင်းပြသလို ပြောသည်။

"မှီ့အဖေက အလုပ်ကြမ်းသမား၊ တိုက်တွေဘာတွေ ဆေးသုတ်တဲ့အလုပ် လုပ်တယ်လေ၊ မတော်တဆ တိုက်ဆေးသုတ်ရင်း ခြောက်ထပ်တိုက်အမြင့်ပေါ်က ကျပြီးဆုံးသွားတယ်၊ မှီ့အဖေဆုံးတဲ့အချိန်က မှီက မှီ့အမေဗိုက်ထဲမှာပဲ ရှိသေးတယ်၊ မှီ့အမေကလည်း ရောဂါသည်၊ မှီ့ကို ခက်ခက်ခဲခဲမွေးခဲ့တယ်၊ ရောဂါကတစ်ဖက်၊ မှီ့အဖေ ဆုံးသွားလို့ စိတ်ထိခိုက်တာတစ်မျိုးနဲ့ မှီလေး ခြောက်လအရွယ်မှာ မှီ့အမေ ဆုံးပြန်တယ်ကွယ်"





ဒယ်ဒီ့ရင်ခွင်ထဲ ငြိမ်ပြီးနားထောင်နေမိတဲ့ ဝိုင်။ မျက်ဝန်းမှ သနားစိတ်နဲ့ ဝိုင်းစက်သွားသည်။ မာမီ စကားခဏရပ်လျှင် ဒယ်ဒီက ဆက်ပြောသည်။

"မှီလေးကို အဘိုးက ထမင်းရည်လေး၊ နို့မှုန့်လေးတိုက်ပြီး မွေးလာခဲ့တာပေါ့၊ မှီ့အဘိုးက ဒယ်ဒီ့စက်ရုံက ဂိုဒေါင်စောင့်ဦးသိန်းလေ"

ဦးသိန်းကိုတော့ ဝိုင် မြင်ဖူးသည်။ အရပ်မြင့်မြင့် ပိန်ပိန်ကိုင်းကိုင်း အဘိုးကြီး။ မာမီနဲ့ဝိုင် ဒယ်ဒီ့စက်ရုံကို လိုက်သွားတဲ့အခါမျိုးဆို ဦးသိန်းက ဝိုင့်ကို ဂိုဒေါင်ဘေးရှိ အုန်းပင်မှ အုန်းလက်ခူးကာ ငှက်ရုပ်လေး လုပ်ပေးတတ်သည်။ ဦးသိန်းကို ဝိုင် မှတ်မိတာပေါ့။ ဝိုင် ခေါင်းညိတ်တော့ ဖေဖေ ဆက်ပြောသည်။

"မှီ့ကို ဦးသိန်း ဒုက္ခခံပြီး မွေးလာတာ၊ လွန်ခဲ့တဲ့တစ်လက ဆထိလေ"

"နောက်တော့ရော"

ဝိုင်သိချင်စိတ်ကလေးနဲ့ စူးစမ်းသလို မေးသည်။ ထိုအခါ ဒယ်ဒီနဲ့မာမီ မျက်နှာပေါ် ကြေကွဲရိပ်တို့ မှိုင်းညို့သွားသည်။

မာမီက ဝိုင့်ခေါင်းကို ငုံ့မွှေးရင်း ပြောသည်။

"ဦးသိန်းက ရုတ်တရက် လေဖြတ်ပြီး ဆုံးသွားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဝိုင့်ရင်မှာ စိတ်မကောင်းဖြစ်သွားသည်။ အနုန်းလက်စိမ်းဖြင့် လုပ်တဲ့ ၄က်ရုပ်လေးနဲ့ ဦးသိန်းကို တစ်လှည့်စီ ပြန်မြင်ယောင်ကာ ရင်မှာ တကယ်လည်း ဝမ်းနည်းရပါသည်။

"ဟုတ်တယ် သား၊ မို့ကို ကျွေးမွေးမယ့်သူ မရှိတော့ဘူး၊ စက်ရုံက အလုပ်သမားတွေလည်း မို့ကို တာဝန်မယူနိုင်ဘူး၊ ဒါကြောင့် ဒယ်ဒီနဲ့မာမီ တိုင်ပင်ပြီး မို့ကိုမွေးစားလိုက်တာ"

ဦးသိန်းကို သနားပေမယ့် မို့ကိုမွေးစားတယ်ဆိုတဲ့အသိက ဝိုင့်ရင်မှာ ခပ်မှိုင်းမှိုင်းဖြစ်သွားသည်။

"မို့က သူ့ဘဝ သူသိပါတယ် သားရဲ့၊ သားစိတ်ညစ်အောင် မို့ ဘာမှလုပ်မှာမဟုတ်ဘူး၊ မို့ကို ဒယ်ဒီ သေချာပြောပြီးသား၊ သားကို မို့ စိတ်ဆိုးအောင်လုပ်ရင် ဒယ်ဒီ့ကိုပြော၊ မို့ကို ဒယ်ဒီဆုံးမမယ်၊ သားကျေနပ်တဲ့အထိ ဒယ်ဒီ ဆုံးမပေးမယ်၊ နော် သား၊ မို့ကို ဒယ်ဒီတို့လက်ခံသလို သားလက်ခံလိုက်ပါကွယ်"

နောက်ဆုံးတော့ မို့ကို မွေးစားမောင်နှမအဖြစ် လက်ခံတဲ့။

ဝိုင် တွေခနဲဖြစ်သွားသည်။

"ဒယ်ဒီနဲ့မာမီက မို့ထက် သားကို ပိုချစ်ပါတယ်ကွာ"

ဟု ဝိုင့်ကိုယ်ကို ပင်းတင်းလေးဖက်ပြီး ဒယ်ဒီပြောလျှင် ဝိုင့်ခေါင်းထဲ အလင်းတန်းတစ်ခု ဖြတ်သန်းသွားသည်။

ထို့ကြောင့် ဆတ်ခနဲဆို ဖခင်ရင်ခွင်ထဲမှခွာကာ ဒယ်ဒီ့ပေါင်





ပေါ်မှ ခုန်ဆင်းသည်။ ဒယ်ဒီနဲ့မာမီက တအံ့တသြကြည့်သည်။ ဝိုင် ဘာမှပြန်မပြောဘဲ ခြေလှမ်းကျဲနှင့် အခန်းထဲက ထွက်ခဲ့သည်။

"ဟေ့ ခါတော်မို့ လာဦး"

ဝိုင် အသံကျယ်ကျယ်နဲ့ လှမ်းခေါ်လိုက်သည်။ ဧည့်ခန်းထဲမှာ ရှိနေတဲ့မို့က ဝိုင့်ခေါ်သံကြားသည်နှင့် ဆိုဖာပေါ်ထိုင်နေရာမှ ချက်ချင်း ထ,လာသည်။

ဧည့်ခန်းအလယ်မှာ နှစ်ယောက်သား ဆုံလျှင်–

"ဘာလဲ ဝိုင်"

ဟု မို့က ထုံးစံအတိုင်း သွက်သွက်မေးသည်။ ဝိုင်က မျက်နှာ မဲ့၍ မို့မျက်လုံးဝိုင်းကို စိုက်ကြည့်ပြီး ပြောသည်။

"နင့်ကို ဒယ်ဒီနဲ့မာမီက မွေးစားတာတဲ့"

"ငါသိပါတယ်ဟ"

"ဟင်"

ဒီကောင်မလေး နေရာတကာ သိသလို။ ဝိုင့်ကို ပက်ခနဲ ပြောသည်ကလည်း အမှန်တွေချည်းမို့ ဝိုင် ပြန်ပြောရအခက်ဖြစ်သွား သည်။

"ဟုတ်တယ်လေ၊ ဒယ်ဒီနဲ့မာမီက ငါ့ကို မွေးစားတာ၊ ငါသိ တယ်၊ နင်နဲ့ ဘာမှမတော်ဘူးဆိုတာလည်း ငါသိတယ်၊ နင့်အလိုမှန် သမျှ လိုက်ရမယ်လို့ ဒယ်ဒီနဲ့မာမီ မှာထားတာလည်း ငါမမေ့ဘူး၊ နောက်ပြီး နင် ဘာဖြစ်ချင်သေးလဲ၊ ပြောလေ၊ နင် ရိုက်ချင်လား



www.burmeseclassic.com

www.burmeseclassic.com



ရိုက်လေ၊ ငါ မငိုပါဘူးဟ''

ရှေ့တိုးလာသလို ပိုင့်လက်ကိုဆွဲကိုင်မြှောက်ရင်း မို ပြော၏။ ထိုအခါ ပိုင်ပဲ ဘဝင်မကျဖြစ်ရသည်။ ပိုင်ရိုက်ရင်တောင် မို မငိုဘူးတဲ့။

ဘယ်လောက်ခေါင်းမာတဲ့ ကောင်မလေးလဲ။ ပိုင့်လက်ကို ဆွဲမြှောက်ကိုင်ထားတဲ့ မို့လက်ကို ပိုင် ဆုပ်ကိုင်ဖယ်ချလိုက်သည်။

''အေး နင့်ဘာသာနင် ငိုချင်ငို၊ မငိုချင်နေ၊ ငါကတော့ ရိုက်ချင်တဲ့အခါ ရိုက်မှာပဲ''

ထိုသို့ မာန်အပြည့်နဲ့ ပိုင်ပြော၏။

''ရိုက်ပေါ့ဟာ''

''ရိုက်မယ်''

''အခုလားဟင်''

''မသိဘူး''

ပိုင် ခပ်မဲ့မဲ့ပြောတော့ မို ကောင်စုတ်မလေး မျက်နှာပြုံးသွားသည်။ တောက် ဘာဖြစ်လို့မှန်း မသိဘူး။

တစ်ခွန်းမကျန် ပြန်ပြောသလို ပိုင်ပြုသမျှခံဖို့ ကျေကျေနပ်နပ်ဖြစ်နေတဲ့ ကောင်မလေးကို ပိုင့်ရင်ထဲ ခါးမှန်းမသိ၊ ချဉ်မှန်းမသိ တစ်မျိုးကြီး ဖြစ်သွားသည်။

''အဲဒါဆို ငါ ဒီတိုက်မှာ နေလို့ရပြီပေါ့ နော်'' တဲ့။

''နေ နေ သေတဲ့အထိနေ''

ပိုင် ထိုမျှပဲ ပြောလို့တတ်တော့သည်။ ပိုင့်နောက်က လိုက်





လာကြတဲ့ ဒယ်ဒီနဲ့မာမီ အခြေအနေကိုမြင်ပြီး သက်မ,ပြိုင်တူချသည်။

မိုက ပိုင့်ကို မျက်နှာချိုသွေးပြီး ပြုံးပြသည်။ ပိုင် ပြန်မပြုံးပါ။ မျက်နှာကိုမဲ့ပြ၍ ကောင်မလေးကို ကျောခိုင်းလှည့်ထွက်ခဲ့သည်။ ရင်ထဲမှာ အကြိမ်ကြိမ် ပြောမိသည်က –

''မို နင်နဲ့ငါ မောင်နှမ မတော်ဘူး၊ ဒါပဲ''

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"မိုက သိပ်အလိုက်သိတာပဲကွယ် ဟင့် ဟင့်"

မာမီ သဘောတကျ ချီးကျူးတိုင်း ဝိုင် မြင်ပြင်းကတ်လေသည်။

ဘာမှဆို ရှေ့ကထ,ပြီး သွက်သွက်လက်လက် လုပ်ပေးတတ်တာလေးတွေက မို့ကို ဒယ်ဒီနဲ့မာမီ ချစ်သွားစေတဲ့ အမူအရာလေးတွေဖြစ်သည်။

ဒယ်ဒီလာရင် မိုက ဦးအောင်ကြိုသည်။ ဒယ်ဒီ ပင်ပန်းလားဘာလား မေးမည်၊ ဒယ်ဒီ အမောပြေသောက်ဖို့ အဆင်သင့်ဖျော်ထားတဲ့ သံပုရာရည်ခွက်ကို ကမ်းပေးသည်။

မာမီ့ကိုလည်း အစစအရာရာ ကူလုပ်ပေးမည်။ ညအိပ်ရာ





ဝင်တိုင်း ဘုရားခန်းဝင်ပြီး ဘုရားရှိခိုးမည်။ ပြီးရင် ဒယ်ဒီနဲ့မာမီ့ကို ထိုင်ကန်တော့မည်။ နောက်ဆုံး ဝိုင့်ဘက် လှည့်လာပြီး –

"ဝိုင် နင့်ကိုလည်း ငါ ကန်တော့ချင်တယ်။ ကန်တော့မယ် နော်" တဲ့။

"တောက် မကန်တော့နဲ့"

ဝိုင် အကြောက်အကန်ငြင်းပစ်တော့ မို့မျက်နှာနုနုလေး မဲ့ကျသွားပြီး –

"ဘာဖြစ်လို့လဲဟင်"

"သြော် ကန်တော့မယ်လည်း ပြောသေးတယ်၊ ငါ့ကိုတော့ နင်နဲ့ ငါနဲ့ တွယ်ပြီးတော့"

"ဟီး ဆောရီး၊ ဒါဆို နင့်ကို ငါ အဲ အဲ ဘွာ ဘွာ"

မို အရှက်ပြေရယ်ချရင်း ဘွာခတ်ပြန်သည်။ ဘာကြောင့်မှန်းမသိ ဝိုင် စိတ်အနည်ထလာသည်။

"ကဲ မိရွှေမို သွားတော့၊ ငါ့ကို လက်အုပ်တချီချီနဲ့ လာမဖားနဲ့"

"ဖားတာ မဟုတ်ပါဘူး"

"မဟုတ်ရင် ပြီးရော၊ သွားတော့"

နှုတ်က နှင်ထုတ်သလို လက်အုပ်ချီထားတဲ့ မို့လက်ချောင်းဆယ်ဖြာကို ဆုပ်ကိုင်ရင်း အခန်းအပြင်ရောက်အောင် တွန်းထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုက မျက်နှာလေးအလိုမကျစွာမဲ့ပြီး စွန့်ဆုတ်တွန့်ဆုတ်နဲ့ ထွက်သွားသည်။

ဘာကောင်မလေးမှန်း မသိဘူး။ ကန်တော့စရာလား။ သူ့အစ်ကိုလည်း မဟုတ်ဘဲနဲ့။

အလကား။ ဒယ်ဒီနဲ့မာမီ အမှတ်ပေးအောင် တမင် သရုပ်ဆောင်ပြတာလေ။ ပိုင့်စိတ်ထဲမှာ မို့အမူအရာတွေက လုံးဝကြည်လင်လာခြင်းမရှိပါ။

ဒါပေမဲ့ မိုကတော့ မာမီပြောသလို အလိုက်သိကာ လိမ္မာသူလေး ပီသပေသည်။ ပိုင်ရဲ့ဝေယျာဝစ္စမှန်သမျှ ဒိုင်ခံလုပ်ပေးသည်။ ပိုင်ကျောင်းသွားလျှင် ကျောပိုးအိတ်ကအစ ကားပေါ်အရောက်တင်ပေးတတ်သည်။

အတန်းတူချင်းဖြစ်တာကြောင့် ကျောင်းမှာ ပိုင်ခိုင်းသမျှ မညည်းမညူ လုပ်ပေးသည်။ သူငယ်ချင်းအပေါင်းအသင်းတွေရတော့လည်း ပိုင့်ကို "မို့အစ်ကိုလေ၊ ချောတယ်မဟုတ်လား" လို့ မဆီမဆိုင် ပိုင့်ကို ထုတ်ကြွားလေသည်။

ထိုကောင်မလေးတွေ ပိုင့်ကို ထောက်ခံတဲ့မျက်ဝန်းနဲ့ စိတ်ဝင်တစား လှမ်းလျှိုးလျှင် — စိတ်လှုပ်ရှားတတ်စ ပိုင့်ခမျာ ရှက်စိတ်ဝင်လာကာ မျက်နှာနဲ့ပါးပြင်တွေ နီမြန်းမြန်းဖြစ်သွားတတ်သည်။

တချို့ကောင်မလေးတွေက ကဲလှသည်။ ပိုင်နဲ့မိုကို မောင်နှမအရင်းဟုထင်ကာ ပိုင်နဲ့ နီးစပ်ခွင့်ရဖို့ မို့ကို မုန့်တွေ,ဘာတွေ ကျွေးပြီး





ရှေ့တိုးလာတတ်သည်။

မို့ကိုသည်း ယောက်မဟု ပိုင်ကြားအောင် မတိုးမကျယ်ခေါ်လေ့ရှိသည်။ ထိုအခါ မိုက တဟားဟား အော်ရယ်တတ်၏။

"မို့ကို ယောက်မခေါ်ပြီး ပိုင့်ကို ချူဖို့မဟုတ်လား၊ အဲဒါဆိုတော့ ဆောရီးပဲ၊ ပိုင်က အဲဒါတွေ စိတ်မဝင်စားသေးဘူး ရွှေယောက်မရယ်၊ သိလား၊ ပိုင်စိတ်ဝင်စားတာ ရုပ်ရှင်မင်းသားလုပ်ဖို့တဲ့လေ"

ဟု မဆီမဆိုင်ထုတ်ပြောတော့ ထိုကောင်မလေးအုပ်စု မို့ကို မျက်စောင်းထိုးကြသည်။ မိုပြောတာ ဟုတ်တော့ဟုတ်ပါသည်။

ရင်ခုန်တတ်စ ဆယ်ကျော်သက်အရွယ်ဖြစ်ပေမယ့် ပိုင် ရင်မခုန်ပါ။ ဘယ်ကောင်မလေး ဘယ်လိုညှုညှု၊ ဘယ်လိုစာပေးပေး ပိုင့်စိတ် နှလုံးက ကျောက်တိုင်အလား ငြိမ်သက်ကာနေသည်။

မျိုးရိုးဗီဇမရှိပါဘဲ ပိုင် ရုပ်ရှင်ပိုးဝင်နေသည်။ သို့သော်လည်း ဆယ်တန်းစာမေးပွဲအောင်ဖို့ပဲ အဓိကထားသည်။ ဆယ်တန်းအောင်မှ ပိုင်လုပ်ချင်တာ လုပ်ခွင့်ရနိုင်မည်။

ဒါကြောင့် ရည်းစားသနာကိစ္စ စိတ်မဝင်စားပေ။ ဆယ်တန်းအောင်တော့ ဒယ်ဒီက ဒယ်ဒီ့စက်ရုံအလုပ်တွေ လေ့လာဖို့ အမိန့်ချသည်။ ထိုအခါ မိစ္ဆာတေးမ,က ဝင်ပြောသည်။

"ဒယ်ဒီ့စက်ရုံအလုပ်ကို ပိုင် ဝါသနာမပါဘူး ဒယ်ဒီရဲ့၊ ပိုင်က ရုပ်ရှင်မင်းသား လုပ်ချင်တာလေ"

"ဘာ ရုပ်ရှင်မင်းသား လုပ်ချင်တယ်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားသည်။ မယုံနိုင်အောင် အံ့ဩပြီး ပိုင့်ကို စူးစူးစိုက်စိုက် ကြည့်သည်။

ဒယ်ဒီ့အကြည့်ကြောင့် ပိုင့်စိတ်ထဲမှာ လျှာရှည်လွန်းတဲ့ မှီစုတ်ကို ဆွဲထိုးချင်စိတ် ဖြစ်လာသည်။

ထို့ကြောင့် မှီ့ကို အံကြိတ်ကြည့်၍ လက်သီးရွယ်ပြသည်။ မှီက မမှုသလို မျက်နှာပေးနဲ့ ပေါ်ပေါ်တင်တင်ပဲ ပြောသည်။

"နို့ မဟုတ်လို့လား။ နင်ပဲ ရုပ်ရှင်မင်းသား လုပ်ချင်တယ်ဆိုပြီး ရုပ်ရှင်ခွေတွေကြည့်, အခန်းတံခါးပိတ်ပြီး မင်းသားအိုက်တင်တွေ ကျင့်နေတာလေ" တဲ့။

ပိုင် ခေါင်းခါငြင်းရအခက် ဖြစ်သွားသည်။

မှီစုတ်။

ပိုင် အိုင်တင်ကျင့်နေတာကို ဘယ်တုန်းကတည်းက နှိုးချောင်းနေမှန်း ပိုင် မသိပေ။

ခုမှ သိရတော့ ရှက်သလိုလည်း ဖြစ်လာသည်။

"မဖြစ်နိုင်တာကွာ"

လို့ ဒယ်ဒီက ရွှတ်ရွှတ်ချချပြောသည်။ မာမီကလည်း စိတ်ပျက်သံကြီးနဲ့ ဝင်ပြောပြန်သည်။

"ဟုတ်သားပဲ သားရယ်၊ မာမီဖြင့် ယုံတောင်မယုံဘူး၊ တကယ်ပါကွယ်၊ ဘယ့်နှယ် ရုပ်ရှင်မင်းသားဖြစ်ချင်ရတယ်လို့"

ပိုင့်ရင်မှာ တင်းသွားသည်။





မှီစုတ်။

ပိုင့်ကိုယ်ရေးကိုယ်တာထဲ ဝင်ပါတာ ပိုင် လက်မခံနိုင်ပေ။

"မှီ နင် အတို့အထောင် မလုပ်နဲ့နော်"

"ဟ ငါအတို့အထောင်လုပ်တာမှ မဟုတ်တာ၊ နင် ဝါသနာပါတာ လုပ်ခွင့်ရအောင် ငါ ပြောပေးတာလေ၊ နင် ဘယ်လောက်ဝါသနာပါလဲ ငါ သိနေတဲ့ဥစ္စာ"

"သိရင် သိတဲ့အတိုင်းနေပါလား။ ဘာလို့ လျှာရှည်တာလဲ"

"နင်မှ မပြောရဲတာ"

အဲဒါတော့ ဟုတ်သည်။ တကယ်လည်း ပိုင် မပြောရဲပါ။

အချေအတင်ဖြစ်နေကြတဲ့ ပိုင်နဲ့မှီ့ကိုကြည့်ပြီး ဒယ်ဒီနဲ့မာမီ လက်မ,ချသည်။

ဒယ်ဒီနဲ့မာမီရှေ့မှာ ပိုင့်ခေါင်း အလိုလိုငုံ့ကျသွားသည်။ မပြောရဲသော ပိုင့်စိတ်က ဒယ်ဒီနဲ့မာမီ့အကြည့်အောက်မှာ မလုံမြုံကော့ပါ။

မှီက ပိုင်မျက်နှာပေးကိုကြည့်ရုံနဲ့ ပိုင် ဘာဖြစ်နေမှန်း အတတ်သိသည်။ ဒယ်ဒီအပါးကပ်ထိုင်ပြီး ဆက်ပြောသည်။

"ဟုတ်တယ် ဒယ်ဒီ၊ ပိုင်က အနုပညာ ဝါသနာပါတာလေ၊ မှီ သိတာပေါ့၊ ပိုင် ဝါသနာပါတာ လုပ်ပါစေလားနော် ဒယ်ဒီ"

"မဖြစ်နိုင်တာဘဲ သမီးရယ်"

"မဖြစ်နိုင်တာက မလုပ်ရသေးလို့ပါ၊ လုပ်ကြည့်မှ ဖြစ်လာမယ်လေ ဒယ်ဒီ၊ ပိုင် ဝါသနာပါတာ လုပ်ခွင့်ပေးလိုက်ပါလား။ ဒယ်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ၊ နော် မာမီ၊ မာမီ့သား လုပ်ချင်တာ ပေးလုပ်မယ်မဟုတ်လား၊ ပေးလုပ်လိုက်ပါနော်''

မိလျှာရှည်မ။

ဒယ်ဒီနဲ့မာမီ နားငြီးမတတ် ဒါပဲ ထပ်တလဲလဲပြောနေသည်။ မို့စကားကြောင့် နားငြီးကာ စိတ်ပျက်သွားတဲ့ ဒယ်ဒီက –

''အေး လောလောဆယ် ကျောင်းတက်ဖို့ စဉ်းစား၊ ဘွဲ့ရပြီးမှ မင်းလုပ်ချင်ရာလုပ်ဖို့ ဒယ်ဒီ ခွင့်ပေးမယ်''

ဟု ပြတ်ပြတ်သားသား အမိန့်ချ၏။ ထိုအခါ မို့က မဆီမဆိုင် အားရဝမ်းသာ ထခုန်သည်။

''ဒါမှ မို့ဒယ်ဒီကွ''

တဲ့။ ဟွန်း။

ဝိုင့်ရင်မှာ ကြည်နူးသွားပေမယ့် မို့ကိုတော့ နှာခေါင်းရှုံ့ပြလိုက်သည်။ မသိရင် ဒယ်ဒီက မို့လုပ်ချင်ရာကို လုပ်ခွင့်ပေးသလို အကဲပိုပို ဝမ်းသာနေတာလေ။

ဝိုင်ထက် မို့ ဝမ်းသာအူမြူးနေတာမြင်ရတော့ ဝိုင် တမင်မဲ့ ပြလိုက်ခြင်းဖြစ်သည်။ မို့က စိတ်မဆိုးပေ။

''ကျောင်းတက်နေရင်း ဒယ်ဒီနဲ့မာမီ မသိအောင် မို့က ဝိုင့်ကို ရုပ်ရှင်သရုပ်ဆောင်သင်တန်း တက်စေသည်။

ရန်ကုန်မြို့ပေါ်မှာ ရှိသမျှရိုက်ကွင်းတွေကို မို့ သတင်းစုံစမ်းပြီး ထိုရိုက်ကွင်းတွေဆီ ဝိုင့်ကို ခေါ်သွားလေ့ရှိသည်။ ဝိုင်က ဒယ်ဒီနဲ့





မာမီ ရိပ်မိမှာ စိုးရိမ်ပေမယ့် မို့က ခပ်ရဲရဲပဲ –

''နင် ဘာမှစိတ်မပူနဲ့၊ ဒယ်ဒီနဲ့မာမီ ရိပ်မိလို့မေးရင် ငါ့ခေါင်းပေါ် ပုံချလိုက်၊ ငါ ဖြေရှင်းဖို့ ပြင်ဆင်ပြီးသားဟ၊ ပြီးတော့ နင့်ကို ပြောရဦးမယ်၊ နင် ရုပ်ရှင်ကားနဲ့ရိုက်ကွင်းတွေ ကြည့်ပြီးလေ့လာရုံနဲ့ မလုံလောက်ဘူး၊ စာများများဖတ်ဖို့လိုမယ် သိလား၊ နင်ဖတ်ရမယ့် စာအုပ်တွေ ငါရှာဝယ်ထားတယ်''

တဲ့။ ဝယ်ထားတဲ့စာအုပ် တစ်ပုံကြီးထုတ်ပေးတဲ့ မို့။ မို့ကို ကြည့်ရင်း အံ့သြနေမိသည်။

''ဟွန်း စာအုပ်ဖတ်ရမယ်၊ ဟုတ်လား မို့''

''ဖတ်ရမှာပေါ့ဟ၊ ဒါရိုက်တာတစ်ယောက်ရေးထားတဲ့ ဆောင်းပါးတစ်ပုဒ် ငါ ဖတ်ရတယ် သိလား၊ သရုပ်ဆောင်အသစ် အများစုက စာသိပ်မဖတ်ကြဘူးတဲ့၊ စာမဖတ်တော့ စကားလုံးတွေကို အဖြတ်အတောက်မှန်မှန် မသုံးတတ်ဘူး၊ တချို့ဆို မပီမသအသံနဲ့ လုံးလုံးထွေးထွေး ပြောတတ်သတဲ့၊ အဲဒီတော့ အပြောအဆို မပိုင်ဘူးပေါ့ဟာ၊ အပြောအဆိုပိုင်ဖို့၊ စကားအဖြတ်အတောက်မှန်ဖို့အတွက် စာဖတ်များဖို့ အထူးလိုအပ်သတဲ့၊ စာဖတ်များတဲ့ သရုပ်ဆောင်ဟာ စာဖတ်နည်းတဲ့သရုပ်ဆောင်ထက် သဘာဝကျကျ ပိုပြီးသရုပ်ဆောင်တတ်သတဲ့''

''ဟွန်း သိလှချည်လား မို့စုတ်''

''အောင်မာ နင့်အပွက်ပါနော်''



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီအတွက် နင့်ကို ကျေးဇူးမတင်ဘူး"

"မတင်နဲ့ပေါ့၊ ငါကလည်း နင် ကျေးဇူးတင်ပါလို့ မတောင်းဆိုပါဘူးနော်၊ နင် မင်းသားဖြစ်ရင်သာ ငါ့ကို မမေ့နဲ့"

"မမေ့ဘူး မှီစုတ်၊ နင့်ကို ငါ့ဘော်ဒီဂတ်လုပ်ခိုင်းမှာ၊ စိတ်ချ"

ဝိုင် ခပ်ရင့်ရင့်ဖိပြောလိုက်ခြင်းဖြစ်ပေမယ့် မှီ့မျက်နှာလေး ညှိုးမသွားပါ။

"ကောင်းတာပေါ့၊ နင့်ဘော်ဒီဂတ်လုပ်ရလည်း နည်းလား" တဲ့။

မှီက ဝိုင့်အပေါ်မှာ ထိုသို့ ပါရမီဖြည့်ပေးရှာသည်။

✿ ✿ ✿





## အခန်း ( ၄ )

"နေဦး နေဦး၊ ဘယ့်နှယ် ချစ်သူတိုက်ကျိစားတဲ့ပုံစံက လူ ခိုက်ကြည့် ကြည့်သလိုပဲ၊ စိမ်းလိုက်တာဟာယ်၊ မဟုတ်သေးဘူး ဝိုင်"

မှီအသံက ရိုက်ကွင်းတစ်ခုလုံး ပျံ့သွားလောက်အောင် ကျယ်လောင်လာသည်။ ဗယ်လင်တိုင်းအေးအထိမ်းအမှတ် အချစ်ဇာတ်ကားအတွက် ဝါရင့်သရုပ်ဆောင်မင်းသမီး စံပယ်တင်နှင့် အချစ်ခန်းရိုက်ဖို့ ဂိုက်ကွင်းတည်ပြီး ရိုယာဇယ်လုပ်နေစဉ်ဖြစ်သည်။

မှီ အလိုမကျစွာပြောရင်း ချက်ချင်း ဝိုင်နဲ့မင်းသမီးကြား ရောက်လာသည်။

"ကျွတ် ဘာသဲကွာ၊ နင် လိုက်မရှုပ်နဲ့"

"အောင်မာ၊ မျက်လုံးအကြည့်က ဟုတ်မှမဟုတ်တာ၊ ဆိုသို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ကြည့်တဲ့မျက်ဝန်းက ရီဝေဖိုလိုက်တဲ့ အချစ်ဓာတ်တွေ တောက်ပရွှန်းစိုနေဖို့ လိုတယ်၊ ပြီးတော့ နှုတ်ခမ်း၊ နှုတ်ခမ်းအစုံက ချစ်စိတ်လှုပ်ရှားတာမျိုးနဲ့ မသိမသာ ရှန်းကြွသလို ဖြစ်နေရမယ်လေ၊ အဲဒီအကြည့် အဲဒီနှုတ်ခမ်းအမူအရာပေါ်မှ ကိုယ့်ချစ်သူကို ကိုယ်မြင်တာနဲ့ ချစ်ပစ်တော့မယ်ဆိုတဲ့စိတ် ပေါ်လာမယ်၊ အဲဒီတော့မှ ဗယ်လင်တိုင်းဒေးအထိမ်းအမှတ် အချစ်ဇာတ်လမ်းက အချစ်တွေနဲ့ အသက်ဝင်နေမှာပေါ့ဟ"

မှီ ဆိုးဆိုးဆတ်ဆတ် ပြောချလျှင် မင်းသမီးကလည်း သဘောကျသလိုပြုံးပြီး ဝင်ပြော၏။

"ဟုတ်သားပဲ ပိုင်၊ စိုက်ကြည့်ရုံနဲ့ ခံစားချက်မပေါ်ဘူး၊ မှီပြောတဲ့အမူအရာမျိုးနဲ့ ချစ်စိတ်သွင်းပြီး ကြည့်စမ်းပါ၊ စံပယ့်ကို အားမနာပါနဲ့၊ ပိုင် အဲလိုကြည့်မှ စံပယ်ကလည်း ပီပြင်အောင် အပြိုင်သရုပ်ဆောင်လို့ရမယ်လေ၊ ကဲ ပြန်ကြည့်ကွာ"

မှီခေါင်းကို ထုချဖို့ဟန်ပြင်ဆဲ ပိုင့်လက်က အလိုလို ပြန်ကျသွားသည်။ ပိုင်က ချစ်သူတွေ,ဘာတွေ မထားဖူးသလို ရင်လည်း မခုန်ဖူးပါ။ ချစ်စိတ်လည်း ရှန်းမကြွဖူးလေတော့ ခက်လှသည်။

"ကဲ ပိုင် မင်းညီမ,ပြောသလို Mood သွင်းကွာ"

ဒါရိုက်တာက စိတ်တိုင်းမကျစွာ ကြည့်၍ဆိုပြန်သည်။ ပိုင့်ဆံပင်ကို နောက်ဖက် တစ်ချက်သ,ပစ်၍ စိတ်ပျက်သလို ပြုံးမိသည်။

မှီစုတ် လျှာရှည်ရှန်ကောဆိုတဲ့ အမြင်မကြည်မျက်ဝန်းနဲ့





ပိုင် ကြည့်သည်။ မှီက စိတ်မဆိုး အပြုံးမပျက်ဘဲ ပြောသည်။

"ကဲပါ နင်ကလည်း ချစ်စိတ်ဝင်အောင် Mood သွင်းလေ၊ နေဦး နင် Mood သွင်းလို့ရအောင် ငါ လုပ်ပေးမယ်"

ပြောပြောဆိုဆို မှီ့လက်က ပိုင်အင်္ကျီရင်ဘတ်ရှေ့ ရောက်လာသည်။ ကိုရီးယားရုပ်အင်္ကျီအဖြူကို လက်တစ်တောင်ဆစ် ခေါက်ပြီး ဂျင်းဘောင်းဘီထဲ ပိုင် ထည့်ဝတ်ထားသည်။

မှီက ချက်ချင်းပဲ ရင်ဘတ်ကြယ်သီးတွေ ဖြုတ်လျှက် –

"ဟာ ဟေ့မှီ နင် ဘယ်လိုလုပ်နေတာလဲ"

ဟု ပိုင့်စိတ်မှာ သရိုးသရီဖြစ်ကာ ဟန့်တားလိုက်သည်။ မှီက ထုံးစံအတိုင်း ဘာကိုမှမမှု။

"ငြိမ်ငြိမ်နေစမ်းပါ၊ နင့်ကို ငါ ကိုက်မစားပါဘူး"

ပြောရင်း အင်္ကျီကြယ်သီးလေးလုံး ဖြုတ်ချသည်။ အင်္ကျီရင်ဘတ်ဟပြဖြစ်ကာ အထဲက ဘာမှဝတ်မထားတဲ့ ပိုင့်ရင်အုံ ရှိန်းဖိန်းဖြစ်သွားသည်။

လည်တိုင်အောက် ပိုင့်ရင်အုံပေါ်မှ အနက်နုရောင် မွေးညှင်းရှည်တွေ ဖြာဝေနေသည်ကို မှီ သဘောတကျကြည့်၍ ကြက်သီးထပတတ် ဖျန်းခနဲဖြစ်ကာ သွေးလှည့်ပတ်မှုတွေ ဆူဝေသွား၏။

မေးဖျားသွယ်လျ၍ မျက်ခုံးထူထူနက်နက် နှာတံဖြောင့်စင်းကာ ပိရိသော နှုတ်ခမ်းလွှာ တစ်ဖြောင့်တည်းဖြစ်လျက် မွေးညှင်းစိမ်းဖိုဖိုလေးတွေ ပြူထွက်စဖြစ်နေသော လေးထောင့်ဆန်သည့် ပိုင့်မေး

www.burmeseclassic.com

www.burmeseclassic.com



နှာကို မို လက်နှစ်ဖက်နဲ့ အုပ်ကိုင်ဆွဲယူ၍ –

"ကဲ နင် ခေါင်း,မသိမသာငုံ့ပြီး မင်းသမီးကို ခပ်ဖွဖွလေး စိုက်ကြည့်ပြီး Mood သွင်း၊ ဟုတ်ပြီလား"

မို့နဲ့ပိုင်က ငယ်ငယ်ကတည်းက တစ်ယောက်ကိုတစ်ယောက် ရိုက်ပုတ်ဆွဲယမ်းပြီး နေလာခဲ့တာ ရိုးနေပါပြီ။

ခုလို လူရှေ့သူရှေ့မှာ မို ထိတွေ့ပြုမူလာတော့ ပိုင့်ရင်မှာ တစ်မျိုးလှုပ်ခတ်သွားသည်။ မို့မျက်ဝန်းအစုံ ကျရောက်ခဲ့သည့် ပိုင့် မျက်နှာအနှံ့နှင့် ပိုင့်ရင်အုံက ပုံမှန်နဲ့မတူ ခံစားမှုတစ်မျိုး ပြောင်းသလို ခံစားရသည်။

ဒါကြောင့်မို့ ထင်သည်။ မို့လက်ချောင်းအတွေ့နောက်မှာ ပိုင့်မျက်ဝန်း ရွှန်းစိုတောက်ပလာသယောင် ရှိသည်။ နှုတ်ခမ်းနှစ်လွှာ နွေးလာသည်။

မွေးညင်းရှည်တွေ ဖြာဝေနေတဲ့ ပိုင့်ရင်အုံလှလှက ရှိန်းဖိန်း ဖြစ်နေကာ မို့ညွှန်ကြားတဲ့အတိုင်းလည်း ပိုင့်မျက်ဝန်းက မင်းသမီးကို ဖွဖွစိုက်ကြည့်မိလေသည်။

ထိုအခါ မင်းသမီးကလည်း မျက်နှာလေးမော့၍ ပိုင့်ကို ပြန်ကြည့်သည်။ အကြည့်ချင်းအဆုံးမှာ သွေးကြောအားလုံး နွေးဖို လာကာ စိတ်လှုပ်ရှားမှုတစ်မျိုး တရှန်းရှန်းကြွလာသလို ခံစားမိသည့် နောက် –

ပိုင့်မျက်ဝန်းအကြည့်က ချစ်ခြင်းရီဝေ လိုက်ဖိုကာ နှုတ်ခမ်း





သား မသိမသာရှန်းကြွလျှင် –

ချစ်သူကို တကယ်ပွေ့ဖက် နမ်းရှိုက်တော့မည့်အနေအထား အထိ ကိုယ်အမူအရာ အသက်ဝင် ပီပြင်သွားတော့၏။

ထိုအခါ ဒါရိုက်တာ ကျေနပ်အားရစွာ ကဒ်လေသည်။ ကဒ်ပြီးတော့မှ မိုက လက်မ,လေးထောင်ပြသည်။ မင်းသမီးက –

"ပိုင်တို့က Mood မဝင်တော့လည်း မဝင်ဘူး၊ Mood ဝင် တော့လည်း အပီပဲ၊ စံပယ့်ကို တကယ်နမ်းမယ့်အတိုင်းပဲ ဟား ဟား"

ဟု သဘောတကျ ချီးကျူး၏။ ဘာကြောင့်မှန်းမသိ ပိုင် အလိုလို ရှက်သွားကာ မျက်နှာတစ်ခုလုံး စတော်ဘယ်ရီရောင် နီစွေး သွားသည်။

မို အသင်အပြကောင်းလို့လား ဘာလားမသိ၊ ထိုဇာတ်ကား ပေါက်သွားသလို ထိုဇာတ်ဝင်ခန်းပိုစတာကို ကောင်မလေးတွေ အသည်းစွဲဖြစ်သွားလေသည်။

"ပိုင်"

ဆိုတဲ့ မင်းသားသစ်ကလေး တကယ့်ကို ဟိုးဟိုးကျော် သွားတော့သည်။ မို့ကြောင့်လား၊ ပိုင် သရုပ်ဆောင်ပီပြင်လို့လား။

ဘာပဲဖြစ်ဖြစ် အောင်မြင်မှုတစ်နေရာရတဲ့အတွက် ပိုင် ကျေ နပ်သွားသည်။

"နင်က ငါ့ကို ကျေးဇူးတောင်မတင်ဘူးနော် ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မို အစဖော်ပြောတဲ့အခါ ပိုင် နှာခေါင်းရှုံ့လိုက်၏။

"တင်စရာလား၊ ငါကြိုးစားလို့ ငါအောင်မြင်တာ"

လို့ တမင်ညစ်ကျယ်ကျယ် ပြောချလိုက်သည်။

"အေးပေါ့လေ၊ နင်ကြိုးစားလို့ နင်အောင်မြင်သွားတာ"

ဟု ရင်ထဲမှာ မကောင်းတဲ့လေသံနဲ့ မို ပြန်ပြော၏။

"နင်လည်း အောင်မြင်ချင်ရင် မင်းသမီးလုပ်ပေါ့"

ပိုင် ခပ်ငေါ့ငေါ့ပြောတော့ မိုက နှုတ်ခမ်းမဲ့ပြီး ပြုံးသည်။

"ငါက မင်းသမီး မလုပ်ချင်ပါဘူး၊ နင်လိုအပ်တာတွေ လုပ်ပေးဖို့ တာဝန်ရှိတယ်လေ၊ ပြီးတော့ နင့်အနားမှာ ငါရှိနေတော့ နင့်နောက် တကောက်ကောက်မလိုက်နိုင်တဲ့ ဒယ်ဒီနဲ့မာမီ စိတ်ချလက်ချဖြစ်တယ်ဟ၊ အဓိက နင်လိုတာလုပ်ပေးရင်းနဲ့ ဒယ်ဒီနဲ့မာမီ စိတ်တိုင်းကျဖြစ်ဖို့ အရေးကြီးတယ် မဟုတ်ဘူးလား၊ ဒါပေမဲ့ နင် ချစ်သူရသွားရင်တော့"

"တော်စမ်း မိုစုတ်"

ပိုင် ခပ်မာမာ ပိတ်ဟန့်လိုက်သည်။ မိုက နားမလည်သလို မျက်လုံးရွှဲကြီးနဲ့ ပိုင့်ကို စိုက်ကြည့်ပြီး –

"ငါ တကယ်ပြောတာဟ၊ နင့်ကို ကောင်မလေးတွေ ဘယ်လောက်ကြွေနေတယ်ထင်လဲ"

"ဘယ်လောက်ကြွေကြွေ ငါ စိတ်မဝင်စားဘူး၊ နင်သာ ချစ်သူရှာဖို့ စိတ်ဝင်စားစမ်းပါကွာ"





"ဘာ ငါ ချစ်သူရှာရမယ်"

"ရှာရမှာပေါ့၊ နင် ချစ်သူရသွားရင် ငါလည်း နားအေးပါးအေးဖြစ်သွားမယ်၊ ဒါနဲ့ နင် ဟိုတစ်ယောက်ကို စိတ်မဝင်စားဘူးလား"

ရိုက်ကွင်း ခဏနားထားတုန်း နှစ်ယောက်သား ဘုဘောက်ပြောနေကြရာမှ ပိုင်က အတည်ပုံစံနဲ့ မေးထိုးပြသည်။

ဇာတ်ညွှန်းစာရွက်ကိုင်ပြီး မို့ကိုလှမ်းကြည့်နေတဲ့ ကြယ်သစ်ကို မြင်ရသည်။ အကြည့်ချင်းဆုံလျှင် ကြယ်သစ်က မလုံမလဲဖြစ်ကာ ပြုံးပြသည်။

မို ပြန်ပြုံးပြဖို့နေနေသာ မို့မျက်နှာ ညိုသွားပြီး–

"နင်ပဲ စိတ်ဝင်စား၊ ငါက ဆောရီးပဲ"

"ဆောရီး လုပ်မနေနဲ့၊ ဟိုကောင် နင့်ကို ကြွေနေတာ ငါသိတယ်"

"နင်နော်"

"တကယ်ပြောတာဟ"

မှုန်ကုပ်ပုပ်သိုးသွားတဲ့ မို့မျက်နှာကိုကြည့်ပြီး ပိုင် သဘောကျစွာပြောလျှင် မို လက်ညှိုးလေးထောင်ပြီး –

"နင့်ကို ဒယ်ဒီနဲ့ တိုင်မယ်"

လို့ ခြိမ်းခြောက်၏။ မို ခြိမ်းခြောက်တိုင်း ပိုင် ကြောက်လေ့မရှိပါ။

"တိုင် တိုင်၊ တိုင်တစ်လုံး ငါးမတ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဝိုင် ရယ်ကျဲကျဲပြောသည်။ ဒါတင်မက လက်ညှိုးလေးကွေးချည့်ဆန့်ချည်ပြုကာ ဝိုင် ကရော် ကရော် လုပ်ပြ၍ အနိုင်ယူလိုက်သေးသည်။

မို ခံပြင်းကာ နှုတ်ခမ်းကိုက်၍ မကျေမနပ် ဖြစ်လေသည်။

မို မျက်နှာမဲ့နေတာ၊ မခံမရပ်နိုင်ဖြစ်နေတာကိုပဲ ဝိုင် မြင်ချင်ပါသည်။

အဲဒါက မိုနဲ့ပတ်သက်တဲ့ ဝိုင့်စိတ်ပဲ။

ထိုစိတ်က ငယ်ငယ်ကအတိုင်း အခုချိန်ထိ မပြောင်းလဲသေးပါ။

မို နင် ငါ့ကို ဖတ်တတ်တယ် မဟုတ်လား။

ဟား ဟား ဟား။

❀ ❀ ❀



## အခန်း ( ၈ )

"မို"

စာနာငဲ့ညှာသော ခံစားချက်ဖြင့် နူးညံ့သိမ်မွေ့စွာ ကြယ်သစ်ခေါ်သည်။

ကြယ်သစ် ခေါ်သံကြားသော်လည်း မို မော့မကြည့်ပါ။

"မို ဝမ်းနည်းနေလား"

ကြယ်သစ်မေးရင်း မို့အပါး တိုင်ချသည်။ မို ပြေနိုင်စွမ်းမရှိသေးပါ။

ဝမ်းနည်းခြင်းဆိုတာထက် သာလွန်နေမှန်း ကြယ်သစ် သိသွားသည်။

အရှိန်နဲ့ လိမ့်ကျလာတဲ့ ဝမ်းနည်းမျက်ရည်တို့က မို့ပါးပြင်နုနု



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ခေါင်လိုက်ဖြတ်စီးသွားတဲ့အခါ ကြယ်သစ်ရင်မှာ ထိထိရှရှ ခံစားရလေပြီ။

ထိုမျက်ရည်ကို ကြယ်သစ် တယုတယ သုတ်ပေးခွင့်ရချင်သည်။

"ဝမ်းမနည်းပါနဲ့ မိုရယ်"

ကရုဏာသက်ဝင်ပြီး ကြင်နာစွာပြောနေတဲ့ ကြယ်သစ်ကို မို အားနာလှသည်။ မျက်နှာလေးလွှဲကာ မို့မျက်ရည်တွေကို လက်ခုံနဲ့ ပွတ်သည်။ ပြီးမှ သားရေအိတ်ကို ဇစ်ဆွဲပိတ်၍ –

"မို ဝမ်းမနည်းပါဘူး ကိုကြယ်သစ်၊ စိတ်မကောင်းဖြစ်မိလို့ပါ"

"မိုရယ်"

ကြယ်သစ်က ကြင်ကြင်နာနာ ရေရွတ်သည်။ ကြယ်သစ် လက်ချောင်းတွေက မို့ကို ကြင်နာစွာ ဖေးမကူညီချင်သည်။ ဇစ်ပိတ်ပြီးတဲ့ သားရေအိတ်ကို မို ဆွဲထလျှင် –

"ပေး မို၊ ကျွန်တော် လိုက်ပို့ပေးမယ်"

"ရပါတယ်၊ မို့ဘာသာမို သွားလို့ရပါတယ်"

"မဟုတ်တာဘဲ မိုရယ်၊ လာပါ၊ ကျွန်တော့်ကို အားမနာနဲ့၊ ကျွန်တော်က အစကတည်းက မို့ကို ဖေးမကူညီချင်နေချင်တယ်ဗျ၊ ဝိုင့်ကို ရှိန်နေလို့ အခု ဘာမှအလေးထားစရာမလိုဘူး၊ ဝိုင်နဲ့မိုက ဘာမှမတော်ဘဲဟာ၊ လာပါ"





ကြယ်သစ် ပွင့်ပွင့်လင်းလင်းပြောရင်း မို့လက်ထဲက အဝတ်အိတ် အတင်းဆွဲယူသည်။ မို ပြန်ဆွဲလုချင်ပေမယ့် ကွက်ကြည့်ကွက်ကြည့်ဖြစ်နေကြတဲ့ မျက်ဝန်းတွေကြောင့် မို အလိုက်သင့်လွှတ်ပေးလိုက်မိသည်။

ကြယ်သစ် အဝတ်အိတ်ကို ကားနောက်ခန်းအဖုံးဖွင့်ပြီး ကိုယ်တိုင် ထည့်သည်။ စားသောက်စရာထည့်ယူလာသည့် ဆွဲခြင်းနှင့် အလှပြင်ပစ္စည်းထည့်သည့် လက်ဆွဲသေတ္တာမကျန် ကြယ်သစ် ကားပေါ်တင်သည်။

ပြီးတော့ ကားတံခါးလည်း ကိုယ်တိုင်ဖွင့်ပေးကာ မို့ကို ကားပေါ်တက်စေသည်။

မို မငြင်းဆန်သာတော့ပါ။

ခေါင်းလေးငုံ၍ ကားပေါ် အလိုက်သင့်တက်လေသည်။ ကြယ်သစ်က လွတ်လပ်ပေါ့ပါးစွာ လေတစ်ချက်ချွန်ပြီး ကားမောင်းသူနေရာ သွက်လက်စွာ ဝင်ထိုင်သည်။

ကြယ်သစ်မောင်းတဲ့ ကရီနာကားဖြူလေးက ငြိမ့်နေပေမယ့် မို စိတ်လှုပ်ရှားခြင်းမရှိပါ။

ကြယ်သစ်ကတော့ ရင်ခုန်စိတ်လှုပ်ရှားနေမှာ သေချာသည်။ မို့ကို နားလည်ပေးပါ ကြယ်သစ်ရယ်။ မို့ရင်ထဲမှာ ဝိုင့်ကြောင့် စိတ်မကောင်းဖြစ်ရဆဲ၊ ဝမ်းနည်းရဆဲပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



❀

"ဘယ်လိုဖြစ်လာကြတာလဲ သမီးရယ်"

ပေါ်တီကိုအောက်မှာ ထိုးရပ်လိုက်သည့် ကြယ်သစ်ကား ပေါ်မှ မို့ ဆင်းလျှင်ဆင်းချင်း မာမီ ဆီးမေးသည်။

မို့ ဟန်မပျက်အောင် မျက်နှာပြင်လိုက်ပြီး –

"ဘာမှမဖြစ်ပါဘူး မာမီ"

"ဘာမှမဖြစ်ရင် ဘာလို့ တကွဲစီပြန်လာတာလဲ၊ သားက သမီးကို သက်သက်မဲ့ထားခဲ့တာ မဟုတ်လား"

"မဟုတ်ဘူး မာမိရဲ့၊ ဝိုင် ပင်ပန်းနေလို့ အနားယူလို့ရအောင်ပါ၊ မို့ကိုလည်း ကိုကြယ်သစ် လိုက်ပို့ပေးမယ်ဆိုတာနဲ့ပါ၊ နေပါဦး ဝိုင်က မာမို့ကို ဘာပြောလို့လဲ"

ကြယ်သစ် ကားမောင်းသူနေရာက ဆင်းလာပြီး နောက်ခန်း အဖုံးဖွင့်ပြီး ပစ္စည်းထုပ်တွေ ယူချပေးနေရာမှ မို့ကို တအံ့တသြ ကြည့်မိသွားသည်။

ဝိုင် ထားခဲ့မှန်းသိသိကြီးနဲ့ ဝိုင့်မာမီကို ညာပြောနေတဲ့ မို့။ ဝိုင် အားမနာတမ်း ပြောဆိုလို့ မို့ မျက်ရည်တွေ ဘာတွေကျတဲ့အထိ ဝမ်းနည်းရတာ ကြယ်သစ်ကိုယ်တိုင် မြင်ရပါလျက် –

ခုတော့ ဝိုင့်ဘက်က ဖုံးကာပြောနေတဲ့ မို့စိတ်ကို ကြယ်သစ်





ကကယ်အံ့သြသွားသည်။ ဘာကြောင့် ဝိုင် အပြစ်မရောက်အောင် ပို ကာကွယ်ရသလဲ။ ထိုမေးခွန်းကိုလည်း ကြယ်သစ် အသံတိတ်ပဲ မေးမိ၏။ ဝိုင့်မာမီကတော့ မို့စကားလုံးကို မယုံသလိုကြည့်သည်။

"ဘာမှတော့ မပြောပါဘူး၊ သားတစ်ယောက်တည်း ပြန် လာတာတွေ့လို့ အံ့သြနေတာ၊ အခု သမီးကလည်း ကိုလူ့ပို့နိုင်း လူ့ပို့နိုင်းနဲ့"

ကြယ်သစ်ပို့နိုင်းတာကို မာမီ အမြင်မကြည်ဖြစ်ဟန်တူသည်။ မာမီ ထိုသို့ပြောတော့ ကြားထဲက မို့ ကြယ်သစ်ကို အရမ်းအားနာ သွားသည်။

"မာမိကလည်း ကြယ်သစ်က ဝိုင်နဲ့အတူတူ ရုပ်ရှင်ရိုက်နေ တဲ့ လုပ်ဖော်ကိုင်ဖက်ပါ၊ ရိုက်ကွင်းပြီးလို့ မို့ ပစ္စည်းသိမ်းနေတာ ကြာသွားတယ်လေ၊ ဝိုင်က နားချင်တယ်ဆိုလို့ မို့ပဲ ပေးပြန်လိုက်တာ၊ ကြွစိနဲ့ မို့ လာဖို့ပဲ၊ ကိုကြယ်သစ်က စေတနာနဲ့ ပို့ပေးတာပါ မာမိ ရယ်"

"ဟုတ်တယ် အန်တီ၊ ကျွန်တော့်ကို အားနာစရာမလိုပါဘူး"

ကြယ်သစ် မျက်နှာမပျက် ပြန်ပြောလို့ မို့ အသက်ရှူချောင် သလို ဖြစ်သွားသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ကြယ်ရယ်၊ မောင်ကြယ်လည်း ပျင်မှာပေါ့၊ ပင်ပန်းတာချင်း အတူတူပဲဥစ္စာ"

"ရပါတယ် အန်တီ၊ ကျွန်တော်က ဒီနေ့ ရှုတင်အခန်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သိပ်မပင်ပန်းလို့ပါ၊ ခွင့်ပြုဦး အန်တီ၊ မို ကျွန်တော်ပြန်မယ်"

မို အားနာစွာ ခေါင်းညိတ်လိုက်ရသည်။ မာမီ မကြည့်မှန်း သိလို့ ကြယ်သစ် ချက်ချင်းနှုတ်ဆက်၍ ကားပေါ်တက်သွားသည်။

ကြယ်သစ် ကားခြံဝင်းထဲက ထွက်သွားတဲ့အထိ မာမီ အမြင် တစ်ဆုံး ကြည့်သည်။ ပြီးတော့ မို့မျက်နှာကိုလည်း စူးစမ်းသလို စိုက်ကြည့်ပြီး –

"နောက်တစ်ခါ သူများလိုက်ပို့တာနဲ့ ဘာနဲ့ဆိုတဲ့ အကြောင်း ပြချက်တွေမပေးနဲ့"

"ရှင်"

မို ကြောင်အအလေး မာမီ့ကို မော့ကြည့်မိသွားသည်။ ဒေါ်လှလှလွင် မို့... အားမလိုအားမရပြန်ကြည့်ပြီး –

"သူများလိုက်ပို့တယ်ဆိုတိုင်း ဝမ်းသာအားရဖြစ်နေဖို့ မလို ဘူး သမီး၊ မိန်းကလေးဆိုတာ အရာရာမှာ သတိဝီရိယနဲ့ နေတတ် ထိုင်တတ်ဖို့ လိုတယ်ကွဲ့"

မာမီ့ကို မော့ကြည့်နေတဲ့ မို့မျက်လွှာ အလိုလိုစင်းကျသွား သည်။ မာမီ့စိတ်က သူစိမ်းယောကျ်ားလေး လိုက်ပို့တာကို လုံးဝနှစ် သက်ဟန်မတူတာ ဘာကြောင့်ပါလဲ။

"ကိုယ့်မှာလည်း အစစအရာရာပြည့်စုံနေတယ် မဟုတ်လား။ သား အရင်ပြန်လာတယ်ဆိုလည်း မာမီ့ကို ဖုန်းဆက်လိုက်ပေါ့၊ ကားနဲ့ ဒရိုင်ဘာ မာမီလွှတ်ပေးမှာပေါ့ကွယ်"





မာမီက ဘာကိုစိတ်ပူလို့ပူမှန်း မသိပါ။ ဆုံးမသလိုလို အပြစ် တင်သလိုလိုနှင့် တရစပ်ပြောချသည်။

မို မာမီတို့ရင်ခွင်ထဲရောက်လာခဲ့တဲ့ ငယ်ဘဝကတည်းက ဂုချိန်ထိ မာမီ ထိုသို့မပြောဆို၊ မဆုံးမ,ဖူးပါ။ ခုမှ ထိုသို့ပြောနေတာ ဘာကြောင့်လဲ။

တကယ်ဆို ပိုင်က မို့ကို တစ်ယောက်တည်း ထားခဲ့တာပါ မာမီရယ်လို့ ရင်ထဲမှာပဲ အသံတိတ်ပြောမိသွားသည်။

"ကဲ နောက်တစ်ခါ ဒီလိုမဖြစ်စေနဲ့၊ မာမီ မကြိုက်ဘူး၊ သူများနဲ့ပတ်သက်ပြီး သမီး တစ်ခုခုဖြစ်ရင် မာမီတို့ပဲ ရင်ကျိုးရမယ်၊ သမီးဒယ်ဒီလည်း မာမီ့ကို အပြစ်တင်လို့ ဆုံးမှာမဟုတ်ဘူး၊ နဂိုက တည်းက သားကို မာမီတို့ အနုပညာအလုပ်လုပ်စေချင်တာ မဟုတ် ဘူး၊ သမီးနဲ့သား နှစ်ယောက်ဆုံး ဆန္ဒပြင်းပြနေလို့ ခွင့်ပြုထားတာ၊ သူ အရင်, ငါ အရင် လာစရာမလိုဘူး၊ နှစ်ယောက်အတူသွားရင် အတူပြန်လာ၊ ဒီလိုမှမဟုတ်ဘူးဆိုရင် အဲဒီအလုပ် ဆက်မလုပ်နဲ့တော့"

ဘုရားရေ။ မို မာမီ့ကို အံ့သြထိတ်ပျာစွာ မော့ကြည့်မိသွား သည်။ ဘာမဟုတ်တဲ့ကိစ္စလေးကိုအခြေခံပြီး မာမီ စကားအဆုံးပြော ရတာ ဘာရည်ရွယ်ချက်နဲ့လဲ။

"နေဦး၊ သားကိုလည်း ဆုံးမရမယ်၊ သမီးဒယ်ဒီ လာပစေ"

"အိုး မာမီကလည်း ဒယ်ဒီ့ကို မပြောပါနဲ့၊ ဘာမှလည်း မ ဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပြောစရာရှိတာ ပြောရမှာပဲ၊ ကဲ သွားနားတော့ သမီး"

"ဟုတ်"

မာမီ့ဘက်က လိုတာထက်ပိုပြီး တင်းမာနေတာကြောင့် မို တစ်ခုခုပြန်ပြောဖို့ အခွင့်အရေးမရတော့ပါ။

မာမီကျေနပ်အောင် မို ခေါင်းညိတ်ပြီး ကြယ်သစ်ချထားတဲ့ အထုပ်တွေ ဆွဲသွင်းခဲ့သည်။

ဒေါ်လှလှလွင်က ပုံမှန်မျက်နှာထားကို မလျှော့ချသေးဘဲ သမီးကိုပဲ မျက်ခြည်မပြတ် စိုက်ကြည့်နေသေးသည်။

သားနဲ့သမီး ဘုဘောက်ဖြစ်တာ မဆန်းပေမယ့် ခုလို တကွဲ တပြား လာကြတာက ဆန်းသည်။ အထူးသဖြင့် သူစိမ်းယောက်ျား လေးနဲ့ သမီးကို ယှဉ်တွဲပြီး မမြင်လိုပေ။

အဲဒါ ဘာကြောင့်လဲ။

ဒေါ်လှလှလွင်ရင်ထဲမှာ အဖြေက ရှိနှင့်နေသည်။ အချိန် မကျသေးလို့ ထုတ်မပြောသေးခြင်းသာ ဖြစ်သည်။ အချိန်ကျရင်တော့ ထုတ်ပြောရမှာပဲ။

အေး ခုလောလောဆယ် အရေးကြီးတာက သားကိုလည်း သတိပေးဆုံးမဖို့ လိုအပ်လာပြီဆိုတာပဲ။

❀ ❀ ❀



## အခန်း (၉)

"နှင့်ကို ဒယ်ဒီ ခေါ်နေတယ်"

ဝိုင် နိုင်ငံခြားရုပ်ရှင်ခွေကြည့်နေဆဲ မို အခန်းထဲဝင်လာပြီး ပြောသည်။ မို့အသံက ပုံမှန်လို စူးစူးကျယ်ကျယ်မဟုတ်။

အသံတင်းကာ မပြောချင်ပြောချင်နှင့် လာပြောသလို စိတ်ပါ လက်ပါမရှိမှန်း သိသာနေသည်။ ဝိုင် မျက်မှောင်ကြုတ်၍ မို့ကို ငဲ့ ကြည့်သည်။

မိုကိုင်လာတဲ့ အဖုံးအုပ်ထားသော နွားနို့ဖန်ခွက်ကို စားပွဲပေါ် ချရင်း လိုတာထက်မပို ဆက်ပြောသည်။

"ခုသွားလေ၊ ဒယ်ဒီ ခြံထဲဆင်းထိုင်ပြီး နင့်ကို စောင့်နေ တယ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း၊ ဘာလုပ်ဖို့လဲ"

"သိဘူး"

ခပ်ပြတ်ပြတ်ပြောပြီး ပြန်လှည့်သွားတဲ့ မို့ကို ပိုင် စိတ်မကြည် လင်ပေ။ မို့ ကနေ့ ခါတိုင်းနဲ့မတူတာ သိသာလှသည်။

သေချာတာက ရိုက်ကွင်းမှာထားခဲ့တဲ့အဖြစ်ကို မို့ ကောက် နေလို့လား။ အဲဒီအတွက် ကောက်တယ်ဆို ကောက်ပေါ့။

ပိုင် ပခုံးနှစ်ဖက် ဖွဖွလေးပင့်ကာ ခနိုးခနဲ့ ပြုံးလိုက်သည်။ ပိုင် ကိုင်ထားဆဲ ရီမုဒ်ဖြင့် ရောက်တဲ့အခန်းမှာ ရုပ်ရှင်ကို ရပ်ထား လိုက်သည်။

ရီမုဒ်ကို စားပွဲပေါ်တင်၍ အဖုံးပိတ်ထားတဲ့ နွားနို့ဖန်ခွက်ကို ကောက်ကိုင်သည်။ အဖုံးဖွင့်ပြီး နွေးနေတဲ့နွားနို့ကို တစ်ငုံသောက် ပြီးမှ နို့ခွက်ကို စားပွဲပေါ်ပြန်တင်ပြီး –

"ဟေ့ မို့ နေဦး"

ပိုင် ထိုင်ခုံမှ သုတ်ခနဲ ထ,ရင်း မို့ကို ဟန့်တားလိုက်သည်။ အခန်းပြင်မှာရောက်နေတဲ့ မို့ ခြေလှမ်းရပ်ကာ ပိုင့်ဘက် ငဲ့ကြည့်သည်။

"ဘာလဲ"

"နင် ဘာဖြစ်နေတာလဲ၊ ငါပြောတာ နာသွားလို့လား"

"ဟွန်း မဆိုင်လိုက်တာ"

ပိုင် ဘာပြောမှန်း မို့ ဒေါသခနဲ သဘောပေါက်ကာ ချက်ချင်း ပြန်ပက်သည်။ ပြန်ပက်တဲ့လေသံက ရင်ထဲမှာ နာကျင်နေမှန်း ပိုင်





သိနေသည်။ ကောင်းတယ်၊ နာပစေ။ ပိုင့်ရင်ထဲမှာ ကျိတ်ပြီး ကျေနပ် ပြီး ပြုံးလိုက်သည်။

"သိဘူးလေ၊ နင်က နာနေလားလို့"

"နာစရာမလိုဘူး။ ခါတော်မှီဘဲ့ဟာ အမှန်တရားကို သိတယ်"

"သိတယ်ဆိုပြီးတာပဲ။ ဟား ဟား၊ နောက်ဆို နင် ရှုံးသွား ဦးမယ်"

"ဘာ"

မို့ ခဝတ်ခနဲ့ ကိုယ်လှည့်ကာ ပိုင်နဲ့ မျက်နှာချင်းဆိုင် ရပ်လိုက် သည်က အံကြိတ်လျက်ဖြစ်သည်။ ပိုင်က ရုပ်ရှင်မင်းသားလို့ မပြော ဘူး။ အိုင်တင်ကောင်းကောင်းနဲ့ ပခုံးပင့်ကာ ရယ်သလို၊ ကိုယ်အမူ အရာကိုလည်း စတိုင်လ်ကျကျ ဖြောင့်ဖြောင့်မတ်မတ်ရပ်၏။ ထို့နောက် ရယ်မရယ်သေးတဲ့ မျက်ဝန်းနဲ့ မို့ကို စိုက်ကြည့်သည်။

ဘာခနဲ အသံထွက်တဲ့နောက် ပွင့်ဟနေတဲ့ မို့နှုတ်ခမ်းလေး ကို ကြည့်ပြီး –

"ဟုတ်တယ်လေ၊ နင်က ငါနဲ့နင် ဝမ်းကွဲမောင်နှမအရင်း ဆိုပြီး ကြွေးကြော်ထားတာ မဟုတ်ဘူး၊ အားလုံးကလည်း နင် ကြွေးကြော်ထားတဲ့အတိုင်း နင့်ကို အထင်တွေစွတ်ကြီးပြီး အားကျ နေတာလေ၊ မဟုတ်တာကြီးကို အဟုတ်ကြီးလုပ်တဲ့ နင့်ကို ငါ့စိတ်ထဲ ထဲနေတာ ကြာပြီ၊ ဒါကြောင့် အားလုံးသိအောင် ငါပြောလိုက်တာ၊ နင် မနာဘူးဆိုရင် ပြီးတာပဲ၊ အေး နာတယ်ဆိုလည်း ငါ ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဓိက နင့်ဘဝ ဘယ်ကလာလဲဆိုတာ နင်ရော, အဲဒီအသိုင်းအဝိုင်းရော သိဖို့လိုတယ်၊ ဒါကြောင့် ငါပြောတာ၊ နင် ငါ့ကို စိတ်မဆိုးနဲ့၊ စိတ်ဆိုးရင်လည်း ပိုင်တို့က ပျာယာခတ်ပြီး ချော့မှာမဟုတ်ဘူး၊ ဟိုကောင် နင့်ကိုချော့တယ် မဟုတ်လား၊ ဟား ဟား ဟား''

ပိုင်ပြောပြီး အားရပါးရ ရယ်ချသည်။ မို အံကြိတ်ထားရာမှ နာကျင်လွန်းကာ နှုတ်ခမ်းသားတွေပင် တုန်ခါလာသည်။

အငြိုးအတေးထားသလို ရင့်ရင့်သီးသီး ဒါပဲ ထပ်ခါထပ်ခါ ပြောနေတဲ့ ပိုင့်စိတ်ကို မို့ရင်မှာ နာကျင်လာသည်။

''ဒီမှာ ပိုင်''

''ဘာလဲ ပြော''

ပိုင်က အနိုင်ရဟန်နှင့် ခနဲ့သလို ရယ်နေရာမှ မို့ဆံပင်ရှည်ကို ဆွဲဖွရင်း ခပ်ဂျစ်ဂျစ်မေးသည်။ မို့ဆံပင် ဆွဲဖွနေတဲ့ ပိုင့်လက်ကို မို ပုတ်ချလိုက်ပြီး –

''ဒီမှာ နင် ငါ့ကို ဒီလောက်အထိ အငြိုးအတေးထားစရာ မလိုဘူး''

''ဟ၊ ဒါ အငြိုးအတေးမှ မဟုတ်တာ၊ တကယ်လေကွာ၊ နို့ မဟုတ်လို့လား၊ ပြော''

''ဟုတ်တယ်လေ''

''ဟုတ်ရင်ပြီးရောပေါ့''

''ပြီးရောနဲ့ ပြီးသလား၊ ဟိုကောင် ငါ့ကိုချော့တယ် မဟုတ်





လား ဆိုတာက ဘာအဓိပ္ပာယ်လဲ''

''ဟာ၊ ဒါတောင် နင်မသိဘူးလား၊ ဟိုကောင် နင့်နားကပ်ချင်နေတာ နင်မသိပေမယ့် ငါသိတယ်၊ သိလို့ လမ်းဖွင့်ပေးလိုက်တာ နားလည်လား၊ ကြယ်သစ်က ဘော့စ်၊ အခြေခိုင်တယ်''

''တော်တော့၊ တောက်''

မို နာကျင်လွန်းလို့ မျက်ရည်တွေပါ ကျလာသည်။

''ဟား ဟား ဟား၊ မို နင့်ကာရိုက်တာ သိပ်ပြောင်တာပဲ၊ ကြည့်စမ်း မျက်ရည်လေးဘာလေးတောင် ကျလို့ အဲဒါကြောင့် နင့်ကို ပြောတာ မင်းသမီးလုပ်ပါလို့''

''သွား သွား လာမပြောနဲ့''

မို ဒိုချသံနဲ့ အသံကုန်အော်ကာ ပိုင့်ကိုယ်ကို တအားဆောင့်တွန်းပစ်လိုက်သည်။ မထင်မှတ်ဘဲ အတွန်းခံရတော့ ပိုင် ကိုယ်ရှိန်မထိန်းနိုင် ဖြစ်သွားသည်။ နီးစပ်ရာလှေကားလက်တန်းကို ဒရားပြုထိန်းလိုက်ရင်း ဒေါသလည်း ထွက်လာသည်။

''ဟာ ဟော့မို နင် ဘယ်လိုလုပ်တာလဲ၊ တောက် နင်နော်''

''ဘာ နင်နော်လဲ၊ နင် ငါ့ကို ဟိုလူရှေ့,ဒီလူရှေ့ရောက်အောင် တွန်းပို့နေစရာမလိုဘူး''

''အောင်မာ နင်ကပဲ နာနေသေးတယ်''

''နာတယ် သိရဲ့လား၊ ရင်ထဲ, အသည်းထဲက နာတယ်၊ နင်နဲ့ ဘာမှမတော်ဘူးဆိုတိုင်း နင်က ငါ့ကို ဘောလုံးလို ဟို[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက် ကန့်ထုတ်စရာမလိုဘူး၊ နင် မကျေနပ်ရင် ပွင့်ပွင့်လင်းလင်း ပြော၊ နင်မကျေနပ်ရင် ငါ ခုချက်ချင်း နင့်တိုက်ပေါ်က ဆင်းသွားပေးမယ်၊ ဟင့် ဟင့်"

"ဟာ နင်"

ဝိုင် စိတ်အတော်နောက်သွားသည်။ ပြောရင်းဆိုရင်း ပိုင့်ရှေ့ကနေ အောက်ထပ်ရောက်အောင် ခြေသံပြင်းပြင်းနဲ့ ဆင်းသွားတဲ့မှို။

ဝိုင် စိတ်ပျက်စွာ မှို့နောက်က လိုက်ဆင်းခဲ့ပြီး –

"ဘာ နင်လဲ"

"ဟ ပြဿနာပဲ မှို၊ နင်က ဘာလဲ၊ အလွမ်းမင်းသမီးလား၊ ကျစ်"

ဝိုင် တကယ်စိတ်ပျက်သွားပါသည်။ မှို့လက်ကို အတင်းဆွဲတော့ မှို အဆွဲမခံ။ ဝိုင့်လက်ကို ဖယ်ချရင်း လှေကားအောက်ဆုံး အဆင့်အရောက်မှာ မျက်နှာချင်းဆိုင်ပြီး –

"နင် ငါ့ကိုအလွမ်းမင်းသမီးလား,ဘာလား လာမခနဲ့နဲ့၊ နင် ငါ့ကို ပြတ်ပြတ်သားသား ပြောချင်လို့ရတယ်၊ ပြော၊ ငါ ဒီတိုက်ပေါ်က ဆင်းသွားရမလား"

"ကျစ်၊ နင် ဘာတွေမေးနေတာလဲ"

"ငါ့ဘဝ ဘယ်ကလာလဲ ငါသိတယ်"

"ဟာ"

ဝိုင် အတော်အကျပ်တွေ့သွားသည်။ ဝိုင်ရည်ရွယ်တာက





မှို စိတ်နာကျင်စေဖို့၊ မှို နာကျင်ပြီး ဆတ်ဆတ်ထိမခံဖြစ်နေစေဖို့ ဒီလောက်ပဲ။ အဲဒီထက် မပိုဘူး။

တိုက်ပေါ်က ဆင်းသွားဖို့တွေ ဘာတွေ မဟုတ်ဘူး။ ဝိုင် ဆံပင်တွေကို လက်ချောင်းတွေနဲ့ ထိုးဖွရင်း –

"တော်ပြီကွာ၊ တကယ်စိတ်ပိန်တယ်"

နောက်ဆုံး ဝိုင်ပဲ မှို့ရှေ့က ဖဲ့ထွက်ခဲ့ရသည်။ နောက်ဆို မလွယ်ဘူး။ မှိုစုတ်မ။ ခုတလော ဘာဖြစ်နေမှန်း မသိဘူး။

နည်းနည်းလေးပြောတာနဲ့ မျက်ရည်က ကျလာပြီ။ မှို့မျက်ရည်မြင်ရင် မာမိက ဝိုင့်ကိုပဲ အပြစ်တင်ဦးမယ်။ ဒယ်ဒီကလည်း ဘာညာပြောမှာ သေချာတယ်။

ခုလည်း ဘာပြောချင်မှန်း မသိဘူး။ ခြံထဲဆင်းပြီး ဒယ်ဒီက ဝိုင့်ကို တကူးတက စောင့်နေသတဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဖနီးသည် ပျက်ရိပ်နဲ့ပြုသည်နှင့် ဦးထွန်းလင်း သားကို ချက်ချင်း ငဲ့ကြည့်သည်။ ခေါင်းငိုက်စိုက်နဲ့ တိုက်ထဲကထွက်ခဲ့ပြီး ခြံထဲ ဦးတည်ဆင်းလာသည့်သားက သူတို့ဖနီးမောင်နှံရှိရာသို့။

ခပ်လှမ်းလှမ်းဖြစ်နေသေးပေမယ့် သားအသွင်က တစ်ခြံလုံး အလင်းအကျင်းထွန်းထားတဲ့ ညမီးရောင်အောက်မှာ ထင်ထင်ရှားရှား မြင်သာနေသည်။

အသားဖြူဖြူ၊ ဆံပင်ကုပ်ဝဲထောက်နဲ့ ညအိပ်ဝတ်စုံအဖြူဆွတ်ဆွတ်ဖြင့် ညအိပ်ခါနီးဖြစ်နေတာတောင် ထူးခြားထင်ပေါ်သလို စမတ်ကျတဲ့ လမ်းလျှောက်ဟန်ကလည်း ဆွဲဆောင်မှုတစ်မျိုးနှင့် ကြည့်ကောင်းနေသည်။





သားက ရုပ်ရှင်မင်းသားလို့ တကူးတကပြောစရာမလိုအောင် တစ်သွေးတစ်မွေး အလှထူးနေမှန်း ဦးထွန်းလင်း အခုမှပဲ သတိထားကြည့်မိကာ ခေါင်းတစ်ချက် ဆတ်မိသွား၏။

"ဘာလဲ ကိုကိုက ခေါင်းတဆတ်ဆတ်နဲ့"

ခင်ပွန်းသည်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ ဒေါ်လှလှလွင်က ဘဝင်မကျသလို ပခုံးချင်းပွတ်တိုက်ရင်း မေးသည်။

ဦးထွန်းလင်းက သဘောကျစွာပြုံးပြီး သားဆီက,အကြည့်ကို ဖနီးသည်ထံ ပို့သည်။ မျက်ခုံးထူခဲတာ မိမိနှင့်တူပြီး ပန်းနုရောင် စိုလဲ့ကာ ပိရိသေသပ်သော နှုတ်ခမ်းပါးက ဖနီးသည်နှင့်တူသော သားအလှကို မွေးပေးတဲ့ဖနီးသည်ကိုလည်း ချီးကျူးသလို ပြုံးကြည့်၍ မြူးမြူးလေးပဲ ပြောသည်။

"သားကို သဘောကျလို့ပါကွ"

"အောင်မာ၊ ခုမှ"

"ဟုတ်တယ်ကွ၊ ခုမှပဲ သားကို သေသေချာချာကြည့်မိတယ်ကွ၊ သားက တကယ့်လူချောပဲ"

"ဟွန့်"

ဖနီးသည်က ပြုံးပြုံးကြီးမဲ့ပြသည်က မကျေနပ်လို့ မဟုတ်မှန်း ဦးထွန်းလင်း သိသည်။ ညမီးရောင်အောက်မှာ ရွှန်းရွှန်းမြမြလေး လှပနေတဲ့ ဖနီးသည်မျက်နှာဆီက အကြည့်မခွာဘဲ ဆက်ပြောသည်။

"တကယ်ပြောတာကွ၊ သားအလှက တကယ်ဆွဲအားရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘလှမျိုးကွ၊ ဒါကြောင့် မင်းသားလုပ်တာနဲ့ အောင်မြင်သွားတာဖြစ် ပယ်''

''ကိုကို့သမီး ထရိန်နင် ကောင်းလို့ပါနော်''

''ဘယ်လို သမီးက''

ဦးထွန်းလင်း တအံ့တဩဖြစ်သွားသည်။ ဒေါ်ပုလုလွင်က ''ဟုတ်ပ''လို့ ပြောပြီး ကိုင်ထားဆဲ သစ်တော်သီးစိပ်ကို ခင်ပွန်း သည်ကို ပေးရင်း တစ်ဆက်တည်း ပြောသည်။

''ဟုတ်ပ ကိုကိုရယ်၊ သားက ဝါသနာသာ ပါတာ၊ သမီးက သားဝါသနာကို အပြည့်အဝ ပံ့ပိုးပေးတာလေ၊ သားနဲ့အတူ ရုပ်ရှင် သင်တန်းတွေ လိုက်တက်တယ်၊ ဝါရင့်သရုပ်ဆောင်တွေဆီ ခေါ်သွား ပြီး သရုပ်ဆောင်အတွေ့အကြုံနဲ့ ပညာတွေ ဆည်းပူးစေတယ်၊ သား ဖတ်ရမယ့်စာအုပ်တွေ ရှာဝယ်ပြီး သားကို ဖတ်စေတယ်၊ ပြီးတော့ ပြန်ဆွေးနွေးတယ်၊ ဇာတ်ညွှန်းတွေ သေချာဖတ်ပြီး သားသရုပ်ဆောင် တာတွေ ပီပြင်အောင် ဂရုတစိုက်လိုက်ကြည့်ပြီး ညွှန်ကြားတာလေ၊ ''လှ''ဖြင့် သိစတုန်းက တကယ်အံ့ဩတယ်၊ သားဝါသနာကို သမီးက လိုက်ဖြည့်ဆည်းပေးတာ အံ့ပဲ၊ သားဟာသားဆို ဒီလောက်ထိ အောင် မြင်မှာမဟုတ်ဘူး၊ ကိုကို့သမီး ပါရမီဖြည့်ပေးနေလို့ပေါ့''

''ဟာ သမီးက''

ဦးထွန်းလင်းက သစ်တော်သီးဝါးနေရင်း တကယ်အံ့ဩ ဝမ်းသာမျက်နှာနှင့် ဆိုသည်။





''ဟုတ်ပ့ါရှင် ဟုတ်ပ့ါ၊ ကိုကို့သမီးကြောင့်''

ဇနီးသည်ပြောတော့ ဦးထွန်းလင်းမျက်နှာ ပို၍ ကျေနပ် အားရပြုံးမိသွားသည်။ ခေါင်းဆတ်ညိတ်ပြီး –

''အင်း သမီးက တကယ်တော်တာပဲ၊ ဒါကြောင့် သမီးကို ချစ်ရတာ၊ သမီးကို မွေးစားမိတာ ကိုကိုတို့ သိပ်ကံကောင်းတာပဲနော်''

''ဒါပေါ့ သမီးကြောင့် သားကို စိတ်ချလက်ချ လွှတ်ထားရဲ တာ၊ နောက်ဆို ခုလိုအောင်မြင်နေပုံမျိုးနဲ့ ကိုကို့သား ဘယ်လောက် မြာပွေနေမလဲ၊ လှတော့ ဒါပဲတွေးရင်း သမီးကို ကျေးဇူးတင်နေရ တယ်''

''ဟုတ်တယ်၊ ကိုကိုက ကိုကို့အလုပ်နဲ့ ကိုကို လုံးချာလိုက် နေတာနဲ့ သားကို လှည့်ကြည့်လို့ အားကိုမအားဘူး''

''ဘာထူးလဲ၊ လှလည်း ရတနာဆိုင်တစ်ဖက်နဲ့ သားကို လိုက်စောင့်ရှောက်နိုင်တာ မဟုတ်ဘူး၊ သမီး အနီးကပ်ရှိနေလို့ စိတ်ချ ထားရတာ''

သည်စကားအဆုံးမှာ ဦးထွန်းလင်း အလေးအနက် ခေါင်း ညိတ်ရသည်။

''အင်း သမီးက အတော်အားကိုးရတာပဲ၊ ဟုတ်တယ်''

''ဒါပေမဲ့ သားနဲ့သမီး မျက်နှာချင်းဆိုင်တာနဲ့ ဘုဘောက် ပြောနေကြတာ ဆိုးတယ် ကိုကိုရဲ့''

''ငယ်ငယ်ကတည်းက ဒီလိုပဲဟာ၊ ဆန်းတာမှ မဟုတ်တာ''

www.burmeseclassic.com

www.burmeseclassic.com



"မဆန်းပေမယ့် လှက အဲလိုမဖြစ်စေချင်ဘူး"

"နေပါဦး၊ လှက ဘယ်လိုဖြစ်စေချင်တာလဲ"

ဦးထွန်းလင်းက ဖနီးသည်ကို တအံ့တသြ ငဲ့ကြည့်ရင်း သိချင်စိတ်ထက်သန်စွာ မေးသည်။ ဖနီးသည်က မသိမသာ သက်မ, ချသည်။ ခင်ပွန်းသည် မျက်တောင်မခတ်တမ်း ငဲ့ကြည့်နေတာ သိလျက်နဲ့ အကြည့်လွှဲသည်။ စားပွဲပေါ်ရှိ အလှကြွေပန်းကန်အပြည့် စိပ်၍ထည့်ထားတဲ့ သစ်ပေါ်သီးစိပ်တွေကို အကြည့်ပို့ရင်း သွေးအေးစွာ ပြောသည်။

"ဘုဘောက်ဖြစ်နေမယ့်အစား စကားပြောပြေလည်စေချင်တယ်၊ စည်းစည်းလုံးလုံး ဖြစ်စေချင်တယ်လေ"

"အိုး အချိန်တန်ရင် ဖြစ်သွားမှာပါကွာ"

ဦးထွန်းလင်းက ပေါ့ပါးစွာ ပြောပေမယ့် ဒေါ်လှလှလွင်ရင်မှာ ပေါ့ပါးမသွားပါ။ လေးလံစွာ ခေါင်းတစ်ချက် ယမ်းလေပြီး –

"လှတော့ မထင်ဘူး"

"ဘာဖြစ်လို့"

"ဟိုနေ့ကပဲ ကြည့်လေ၊ ရှုတင်ပြီးတဲ့ တစ်ယောက် တစ်ယောက်စီ လာကြတယ်၊ သမီးကို တခြားကောင်လေး လိုက်ပို့ရတယ်၊ လှတော့ နည်းနည်းမှ ရင်ထဲမှာမကြည်လင်ဘူး ကိုကို၊ အဲဒါကြောင့် ကိုကို့ကိုပြောတာပေါ့၊ သားကို ဆုံးမပါလို့"

ဦးထွန်းလင်း ခေါင်းဆတ်ကာ ကျောပြင်ကို ထိုင်ခုံနောက်





မှီချလိုက်သည်။ ကိုယ်ကိုလည်း ဖျော့ချကာ ဇနီးသည်ကို နားလည်စွာပဲ ကြည့်သည်။ ဇနီးသည်ရင်ထဲမှာ သမီး တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လွန်ကဲနေမှန်း ဦးထွန်းလင်း ကောင်းစွာသိပါသည်။

ထိုအကြောင်းပဲ တဖွဖွပြောကာ သားကို ဆုံးမ,နိုင်းသည်။ ကိုယ်တိုင်ကလည်း စိတ်ပူပေမယ့် ချက်ချင်းဆုံးမဖို့ အချိန်မပေးနိုင်အောင် အလုပ်တွေများနေခဲ့သည်။ ဇနီးကျေနပ်အောင် သားကို ဆုံးမဖို့ အချိန်ယူနေရတာနဲ့ ရက်တွေကြာနေသည်။

ဒါကိုပဲ ဇနီးသည်က သူ့ကို မျက်စောင်းတထိုးထိုးနဲ့ ကြည့်သည်။ ဇနီးသည်မျက်စောင်းတွေ မခံရဖို့ သားကို ဆုံးမပါ့မယ်လို့ ကတိပေးပြီး ဒီည စက်ရုံကိုပင် မသွားတော့ဘဲ သားကို စောင့်နေခဲ့ခြင်းဖြစ်သည်။

"ဒယ်ဒီ ကျွန်တော့်ကို ခေါ်တယ်ဆို၊ မှီစုတ်မ ပြောတာ"

"ဪ အေး"

သားအသံလည်း ကြားရကာ ရှေ့လည်းရောက်လာသည်။ သားကိုမြင်မှ ဇနီးမောင်နှံ စကားပြောနေတာတွေ ပြတ်တောက်သွားသည်။

"သား ထိုင်ဦး၊ ဒယ်ဒီတို့သားအမိသားအဖ အေးအေးဆေးဆေး စကားပြောကြတာပေါ့ကွာ"

ဦးထွန်းလင်း သားကိုမော့ကြည့်ကာ လေသံအေးအေးနဲ့ပဲ ပြောသည်။ သားက ရုပ်ရှင်မင်းသားလို့ မပြောရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အဆန်းပါလား ဒယ်ဒီ"

လို့ ပြောရင်း ပခုံးနှစ်ဖက် စုံတွန့်ပြီး ထိုင်ချပုံက ကြည့်လို့ကောင်းနေပြန်သည်။ သရုပ်ဆောင်ကောင်းနေတဲ့ သားကို ဖနီးမောင်နှံ မသိမသာ သက်မ,ချကြည့်သည်။

အင်း မိဘဆိုတော့လည်း သားက သရုပ်ဆောင်ကောင်းတာကိုပဲ နှစ်မျောစွာ ငေးကြည့်နေရုံနဲ့ မပြီးသေး။

ပြောစရာရှိတာ ပြောရမှာပဲ။ ဟုတ်တယ်။

✿ ✿ ✿



အခန်း (၁၁)

"ဟုတ်တယ် သား၊ ပြောရမယ်ဆိုရင် အဆန်းပဲပေါ့ကွာ"

"ဘာဆန်းတာလဲ ဒယ်ဒီ"

"သမီးကိစ္စပေါ့"

"မို့ကိစ္စ"

ဝိုင် သံယောင်လိုက်ပြောမိသွားသည်။ ဒယ်ဒီ့ကိုလည်း အံ့သြကာ အတန်ကြာသည်အထိ စိုက်ကြည့်ဖြစ်၏။ ဒယ်ဒီက ခေါင်းဆတ်၍ စားပွဲပေါ်အသင့်ရှိနေတဲ့ လိမ္မော်ရည်ခွက်ကို ကောက်ကိုင်၍ –

"ဆိုပါတော့ကွာ"

ဟု ခပ်ဖျော့ဖျော့ပြောပြီး လိမ္မော်ရည်တစ်ငုံ သောက်ချပြီးမှ စားပွဲပေါ်ရှိ အောက်ခံကြွေပန်းကန်ဝိုင်းလေးပေါ် လိမ္မော်ရည်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တင်သည်။

လိမ္မော်ရည်ဖန်ခွက်နဲ့ အောက်ခံကြွေပန်းကန်ပြား ထိခတ်သွားတဲ့ ချွင်ခနဲမြည်သံနောက် ဒယ်ဒီ့ကိုစိုက်ကြည့်နေတဲ့ ဝိုင် အသိဝင်လာသည်။

"မှီကိစ္စ၊ မှီ ဘာဖြစ်လို့လဲ ဒယ်ဒီ"

ဝိုင် စိတ်မလုံစွာ မေးခြင်းဖြစ်သည်။ ဟိုနေ့ကကိစ္စ ဒယ်ဒီ့ကို မှီ တိုင်ထားသလားဆိုတဲ့ အတွေးနဲ့လည်း ရင်လေးသွားသည်။

ဒယ်ဒီက လိမ္မော်ရည်စက်ခိုတွယ်နေတဲ့ အောက်နှုတ်ခမ်းကို လျှာနဲ့တစ်ချက်သပ်ပြီး သွက်သွက်ပြောသည်။

"သမ်း. . လက်ရှိ ဘာမှမဖြစ်သေးဘူး၊ ရှေ့ဆက် တစ်ခုခု ဖြစ်လာမှာ သားမာမီ စိုးရိမ်နေတာကွ"

"ဟာ မာမီကလည်း မဆိုင်တာတွေ"

ဒယ်ဒီ့စကားအဆုံးမှာ ဝိုင် ဘဝင်မကျပြောဖြစ်သွားသည်။ ဒယ်ဒီဘေးမှာ မတ်မတ်ကြီးထိုင်ပြီး ဝိုင့်ကိုစိုက်ကြည့်နေတဲ့ မာမီ့ မျက်ဝန်း မှောင်ကုတ်သွားသည်။

ဝိုင်က မမြင်ချင်ဟန်ဆောင်ပြီး သစ်တော်သီးတစ်စိပ်ကို မှင်တေတေ ကောက်ကိုင်သည်။ ဒယ်ဒီက စူးစမ်းကြည့်ဟန်နဲ့ သား ဖြစ်သူနဲ့ ဇနီးသည်ကို တစ်လှည့်စီကြည့်သည်။

"သားက မဆိုင်ဘူးလို့ တကယ်ပြောတာလား"

ဝိုင်က အလေးမထားဟန်နှင့် သစ်တော်သီးစိပ်ကို ခံတွင်းထဲ





ထည့်ဝါးရင်း ဆက်တိုက်ပြောသည်။

"ဆိုင်မှမဆိုင်ဘဲ ဒယ်ဒီရာ၊ မှီစုတ်မအတွက် ဘာစိုးရိမ်စရာ ရှိလဲ၊ ဘာမှမရှိဘူး၊ မာမီ့ကိုက မဆီမဆိုင်လျှောက်ပူနေတာ"

"ဟဲ့ မာမီက လျှောက်ပူနေတာ၊ ဟုတ်လား ဝိုင်"

"အစစ်ပေါ့ မာမီရာ"

"ကြည့်၊ အဲဒါပဲ ကြည့်၊ ကိုကို့သား ဘယ်လောက်ဂျစ်တိုက်သလဲဆိုတာ"

မာမီက ဝိုင် စကားနောက် လိုက်မပြောနိုင်တဲ့အဆုံး ဒယ်ဒီ သိအောင် လက်တွေ့ကျကျ တိုင်တောလေသည်။

ဒယ်ဒီက သားအမိနှစ်ယောက်ကို နှုတ်ခမ်းစူကြည့်နေရာမှ ကိုယ်ကို မတ်မတ်ပြင်ထိုင်ပြီး –

"သား"

ဟု ခပ်တင်းတင်းခေါ်သည်။ ဒယ်ဒီ့ကို ဝိုင် မော့မကြည့်ဘဲ

"ပြောပါ ဒယ်ဒီ"

လို့ နာခံချင်သလို မနာခံချင်သလို စကားထောက်ပေးလိုက်သည်။

ဒယ်ဒီက တစ်ခုခုကို ပြတ်ပြတ်သားသားပြောမည့်ဟန်မျိုးနှင့် ဝိုင့်ကို စိုက်ကြည့်လျက် –

"အေး ပြောရမယ်ဆိုရင် သမီးကို ရိုက်ကွင်းမှာထားခဲ့တဲ့ အဖြစ်ကို ဒယ်ဒီ သဘောမကျဘူး၊ တခြားယောကျ်ားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သမီးကို အိမ်ပြန်ပို့ရတဲ့အထိ အခွင့်အရေးပေးတာကို သားမာမီ ပိုပြီး ဘဝင်မကျဘူး၊ ဒါကြောင့် သား ဆင်ခြင်ရမယ်''

''ကျွစ်၊ အဲဒါပဲ ဒယ်ဒီတို့နဲ့ ခက်တာ''

''ဘာ၊ ခက်တယ် ဟုတ်လား ဝိုင်၊ ဘာခက်တာလဲ''

''ခက်တာပေါ့ ဒယ်ဒီရ''

''ဟော''

ဦးထွန်းလင်း ဟောခနဲဖြစ်သည်အထိ မျက်လုံးပြူးသွားသည်။ ကုပ်ထောက်ဆံပင်တွေကို လက်နဲ့ဖွကာ စတိုင်လ်ပေးနေတဲ့ သားက ဇာတ်ဝင်ခန်းသရုပ်ဆောင်နေသလို အိုင်တင်က ပီပြင်နေသည်။

သားကိုယ်သား ရုပ်ရှင်ရိုက်နေတယ် ထင်လားမသိ။

''အဲဒါပဲကြည့်တော့၊ သားကို လှ လုံးဝအားမရတော့ဘူး''

ဇနီးသည်က မကျေနပ်သံနှင့် မတိုးမကျယ်ပြောသည်။

ဦးထွန်းလင်း အေးအေးဆေးဆေးနေလို့မဖြစ်တော့မှန်း သားအမူအရာကို ကြည့်ပြီး နားလည်သွားသည်။

ထို့ကြောင့် ဖခင်မာန်ထည့်ကာ သားကို ခပ်စိုက်စိုက်ကြည့်ပြီး

''ကျွန်တော်လည်း အလေးအနက်ပြောနေတာပဲ ဒယ်ဒီ''

''နေပါဦး၊ မင်းက ဘာကိုအလေးအနက်ပြောတာလဲ''

''မှီနဲ့ကြယ်သစ်''

''ဟေး ကြယ်သစ်နဲ့သမီး၊ ကဲ ပြောစမ်းပါဦး''

ဦးထွန်းလင်း ခပ်တင်းတင်းအသံနှင့် ပြောခွင့်ပေးလိုက်





သည်။ ဇနီးသည်က သူ့လက်မောင်းကို ပခုံးနဲ့တိုက်ပြီး သား စကား ပရှည်စေဖို့ ခပ်ပြတ်ပြတ်ပြောရန် အချက်ပြသည်။

ဇနီးသည်က စိတ်လောတတ်တာ ဦးထွန်းလင်း သိသည်။ ဒီကိစ္စက စိတ်လောနေရင် အလွဲလွဲအချော်ချော်ဖြစ်သွားနိုင်သည်။ ဒါကြောင့် သားကို ပြောခွင့်ပေးလိုက်ခြင်း။ သားပြောတဲ့အပေါ်မှာ ဖခင်အနေနဲ့ ဘယ်လိုပြတ်ပြတ်သားသား စီရင်ရမလဲဆိုတာ စဉ်းစား လို့ရဖို့ လမ်းဖွင့်ပေးလိုက်တာပါ။

ဒါကြောင့်ထင်တယ်။ သားကလည်း ခပ်ရှင်းရှင်းပြောလေ သည်။

''ပြောရရင် အဆန်းမဟုတ်ဘူး ဒယ်ဒီ၊ ကြယ်သစ်က မှီ့ကို စိတ်ဝင်စားနေတာ ဒယ်ဒီ''

''ဘုရားရေ၊ ဒါကြောင့် သားက ကြယ်သစ်ကို အခွင့်အရေး ပေးလိုက်တာပေါ့၊ ဟုတ်လား''

မာမီက ရင်ဘတ်ဖိရင်း ဘုရားတ,ကာ အံ့ဩသံကျယ်ကျယ် ပြုံးမေးသည်။ သားက ခပ်ပေါ့ပေါ့အသွင်နဲ့ ဒူးခေါင်းလေး လှုပ်နန့်ရင်း ပြောသည်။

''အခွင့်အရေးပေးသလိုတော့ မဟုတ်ဘူးပေါ့ မာမိ၊ ဒါပေမဲ့ ပို့အနေနဲ့ မှီ့စိတ်ကြိုက် ရွေးချင်ရွေးလို့ရအောင်ပါ၊ ကြယ်ကလည်း ခပ်မြင့်မြင့်ထဲကပဲ၊ ပြီးတော့ ကြယ်က ကျွန်တော်နဲ့မှီ့ကို မောင်နှမ ဝင်ပြီး မှီ့ဆီချဉ်းကပ်ဖို့ ကျွန်တော့်ကို ခပ်လန့်လန့်ဖြစ်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ တကယ်ဆို ကြယ် လန့်နေစရာမလိုဘူး၊ မို ဘယ်ဘဝက လာတယ်, ကျွန်တော်နဲ့ ဘာမှမတော်ဘူးဆိုတာသိရင် ဒီကောင် တစ်ခုခုကို ရွေးချယ်မှာပဲ၊ ကျွန်တော်တို့အရှိန်အဝါကိုကြည့်ပြီး မို့ကို ရွေးတာ ထက်စာရင် မို့တာဝအမှန်သိလို့ရွေးတာက ပိုမကောင်းဘူးလား ဒယ်ဒီ''

''အလို ကြည့်စမ်း''

ဒေါ်လှလှ အတော်ခံပြင်းသွားသည်။ လွှတ်ခနဲပြောရင်း ခင်ပွန်းသည်အပါးက ဆတ်ခနဲထကာ သားနား ချက်ချင်း ရောက်သွားသည်။

''သား ဝိုင်ဝိုင် မင်းက အော်သွယ်တော်ကြီးလား ဟင်၊ ပြောစမ်း''

လှ ခံပြင်းကာ သားပခုံးကို ဆုပ်ကိုင်လှုပ်ခါရင်းမေးသည်။ ဦးထွန်းလင်း အသက်ရှူမှားမတတ် အံ့သြကာ သားကိုကြည့်သည်။

သားကတော့ ဘာရည်ရွယ်ချက်တွေနဲ့ ဘယ်လိုတွေးမိထားမှန်းမသိပေ။ ဒီကိစ္စကို ရဲရဲသွက်သွက် တရစပ်ပြန်ပြောသည်။

''ကျွတ် အောင်သွယ်လုပ်ဖို့ ဝါသနာမပါဘူး မာမိ၊ လုပ်ပေးဖို့လည်း မလိုဘူး၊ သူတို့ချင်း ကြည်ရင် သူတို့ဘာသူတို့ ငြိသွားလိမ့်မယ်''

''ဘုရား ဘုရား''

ဒေါ်လှလှလွှင် မျက်ဝန်းပြူတ်ကျမတတ် ပြူးထွက်သွားသည်။ ဒီလောက်ထိ ပြောရဲလိမ့်မယ်လို့ ထင်မထားခဲ့ပေ။





တကယ်ပြောချလာတော့ အသက်မရှူနိုင်အောင် ဘုရားထပ်ခါ တ,တော့သည်။ ဦးထွန်းလင်းက သားကို စိုက်ကြည့်နေရာမှ စိတ်ပျက်စွာ ခေါင်းရမ်းသည်။

မို့နဲ့ပတ်သက်ပြီး သူတို့ဇနီးမောင်နှံ ဖြစ်စေချင်တာ တခြား၊ သားပြောချနေတာက တလွဲ။

''သားရယ် သားကို မာမိ ဘယ်လိုနားလည်ရမလဲ၊ ဟင် ပြောစမ်း၊ တကယ်ဆို သမီးကို သားက စောင့်ရှောက်ရမှာလေ၊ ဘယ့်နှယ် သူများ အခွင့်အရေးရအောင် လမ်းဖွင့်ပေးရတာလဲ၊ သား လမ်းဖွင့်ပေးလိုက်လို့ သူများခြေသရမ်းသွားရင် ဘယ့်နှယ်လုပ်မလဲ၊ သားမှာ စဉ်းစားဉာဏ်မရှိဘူးလားဟင်''

''ကျွန်တော်က ဘာစဉ်းစားရမှာလဲ မာမိ၊ အဲဒါကြောင့် မာမီတို့နဲ့ ခက်တာ၊ သူများ ခြေသရမ်းတိုင်း ခံရင် မာမီသမီး ညံ့လို့ပေါ့''

''ဘုရားရေ ပြောဦးဟယ်၊ ပြောဦး''

ဒေါ်လှလှလွှင် ယူကျုံးမရဖြစ်ကာ သားကို ထုရိုက်ရင်း ဒေါသနဲ့ ပြောလေသည်။ ရုတ်ခြည်း တင်းမာသွားတဲ့ သားအမိကြား ဦးထွန်းလင်း ရှေ့ဆက်ဘယ်လိုပြောရမှန်းမသိအောင် မွှန်းကျပ်သွားသည်။

''နေဦး လှ''

ဦးထွန်းလင်း ထိုင်ရာမှထကာ ဇနီးသည်လက်ကို ဆွဲထားသည်။ လှက မကျေနပ်နိုင်သေးပါ။ မျက်မှောင်ကြုတ်ကာ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အသားများပင် တုန်နေသေးသည်။

"နေလို့ရမလား။ ကိုကို့သားပြောနေတာ ကြည့်စမ်း။ သက်သက်မဲ့ သမီးဘဝ နစ်မွန်းအောင် လုပ်နေတာ၊ လှ သည်းမခံနိုင်ဘူး၊ ကိုကို ဖယ်၊ လွှတ်"

"တော်တော့ကွာ၊ လှ နေဦး"

သားအပါးမှ ဇနီးသည်ကို မရအရအတင်းဆွဲပြီး ပြန်ထိုင်စေသည်။ ဇနီးသည်က မကြည်လင်နိုင်သေး။ ခံပြင်းစိတ်က မျက်လုံးတွေပါ ရဲလာသည်။

"သား၊ သားကို ဒီကိစ္စဆုံးမဖို့ ဒယ်ဒီခေါ်တာ၊ သား စိတ်ထဲကအတိုင်း ပြောချတာ ဒယ်ဒီ အံ့သြတယ်ကွာ"

ဦးထွန်းလင်း ဇနီးသည်အပါး ပြန်ထိုင်ချရင်း တင်းမာစွာ ပြောသည်။ ပိုင်က ဒယ်ဒီနဲ့မာမီ တစ်ဆိတ် ကဲလွန်းသည်ဟု ထင်သည်။ ဒယ်ဒီ့ပြောပုံကို ကြည့်ဦး။

"တကယ်ဆို မို့ကို သားက ပြန်စောင့်ရှောက်ရမှာလေကွာ၊ မစောင့်ရှောက်တဲ့အပြင် ဖြစ်ချင်ရာဖြစ်ဆိုပြီး လမ်းဖွင့်ပေးတဲ့ သားစိတ်ဓာတ်က သိပ်နိမ့်ကျလွန်းတယ်၊ ဒယ်ဒီ အဲလို့ပဲ ထင်တယ်"

တဲ့၊ ပိုင့်မျက်နှာ မဲ့မဲ့ရွဲ့ရွဲ့ဖြစ်သွားသလို ထိုင်နေရာမှ ဝုန်းခနဲ ထရပ်မိသွားသည်။

ဒယ်ဒီက ပိုင့်ကိုမော့ကြည့်ပြီး ခပ်မဲ့မဲ့ တစ်ချက်ပြုံးသည်။

"ဒီမှာသား မို့ကို ငယ်ငယ်ကလေးက မွေးလာခဲ့တာ အခု





အရွယ်ရောက်တဲ့အထိ နှစ်ပေါင်းများစွာ ကောင်းကောင်းမွန်မွန် စောင့်ရှောက်လာခဲ့တာ၊ အားကိုးရာမဲ့နေတဲ့ မို့ဘဝ လူတစ်လုံး သူတစ်လုံး ဖြစ်ဖို့ကွာ၊ ဟိုကောင် အခြေအနေရှိတယ်ဆိုတိုင်း လမ်းဖွင့်ပေးရလောက်အောင် ဒယ်ဒီတို့က အခြေအနေမဲ့နေလို့လား"

ပိုင့်နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။ ဦးထွန်းလင်းက မေးရင်း ထိုင်ရာမှ ထ,ကာ သားဆီ မျက်နှာချင်းဆိုင် လျှောက်သွားရင်း ဆက်တိုက်ပြောပြန်သည်။

"တစ်သက်လုံး စောင့်ရှောက်လာတဲ့ ဒယ်ဒီတို့စိတ်ကို သား နားမလည်တာ ဒယ်ဒီ အံ့သြမဆုံးဘဲကွာ၊ တကယ်ဆို မို့က သားအတွက် ဘယ်လောက်အဖော်ကောင်းလဲဟင်၊ သား ဒါတွေကို မစဉ်းစားမိဘူးလား။ သား ဟိုကောင့်ကို လမ်းဖွင့်ပေးရလောက်အောင် ဒယ်ဒီတို့က မို့ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ဥပေက္ခာပြုထားတာမဟုတ်ဘူး၊ အချိန်တန်ရင် မို့ကို ထိုက်သင့်တဲ့သူနဲ့ မိဘနေရာက စီစဉ်ပေးရမယ်ဆိုတာ ဒယ်ဒီတို့ မို့ကို မွေးစားလိုက်ကတည်းက မို့ဘဝအတွက် အစစအရာရာ ခေါင်းထဲထည့်ထားပြီးသားကွ၊ သားက ဆရာကြီးလုပ်ပြီး လမ်းဖွင့်ပေးတာ လုံးဝမဖြစ်သင့်ဘူးကွ၊ နောက်တစ်ခါ ဒီလေသံ ဒယ်ဒီ မကြားချင်ဘူး၊ သွားတော့ကွာ သွားတော့"

ပြောချင်ရာပြောပြီး နှင်ထုတ်တဲ့ ဒယ်ဒီ့အသံနောက်မှာ ပိုင် ခြေလှမ်း ရွေ့မသွားပါ။ ဒယ်ဒီ့စကားလုံးတွေကို ပြန်ပြောဖို့ပြင်လျှင်

"သွားတော့၊ ဘာမှထပ်မပြောနဲ့၊ ပြောရင် သားရဲ့အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းပါ ဒယ်ဒီ ပိတ်ရလိမ့်မယ်''

''ကျွတ်''

ပိုင့်ခြေလှမ်းက အလိုမကျမှုပေါင်းများစွာနှင့် နောက်ဆုတ်ခဲ့ရသည်။ မို့ကြောင့် ပိုင့်ကို ဒယ်ဒီ အဲသလောက် တင်းမာပြတ်တောက်စွာ ပြောဖို့မလိုဘူး ထင်တယ်။ မာမီက ပိုဆိုးသေးသည်။

''သား ပိုင်ပိုင်၊ နောက် ဒါမျိုး မကြားချင်ဘူး၊ မြင်လည်း မမြင်ချင်ဘူး။ မြင်လို့ကတော့ သားဝါသနာတွေကို မာမီ ငဲ့ကြည့်မှာ မဟုတ်ဘူး။ နားလည်လား''

တဲ့။ မာမီ့ဒေါသသံ ကျယ်ကျယ်က ပိုင့်နောက်ကျောမှာ ပဲ့တင်ထပ်သွားသည်။

မဆိုင်လိုက်တာကွာ။ ပိုင်က သားအရင်းပါ မာမီရာ။ ဒီကိစ္စ ပိုင် ဘာမှားလို့လဲ။ မို ကောင်းစားချင် ကောင်းစားပါစေဆိုတဲ့ စေတနာနဲ့ လမ်းဖွင့်ပေးတဲ့ကိစ္စ။ ရိုးရှင်းနေတဲ့ကိစ္စကို ဆန်းအောင်၊ ရှုပ်အောင် လုပ်ပစ်တာ တစ်ဆိတ် ဒယ်ဒီနဲ့မာမီ လွန်တယ်ဗျာ။

ကျွတ်။ ခြံထဲကနေ လှမ်းသွားတဲ့ခြေလှမ်းက မြင်မြင်သမျှကို လှမ်းကန်လိုက်မိသည်။

မကျေနပ်ဘူးကွာ။ လုံးဝမကျေနပ်ဘူး။

✿ ✿ ✿



## အခန်း (၁၂)

မကျေနပ်တာတွေနဲ့ ရောထွေးနေလို့လား မသိပါ။ ပိုင့်စိတ်က အိပ်လို့မပျော်ပေ။ ညဦးအတော်နက်သည်အထိ မွေ့ရာပေါ်မှာ လူးလိမ့်နေဆဲဖြစ်သည်။

အိပ်မပျော်တဲ့အဆုံး စိတ်တွေ အာရုံရှုပ်ထွေးနောက်ကျိလာကာ အိပ်ရာပေါ်မှ ရုန်းထသည်။

ဦးတည်ရာမဲ့စိတ်က ညဦးနက်နက်ကြား ဟိုဟိုဒီဒီ လွင့်မျောလျက် ရှိပေသည်။ စိတ်သာမက ခြေလှမ်းတွေလည်း ဦးတည်ရာမဲ့။

အိပ်ခန်းထဲက ထွက်ခဲ့တဲ့ ပိုင့်ခြေလှမ်းက လသာဆောင် ရောက်လိုရောက်၊ ထိုမှတစ်ဆင့် ခြံထဲပတ်လျှောက်လိုလျှောက်နှင့် အတော်လေး ဂနာမငြိမ်ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တိုက်ဘေးတံခါးတစ်ချပ် ပွင့်လာတာမြင်ရသည်။ ဝိုင် လမ်းလျှောက်နေရာမှ ခြေလှမ်းချက်ချင်းရပ်သွားကာ သစ်ခွပန်းရုံတွေနဲ့ ကိုယ်ကို ဖျတ်ခနဲကွယ်၍ ပွင့်နေတဲ့တံခါးဆီ စိုက်ကြည့်သည်။

တံခါးချပ်ပွင့်သည်နှင့် လူရိပ်ထွက်မလာ။ အခန်းမီးမှိန်မှိန်က အပြင်ကို ဖြာကျလာသည်။ နောက် တစ်ဆက်တည်း နောက်ကြောင်းမအေးသလို သုတ်ခနဲပြေးထွက်လာတဲ့ မိန်းကလေး။ လက်ထဲမှာလည်း လက်ဆွဲသားရေအိတ်တစ်လုံးနှင့်ဆွဲလျက်။

ဝိုင့်နှုတ်မှ အံ့သြသံ ခုန်ထွက်မလာ။ ရင်ထဲမှာတော့ –

"ဟာ မီ"

လို့ ရွတ်မိသွားသည်။ ညအချိန်မတော် အိတ်တစ်လုံးနဲ့ မီ့လုပ်ရပ်က ဘာလဲ၊ ပုံစံက ထွက်ပြေးမယ့်သူလို နောက်ကြောင်းမအေးတဲ့ အမူအရာနဲ့။

အပြင်ဘက်ရောက်သည်နှင့် တိုက်အတွင်းဘက်ကို တစ်ချက်ချောင်းကြည့်၍ တံခါးချပ်ကို ဖွဖွပြန်ပိတ်သည်။ ပြီးတော့ လက်ဆွဲအိတ်ကို တင်းတင်းဆွဲ၍ ခြေလှမ်းသွက်သွက်လှမ်းထွက်သည့် မီ့အမူအရာ။

ဘယ်နည်းနဲ့မှ ရိုးရိုးသားသားမဖြစ်နိုင်မှန်း ဝိုင် ဒက်ခနဲသိသွားသည်။ သေချာတာက ဘယ်သူမှမသိအောင် မီ ထွက်ပြေးဖို့ဖြစ်နိုင်သည်။

ဝိုင် ခပ်မဲ့မဲ့ပြုံးမိသည်သာ။





ထို့နောက် သစ်ခွပင်တိုင်ကို ဝိုင် ကိုယ်နဲ့ အကျအနမှီရပ်၍ လက်နှစ်ဖက်ပိုက်ကာ မီ့ကို စူးစူးစိုက်စိုက် ငေးကြည့်နေလိုက်သည်။

မီကတော့ သူမအကြည့် ပိရိတယ်ထင်နေမှာပေါ့။

သုတ်ခနဲ လျှောက်ထွက်လာတဲ့ မီ့ခြေလှမ်းသွက်နေပါသည်။ တိုက်ဘေးပေါက်က ထွက်ခဲ့တဲ့ မီက သစ်ခွပန်းခင်းရှေ့က မဖြစ်မနေဖြတ်ရမှာ ဝိုင်သိသည်။ ဒါကြောင့် ဝိုင် မဲ့မဲ့လေးပြုံး၍ ငြိမ်သက်ကာ စိုက်ကြည့်နေခြင်းဖြစ်သည်။

သစ်ခွပန်းရုံရှေ့က မီ ဖြတ်လျှောက်ပြီး ဝိုင့်ကိုကျော်ကာ တိုက်မျက်နှာဘက် ဟိုဒီကြည့်သည်။ စိုးရိမ်စရာ ဘာအရိပ်အယောင်မှ မမြင်တော့ မီ့မျက်နှာ အားတက်သွားမှန်း ပေါ်တီကိုအောက်မှာ ထွန်းထားတဲ့ ညမီးအလင်းရောင်ဖြင့် ဝိုင် မြင်လိုက်ရသည်။

မီက ဟုတ်လှပြီဆိုတဲ့ အကြံအစည်နဲ့ ခြံဝင်းတံခါးဆီ ခြေလှမ်းကျဲ လှမ်းထွက်လျှင် –

"ဟီတ်"

ဟန့်တားခေါ်သံက မီ့နောက်တည့်တည့် အလေးနဲ့ပစ်ပေါက်ခံရသလို ရိုက်ခတ်လာသည့်အခါ မီ့ကျောပြင်အောင့်မျက်ကာ ကော့ဆန့်သွားသလို လှမ်းနေဆဲခြေလှမ်းလည်း နေရာမှာတင် တန့်သွားသည်။

ဟုတ်ပဲဟုတ်ရဲ့လား။ မီ့စိတ်က ကြောက်ရွံ့ပြီး မလုံ့လဲဆို အသံကြားသလို ဖြစ်ရတာလား။



www.burmeseclassic.com

www.burmeseclassic.com



မို မယုံမရဲဖြစ်ကာ ခြေလှမ်းရှေ့တိုးဖို့ပြင်တော့ –

"မိုစုတ်မ"

"ဟင်"

မို ဖျတ်ခနဲ လှည့်ကြည့်လိုက်တဲ့အခါ ကြက်သေသေသွားသည်။ ဘယ်အချိန်ကတည်းက မို့ကို စောင့်ကြည့်နေမှန်းမသိတဲ့ ပိုင်။ မျက်လုံးက ရူးရကား ခနဲ့သဲ့သဲ့ရောင်စဉ်တွေ လင်းဖြာနေပါသည်။

"ဒါက ဘယ်လဲ"

သစ်ခွပန်းစင်တိုင်ကို မှီရပ်နေရာမှ ခွာ၍ မို့ရှေ့ ခြေလှမ်းရွေ့လာရင်း ခပ်တင်းတင်းမေးသည်။

မထင်မှတ်ဘဲ အမိခံရသလိုဖြစ်တာကြောင့် မို့ကိုယ် ပထမတော့ တုန်တက်သွားပေမယ့် မမှုဘူးလေဆိုတဲ့စိတ်ကြောင့် မျက်နှာပြင် ချက်ချင်းတင်းမာသွားသည်။

လက်ထဲဆွဲထားတဲ့ အဝတ်အိတ်ကို တင်းနေအောင် ဖိဆုပ်မိကာ –

"ဘယ်ပဲဖြစ်ဖြစ်ပေါ့"

"ဘာ"

"ဟုတ်တယ်၊ ငါ့ဘာသာငါ ဘယ်ပဲဖြစ်ဖြစ် ခြေဦးတည့်ရာသွားမယ်"

"အဟွန့်၊ အိမ်က ထွက်ပြေးမလို့ပေါ့လေ၊ ဟုတ်လား မို"

မို ဘာမှပြန်မပြော။ ပိုင့်ကိုပဲ ခပ်တင်းတင်းစိုက်ကြည့်ပြီး





မျက်နှာထား မာလျက်သားနဲ့ ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။ ဟုတ်တယ်လို့ အသံတိတ်ပြောသည့်နှယ်။

"နင် အတော်သတ္တိရှိနေတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

မို သံပြတ်ပြော၍ မို့ရှေ့မှာ ပိုင့်ခြေလှမ်း ဆတ်ခနဲ ရပ်သွားသည်။ မျက်နှာလည်း ခနဲ့သဲ့သဲ့မဲ့ပြီး မို့ကို စူးစူးစိုက်စိုက်ငုံ့ကြည့်သည်။

"ဩော် နင် သတ္တိတကယ်ရှိနေတာကိုး၊ ဟား ဟား၊ ရယ်ဖို့ကောင်းတယ်၊ သတ္တိရှိတဲ့သူက ခိုးချောင်ခိုးဝှက်လုပ်တတ်တယ်လို့ ပြောချင်တာလား မို"

"နင်နော်"

ပိုင် ရွဲ့ပြောနေမှန်း မိုသိသည်။ အားမနာတမ်းရယ်၍ မို့ကို ပတ်လျှောက်ပြီး ပြောသည်။

"ဘာနင်နော်လဲ၊ နို့ မဟုတ်လို့လား မို၊ နင့်သတ္တိက ခိုးကျင့်ခိုးကြံကြီးလား၊ အံ့ပါကွာ၊ ဟား ဟား"

မို့ရင်မှာ တင်းမာမှုက အရှိန်ပိုတက်သွားသည်။

ဟားတိုက်ရယ်မောနေတဲ့ ပိုင်ကို မျက်စောင်းနဲ့ချိတ်ကြည့်၍ အံကြိတ်ပြောသည်။

"ဒီမှာ ပိုင်၊ နင် ငါ့ကို ခနဲ့စရာမလိုဘူး၊ ငါ့ဘာသာငါ ဘယ်ပုံစံနဲ့ပဲ သတ္တိရှိရှိ နင် ရွဲ့ပြောနေဖို့မလိုဘူး၊ အခုက နင် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်မှာ မနေစေချင်တော့ဘူး မဟုတ်လား။ နင် မနေစေချင်မှတော့ ငါ ကုတ်ကပ်တွယ်ဖက်နေဖို့ စိတ်မကူးဘူး။ ငါ့ဝမ်းငါကျောင်းပြီး ငါ့ဘဝ ငါရပ်တည်ဖို့ နင့်အမြင်အောက်က ငါ ထွက်သွားဖို့ ဆုံးဖြတ်တာ''

''ဪ နင် ဆုံးဖြတ်တယ်ပေါ့၊ ဟုတ်လား''

ခိုင်ခိုင်မာမာရပ်နေတဲ့ မှီတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား စုန်ဆန်ကြည့်လျက် ခံပြင်းစွာ မေးသည်။ မှီ ရင်ကော့ မျက်နှာမော့ပြီး

''ဟုတ်တယ်၊ ငါ့ဆုံးဖြတ်ချက်နဲ့ငါ''

''အဲဒါဆို နင့်ဆုံးဖြတ်ချက်ကို ဒယ်ဒီနဲ့မာမီသိအောင် ပြောပြလိုက်လေ''

ပိုင့်စကားအဆုံးမှာ မှီ့လက်ချောင်းတွေ ဘင်းအောင်ဆုပ်လိုက်မိသည်။ ဒယ်ဒီနဲ့မာမီသိအောင် ပြောလို့ရမတဲ့လား။ သိရင် မှီ့ကို သွားခွင့်ပေးမှာ မဟုတ်ဘူး။ မှီသိတယ်။ သိလို့ ဘယ်သူမှမရိပ်မိအောင် ညဥ့်အချိန်မတော် ခိုးထွက်ခြင်းပါ။

''ဘယ်လိုလဲ၊ ဒယ်ဒီနဲ့မာမီ့ကို ငါ သွားခေါ်ပေးရမလား''

မှီ အောက်နှုတ်ခမ်းကို တင်းနေအောင် ဆွဲကိုက်လိုက်သည်။ မှီ ဘာမှပြန်မပြောနိုင်အောင် ထွက်ပေါက်မဲ့သွားမှန်း ပိုင် သိပါသည်။

''နေဦး၊ ဒယ်ဒီနဲ့မာမီကို ငါသွားနှိုးပေးမယ်''

ပိုင် ခပ်တည်တည် ခပ်ရွဲ့ရွဲ့ပြောပြီး တိုက်ဆီ ခြေလှမ်းသွားတော့ မှီ လက်ဆွဲအိတ်ကို ဆောင့်ချသည်။





''ပိုင်နေဦး၊ သွားမနှိုးနဲ့''

မှီ အပြစ်သံနှင့် ခပ်ကျယ်ကျယ်တားသည်။ ဒယ်ဒီနဲ့မာမိ သိသွားမှာ သေမလောက်စိုးရိမ်နေရှာတဲ့ မှီ့မျက်နှာထားကို ပိုင် လှည့်ပြန်ငဲ့ကြည့်၍ ခပ်ကျစ်ကျစ်ပြုံးသည်။

''ဟ မနှိုးလို့ ဘယ်ဖြစ်မလဲ၊ နင့်သတ္တိ ဘယ်လောက်ရှိသလဲ ဆိုတာ ဒယ်ဒီနဲ့မာမီသိသွားရင် ပြီးပြီပေါ့၊ မဟုတ်ဘူးလား''

''တောက်''

မှီ ဘာကို ဒေါသဖြစ်၍ ခံပြင်းလို့ ခံပြင်းသွားမှန်း မသိပေ။ တောက်တွေ ဘာတွေ ခတ်သည်။ ပြီးတော့ လွှတ်ချထားတဲ့ အဝတ်အိတ်ကို ဆတ်ခနဲ ပြန်ကောက်သည်။

''ပိုင် နင့်ကို ငါ လုံးဝမကျေနပ်ဘူး''

''အောင်မာ၊ ငါ့ကို မကျေနပ်ရအောင် ငါက နင့်ကို ဒီတိုက်က ထွက်သွားလို့ မောင်းထုတ်နေလို့လား''

''နင် မမောင်းထုတ်ပေမယ့် နင့်စိတ်ထဲမှာ ငါ့ကို ဒီတိုက်မှာ မနေစေချင်ဘူးဆိုတာ ငါသိတယ်၊ သိလို့ ငါ့ဆုံးဖြတ်ချက်နဲ့ငါ ထွက်သွားဖို့ကြံစည်တာ၊ ဒါကို နင် ချောင်းဖမ်းပြီး ဒယ်ဒီနဲ့မာမီရှေ့မှာ သူရဲကောင်းလုပ်ဖို့ မဟုတ်လား ပိုင်၊ နင့်အကျင့်ကို ငါသိတယ်၊ နင်ဟာ ငါ့အပေါ်မှာ ငယ်ငယ်ကတည်းက ကျိတ်မုန်းနေခဲ့တယ် မဟုတ်ဘူးလား။ နင်ကျိတ်မုန်းနေတဲ့စိတ်ကြောင့် ငါ့ဘဝ ဖြစ်ချင်သလိုဖြစ်ပါစေ ဆိုလူနဲ့ ဒီလူနဲ့ လိုက်ချိတ်ပေးဖို့ ကြံစည်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း မို"

အံ့တကြိတ်ကြိတ်နဲ့ ပြောချနေတဲ့ မို့အတွက်ကို ဝိုင် သည်းမခံနိုင်တော့ပါ။ တိုက်ဆီ ဦးတည်နေတဲ့ခြေလှမ်းက မို့ရှေ့ ပြန်ရောက်လာသည်။

လက်နှစ်ဖက်ခါးထောက်ပြီး မာထန်နေတဲ့ မို့မျက်နှာကို အမ်းအရ ငုံ့ကြည့်ပြီး –

"ဒီမှာ နင် ငါ့စေတနာကို မစော်ကားနဲ့ မို"

"ဘာစေတနာလဲ၊ တောက်"

ဝိုင့်ရင်ထဲက တကယ်ဖြူစင်တဲ့စေတနာကို နားမလည်တဲ့ မို။ ဝိုင် တကယ်ပြင်းထန်သွားသည်။ ပြင်းတဲ့စိတ်နဲ့ တောက်ခတ်တော့ မိုက မခိုးမခန့်ပြုံးဖြီး –

"ဟွန်း၊ စေတနာ ဟုတ်လား၊ နင် ငါ့အပေါ် အဲသလောက် စေတနာထားတယ်ဆိုရင် ငါကလည်း နင့်စေတနာကို တုံ့ပြန်ရမှာပေါ့ ဟုတ်လား၊ ငါ့ဆုံးဖြတ်ချက်ကို ငါ ခုပဲ ပြင်လိုက်မယ်၊ နင့်စေတနာ အပေါ် တုံ့ပြန်နိုင်အောင် ငါ ကြိုးစားမယ်၊ နင် စောင့်ကြည့်လိုက်"

မို အသက်မရှူတမ်း ခံခံကျစ်ကျစ်ပြောချသည်၊ ဝိုင် တစ်ခုခု ပြန်ပြောဖို့ စကားလုံးရှာသလို ခေတ္တငေးကြောင်သွားသည်။

မိုက ဘာကိုဘယ်လို နားလည်ပြီး ပြောချတာလဲ။ ပြောချတာက တစ်မျိုးကြီး။ ဝိုင်စေတနာထားမိတဲ့ ဒီကိစ္စပဲ ပတ်ရှုပ်နေတာ ခေါင်းစားလာသည်။ ညကလည်း ဒယ်ဒီနဲ့မာမီ ဒါပဲပြောသည်။





မိုကလည်း ဒါကိုပဲ အခဲမကျေဖြစ်နေသည်။

ထိုအခဲမကျေဖြစ်မှုက ကြာလေ ပိုဆိုးနေသည်၊ ဝိုင် တောက်ခတ်လိုက်တော့ မို တရစပ် ပြောချသည်။ ထို့နောက် အဝတ်အိတ်ဆွဲကာ ဝိုင့်အပါးမှ ဆတ်ခနဲ ခွာသွားသည်။

မို ခွာသွားတာ တိုက်ဘေးဆီသို့ ဦးတည်နေမှန်း မြင်ရတာကြောင့် ဝိုင့်ဒေါသ တစ်ရစ်ပြယ်ကျသွားသည်။

"မို"

ဝိုင် လှတ်ခနဲ ခေါ်သည်၊ မို့ခြေလှမ်း ရပ်မသွားသလို လှည့်ပြီးလည်း မကြည့်၊ ဒါပေမဲ့ ပြောသည်။

"နင်က ငါ့ကို ကြယ်သစ်နဲ့ ငြိစေချင်တယ် မဟုတ်လား၊ နင် ငြိစေချင်တဲ့စေတနာရှိမှတော့ ငါကလည်း ငြိအောင်တုံ့ပြန်ဖို့ ဝန်မလေးဘူး ဝိုင်၊ နောက်မှ ငါ့ကို အဆိုးမဆိုနဲ့၊ ဒါပဲ"

မို့စကားအဆုံးမှာ မို့ကိုယ်က တိုက်ဘေးတံခါးကို တွန်းဖွင့်ကာ ချက်ချင်းဝင်ရောက်ပျောက်ကွယ်သွားသည်။

"ကျွစ်၊ မို ဘာလဲကွာ"

ဝိုင် စိတ်ပျက်စွာ ရွတ်သည်။ ထို့နောက် ဆံပင်တွေ ဖွာလိုက်၊ ခါးထောက်ထားတဲ့ လက်ကို ဖြုတ်ချလိုက်၊ ခါးပြန်ထောက်လိုက်နှင့် ပျာများသွားသည်။

မို့စိတ်က ဘယ်လိုလဲကွာ။ ငါရွဲ့သလို နင်က ပြန်ရွဲ့ချင်တဲ့သဘောလား။ အိုး ရွဲ့ချင်သလောက်ရွဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အစိက ဒယ်ဒီနဲ့မာမီ မသိအောင် ဒီတိုက်ထဲက ထွက်ပြေး ပသွားရင် ပြီးတာပဲ။

နှင် တုံ့ပြန်ချင်သလို တုံ့ပြန်လေ။

✿ ✿ ✿



## အခန်း (၁၃)

"တီ တီ တီ"

လက်ကိုင်ဖုန်း စူးစူးရှရှထမြည်သံကြောင့် ဝိုင် နိုးလာသည်။ သို့သော်လည်း အိပ်ရေးဝသေးဟန်မတူတဲ့စိတ်က နိုးလာတဲ့အာရုံကို ပြန်လွှမ်းမိုးကာ မျက်လွှာပြန်မှိတ်ကျလေသည်။

"တီ တီ တီ"

မကိုင်မချင်း မြည်နေတဲ့ ဖုန်းကြောင့် ဝိုင် ပေကတ်ကတ်အိပ် နေလို့ မရတော့ပါ။ ခေါင်းထဲမှာလည်း နောက်လှသည်။ ညကလည်း အိပ်ရေးပျက်ထားသည်မို့ ဆက်အိပ်လိုစိတ်က တာဆူနေပါသည်။

ထို့ကြောင့် ခေါင်းမထောင်ဘဲ ခုတင်ဘေးရှိ စားပွဲပေါ်တင် ထားတဲ့ ဖုန်းကို လက်လှမ်းယူသည်။ ဖုန်းကိုပိတ်ပစ်ဖို့ မျက်လုံးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ဖွင့်ကြည့်လျှင် –

ဝိုင် မျက်လုံးပြူးကျယ်သယောင် ဖြစ်သွားသည်။ ပေကျံပေါ်ပေါ်နေတဲ့ဖုန်းနံပါတ်က ကြယ်သစ်ခေါ်မှန်း သိတဲ့အခါ ဝိုင်ရဲ့အိပ်ချင်စိတ် အလိုလို လွင့်ပါးသွားသည်။

"ကြယ်သစ်"

တစ်ခါဖူးမှ ဝိုင့်ဆီ ဖုန်းမဆက်ဖူးတဲ့ကောင်က မနက်စောစောစီးစီး ဘာကြောင့် ဆက်ရတာလဲ။

အကြောင်းရင်းကို သိလိုသည်။ နောက်ပြီး ညက မှီ ထွက်ပြေးဖို့ ကြံစည်တာနဲ့ ဘာပတ်သက်လဲ။ အဲဒါကိုလည်း စူးစမ်းချင်သည်။

စူးစမ်းချင်စိတ်၊ သိချင်စိတ်နဲ့ပဲ ဖုန်းမပိတ်ဖြစ်ပါ။ ဖုန်းဖွင့်ပြီး နားနားကပ်လိုက်သည်။ တစ်ဆက်တည်း ထူးလည်းထူးဖြစ်သည်။

"ဟဲလို"

"ဝိုင် ကိုယ်ပါကွ"

"အေး ငါသိတယ်၊ ဘာကိစ္စလဲ ကြယ်သစ်၊ မနက်စောစောစီးစီး"

"ဟ မစောပါဘူးကွ၊ ကိုးနာရီကျော်နေပြီ၊ ဘာလဲ မင်း ခုချိန် အိပ်နေသေးတာလား"

ဝိုင် မျက်မှောင်ကြုတ်မိသွားသည်။ ဘေးစောင်းအိပ်နေသေးတဲ့ ကိုယ်က ကွမတတ်ဖြစ်သလို၊ နံရံကပ်ချိတ်ထားတဲ့နာရီကိုလည်း





မျက်လွှာပင့်ကြည့်မိသွားသည်။

ဟုတ်ပါသည်။ အချိန်က မနက်ကိုးနာရီကျော်လို့ ခွဲတောင်နေပြီ။

"ဒီနေ့ ရှုတင်မရှိလို့ နှပ်နေတာပေါ့လေ၊ ဟုတ်လား ဝိုင်"

"အင်း"

အင်းလို့ အသံထွက်လိုက်ပေမယ့် ဝိုင့်စိတ်ထဲမှာ ထူးခြားနေတယ်လို့ ထင်တယ်။ ဒီကောင့်အသံက အရင်လိုမဟုတ်ပေ။ ရင်းရင်းနှီးနှီးအသွင်နဲ့ သွက်လက်ပေါ့ပါးနေသည်။ ဒါတင်မက တစ်ခုခု ရလို့မှုနဲ့ ဝိုင့်ကို လာရောနေမှန်း သိသာသလိုဖြစ်တာကြောင့် –

"ဟုတ်တယ်၊ ကဲ ပြော ဘာကိစ္စလဲ"

"ဩော် ဘာရယ်မဟုတ်ဘူး၊ ဒီနေ့ ရှုတင်မရှိဘူးဆိုတော့ မင်းဆီ ကိုယ် လာလည်မလို့ကွ၊ အဲဒါ"

"ကျစ် လာမလည်နဲ့"

"ဟာ မင်းကလည်း၊ အချင်းချင်း တင်းမနေနဲ့ကွာ၊ ကိုယ် မင်းနဲ့ ပြောစရာရှိတယ်"

"ဘာကိစ္စလဲ၊ ပြောစရာရှိရင် ဖုန်းထဲကပြော"

"ဖုန်းနဲ့ပြောရတာ အားမရလို့ပေါ့ကွာ"

"အားမရလည်း မပြောနဲ့၊ လာလည်း မလာနဲ့၊ ငါ ဆက်အိပ်မယ်၊ ဒါပဲ"

ဝိုင် ပြောချပြီး စိတ်ပျက်စွာ ဖုန်းပိတ်လိုက်သည်။ အိပ်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့ကောင်။

ကြယ်သစ်နဲ့ဝိုင် ရုပ်ရှင်နယ်ထဲ ဝင်ကတာချင်းက သိလာတာ ကြာလှပြီ။ အတူတူလည်း အပေးအယူမျှမျှ လက်တွဲသရုပ်ဆောင်ခဲ့တာ မနည်းပေ။ တစ်ခါဖူးမှ ဖုန်းနဲ့ တကူးတက ဆက်သွယ်ပြောတာ မရှိခဲ့ဖူးဘဲနဲ့ ခုမှ လာရောတာ အကြောင်းမဲ့မဖြစ်နိုင်ဘူး။

ဒီလောက်တော့ ဝိုင် မညံ့သေးဘူး ကြယ်သစ်။ မင်း ငါ့ဆီ အကြောင်းမရှိ အကြောင်းရှာပြီး လာသည့်မှာ ဘာကြောင့်လဲဆိုတာ ငါမသိဘူးမထင်နဲ့။

မို့ကြောင့် မဟုတ်လား။ မိုကြောင့်ဆို ခေါင်းငြိမ်းပဲ ကြယ်သစ်။

ဝိုင် မျက်လုံးစုံမှိတ်ချလိုက်သည်။ စိတ်က ပြန်အိပ်ဖို့ ရှေ့ရှု လိုက်ပေမယ့် မှိတ်ထားတဲ့ မျက်လုံးအိမ်ထဲမှာ ကြယ်သစ်မျက်နှာ တဝဲလည်လည်မြင်နေတာ ခက်သည်။

ကြယ်သစ်။

အာရုံထဲက မောင်းထုတ်ပေမယ့် ကြယ်သစ်ပုံရိပ်က ပျောက်မသွားပေ။ ဝိုင့်ထက် အသားပိုဖြူသော ကြယ်သစ်က ဝိုင့်လိုပဲ ကြံ့ခိုင် ဖွံ့ဖြိုးသော ကိုယ်ဟန်နှင့် စမတ်ကျကျဖြစ်သည်။

ဝိုင်လို ခပ်ဆတ်ဆတ် စူးရှသောအသွင်မျိုး မဟုတ်သော် လည်း ချိုသာသောမျက်နှာပေးနှင့် နှုတ်ခမ်းလှုပ်တိုင်း ပြုံးရယ်တိုင်း ပေါ်လာတဲ့ ပါးချိုင့်ရှည်လေး ခွက်ဝင်သွားတတ်သည့် မျက်နှာက တကယ်လှနေသည်။





ဝိုင့်လိုပဲ မိန်းကလေးအခေတ်များများ သဘောကျခွဲလမ်းနိုင် လောက်တဲ့ ရုပ်ရည်မျိုးပါပဲ။ ဝိုင်နဲ့မတူတာက ကြယ်သစ်က မိန်း ကလေးတွေကျွေလောက်အောင် စိတ်ရှည်လက်ရှည်နဲ့ သိမ်သိမ်မွေ့မွေ့ ပြောဆက်ဆိုတတ်ခြင်းပါ။

အဲဒါကြောင့်မို့ ထင်တယ်။ ရိုက်ကွင်းလာတဲ့ ပရိသတ်မိန်း ကလေးတွေနဲ့လည်း အဖွဲ့ကျသလို အပေးအယူမျှမျှ ပြောတတ်ဆို တတ်သည်။

ဝိုင်က ထိုသို့မဟုတ်ပေ။ ဘယ်မိန်းကလေးနဲ့မှ လိုက်လျော ညီထွေစွာ ပြောလေ့မရှိပါ။ အဲဒါကိုပဲ ဝိုင် မာနကြီးတယ်လို့ သတင်း ပျံ့နေခဲ့သည်။ ကြယ်သစ်ကတော့ ဖော်ရွေတယ်။ စိတ်ရှည်တယ်။ သဘောထားကြီးတယ်ဆိုတဲ့သတင်းနဲ့ နေရာတကာမှာ မိန်းကလေး တွေနဲ့ ဝိုင်းဝိုင်းလည်နေတတ်သည်။

အဲဒါကိုပဲ မို့က စိတ်ဝင်တစား ထုတ်ပြောတတ်သည်။

"ကြယ်သစ်က လူရည်လည်တယ်ဟ၊ ဘယ်မိန်းကလေးနဲ့ ဖြစ်ဖြစ် peace ဖြစ်နေရော၊ နင့်လိုမဟုတ်ဘူး၊ နင်က ဘယ်မိန်းက လေးနဲ့မှ peace ဖြစ်ဖို့မပြောနဲ့ ငါနဲ့တောင် စကားပြောအဆင်မပြေ ဘူး။ နော် ဝိုင်၊ နင် အဲ့လိုကြီး မာနထားရင် နင့်ပရိသတ်တွေ နင့်ကို ထားခဲ့မှာ စိုးရတယ်ဟ၊ ကြယ်သစ်လို ကျင့်စမ်းပါ" တဲ့။

ဒါ ဘာသဘောနဲ့ ပြောတာလဲ။ ထိုစဉ်က ဝိုင် စိတ်မဟင် စားပေမယ့် ခုတော့ ပြန်တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သစ်နဲ့ပိုင်ကို ယှဉ်ပြီးပြောရတာ ဘာသဘောလဲ။ မဟုတ်မှလွဲရော ကြယ်သစ်ကို ကောင်မလေးတွေ စိတ်ဝင်စားသလို မိုကလည်း အာရုံဝင်စားတဲ့သဘောနဲ့ ထုတ်ပြောတာလား။

တွေးရကျပ်လာသည့် ပိုင့်မျက်ခွံက အလိုလို ပွင့်လာသည်။ ကြယ်သစ်ဆိုတဲ့ကောင်က အရင်က ပိုင့်ကို ခပ်ရှိန်ရှိန်ဖြစ်နေသလောက် ခုတော့ တစ်ဆိတ်ရဲတင်းနေမှန်း သိသာသည်။

ဘာကြောင့်မှန်း မသိပါ။ ပိုင့်ကိုယ်က မွေ့ရာထူထူပေါ်မှ ကုန်းရုန်းထမိသွားသည်။ ကြယ်သစ် ဒီထက်ရဲလာလျှင် မလွယ်။

အို ပိုင်နဲ့ ဘာဆိုင်လဲ။

မွေ့ရာပေါ်မှဆင်းဖို့ပြင်ပြီးမှ တစ်ချက်တွေသွားကာ မွေ့ရာပေါ် ပိုင့်ကိုယ်က ငုတ်တုတ်ကြီးဖြစ်သွားပြန်သည်။ ထိုစဉ် –

"ကလင် လင် လင်"

ခေါင်းရင်းစားပွဲပေါ်က ကြိုးဖုန်းက ထ,မြည်ပြန်သည်။ ပိုင် လက်ကိုင်ဖုန်းပိတ်လိုက်လို့ ကြယ်သစ် ကြိုးဖုန်းလှည့်ခေါ်တာ ဖြစ်မယ်။

ကြိုးဖုန်းက ဧည့်ခန်းနဲ့ တစ်ဆက်တည်းသွားထားတဲ့ ဖုန်း ဖြစ်သည်။ ကြယ်သစ် ထိုဖုန်းသုံးလျှင် ဒယ်ဒီနဲ့မာမီ သိသွားမှာသေချာသည်။

လောလောဆယ်တော့ ဒယ်ဒီနဲ့မာမီ မရှိပါ။ ဆွမ်းကျွေးရှိလို့ စုံတွဲထွက်သွားတာ နာရီဝက်မက ကြာပြီဖြစ်သည်။

ဖုန်းနှစ်ချက်မြည်ပြီး အသံတိတ်သွားသည်။





ဒါဆို တစ်ယောက်ယောက် ကိုင်လိုက်ပြီထင်သည်။

ဘာကြောင့်မှန်း မသိ

ပိုင့်စိတ်က အရင်လိုမတည်ငြိမ်တော့ပါ။ တစ်ခုခုကို သိချင် စိတ်သာ ပြင်းပြနေပါသည်။

ထို့ကြောင့် ဖုန်းခွက်အဖြူလေးကို ဖွဖွကောက်ကိုင်၍ နား ကပ်ထောင်မိလျှင် –

"ကြယ် ပြောလေ"

ဟူသော မို့အသံ ရှင်းရှင်းကြီးကြားရသည်။ မို့အသံက ကြည် ကြည်လင်လင် လိုလိုလားလားဖြစ်နေမှန်း သိသာလှသည်။

မိုက လိုလားနေတော့ ကြယ်သစ်ဆိုတဲ့ကောင် မြူးနေပြီမှန်း အသံကြားရုံနဲ့ ပိုင်သိလိုက်သည်။

"မို့ ဒီနေ့အားတယ် မဟုတ်လား"

"အားပါတယ်၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် မို့နဲ့တွေ့ချင်တယ်၊ အဲဒါ"

"တွေ့ချင်တယ်၊ ဟုတ်လား၊ ဘာကိစ္စလဲ"

မို့အသံက ပုံမှန်ထက် မပို။ ပိုင် ဖုန်းခိုးနားထောင်နေရင်း ဘာလုပ်လို့လုပ်ရမှန်းမသိ ကြောင်ငေးကာ ဆက်တိုက်နားထောင်မိ သည်။ မိုက ဘာကိစ္စလဲမေးတော့ ကြယ်သစ်က ကြည်နူးကဲ့လေသံ ဖြင့် တဟင်းဟင်းရယ်ပြီး –

"ကိစ္စက၊ အင်း ကျွန်တော်လာတော့ ပြောပယ်လေ



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ကြယ်လာမယ်"

"အင်း အခု မိုတို့လမ်းထဲရောက်နေပြီ"

"ဟယ် မဟုတ်တာ၊ မလာနဲ့"

"ကျွန်တော်ကတော့ လာမှာပဲ၊ မို မတားနဲ့ဗျာ၊ ငိုင့်ကို တောင် ဖုန်းဆက်ထားပြီးပြီ၊ ဝိုင်က မလာနဲ့တဲ့ဗျာ"

မို မယုံသလိုဖြစ်ကာ –

"ဟုတ်ရဲ့လား ကြယ်၊ ဝိုင်က မလာနဲ့လို့ တားလား"

"တကယ်ဗျာ မလာနဲ့တဲ့၊ ဝိုင် အိပ်နေသေးတယ်၊ ကိစ္စမရှိ ဘူး၊ ဝိုင်အိပ်နေတော့ ကောင်းတာပေါ့၊ မိုနဲ့ကျွန်တော် စကားအများ ကြီး ပြောချိန်ရတယ်လေ၊ ကျွန်တော့်ကို မနှင်နဲ့မို၊ ကျွန်တော် တကယ် လာနေပြီ၊ ဒါပဲ"

"တောက်"

ပြောချင်ရာ စွတ်ပြောပြီး ဖုန်းချသွားတဲ့ ကြယ်သစ်၊ ငိုင် တောက်ခတ်သံကြောင့် မို ဖုန်းနားထောင်နေရာမှ လန့်ဖျပ်သွားကာ ဖုန်းခွက်ချပစ်လိုက်သည်။

အို ဘာမှမဆိုင်တာဘဲ။

မို ရဲဆေးတင်ကာ မျက်နှာလေးမော့လိုက်သည်၊ ကြယ်သစ် လာလည်တဲ့ကိစ္စ မို ဖိတ်ခေါ်တာမှ မဟုတ်တာ။ ကြယ်သစ်စိတ်နဲ့ ကြယ်သစ် လာလည်တာ။

မို ဘာတတ်နိုင်မလဲ ဝိုင်။





နှင်ပဲ မိုနဲ့ကြယ်သစ်ကို ငြိစေချင်တာ မဟုတ်လား။ ငြိစေဖို့ ကြယ်သစ်ဂ ာလည်တာက မိုအတွက် အခွင့်အရေးပဲ။

ဟုတ်တယ်။

*

ဖုန်းခွက်ကို ခေါင်းချပြီး ငိုင် ချက်ချင်း မွေ့ရာပေါ်မှဆင်း သည်။ မျက်နှာလည်း မသစ်၊ ညအိပ်ဝတ်စုံလည်း ချွတ်မလဲဘဲ အိပ်ခန်းထဲက ကမူးရှူးထိုး ထွက်ခဲ့သည်။

ခြေလှမ်းသွက်သွက်ဖြင့် အောက်ထပ်သို့ မပြေးရုံတမယ် ဆင်းခဲ့မိ၏။ ဧည့်ခန်းထဲ လှမ်းဝင်ဝင်ချင်း ခေါ်လိုက်သည်။

"မို"

မိုက ဖုန်းနားမှာပဲ ရှိနေသေးသည်။ ဝိုင့်ခေါ်သံကြားသည်နှင့် မို လှည့်မကြည့်တော့။ ဧည့်ခန်းအလယ်ရောက်နေပြီးဖြစ်တဲ့ ဝိုင်က အိပ်မှုန်စုံမွှားနှင့်။

"ဘာလဲဟ၊ အိပ်မှုန်စုံမွှားနဲ့"

"ဘာဖြစ်လဲ၊ ငါ့ဘာငါ အိပ်မှုန်စုံမွှားဖြစ်တာ"

"ကြည့်မကောင်းလို့ပေါ့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် မျက်နှာတွန့်မဲ့ကာ ဝိုင်ကိုယ်တိုင် ပြန်ငုံ့ကြည့်သည်။ ဝတ်ထားတဲ့ အဖြူရောင် ပိုးသားပျော့ ညအိပ်ဝတ်စုံက ကြေတွန့်ကာ ဖရိုဖရဲဖြစ်နေသည်။

အိပ်ရာက ထလာတာ ဒီလောက်တော့ ရှိမှာပေါ့။ ဝိုင်ကိုယ်တိုင် ဖော့ပြောရင်း လက်ချောင်းနှင့်ဆံပင်တွေ ထိုးဖွပြီး ခါးထောက်လိုက်သည်။

"ဟုတ်တယ်လေ၊ ဘယ်လိုဖြစ်လာတာလဲ၊ ယောင်နေတာလား ဝိုင်၊ အိပ်ရေးမဝရင် သွားအိပ်ဦး"

မိုက ထုံးစံအတိုင်း ဆရာကြီးလေသံဖြင့် ညွှန်ကြားသည်။ မိုညွှန်ကြားသမျှ ဝိုင် နာခံရမတဲ့လား စေးသေးတာယ်။

"မို နင် လျှာမရှည်နဲ့၊ ခုနက ကြယ်သစ် ဖုန်းဆက်တယ် မဟုတ်လား"

"နင် ဖုန်းနားထောင်ထားတာပဲ၊ သိနေပြီးတော့"

"အေး သိလို့ပြောတာ"

"ဘာပြောစရာရှိလို့လဲ"

"ကြယ်သစ်ကို နင် ဧည့်ခံစရာမလိုဘူးနော်"

"ဟွန်း၊ ဧည့်သည်လာတာ ဧည့်မခံလို့ရမလား၊ နင် ဧည့်မခံချင် သွားအိပ်နေ၊ ငါ့ဘာသာငါ ဧည့်ခံမယ်"

ခပ်ရင့်ရင့်ပြန်ပြောတဲ့ မိုကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်ဖြစ်သည်။ မိုစိတ်က ဘယ်လိုဖြစ်သွားတာလဲ။ ကြယ်သစ်အပေါ်





ဘယ်တုန်းကမှ စိတ်လိုလက်ရ စကားမပြောဖူးတဲ့မို။

ခုတော့ လိုလိုလားလား ဧည့်ခံမယ့် အမူအရာနှင့်။

ကြယ်သစ်လာမှာကို လည်ပင်းလေးတဆန့်ဆန့်နဲ့ စောင့်မျှော်နေတဲ့ မိုအမူအရာက ဘာလဲ။ ဝိုင် လိုက်မမီအောင် ဖြစ်ရ၏။

"ဘယ်လို မို"

"ဟုတ်တယ်လေ၊ ကြယ်သစ် လာလည်မယ်တဲ့၊ နင့်တောင် ဖုန်းဆက်သေးတာပဲ၊ အဲဒါဘာဖြစ်လဲ၊ လာလည်ပစေ၊ ငါကတော့ ကြယ်သစ်လာလည်တာ သဘောကျတယ်"

"တောက်၊ နင် စိတ်မှန်သေးရဲ့လား မို"

"အမလေး မှန်သမှ ကြည့်မှန်လို့ မှန်တယ်ဟေ့၊ သိရဲ့လား၊ နင် ညက ပြောသာတွေ ငါ တစ်ညလုံး ပြန်ဆန်းစစ်ပြီးပြီ၊ နင်ပြောတာ အားလုံးမှန်တယ်၊ ကြယ်သစ်က အခြေခိုင်တယ်လေ၊ ငါ့လို အခြေမဲ့အနေမဲ့ မိန်းကလေးအတွက် ဘဝရှေ့ရေးအတွက် အာမခံချက်ရှိတဲ့ ကြယ်သစ်ကို လေ့လာရမှာပဲ၊ အဲဒီအတွက် နင့်ကိုငါ ကျေးဇူးတင်တယ် ဝိုင်၊ နင် ဘာမှလာမပြောနဲ့၊ သွားတော့"

"ဟင်"

လက်စသတ်တော့ မိုက တကယ်ရွဲ့ပြောနေတာကိုး။ ဝိုင် မျက်လုံးပြူးထွက်လာသည်။ ရင်အုံလေးပင့်ကော့ကာ ဝိုင့်ရှေ့က မမှုဟန်နဲ့ တိုက်ရှေ့ဘက် ဖွတ်ထွက်သွားတဲ့ မိုအမူအရာကို ဝိုင် သည်းမခံချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မို"

မို့နောက်က ဝိုင် ထက်ကြပ်မကွာ ပါသွားသည်။

မိုက လှည့်မကြည့်ပါ။

"မို နေဦး"

"ကျွတ် နင် ဘာဖြစ်နေတာလဲ ဝိုင်၊ နင့်ဘာသာနင် သွားအိပ်တော့"

စိတ်မရှည်စွာပြောပြီး ပေါ်တီကိုအောက်ဆင်းသွားတဲ့ မို။

ကြယ်သစ်ကားကလည်း ခြံဝင်းထဲ ဝင်နေပြီ။

ဝိုင့်စိတ်က ဘယ်လိုမှ မကြည်လင်တော့ပါ။

"တောက်၊ ရတယ်လေ၊ နင် ညက ထွက်ပြေးခွင့်မရလို့ ငါ့ကို ရွဲ့တာမဟုတ်လား၊ ရွဲ့ပေါ့ မို၊ ရွဲ့ပေါ့၊ စိတ်ကြိုက်ရွဲ့၊ ငါက အနေသာကြီး၊ ဟုတ်တယ်"

ဝိုင် မျက်နှာထားနဲ့ပြောပြီး မို့ကို ကျောခိုင်းခဲ့သည်။ ရင်ထဲမှာလည်း နာကျင်စွာ ရယ်မိသည်။ ဘာဆိုင်တာမှတ်လို့။

✿ ✿ ✿



## အခန်း (၁၄)

"သမီး မိုရေ"

ကားပေါ်က ဆင်းသည်နှင့် ဒေါ်လှလှလွင် သမီးကို အသံပြုင်ခေါ်သည်။ ခါတိုင်း တစ်ခွန်းခေါ်တာနဲ့ ထူးပြီးပြေးလာကြိုတတ်တဲ့ သမီး။ ခုတော့ ရောက်မလာ။

ရောက်မလာတော့လည်း ပလာဇာက ဝယ်လာတဲ့ စားသောက်စရာပစ္စည်းအိတ်တွေကို ကိုယ်တိုင်ပဲ လက်နှစ်ဖက်နဲ့ပွေ့ဆွဲပြီး ဧည့်ခန်းထဲဝင်လျှင် နှစ်ယောက်ထိုင်ဆိုဖာရှည်ပေါ် လှဲအိပ်ပြီး ဘောလုံးပွဲကြည့်နေတဲ့ သားတစ်ယောက်တည်းကို တွေ့ရသည်။

"ဟဲ့ သား၊ မာမို့ကို လာကူဦးလေ၊ ခေါ်နေတာ မကြားဘူးလား၊ သမီးရော၊ မို"



www.burmeseclassic.com

www.burmeseclassic.com



မာမီရဲ့အလိုမကျသံ တရစပ်ထွက်လာတာကြားမှ ပိုင် အသိဝင်လာသည်။ ဘောလုံးပွဲအသံကို ရီမုနဲ့တိုးပစ်ပြီး ဆိုဖာပေါ်မှ ရုန်းထသည်။ မာမီ့လက်ထဲကအိတ်တွေ ပိုင် ပြောင်းယူတော့ –

"ဟူး မောလိုက်တာအေ၊ စားစရာအိတ်တွေပဲ၊ မီးဖိုခန်းထဲ တစ်ခါတည်း ပို့လိုက်၊ သမီးကိုပြော မာမီ့အတွက် သံပုရာရည် ဖျော်ခဲ့လို့"

ပိုင် ခေါင်းမညိတ်၊ ခေါင်းမခါ။ ဘာမှလည်း ပြန်မပြောဘဲ မီးဖိုခန်းဆီ တစ်ဆက်တည်း ဦးတည်ခဲ့သည်။ ပိုင့်ရင်ထဲမှာတော့ အဖြစ်သည်းစွာ သမီးပဲ ထပ်တလဲလဲခေါ်နေတဲ့ မာမီ့ကိုလည်း မကြည်လင်သလို ရှိလှသည်။

လက်ဆွဲ...တွေကို စားပွဲပေါ်တင်ပြီး မာမီ့အတွက် သံပုရာရည်တစ်ခွက်ကို ပိုင်ပဲ ဖျော်သည်။

သံပုရာရည်ခွက်နဲ့ လက်သုတ်ပဝါတစ်ထည် ငွေရောင်ဗန်းထဲထည့်ပြီ ထမင်းစားခန်းထဲကနေ ဧည့်ခန်းဆီ ပိုင့်ခြေလှမ်းတွေ ရွေ့ခဲ့သည်။

သံပုရာရည်ခွက် ကမ်းပေးတဲ့သားကိုကြည့်ပြီး ဒေါ်လှလှလွင် ရင်မှာ အံ့သြသွားသည်။ သားအပြုအမူကိုလည်း သဘောကျသလိုဖြစ်ကာ –

"အဟင့် မာမီ့သား လိမ္မာနေပါလား ပိုင်ပိုင်"

ကမ်းပေးတဲ့ သံပုရာရည်ခွက် လှမ်းယူ၍ မာမီ သဘောကျ





ကာ ချီးကျူးသလို ပြောသည်။ ပိုင် ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

ဘာမှပြန်မပြောဘဲ ဆိုဖာပေါ် ပြန်ထိုင်ချပြီး ဘောလုံးပွဲ ဆက်ကြည့်၏။ ဒေါ်လှလှလွင် သံပုရာရည်အေးအေးလေးကို နှစ်ငုံ ဆက်တိုက်သောက်ချလိုက်သည်။

သံပုရာရည်လေးသောက်လိုက်မှ ရင်ထဲ အေးမြသွားကာ အမောလည်း ပြေသွားသည်။

"သမီးရော၊ ညနေစာ ချက်ပြုတ်နေတာလား"

ဒေါ်လှလှလွင် ထင်တဲ့အတိုင်း ပေါ့ပါးစွာမေးသည်။ သားက မိခင်ကို လှည့်မကြည့်ဘဲ –

"အဟင့်၊ မာမီက မာမီ့သမီးကို အလိမ္မာတုံးလေး ထင်နေလား"

"အလို သားက ဘာဖြစ်နေတာတုံး။ သမီးနဲ့ စကားများပြန်ပြီလား"

ဒေါ်လှလှလွင် အအေးခွက်ကို စားပွဲပေါ်ရှိဗန်းထဲ ပြန်ထားသည်။ တစ်ဆက်တည်း သားကို ဘဝင်မကျဟန်ကြည့်၍ပြောသည်။

"မများပါဘူး။ မာမီက မို့ကို သိပ်အထင်ကြီးတာပဲ"

"ဟဲ့ ကြီးရမှာပေါ့၊ မာမီပဲ ပြုစုစောင့်ရှောက်လာခဲ့တာ၊ နှစ်ပေါင်း မနည်းတော့ဘူးလေ"

"ဟုတ်ပါတယ်၊ မာမီပြောလိုက်ရင် ဒါချည်းပဲ"

"ဟွန်း၊ သားကို မာမီစိတ်ပျက်တာ အဲဒါကြောင့် [illegible]တာ။



www.burmeseclassic.com

www.burmeseclassic.com



နို့အပေါ် ဘယ်တော့မှ အကောင်းမမြင်ဘူး။ သား ဘာကြောင့် မို့အပေါ် အမြင်မကြည်ရတာလဲကွယ်၊ မာမီဖြင့် စဉ်းစားလို့ကို မရတော့ဘူး''

''မရလည်း မစဉ်းစားနဲ့ မာမီ''

သားက ဘုဆတ်ဆတ်ပြောပြီး ဘောလုံးပွဲကို ရီမုဒ်နဲ့ ချက်ချင်း ပိတ်ပစ်လိုက်သည်။

သားရဲ့အပြုအမူက ပုံမှန်နဲ့မတူ။ တင်းကျပ်နေမှန်း သိသာနေသည်။ ဘာကြောင့်ပါလိမ့်။

ချက်ချင်း ထ,ထွက်သွားဖို့ ခြေလှမ်းပြင်တဲ့သားကို မော့ကြည့်ပြီး –

''နေဦး သား၊ ထိုင်ဦး''

ဒေါ်လှလှလွင် သားလက်ကောက်ဝတ်ကိုဆွဲ၍ သူမအပါးမှာ ထိုင်စေလိုက်သည်။ ဝိုင် မထိုင်ချင်ထိုင်ချင်နဲ့ ထိုင်ချသည်။

''သား ဘာဖြစ်နေတာလဲ ပြောစမ်း၊ တစ်နေ့တလေ ရှုတင်နားပါတယ်၊ မိသားစုနဲ့ စကားပြောတာတောင် ကန့်လန့်ကန့်လန့်နဲ့၊ ကဲပြော ဘာဖြစ်လဲ၊ မို့ရော''

''ကြယ်သစ်နဲ့ ထွက်သွားတယ်''

''ဘုရားရေ''

ဝိုင် အမြင်ကတ်ကတ်နဲ့ ပြောချလိုက်တော့ မာမီ ရင်ဘတ်ဖိသည်။ မျက်လုံးပြူးနဲ့လည်း ဝိုင့်မျက်နှာကို ကြည့်သည်။ ဝိုင့်ဆံပင်တွေကို ဖွပစ်ရင်း မာမီ့ကို စိတ်ပျက်လက်ပျက် ငဲ့ကြည့်ပြီး–





''အဲဒါကြောင့် မာမီ့ကို မကြည်ချင်တာ၊ မာမီ့သမီးကို သိပ်လိမ္မာတယ်လို့မထင်နဲ့၊ နောက်မှ ကျွန်တော်ကြောင့်လို့ မာမီ အပြစ်မပြောနဲ့၊ ဟိုကောင်လာတယ်၊ မို့ပါသွားတယ်၊ ကျွန်တော် တားနေလျက်နဲ့ ပါသွားတာ''

''ဟင်''

ဒေါ်လှလှလွင် ရင်ဘတ်ဖိထားတဲ့လက်ကို ဖယ်ချကာ ခန္ဓာကိုယ်လည်း လျော့ကျသွားမတတ် ဖြစ်သွားသည်။ ကိုယ်ကို အားမပါစွာ ဆိုဖာနောက်ကျောမှီချပြီးလည်း စိတ်အားမပါစွာ ခေါင်းတစ်ချက်ရမ်းသည်။

''အဲဒါကြောင့်ပြောတာ၊ မာမီက ကျွန်တော် ဘာပြောပြောမို့ဘက်က ကာဆီးကာဆီးနဲ့၊ မို့စိတ်သဘောနဲ့ မိုပါသွားတာ''

''ခက်တယ်၊ သမီးနဲ့ သိပ်ခက်တာပဲ''

''ဘာမှခက်စရာမရှိဘူး၊ သူ့စိတ်နဲ့သူ သွားတာ သွားပစေ၊ ညကလည်း ထွက်ပြေးဖို့ကြံတာ၊ မာမီတို့ကို ကျွန်တော် လာနိုးဦးမလို့ မို့ တိုက်ထဲ ပြန်လှည့်ဝင်သွားလို့၊ အခုလည်း ပါသွားတာ ကြာပြီ''

ဝိုင် ဘာမှထိမ်ချန်မထားတော့ပါ။ အဖြစ်အပျက်အားလုံးကို ပြောချလိုက်တော့ မာမီ့မျက်နှာ တိမ်ညိုတွေ ဆိုင်းသွားသလို မှောင်ကျသွားသည်။ ရင်ထဲမှာလည်း လေးလေးလံလံကြီး ဖြစ်ရသည်။

''မာမီတို့ဘာသာ မာမီတို့ ကြည့်ထိန်း၊ နောက် တစ်ခုကျမှ ကျွန်တော် လမ်းဖွင့်ပေးလို့,ဘာညာဆိုပြီး မပြောနဲ့၊ ဒါပဲ''



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပြောပြီး မာမီ့ကို ညည့်ခန်းမှာတစ်ယောက်တည်း ထားကာ အပေါ်ထပ်တက်ခဲ့သည်။

ဘာကြောင့်မှန်း မသိပါ။ မိုဟို့ထွက်သွားကတည်းက ဝိုင့်စိတ် ပြာတူးနေသည်။ ညနေစောင်းတဲ့အထိ ပြန်ရောက်မလာလေ ဝိုင့်စိတ်က မကြည်လင်လေဖြစ်သည်။

အခွင့်သာတုန်း ဘယ်သဝေထိုးနေလဲ။

ဝိုင့်ရင်ထဲ တင်းကာ ဒါပဲ ထပ်တလဲလဲ မေးနေမိပြီ။

✿ ✿ ✿



## အခန်း (၁၅)

ညနေဆည်းဆာနေရောင်က နွေ့နွေ့လေးလင်းကာ အလှ သွေးကြွယ်ဝသောအပျိုဖြန်းလေးလို ရှုစားလို့ ကောင်းနေပါသည်။

သို့သော်လည်း ဝိုင် ခံစားလို့မရနိုင်ပါ။ မျက်နှာပေါ်ထိုးကျ လာတဲ့ နေရောင်ခွေးကို လက်နဲ့ကာရင်း ဝိုင် ထ,ရပ်လိုက်သည်က စိတ်ကျေနပ်မှုမရှိစွာ။

ခြေလှမ်းက ခြံထဲ ဟိုဒီလျှောက်ရင်း အသင့်ဖွင့်ထားတဲ့ ခြံ ဝင်းခါးနားရောက်လိုက်၊ ခြံပြင်ထွက်ကြည့်လိုက်နှင့် မငြိမ်မသက် ဖြစ်နေ ပါသည်။

မနက်ခင်းကတည်းက ကြွယ်သစ်နဲ့ အပြင်ထွက်သွားတဲ့ အခုချိန်ထိ ပြန်မရောက်သေးတာ ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပိုင့်ကို ပယ်ပယ်နယ်နယ် ရွဲ့နေတာလား။

ပိုင့်ကို ရွဲ့ချင်ရင် ကြိုက်သလောက် ရွဲ့လို့ရတယ်။ ဒါပေမဲ့ ဒယ်ဒီနဲ့မာမီကိုတော့ ငဲ့သင့် တယ်လေ။

နဂိုကတည်းက မို့ကို မာမီ သည်းသည်းလှုပ်ရှိလှသည်။ ခုလို ညနေခင်းရောက်သည့်အထိ ပြန်မရောက်သေးတော့ မာမို့အမူ အရာက သိသိသာသာပျက်ကာ စိုးရိမ်ပူပန်နေပါသည်။

ပူပန်စိတ်နဲ့ ဂနာမငြိမ်ဖြစ်နေရှာတဲ့ မာမို့ကို ပိုင် မကြည့်ရက် ပေ။ မာမီ ဂနာမငြိမ်ဖြစ်နေတာမြင်ရလေ မို့အပေါ် ပို၍တင်းလေဖြစ်ရ ၏။

"တောက် မို့စုတ်မ"

ရင်ထဲမှာ ခါးခါးသီးသီးရွတ်မိကာ ဆုပ်ကိုင်ထားတဲ့ လက်ကိုင် ခေါက်ဖုန်းဖွင့်သည်။ ကြယ်သစ်ဖုန်းနံပါတ်ကို အားနဲ့ ဖိနှိပ်ခေါ်လိုက်၏။

ခေါ်လိုက်တိုင်း ဧရိယာပြင်ပရောက်နေသည်ချည်း ဖြေကြား နေသည့် ကြယ်သစ်ဖုန်းက အခုလည်း –

"လူကြီးမင်းခေါ်ဆိုသည့် GSM တယ်လီဖုန်းမှာ ဆက် သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင်"

ထိုအသံက ပိုင့်စိတ်ကို ပို၍တင်းမာစေသည်။ ခေါက်ဖုန်း ပြန်ပိတ်ရင်း ဒုတိယအကြိမ် တောက်ခတ်ပြန်သည်။

တစ်နေကုန်လုံး ဧရိယာပြင်ပရောက်နေတာ ရိုးမှရိုးရဲ့လား။ ထိုသို့တွေးမိရုံနဲ့ ရင်ထဲမှ တင်းမာတာတွေ သည်းမခံနိုင်အောင်ဖြစ်





ကာ ခြေလှမ်းတွေက ပေါ်တီကိုအောက် ချက်ချင်းရောက်ခဲ့သည်။ ရပ်ထားတဲ့ကားပေါ် လွှားခနဲ လှမ်းတက်လျှင် –

"သား ပိုင်ပိုင်၊ မို့ကို လိုက်ရှာစမ်း"

မာမီ ဧည့်ခန်းထဲက အပြေးတစ်ပိုင်းနဲ့ထွက်လာရင်း ပူပန် စိတ်ဖြင့် အမိန့်ပေးသလိုပြော၏။

"ဟုတ်ကဲ့" လို့လည်း ပိုင် ပြန်မပြော၊ ခေါင်းလည်းမညိတ်။ ကားစက်နှိုးပြီး ဂူးခနဲမောင်းထွက်ခဲ့သည်က မာမို့အမိန့်အ တိုင်း မို့ကို ရှာဖို့လား။ ပိုင့်စိတ်အတိုင်း မို့ကိုရှာဖို့လား၊

ဘယ်သူ့ကြောင့်ဆိုတာ ပိုင်မပြောတတ်ပါ။

သေချာတာက သေချာတယ်။

မို့ကို ရှာဖို့လေ။

❀

ပိုင် ကားတစ်စီးနဲ့ ပတ်ရှာတာ တစ်မြို့လုံးနှံ့နေပြီဖြစ်သည်။ ကြယ်သစ် ရှော့ပ်ပင်ထွက်တတ်သော တော်ဝင်ပလာဇာ၊ M.K ဖက်ရှင် ရှော့ပ်၊ ဂမုန်းပွင့်ကုန်တိုက်၊ အေးတူအေးနဲ့ ကက်ပီတန်စင်တာတွေ လည်း တစ်ခုပြီးတစ်ခု လိုက်လိုက်ကြည့်လည်း မတွေ့သေးပါ။

ကြယ်သစ်ထိုင်တတ်တဲ့ ကော်ဖီဆိုင်တွေလည်း [illegible]ကျိန်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကြယ်သစ် သွားသောက်တတ်တဲ့ ဘီယာဘားတောင် ရောက်ခဲ့သေးတယ်။

တစ်နေရာမှ ကြယ်သစ်နဲ့ မှီအရိပ်အယောင် မတွေ့ရပေ။

ထိုအခါ ဝိုင် အံတင်းတင်းကြိတ်မိသွားသည်။ ညနေခင်း ဆည်းဆာနေရောင်အလှကလည်း လုံးဝကွယ်လေပြီ။ မှောင်ရိပ်ပျိုး လာသည်နှင့် လမ်းမီးတွေတောင် လင်းလာသည်။

ဒီအချိန်တောင် ဘယ်မှာမှ ရှာမတွေ့နိုင်တာ ဒေါသဖြစ်ဖို့ တကယ်ကောင်းသည်။ မာမီ့ရင်ထဲ ဘယ်လောက်ပူနေမလဲ။

မှီစုတ်မ –

နင် မဲတွေးမိဘူးလားဟင်။ တွေ့လို့ကတော့လား ပဲယ်ပယ် နယ်နယ် ပြောချပြီးသာမှတ်။

စိတ်ထဲမှာ တေးမှတ်ရင်း ကားကို ဘီယာစင်တာထဲမှ အရှိန်နဲ့မောင်းထွက်ခဲ့သည်။ ဘယ်မှာမှမတွေ့တဲ့အဆုံး ကားက ကြယ်သစ် တိုက်ရှိရာ အင်းလျားမြိုင်လမ်းဆီ ဦးတည်ပြီးသား ဖြစ်သွားသည်။

ထိုစဉ်

"တီ တီ တီ"

ဘောင်းဘီအိတ်ထဲရှိနေတဲ့ လက်ကိုင်ဖုန်း မြည်လာသည်။ ဖုန်းမြည်သံကြောင့် ဝိုင် စိတ်လှုပ်ရှားသွားသည်။ ဘယ်သူ့ဖုန်း ဝင် လာတာလဲဆိုတဲ့ သိလိုစိတ်နဲ့ပါ။

ကားအရှိန် လျှော့ချပြီး လက်တစ်ဖက်နဲ့ ဘောင်းဘီအိတ်





ထဲက ဖုန်းနှိုက်ထုတ်သည်။ ပေဂျာပေါ်မှာ ကြယ်သစ်ဖုန်းနံပါတ်ဖြစ် နေလျှင် ဝိုင် ပို၍စိတ်လှုပ်ရှားရသည်။

လက်တစ်ဖက်နဲ့ ကားကို လမ်းဘေးဆွဲချကာ ရပ်ပစ်လိုက် သည်။ ကျန်လက်တစ်ဖက်နဲ့ နားနားကပ်ထားတဲ့ ဖုန်းကို ဟယ်လို တွေဘာတွေ မထူးဘဲ တစ်ဆက်တည်းပြောချသည်။

"ဟေ့ ကြယ်သစ် မင်းတို့ အခု ဘယ်မှာလဲ၊ မှီရော မင်းနား မှာ မဟုတ်လား ပြောစမ်း"

ဝိုင့်အသံက သိသိသာသာ တုန်ယင်နေသည်။ ဒေါသကြောင့် လား၊ မကျေနပ်တာကြောင့်လား။ ဘာကြောင့်ဖြစ်ဖြစ် ကြယ်သစ် အလေးမထားတော့ပါ။

"ဝိုင် မင်း တင်းနေတာလား"

"မင်း အပိုမပြောနဲ့ကွ၊ မှီရော"

"ရှိတယ်"

"မှီ့ကို ဖုန်းပေးလိုက်စမ်း"

"မှီက အေးဆေးပါ၊ မင်းနဲ့လည်း စကားမပြောချင်ဘူးတဲ့"

"တောက် ကြယ်သစ်၊ မင်း မညစ်နဲ့၊ မှီ့ကို ဖုန်းပေးလိုက် စမ်း"

ဝိုင် အမိန့်ပေးသလို ပြော၏။

ဝိုင် အမိန့်ပေးတာကို ပမာမခန့်ပုံစံဖြင့် ကြယ်သစ် တပြုံးပြုံး ဟင်းရယ်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟ ကိုယ်က မင်းနဲ့ စကားပြောချင်တာ၊ မှီက အေးဆေးပဲ၊ ကိုယ့်နားမှာ ရှိနေတယ်၊ လောလောဆယ် ကိုယ် နောက်ရိုက်မယ့် "အမုန်းမရှိ" ဇာတ်ကားအတွက် ဖက်ရှင်သစ်အောင် ဒီဇိုင်းဆန်းတွေ ရွေးပေးနေတယ်ကွ"

"တောက်"

"ဒါပဲ၊ မင်း စိတ်ပူနေမှာစိုးလို့ ဖုန်းဆက်ပြောတာ"

"ဟေ့ ပေ့ နေဦး၊ မင်းတို့ အခုဘယ်မှာလဲ"

ပိုင် လက်သီးကျစ်ကျစ်ဆုပ်ပြီး ကားလက်ကိုင်ကို တစ်ချက် ဖိထိုးရင်း မေးသည်။ ကြယ်သစ်က သူ့အတွက် ဒီဇိုင်းသစ်တွေရွေး နေတဲ့ မှီကို တစ်ချက်ငဲ့ကြည့်ပြီး ဖြေသည်။

"ဘယ်မှာဖြစ်ဖြစ် မင်း စိတ်မပူနဲ့ကွ၊ မှီကို ကိုယ်တိုင်ပြန်ပို့ ပေးမယ်၊ နည်းနည်းလေး နောက်ကျတာကလွဲရင်၊ ဒါပဲ ပိုင်၊ see you"

"တောက်"

ပြောချင်ရာပြောပြီး ဖုန်းပိတ်လိုက်တဲ့ ကြယ်သစ်။ ပိုင့်ဒေါသ ဟုန်းခနဲ ခုန်ထွက်သွားလေသည်။

ကြယ်သစ်ဖုန်းကို ပိုင် အကြိမ်ကြိမ်ခေါ်ပေမယ့် မရပေ။ ကြယ်သစ် ဖုန်းပိတ်ထားလိုက်သည့်က ပိုင့်အပေါ် တစ်ကွက်အသာစီး ရလိုက်သလိုပင်။

ဖုန်းကိုလည်း ဆောင့်ပိတ်ရင်း လက်သီးဆုပ်ကလည်း ကား





လက်ကိုင်ကို ဖိထုလျက် ပိုင်တစ်ကိုယ်တည်း ခံပြင်းဒေါသနဲ့ ပြာဝဝ နေသည်။

ဆည်းဆာရောင်ခြည်တို့ လုံးဝပျောက်ကွယ်ကာ ညဦးအပိုး အဖျားက မှောင်ရီဝေရောကာလာ သိုင်းခြုံကာ တစ်စစ မှောင်ပျလာ သလို။

ပိုင့်ရင်မှာလည်း ခံပြင်းဒေါသကြောင့် မှောင်ပျလာလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မျက်စိမျက်နှာပျက်သည်အထိ မာမိ စိတ်ပူနေရှာသည်။ ဒယ်ဒီက ဣန္ဒြေမပျက်အောင် ဟန်ဆောင်ထားပေမယ့် မာမိ့နည်းတူ စိုးရိမ်စိတ်နဲ့ လည်တဆန့်ဆန့်ဖြစ်လျက် ရှိသည်။

ဝိုင်က ပေါ်တီကိုအောက် တိုက်နံရံနဲ့ကပ်နေသည့် ကျောက်ပန်းခက်တို့နဲ့ ဒီဇိုင်းဖော်ထားသော အလှအုတ်တိုင်ကြီးနား လက်နှစ်ဖက်လုံး ခါးထောက်လျက် တင်းတင်းကြီး ရပ်နေပါသည်။

သားအမိသုံးယောက်လုံး မှီ ပြန်အလာကို စောင့်နေကြခြင်းပါ။

ညခုနစ်နာရီထိုးနေပြီ။

ခုချိန်ထိ ပြန်မရောက်လေ မာမိ့မျက်နှာ ပို၍ပူလောင်လေ။





သမီးရင်းမဟုတ်ပါဘဲ ဘာလို့ ပူပင်နေရတာလဲလို့ မာမိ့ကို ပြစ်တင်ပြောချင်ပေမယ့် ဝိုင် ပြောမထွက်ပေ။

ဒယ်ဒီလည်း ဘာထူးလဲ။ ညှော်ခန်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လည်ပင်းရှည်မတတ် မျှော်နေမှန်းသိသာနေသည်။

ဝိုင်ပင် တစ်ခါဖူးမှ ဒယ်ဒီနဲ့မာမိ စိတ်ပူအောင် ပလုပ်ဖူးပါ။ ပိုစိတ်မကာ မိန်းကလေးတန်မဲ့ လုပ်ရက်လေခြင်း။

ဝိုင် အဲဒါကိုပဲ မကျေမနပ်ဖြစ်ရသည်။

"ပွမ်"

ဟော။ ကားသံကြားသည်နှင့် ဝိုင့်ခြေလှမ်း ပေါ်တီကိုအပြင်ဘက် ရောက်သွားသည်။

ဒယ်ဒီ၊ မာမိလည်း ညှော်ခန်းဘွင်းမှ ပေါ်တီကိုအပြင်ဘက် ထွက်လာသည်။

ဟုတ်ပါသည်။ အားလုံးမျှော်နေတဲ့ မှီ။

ကြယ်သစ်မောင်းလာတဲ့ကားပေါ် ပါလာလေပြီ။ ပေါ်တီကို အောက်မှာ ကြယ်သစ်ကား ရပ်ရုံရှိသေးသည်။ ဝိုင့်လက်က မြန်ဆန် သွားသည်။ ကားတံခါးကိုလည်း ဆွဲဖွင့်ရင်း မှီ့ကိုပါ ကားပေါ်က ဆွဲ ချသည်။

"သမီး မှီ"

ဒေါ်လှလှလွင် သမီးကိုမြင်ခါမှ ပူပန်စိတ်က ဒီရေလိုကျကာ သမီးကို လှိုက်လှိုက်လှဲလှဲခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင် ကိုယ့်ကို စိတ်ချကွာ၊ နည်းနည်းလေးနောက်ကျတာ ကလွဲရင် မို့ကို မင်းရှေ့အရောက် ကိုယ် ပြန်ပို့ပေးတယ်၊ အန်တီနဲ့ အန်ကယ် ကျွန်တော့်ကို ခွင့်ပြုဦး၊ မို့ ကျွန်တော်ပြန်မယ်"

မိသားစု၏မျက်နှာတွေ 'ဘယ်လောက်ပျက်နေလဲဆိုတာ လုံးဝမမှုတဲ့ ကြယ်သစ်။ အပြုံးမပြယ်တဲ့မျက်နှာနဲ့ ပေါ့ပေါ့ပါးပါးပြော ရင်း ကားမောင်းထွက်သွားလေသည်။

မာမီက မို့ကို ဝိုင့်လက်ထဲက ဆွဲယူသည်။ ဒယ်ဒီက ဒေါသနဲ့ ကြည့်သည်။ မျက်ဝန်းက မီးတောက်နေလေပြီ။

နှုတ်ဆက်ထွက်သွားတဲ့ ကြယ်သစ်ကိုပင် မို့ လက်ပြနှုတ် မဆက်ရဲတော့ပါ။ မျက်လွှာလေးချနေမိလျှင် –

"တောင်- မို"

ဝိုင်က လက်နှစ်ဖက်ခါးထောက်ပြီး မို့ရှေ့ တောက်ခတ်ရင်း လာရပ်သည်။

"နင် ဘာအချိုးချိုးတာလဲ မို့၊ နင့်ကြောင့် ဒယ်ဒီနဲ့မာမီ ဘယ်လောက် မီးတောက်နေတယ်ထင်လဲ"

မို့ မျက်တောင်လေးကို မဝံ့မရဲပုတ်ခတ်ကာ မာမီ့ကို ငုံ့ကြည့် မိသည်။

"သမီးရယ်၊ သမီး ဘာလို့မိုက်ရတာလဲဟင်၊ မနက်ကတည်း က ထွက်သွားကြတာ အခု ဘယ်နှနာရီရှိပြီလဲ၊ ပြောစမ်း"

သမီးကို မြင်ရလို့ ဒေါ်လှလှလွင် စိတ်တစ်မျိုးငြိမ်းပေမယ့်





သမီးအပြုအမူအတွက်တော့ ခုံးမစရာဖြစ်သည်။ ဒါကြောင့် သမီးကို ညေခန်းထဲ ဆွဲသွင်းလာပြီး ပြောသည်။

ညေခန်းက ဖီးကွက်ရုပ်တိုင်ကပ်နာရီက ခုနစ်နာရီနဲ့ ဆယ် မိနစ်ကို ညွှန်ပြနေလေသည်။ အချိန်က ဒီလောက် ဒီလောက်ရှိသွား မှန်းလည်း မို့ သတိမထားမိတာ အမှန်ပါ။

နောက်ရိုက်မယ့် "အမုန်းမရှိ" ဇာတ်ကားအတွက် ကြယ်သစ် အတွက်ရော၊ ဝိုင့်အတွက်ပါ ဒီဇိုင်းနဲ့အရောင် မထပ်အောင် ရွေးနေမိ တဲ့အဖြစ်။

အခုမှ နောင်တရချင်ချင် ဖြစ်လာသည်။ နောင်တရချင် ချင်ဖြစ်တာ နောက်၊ လက်ရှိ မာမီတို့ရှေ့မှာ အပြစ်ရှိသူလို သိမ်ငယ် တာ မျက်နှာပင် မမော့ရဲပါ။

ဒီကြားထဲ ဝိုင်က လိုတာထက် ဒေါသပိုကြီးနေပြန်သည်။

ဒယ်ဒီက စူးစူးစိုက်စိုက်ကြည့်ရင်း –

"သမီး နည်းနည်းမှမစဉ်းစားတတ်တာ ဒယ်ဒီ အံ့ဩတယ်၊ သမီး ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ဒယ်ဒီတို့က အဖေရင်း, အမေရင်း မဟုတ်ဘူး၊ ဘာအရေးစိုက်စရာလိုလဲလို့ သမီး ယူဆတတ်နေပြီလား ဟင်"

ဒယ်ဒီ့စကားအဆုံးမှာ မို့မျက်ဝန်းမှာ ဝမ်းနည်းမျက်ရည်ဝဲ သွားသည်၊ ဘာမှပြန်မပြောတတ်အောင်လည်း ရင်မှာ ဆို့နင့်သွား သည်၊ မို့ ဘာမှပြန်မပြောတော့ ဝိုင် အားမလိုအားမရဖြစ်ကာ မို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ရောက်လာသည်။

"ဟော့ မို၊ နင့်ကို ဒယ်ဒီ မေးနေတယ်လေ၊ နင် အရေးမစိုက် ချင်တာ မဟုတ်လား၊ အရေးမစိုက်ချင်လည်း ပွင့်ပွင့်လင်းလင်း ပြော ထုတ်လိုက်၊ နင့်ကြောင့် ငါ့ဒယ်ဒီနဲ့မာမီ မီးလိုပူနေတာ ငါ မကြည့်ရက် ဘူး။ နင်မို့လို့ လုပ်ရက်တာ၊ ငါ အံ့သြတယ်မို၊ နင့်ကို ငယ်ငယ်လေး ကတည်းက ကျွေးမွေးပြုစုလာတဲ့ ငါ့ဒယ်ဒီ၊ မာမီ ရင်ကွဲအောင် နင် မလုပ်နဲ့ နင် ဒီတိုက်မှာ မပျော်ရင် ပျော်တဲ့ကောင်နောက် လိုက်သွားလို့ ရတယ်၊ နင် လိုက်သွားချင်လား၊ ငါ ခုချက်ချင်း နင့်ကောင်ကို ခေါ် ပေးမယ်"တဲ့။

"အဟင့်"

ဝမ်းနည်းနေပါကဲ့ မို့မျက်နှာနုနုလေး မဲ့သွားသည်။

"သား ဖိုင်ဖိုင် သားမပြောနဲ့စမ်း၊ မာမို့ဘာသာ မာမီ ပြော ယူမယ်"

မာမီက ချက်ချင်း မို့ရှေ့က ရပ်ပြီးပြောသည်။ ဖိုင့်ခြေလှမ်း နောက်မဆုတ်သေးပါ။ ဒယ်ဒီက ဖိုင့်လက်မောင်းကို ဆုပ်ကိုင်လျက် ဝင်ပြောသည်။

"သား အပေါ်တက်တော့၊ ဒယ်ဒီ ဆုံးမတတ်တယ်ကွ"

"ဒယ်ဒီ့သမီးက နာခံလို့လား၊ သူ့မှာ ဦးနှောက်ရှိတယ်၊ ဒီ အချိန်, ဒီအချိန်ရှိနေပြီ အပြင်မှာ သူစိမ်းယောက်ျားနဲ့ ရှိသင့်လား, မရှိသင့်ဘူးလား၊ ဒီလောက်လေးတောင် သူ မစဉ်းစားတာ ဒယ်ဒီတို့





ကို အလေးမထားလို့ပေါ့"

ဖိုင် ရင်နာနာနဲ့ပဲ ပြောချသည်။ သားဝင်ပြောနေတာလည်း ဟုတ်နေတာမို့ ဦးထွန်းလင်း မွန်းကျပ်စွာ သက်မ,ချသည်။

ဒေါ်လှလှလွင်က သူမတို့အပေါ် သမီး အလေးမထားသလို ဖြစ်လိုက်တာကိုပဲ ဝမ်းနည်းနေသည်၊ ခင်းလေးကို ချစ်လွန်းလို့ သားနဲ့ မခြား အရေးပေးခဲ့၊ ချစ်ခဲ့ရတာ။ ခုတော့ သားပြောသလိုပဲ မိဘအရင်း မဟုတ်လို့ အလေးမထား ဖြစ်နေပြီလား။

"ဟုတ်လား သမီး၊ မာမီတို့ကို သမီး အလေးမထားချင် တော့တာလား၊ ပြောပါ သမီးရယ်။ ဟင့် ဟင့်"

မာမီပြောရင်း ငိုလေပြီ။ မာမို့ငိုသံနောက်မှာ မို့မျက်နှာကို လက်ဖဝါးနှင့်အုပ်၍ အသံမထွက်အောင် ငိုချင်းချမိ၏။

မို့အပြုအမူက ထိုသို့ဖြစ်နေလို့လား၊ အချိန်နောက်ကျလို့ အပြစ်တင်လို့ရပါတယ်၊ မာမီနဲ့ဒယ်ဒီ့ကို အလေးမထားဘူးဆိုတဲ့ ခေါင်း စဉ်တပ်တာတော့ မို့ ဝမ်းနည်းမဆုံးပါ။

ဒယ်ဒီလည်း စိတ်ထိခိုက်သလိုဖြစ်ကာ မို့အပါးမှ ဖယ်ပုံကို ထွေ့ယူသည်၊ မာမို့ပန်းကို နှစ်သိမ့်ပေးသလို ပွေ့ဖက်ရင်းလည်း တစ်လုံး ချင်း ပြောသည်။

"လှရယ်၊ လှကို အစကတည်းက ကိုကိုပြောသားပဲ၊ သမီး ဒီက သိပ်ပြီးမျှော်လင့်မထားပါနဲ့လို့၊ အခုတော့ လှပဲ စိတ်ထိခိုက်ရ ပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဝိုင်က ကျိတ်မနိုင်ခဲမရ တောက်ခတ်ပြန်သည်။ မို့မျက်ဝန်းအိမ်မှာ ဝမ်းနည်းမျက်ရည်တွေ ဝေါခနဲ ပြိုကျသွားသည်။ မိဘအရင်း မဟုတ်လို့တဲ့။

မို့ ငိုချရင်း ခေါင်းတွင်တွင် ယမ်းမိသွားသည်။

"မဟုတ်တာဘဲ ဒယ်ဒီရယ်၊ ဒီနေ့ကိစ္စအတွက် မို့မှာ အပြစ်ရှိတယ်ဆိုရင် မို့ကို ကြိုက်သလိုဆုံးမပါ ဒယ်ဒီ၊ ဒယ်ဒီတို့အပေါ်မှာ မို့ ဘယ်တုန်းကမှ ပေါ့ပေါ့တန်တန် သဘောမထားခဲ့ပါဘူး၊ မို့ကို ငယ်ငယ်ကတည်းက ပြုစုပျိုးထောင်လာတဲ့ ဒယ်ဒီ့မေတ္တာကို မို့ အလေးအနက်ထားပါတယ် ဒယ်ဒီ၊ မို့ရင်ထဲမှာ ဒယ်ဒီနဲ့မာမီက မို့ မိဘအရင်းအတိုင်းပဲ မာမီ"

"နင် အလေးထားတယ်ဆိုရင် နင် ကြယ်သစ်နဲ့ လိုက်သွားစရာမလိုဘူး၊ ငါတားနေရဲ့နဲ့ နင် ရင်ကော့ပြီး လိုက်သွားကတည်းက နင့်စိတ်ထဲမှာ ဒယ်ဒီနဲ့မာမို့အပေါ် ဘယ်လိုသဘောထားသလဲဆိုတာ သိသာသွားပြီပဲ မို့၊ နင် အခုမှ မျက်ရည်ခံလာမထိုးနဲ့"

"သား"

မို့ကို အခဲမကျေနိုင်စွာ ဝိုင် ပြောပြန်သည်။ ဒယ်ဒီက တားမြစ်သလို ခေါ်သည်။

"မတွေ့ဘူးလား၊ ဒယ်ဒီ့သမီး လုပ်ချင်ရာလုပ်ပြီး မျက်ရည်ကျပြနေတာ"





"တော်ပြီကွာ၊ သား ဝင်မပြောနဲ့တော့၊ သားမာမို့ကို ငဲ့ဦး"

ကျွတ်။ ဒယ်ဒီ့ကိုလည်း ဝိုင် ဘဝင်မကျချင်တော့ပါ။ မို့နဲ့ဆို ဒယ်ဒီနဲ့မာမို့စိတ်က ဖယောင်းလိုပဲ ပျော့လွန်းသည်။ မာမီကတော့ မျက်ရည်လေးကျပြရှာတဲ့ မို့ကို ချစ်မဝနိုင်စွာ ဖက်ထားပြီး –

"သမီးရယ်၊ နောက်တစ်ခါ ဒီလိုမလုပ်ပါနဲ့ကွယ်၊ ဘယ်သူနဲ့ပဲသွားသွား မာမီတို့ကို အသိပေးသွားပေါ့ကွယ်၊ ဒါပေမဲ့ သူစိမ်းယောကျ်ားလေးနဲ့ တစ်နေကုန်တစ်နေခန်း လျှောက်သွားနေတာ မာမီ မကြိုက်ဘူး၊ သမီးကြောင့် မာမီ ဘယ်လောက်စိတ်ပူရလဲ၊ သမီး သိရဲ့လားဟင်"

မာမီ ကျေနပ်အောင် မို့ ခေါင်းလေးညိတ်ပြလိုက်သည်။

"ဒယ်ဒီတို့ကို မိဘအရင်းလို အလေးထားတယ်ဆိုရင် ဒယ်ဒီတို့ ခွင့်မပြုရင် ဘယ်သူနဲ့မဆို ဘယ်ကိုမှ လိုက်မသွားနဲ့ သမီးရယ်"

"စိတ်ချပါ ဒယ်ဒီ"

မို့ မျက်ရည်တွေသုတ်ရင်း ကတိပေးလိုက်တော့ ဝိုင် မျက်စောင်းခဲကြည့်သေးသည်။

"သမီးကို မာမီ စိတ်ပူတယ်၊ သမီးဘဝ တစ်ခုခုဖြစ်သွားမှာ မာမီ စိုးရိမ်တယ် သမီးရယ်၊ သမီး ဘယ်နေရာမဆို သွားချင်ရင် မာမို့ကိုပြော၊ မာမီ ခေါ်သွားမှာပေါ့၊ ဟုတ်တယ်နော် သမီး"

မာမီ ကျေနပ်စေဖို့ မို့ ခေါင်းညိတ်ရပြန်သည်။

"သမီးတို့ကို ပြောတာလည်း နားထောင်တတ်စမ်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင့်ကို ကိုကိုလို့ နာမ်စားသုံးပြီးပြောတဲ့ မာမီ့စကားနောက်မှာ ခေါင်းညိတ်လက်မခံချင်ပါ။

ဘာ ကိုကိုလဲ။

ဟွန်း။ မိုက မောင်နှမတော်ချင်ပေမယ့် ဝိုင်ကိုယ်တိုင် ဘာမှမတော်ဘူးလို့ ကြွေးကြော်ထားသလို သူစိမ်းလို့ သတ်မှတ်ထားတာလေ။ ဒါတွေကို မာမီ မသိဘဲနဲ့။

"ဝိုင်ဝိုင် သမီးကို နောက်တစ်ခါ ဆူလားမာန်လား မလုပ်ပါနဲ့၊ သမီးကို မာမီတို့ ဆုံးမမှာပါ၊ ကဲ သား သွားနားတော့"

အဲဒါပဲ ကြည့်။ မို ခေါင်းတစ်ချက်ညိတ်လိုက်တာနဲ့ ဒယ်ဒီနဲ့ မာမီ အရည်ပျော်လေပြီ။

"ကဲပါကွာ၊ သွားနားတော့ သားရယ်၊ သားကြောင့်ရော၊ သမီးကြောင့်ရော ဒယ်ဒီတို့ စိတ်မညစ်ပါရစေနဲ့တော့။ ကဲ သွားနားတော့ သား၊ သားလည်း ပင်ပန်းနေပြီကွ"

ဝိုင် ဂျစ်ကန်ကန်ရပ်နေသေးတဲ့အတွက် ဒယ်ဒီ ပြောပြန်သည်။ နောက်ဆုံး ဝိုင်ပဲ ဖဲ့ထွက်ခဲ့ရတဲ့အဖြစ်။

ဧည့်ခန်းမှာတော့ ဒယ်ဒီ၊ မာမီနဲ့ မိုလေ။

မသိရင် မိသားစုအရင်းချည်းလိုပဲ။

အဲဒါကြောင့် ရင်ထဲမကြည်တာ။

မိုစုတ်မ၊ အဲဒါ နင့်ကြောင့်။

ꩤ ꩤ ꩤ



အခန်း (၁၇)

"သား"

မာမီ့ခေါ်သံကြားသည်နှင့် ဝိုင်မျက်နှာထား ပို၍တင်းမာသွားသည်။ စိတ်ဆိုးမာန်ဆိုး မပြယ်သေးတဲ့ ကိုယ်က ခုတင်ပေါ် တွဲလောင်းချနေနေရာမှ မွေ့ရာပေါ် ပုန်းခနဲလှဲလိုက်၏။ မျက်လုံးကိုလည်း စုံမှိတ်ချပြီး အိပ်ပျော်ဟန် ဆောင်ပစ်သည်။

"ဟဲ့သား ဝိုင်ဝိုင်၊ ဒါ အိပ်ချိန်လား"

မာမီ့အသံ တဖြည်းဖြည်း နီးလာသည်။ ဝိုင် တုတ်တုတ်မျှမလှုပ်ပါ။

"ထစမ်း ဝိုင်ဝိုင်၊ ဝဝလေကွယ်၊ သားအိပ်ပျော်နေတာ မဟုတ်ဘူး၊ မာမီ သိတယ်၊ မာမီတို့ကို စိတ်ဆိုးနေတာ မဟုတ်လား ပုံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါသဖြစ်နေသေးတယ် မဟုတ်လား''

မာမီ တရစပ်ပြောရင်း ပိုင့်ပခုံးကို လှုပ်ခါနေသည်။ ဟုတ်တယ်လို့ မပြောပေမယ့် မာမီပြောသလို ဖြစ်နေပါသည်။ ဒယ်ဒီနဲ့ မာမို့ကို ပိုင် စိတ်ဆိုးနေပါသည်။

မို့ကိုလည်း မကျေမနပ်ဖြစ်စိတ် မပြယ်နိုင်သေး။

''ကဲ ထပါ သားရယ်၊ ညစာစားချိန်တောင် လွန်နေပြီ''

လွန်ပါစေ။

စိတ်ထဲမှာ ကျိတ်ပြောရင်း လှုပ်ခါနေတဲ့ ပခုံးပေါ်မှ မာမီ့လက်ကို ဖယ်ချလိုက်သည်။ ထိုအခါ မာမို့နှုတ်ခမ်းပါး မဖွင့်ဘဲ ပြုံးသည်။ မာမီသိပါတယ်သားရယ်ဆိုတဲ့ အကြည့်မျိုးနဲ့လည်းကြည့်ပြီး–

''သားရယ် ဘာမဟုတ်တာနဲ့ စိတ်ဆိုးစိတ်ကောက်လုပ်နေလို့ ရမလား။ ပြီးတာ ပြီးပြီးပေါ့၊ မို့ကို ဒယ်ဒီနဲ့မာမီ ဆူပြီးပြီးနော်၊ ဒီလိုမဖြစ်ဖို့လေ၊ ဟုတ်ပြီလား၊ ထ၊ ညစာစားဦး၊ ဒယ်ဒီနဲ့မာမီက သား ဆင်းလာမလားဆိုပြီး ထမင်းဝိုင်းမှာ စောင့်နေတာအေ့၊ စောင့်နေရင်း ထမင်းစားနေကြတာလေ၊ မာမီတို့တောင် စားပြီးပြီ၊ သား ဆင်းမလာဘူး၊ ဒါကြောင့် မာမီ လာခေါ်တာ''

မာမီက ပိုင် စိတ်ဆိုးပြယ်အောင် လေသံဖျော့ဖျော့နဲ့ ရှင်းပြနေသည်။

''ကဲ ထပါကွယ်၊ ထ''

အသံမြှင့်ပြောရင်း ပိုင့်လက်မောင်းကို မာမီ အတင်းဆွဲကာ





ထ,စေသည်။ မာမီ ဖွတ်ထစေတာမို့ ပိုင် ပေကတ်လို့မရတော့ဘဲ ဖြစ်သွားသည်။ မျက်နှာကိုတော့ စိတ်ဆိုးမာန်ဆိုး တင်းထားသဲ။

''လာပါကွယ်၊ တစ်ယောက်တစ်မျိုးနဲ့ မာမီတို့ စိတ်ညစ်အောင် မလုပ်ပါနဲ့ဟယ်''

မာမီပြောပုံက ပိုင် စိတ်ဆိုးနေတဲ့ကိစ္စ မာမီတို့ တပင်စိတ်ညစ်အောင် လုပ်နေသလိုပင်။ အဲဒါကြောင့် စိတ်ကဆိုးချင်တာ။

တော်ပြီ မာမီနဲ့ ပြန်ပြောနေရင် ပိုင်ပဲ အပြစ်ရှိသလို ဖြစ်နေဦးမှာ။ ဒါကြောင့် ဘာမှမပြောဘဲ မာမီ့အရှေ့က ခပ်ကြမ်းကြမ်း ထ,ထွက်ခဲ့သည်။

''သား ဝဝတော့လေ၊ တကယ် ခပ်ဂျစ်ဂျစ်ရယ်၊ ဟင့် ဟင့်''

ဟင့်ခနဲ ဟင့်ခနဲ ရယ်သံလေးပါအောင် မာမီပြောတာက သဘောကျလို့လား၊ ရွတ်ချချင်လို့လား၊ ဘာလားညာလားတော့ ပိုင် မခွဲခြားတော့ပါ။

ပြောချင်သလို ပြောစေတော့။ ပိုင့်ရင်ထဲမှာ မကျေနပ်တာ လုံးဝမပြောင်းလဲပေ။ ဒယ်ဒီနဲ့မာမို့ကိုလည်း စိတ်ဆိုးချင်သေးသည်။ မို့ကို မကျေမနပ်ဖြစ်နေသည်။

အဲဒါ အသေအချာပဲ။

၆

ဖြီး



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့သမီးပဲ ကျန်တော့တယ်၊ စားတော့၊ သမီး သား အကြိုက် ပုစွန်တုပ်ကြွပ်ကြော်လေး ချပေးလိုက်ဦး"

ထမင်းစားခန်းဆီ ကမူးရှူးထိုးရောက်သွားသည့် သားနောက်က ဒေါ်လွင်လွင်လှ ထက်ကြပ်မကွာ ပါလာသည်။

သား ထမင်းစားပွဲမှာ ဝင်ထိုင်သည်နှင့် ဒေါ်လှလှလွင် ဆိုသည်။ မိုကတော့ အမြင်မကြည်လင်စွာဘဲ ဝိုင့်ကိုမကြည့်ဘဲ မာမီပြောတဲ့အတိုင်း ခေါင်းညိတ်ပြသည်။

ခုလေးတင် မိုကိုယ်တိုင်ကြော်ထားတဲ့ ပုစွန်ကောင်လုံးအကြွပ်ကြော်ပန်းကန်ကို ဝိုင့်ရှေ့ ချပေးလိုက်သည်။

ဝိုင်က ကြည့်ပင်မကြည့်။ အသင့်ထည့်ပြီးသား ထမင်းပန်းကန်ကို ဆွဲယူသည်။

မာမီက ဝိုင်စိတ်ဆိုးနေသေးကြောင်း မို့ကို မျက်ရိပ်နဲ့ကြည့်သည်။ မို့ကိုလည်း မျက်နှာထားပြင်ဖို့ အချက်ပေးသည်။

မို မသိမသာသက်မ,ချပြီး ထိပ်ဆုံးထိုင်ခုံမှာ ဝင်ထိုင်ရင်း စားလက်စ ထမင်းပန်းကန်ကို ဆက်စားနေလိုက်သည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်ဖြစ်နေပေမယ့် တစ်ယောက်ကိုတစ်ယောက် မကြည့်ပါ။ ဒေါ်လှလှလွင် ရိပ်မိပါသည်။

ဒီသားနဲ့သမီးကို ငယ်ငယ်ကတည်းက မွေးလာတာ။ ဘယ်သူ့မျက်နှာ ဘယ်အရောင်ပြောင်းနေတာလဲ၊ ဘာကြောင့်ပြောင်းနေလဲ





ဆိုတာ မေးစရာမလိုဘဲ သိနေပါသည်။

ဘေးကို ဂျစ်တိုက်ပြီး သမီးက ကြွယ်သစ်နဲ့ပါသွားသည်။ ဒါကိုပဲ မိဘကို စိတ်ပူပန်အောင်လုပ်လေခြင်းလို့ ခေါင်းစဉ်တပ်ပြီး သမီးအပေါ် သားက အပြစ်တင်သည်။

သမီးကို စိတ်ကြိုက်အပြစ်ပြောခွင့်မပေးတဲ့ မိဘအပေါ် သားက စိတ်ဆိုးချင်သည်။ ဒီသား ဒီသမီးနဲ့ ရှေ့ဆက် ဘယ်လောက်များ စိတ်ညစ်ရမလဲ၊ နှစ်ယောက်သား ခေါင်းမဖော်တမ်း ထမင်းငုံ့စားနေတဲ့ သားနဲ့သမီးကို အလှည့်ကျကြည့်ရင်း ဒေါ်လှလှလွင် သက်မ,ချမဆုံးနိုင်အောင် ဖြစ်ရလေသည်။

ခက်တယ်ကွယ်။ မိဘရင်ထဲမှာ ဘာရှိလဲဆိုတာ သားနဲ့သမီး မသိနိုင်တာ ပိုခက်နေပါရောလား။

✿ ✿ ✿



www.burmeseclassic.com

အခန်း (၁၈)

"ရှိန်းရှိန်း"

ပိုင့်နှုတ်ဖျားက ထိုနာမည် ထွက်ပေါ်လာတာ ဆန်းနေသည်။

ဟုတ်တယ်လေ။ "ရှိန်းရှိန်းသူ"ဆိုတဲ့ မိန်းကလေးကို ပိုင် ဘယ်တုန်းကမှ အရေးမလုပ်ခဲ့တာ မှီသိသည်။ ရှိန်းရှိန်းက အပြုံးချိုချို လေးနဲ့ချဉ်းကပ်လာလျှင် ပိုင် မျက်နှာမဲ့ပြီး ရှောင်ထွက်သွားတတ်သည်။

ရှုတင်နားချိန်၊ နေ့လယ်စာစားချိန်ဆိုလျှင် ရှိန်းရှိန်း မယောင် မလည်ရောက်လာပြီး ဝင်ရောတတ်သည်။

ထိုအခါ ပိုင့်မျက်နှာထားက လိုတာထက်ပို၍တင်းမာသွားပြီး

"အရှက်မရှိဘူးလား၊ မိန်းကလေးတန်မဲ့ ငါ့နောက် တကောက်ကောက်လိုက်နေတာ"





ဟု အားမနာတမ်း ပြောချလေ့ရှိသည်။ ရှိန်းရှိန်းက ရှက်သွေး တက်မှုဟန်လေးနဲ့သာ။ နှုတ်ခမ်းပေါ်က အပြုံးချိုချိုလေးများ ပျောက် သွားဘဲ ယှိုက်လှိုက်လှဲလှဲ ဆိုတတ်သည်။

"ရှိန်းက ပိုင်ရဲ့ အမာခံပရိသတ်လေ"

"ဘာ အမာခံ၊ ဟား ဟား၊ ရယ်ချင်စရာကြီး၊ အမာလည်း လာမခံနဲ့၊ အပျော့လည်း မခံနဲ့၊ ဆောရီးပဲ၊ နင် ငါ့နားကပ်မလာနဲ့ နော်၊ ငါ စိတ်မရှည်တတ်ဘူး၊ ငါ တစ်ခုခုလုပ်မိသွားရင် နင်ပဲ နစ်နာမယ်၊ သဘောပေါက်"

ပိုင်က ထိုမျှအထိ ရှိန်းရှိန်းအပေါ် ရင့်သီးတတ်သေးသည်။ မိုကပင် မိန်းကလေးချင်း ငဲ့ညှာစာနာတဲ့စိတ်ကလေးရှိလို့ ရှိန်းရှိန်းကို နှစ်သိမ့်ပေးရသေးသည်။

"ရှိန်းရှိန်းရယ် ပိုင်က အဲလိုပဲ၊ သိလား၊ မှီကိုဆိုလည်း ဒီ လိုပဲ၊ မထင်ရင်မထင်သလို ပြောချတတ်တယ်၊ အားနာရကောင်းမှန်း၊ ငဲ့ညှာရကောင်းမှန်း မသိဘူး၊ ပြောမယ်ဆို လူရှည်မလည်ဘူးပေါ့ဟာ၊ ပိုင့်ကို ရှိန်းရှိန်း အပြစ်မတင်ပါနဲ့၊ ပိုင့်စိတ်ရင်းအမှန်က တကယ် ဖြူ စင်တယ်ဟ"

"ရှိန်း နားလည်ပါတယ်၊ ဒါကြောင့် ပိုင် ဘာပဲပြောပြော ကျေနပ်တယ်၊ ဘာမဆို လုပ်ချင်လည်းလုပ်ပစေ၊ ရှိန်းစိတ်က ပိုင့်ကို မြင်ရတွေ့ရမှ နေသားတကျဖြစ်တယ်လေ၊ ပိုင့်ကို မမြင်ရမတွေ့ရ နေ့ဆို အို ဘယ်လိုမှ နေလို့ထိုင်လို့ မရတော့ဘူး၊ အဲဒါကြောင့် ပိုင့်

www.burmeseclassic.com



နောက် တကောက်ကောက်လိုက်နေမိရော မှိုရဲ့''

ရှိန်းရှိန်းခမျာ သာမန်မိန်းကလေးတွေလို မဟုတ်ပါ၊ စိတ်ထဲ ရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ထုတ်ပြောတတ်သည်။

ထိုသို့ထုတ်ပြောတတ်တဲ့စရိုက်ကိုပဲ မှို သဘောတကျရှိလှသည်။ ပိုင်ကြောင့် စိတ်မကောင်းမဖြစ်ရအောင် ပြောကြရင်း မှိုနဲ့ ရှိန်း ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံကြသည်။

အဲဒါကိုပဲ ပိုင် ခံပြင်း၏။ ရှိန်းရှိန်းကို နင်ထုတ်ပြီးသည်နှင့် မှို့ကို အပြစ်ဆိုလေသည်။

"မှိုစုတ်မ၊ ရှိန်းရှိန်းနဲ့အဖွဲ့ကျနေတာ ဘာသဘောလဲ"

"အို မှိုတို့က ပွင့်ပွင့်လင်းလင်းဆက်ဆံတဲ့ဥစ္စာ"

"ဘာ ပွင့်ပွင့်လင်းလင်းလဲ၊ ငါ့နောက် တကောက်ကောက် လိုက်ပြီး တောက်တဲ့လိုတွယ်ကပ်ဖို့ ကြိုးစားနေတာ နင်သိသိကြီးနဲ့"

"အို နင့်အတွယ်မခံရင် ပြီးတာပဲ"

"ဘာပြောတယ်"

ပိုင့်ဒေါသက ဝုန်းခနဲ ဆောင့်တက်လာသည်။ လက်တစ်ဖက်မြှောက်တက်သွားသလို "မှို" ကိုလည်း စူးစူးရဲရဲစိုက်ကြည့်သည်၊

မှိုကလည်း အားကျမခံပါ။ မျက်နှာကိုမော့၊ ရင်ကိုကော့ပြီး ပိုင့်ကို တည့်တည့်ကြည့်ပြီး ပြောချသည်။

"ဟုတ်တယ်လေ၊ ရှိန်းက သူ့ဘာသာသူ နင့်နောက်လိုက်တာ၊ နင် အကပ်မခံရင် ပြီးတာပဲ၊ ဘာဖြစ်လို့ ရင့်ရင့်သီးသီး ဖြစ်နေရ





တာလဲ"

"ဖြစ်ရတာပေါ့ကွ၊ မိန်းကလေးဖြစ်ပြီး ဒီလိုပြုမူတာ မိန်းကလေးတန်ဖိုး ကျတယ်ကွ၊ နင်လည်း ရှိန်းရှိန်းအတုခိုးပြီး အဲသလို ခြေရှုပ်လက်ရှုပ်ဖြစ်သွားမယ်၊ ဒါကြောင့် နင့်ကို ငါ တားတာ၊ ငါ တားတဲ့ အတိုင်း နင် မနာခံဘူး၊ ဒီလိုပဲ ဆက်ဆံနေဦးမယ်ဆိုရင် ဒယ်ဒီနဲ့ အတိုင်ပဲ"

"ကျစ်"

မဆီမဆိုင် ဒယ်ဒီနဲ့ တိုင်မယ်တဲ့၊ မှိုရင်မှာ တင်းသွားပေမယ့် ပြန်ပြောဖို့စကားလုံး မရှိသလို ဖြစ်သွားသည်။

ဒယ်ဒီနဲ့အတိုင်ခံရရင် ဒယ်ဒီ စိတ်ဆိုးပြီး မှို့ကို ရှုတင်မလိုက်နဲ့တားရင် ဘယ့်နှယ်လုပ်မလဲ၊

ပြီးတော့ ဒယ်ဒီကိုယ်တိုင်က မှို့ကို အစကတည်းက ကြိုပြောထားသည်။

"သားကို အနုပညာအလုပ်လုပ်တာ ဒယ်ဒီ အားမပေးဘူး၊ သားက လုပ်ချင်တယ်၊ သမီးကလည်း ကျေနပ်နေတယ်ဆိုလို့ ဒယ်ဒီ ခွင့်ပြုထားတာ၊ အေး နှစ်ယောက်သား ရှုတင်သွား,ဘာသွား တတွဲ တွဲ တွဲနေရဲ့နဲ့ သားပြောတာကို သမီး မနာခံဘူး,ဘာဘူးနဲ့ တိုင်ချက်ရောက်လာရင် သမီးကို ဒယ်ဒီ အပြစ်ပေးမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သမီးက မိန်းကလေး၊ အစစအရာရာ ဆင်ခြင်နိုင်မှ တန်ဖိုးရှိမယ်၊ တန်ဖိုးရှိအောင် မနေဘဲ နေရာတကာ ဟိုစပ်စပ်,ဒီစပ်စပ် ပို



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ပေါင်း၊ ဒီလူနဲ့အသိလုပ်ပြီး သားနဲ့ စကားများသလေး၊ ဘာသလေးဆိုရင် သမီး အပြင်ထွက်ခွင့်ရဖို့ မရှိဘူး၊ ဒါကိုတော့ ကြပ်ကြပ်သတိထား''

ဒယ်ဒီ ထိုသို့ကြိုတင်ပြောထားနှင့်သည်။ ဒယ်ဒီပြောထားတာ သိသိကြီးနဲ့ ဝိုင်တိုင်တောရင် မှီတော့ သွားပြီ။

တိုက်ထဲမှာ တစ်ယောက်တည်း ငြိမ်နေရမှာလေ။

တိုက်ထဲမှာ တစ်ကိုယ်တည်း နေရမှာတော့ မှီ မုန်းလှသည်။ သွားသွားလာလာ လှုပ်လှုပ်ရှားရှားရှိတာကို မှီ သဘောကျသည်။

ရှိန်းရှိန်းကိစ္စ ဒယ်ဒီနဲ့ အတိုင်မခံချင်ပါ။

''အေး ဒယ်ဒီနဲ့ အတိုင်ခံချင်ရင် ရှိန်းရှိန်းနဲ့ အဖက်လုပ်ကြည့်လိုက်၊ ဒယ်ဒီ့သမီး ဆတ်ဆလူးမ ရှိန်းရှိန်းနဲ့ တွဲနေပြီလို့ တိုင်လိုက်ရင်''

''တော်ပါတော့ နင်ဟာလေ''

''ဘာဖြစ်သေးလဲ ငါက''

''မိန်းကလေးတွေရဲ့စိတ်ကို နားမလည်တဲ့သူ''

''ဟုတ်တယ်၊ ငါနားမလည်ဘူး။ ငါ နားလည်တာက နင်ရှိန်းရှိန်းနဲ့ပတ်သက်ရင်, ဆက်ဆံရင် တိုင်မှာပဲ''

ရှိန်းရှိန်းနဲ့ပတ်သက်ရင် ဝိုင် ထိုမျှပြင်းထန်ခဲ့သည်။ ရှိန်းရှိန်းကို ဝိုင် မနှစ်မြို့သလို မှီနဲ့ ခင်ခင်မင်မင်ရှိတာကိုပင် တားမြစ်ပိတ်ပင်ခဲ့သူဖြစ်သည်။

ဝိုင်တားလို့ ရှိန်းရှိန်းနဲ့မှီ ပြောဆိုဆက်ဆံခြင်း မပြုတော့ပါ။





ရှိန်းရှိန်းက နားလည်မှုရှိရှိရှောင်ထွက်သွားသည်။ ဒါပေမဲ့ ဝိုင်ရဲ့ဖိုက်တွင်၊ မှန်သမျှကို လက်မလွှတ်တမ်းလိုက်မြဲ အဝေးကနေ ကြည့်မြဲဖြစ်သည်။

ရှိန်းရှိန်းနဲ့ပတ်သက်ရင် မှီ့ကိုသာမက ကိုယ်တိုင်လည်း တင်းမာခဲ့တဲ့ ဝိုင်။ ဝိုင့်နှုတ်က ရှိန်းရှိန်းနာမည်ထွက်လာတော့ ပုံမအံ့သြဘဲ မနေနိုင်ကော့ပါ။ အထူးသဖြင့် ဝိုင်ကစပြီး ရှိန်းရှိန်းကို ဖုန်းခေါ်နေသည်က ပို၍ဆန်းလှသည်။

''အေး ခုချက်ချင်း လာခဲ့လေ၊ ရှိန်းရှိန်း'' တဲ့။

ကြည့်စမ်း။ ရှိန်းရှိန်းကို ခုချက်ချင်း လာခဲ့တဲ့။ ဘာကြောင့် ရှိန်းရှိန်းကို လှမ်းခေါ်ရတာလဲ။ သိချင်စမ်းရဲ့ ဝိုင်ရယ်။

BURMESE CLASSIC .com

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

BURMESE CLASSIC .com

မာစီးဒီအနက်လေး ကိုယ်တိုင်မောင်းလာတဲ့ ရှိန်းရှိန်းအပူ အရာက သမင်ပျိုမလေးလို သွက်လက်မြူးကြွနေပါသည်။

တင်းတင်းမာမာနဲ့ ပိုင် အဆက်အဆံမလုပ်ဘဲနေတာတောင် အပြုံးမပြယ်တဲ့ ရှိန်းရှိန်းရယ်။

မဆက်စဖူး ဖုန်းဆက်ပြီးခေါ်တယ်ဆိုတော့ ရှိန်းရှိန်းရင်ထဲမှာ ဝမ်းသာလွန်းလို့ ကွေးနေအောင်က,ချင်စိတ်ဖြစ်ကာ ပိုင့်ဆီ လာခဲ့တဲ့အဖြစ်။

မသိမသာကြည့်နေရင်း မှန်ရင်မှာ တစ်မျိုးတစ်မည် ဝမ်းနည်းလာသလို ရုတ်ခြည်း အပြောင်းအလဲဖြစ်သွားတဲ့ ပိုင့်စိတ်ကို မှီ နား မလည်ပေ။





ပေါ်တီကိုအောက်မှာ ငြိမ့်ခနဲ ကားထိုးရပ်လိုက်သည်နှင့် ပိုင်က ကားတံခါးဆွဲဖွင့်ပေးရင်း ကြိုဆိုလိုက်၏။

ပန်းဖျော့ရောင် တစ်ရောင်တည်းခြယ်ထားတဲ့ ရှိန်းရှိန်းမျက်နှာ နှင်းဆီဖူးလေးက ဖုံးမရဖိမရ ဝမ်းသာလှိုက်မြူးကာ –

"ပိုင် ရှိန်းကို တကယ်ခေါ်တာနော်"

လို့ မယုံသလို ဆီးမေးရင်း ကားပေါ်က သုတ်ခနဲဆင်းသည်။ ပိုင်က ရုပ်ရှင်မင်းသားလို့ မပြောရဘူး။ သူ့ပခုံးလေး တစ်ချက်ဝင့်ကာ ကေသလျက် အိုင်တင်လှလှ ထုတ်ပြီးပြောသည်။

"တကယ်ခေါ်တာပေါ့ဟ"

"ရှိန်းလေ ယုံတောင်မယုံဘူး၊ သိလား"

"ကဲ အခု ယုံပြီလား"

"ဟီး ဟီး ယုံသွားပြီ"

ရှိန်းရှိန်းခမျာ ကဗြွေတွေ ဘာတွေမဆည်တော့ပါ။ အသံထွက်အောင် ဟီးခနဲ ရယ်လေသည်။ ရှိန်းရှိန်းရယ်သံ လွင်နေတာကြောင့် ပိုင် မျက်နှာထား ပျော့ပျော့ပျောင်းပျောင်းအသွင် ပြောင်းသွားသည်။

"အေး၊ နင် ယုံတယ်ဆိုရင် ပြီးရော"

"ဒါနဲ့ ရှိန်းကိုခေါ်တာ ဘာဖြစ်လို့လဲဟင်"

ရှိန်းက ဒါပဲ သိချင်နေသည်။ သိချင်တာကိုပဲ ပိုင်နဲ့အတူတူ ဧည့်ခန်းယှဉ်တွဲလျှောက်ဝင်လာရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရင်ထဲမှာ ပိုင်နဲ့ ခုလိုတွဲလျှောက်ခွင့်ရတဲ့အတွက် ဖုံးမနိုင်ဖိမရ ရွှင်မြူးနေလေသည်။

ရှိန်းရှိန်းမေးခွန်းကို ပိုင် မဖြေသေး။ ပါးလှပ်သော ပိုင့်နှုတ်ခမ်းလွှာ စုံလှုပ်ကာ မသိမသာပြုံးသွားသည်။ သေးချင်းယှဉ်တွဲလာတဲ့ ရှိန်းရှိန်းတစ်ကိုယ်လုံးကိုလည်း တစ်ချက်ငဲ့ကြည့်သေးသည်။

ပန်းပြောင်အင်္ကျီက ရင်မှဒူးဆစ်နားထိ တစ်ဆက်တည်းဖြစ်သော ဖက်ရှင်နှင့်။

အဖြူရောင်ခါးပတ်ပြားကြီးကို ခါးမှာ ခပ်လျော့လျော့လေးပတ်ထားသည်က တောင့်တင်းဖွံ့ထွားသော ကိုယ်လုံးကောက်ကြောင်းက ထင်းခနဲပေါ်လွင်နေပါသည်။

ထိုပေါ်လွင်မှုက ယောကျ်ားတစ်ယောက်ကို အလွယ်လေးဆွဲဆောင်နိုင်သည့် အချိုးအဆစ်ကျနသော ကောက်ကြောင်းမျိုးဖြစ်သည်။

ဒါတင်မက၊ ဝါနုသောအသားအရေမှာ ကော်ဖီမစ်ရောင်ဂါဝန်ရှည်နဲ့ ခါးပတ်အဖြူရောင်ပတ်ထားသည့် ရှိန်းရှိန်းတစ်ကိုယ်လုံးက ဝင်းအိနေသည်မှာ မျက်နှာကအစ ခြေဖမိုးအဆုံးထိဖြစ်သည်။

ရှိန်းရှိန်းတစ်ကိုယ်လုံး ခြုံကြည့်မိသွားတဲ့ ပိုင့်မျက်ဝန်း ငြိဝေဝေလေးဖြစ်သလို၊ ပိုင်အကြည့်အောက်မှာလည်း ရှိန်းရှိန်း ရင်ဖိုသွားမှန်း မို အကဲခတ်သိရှိသွားသည်။

"အဟမ်း"





ဘာကြောင့်မှန်းမသိ မို ချောင်းဟန့်သလို အသံထွက်ပါ၏။ မိုချောင်းဟန့်ပြီးသည်နှင့် ညည့်ခန်းထဲ လှုလှုံးထွက်ပြလိုက်မှ ရှိန်းရှိန်းဆီက ပိုင့်အကြည့် ရုပ်သည်။ ရီဝေသွားတဲ့ မျက်လုံးလည်း ပလုံပလဲဖြစ်ကာ –

"မို ရှိန်းအတွက် ကော်ဖီဖျော်ခဲ့ကွ" တဲ့။

"အိုး မို မဖျော်နဲ့ ရှိန်း မနက်စာ စားခဲ့ပြီးပြီ ပိုင်ရဲ့"

ရှိန်းရှိန်းကလည်း ဖိုသွားတဲ့ရင်ကို ပုံမှန်ဖြစ်အောင် ထိန်းရင်း မိုကိုတားမြစ်ကာ ပိုင့်ကိုလည်း ရှင်းပြသလို တစ်ဆက်တည်း ပြောသည်။

"အဲဒါဆိုလည်း ထိုင်လေ၊ ပြောစရာရှိတယ်"

ပိုင့်စကားအဆုံးမှာ ရှိန်းရှိန်း ခေါင်းလေးညိတ်ကာ မိုကို လှည့်ကြည့်၍ တစ်ချက်ပြုံးပြသည်။ ပြီးမှ ပိုင်နဲ့ မျက်နှာချင်းဆိုင်ထိုင်သည်။

မိုမှာတော့ ညည့်ခန်းထဲ ကြောင်တောင်တောင်ရပ်ရင်း ပိုင့်ကို စိုက်ကြည့်နေမိသည်။

ရှိန်းရှိန်းကိုခေါ်တာ ဘာကိစ္စလဲ။

"ပြောလေ ပိုင်၊ ဘာပြောမလို့လဲ"

မိုသိချင်တာကို ရှိန်းရှိန်းကလည်း သိချင်လှစွာ သွက်သွက်လေးမေးသည်။ ပိုင်က နှုတ်ခမ်းပါးဖွင့်ကာ ပြုံးသည်။ ပြီးမှ ဒူးကလေးနန့်ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း ငါ့ဘော်ဒီဂတ် လုပ်ပေးမလား"

"ဟင်"

ပိုင့်စကားအဆုံးမှာ ရှိန်းရှိန်း အံ့သြဝမ်းသာကာ တစ်ကိုယ်လုံး ကြွတက်မတတ်ဖြစ်သွားသည်။

မီက ရှိန်းနဲ့ဆန့်ကျင်ဘက်။

မျက်လုံး ပိုင်းခနဲဖြစ်ကာ ဟင်ခနဲ အသံထွက်သွားပါသည်။

ပိုင်က ခေါင်းလေးဆတ်လျက် ရှိန်းကိုစိုက်ကြည့်ရင်း ဆက်ပြောသည်။

"ငါ ရှိန်းကို အခွင့်ရေးပေးတာ၊ ဘယ်လိုလဲ ရှိန်း၊ လုပ်မယ် မဟုတ်လား"

"အိုး လုပ်မှာပေါ့ ပိုင်၊ ရှိန်းလေ ပိုင့်အနားမှာဆို ဘာပဲလုပ်ရပါစေပါယ်၊ လုပ်ပေးဖို့ ဝန်မလေးဘူး၊ စိတ်ချ"

ရှိန်းရှိန်း ဟန်ပင်မဆောင်နိုင် တစ်ရှိန်ထိုး ပြောချတော့ ပိုင် ဒူးနန့်နေရာမှ ခြေချိတ်ထိုင်လျက် ခြေဖျားလေးပင် တဆတ်ဆတ် နှန့်ပြန်သည်။

သဘောကတော့ ပိုင့်အတွက်ဆို ဘယ်မိန်းကလေးမှ ငြင်းမှာ မဟုတ်ဘူးလို့ မီ့ကို လက်ငတွေ့ပြနေသလို။

မီ အောက်နှုတ်ခမ်း တင်းတင်းဆွဲကိုက်လိုက်သည်။ ပိုင် ရုပ်ရှင်မင်းသားလုပ်ခွင့်ရဖို့ မီက ပြောပေး,ဆိုပေးခဲ့သည်။ အောင်မြင်မှု ရအောင် အစစအရာရာ ဂရုတစိုက် ဖြည့်ဆည်းပေးခဲ့သည်။





တချို့ ကဲကဲရှမ်းရမ်းမိန်းကလေးတွေနဲ့ ငြိမသွားဖို့ မိုက အနီးကပ် ကာကွယ်ပေးခဲ့သည်။ ဒါတွေကို မထောက်ထားတဲ့မျက် ခုတော့ -

မီရေ့ ပေါ်တင်ကြီး ရှိန်းရှိန်းကို တာဝန်လွှဲပေးတာ ဘာသဘောလဲ ပိုင်။ နင် ငါ့ကို သက်သက်မဲ့ ရွဲ့နေတာမဟုတ်လား။

"အင်း၊ နင် ဝန်မလေးမှန်းသိလို့ နင့်ကို ချက်ချင်း လှမ်းခေါ်လိုက်တာပဲ ရှိန်းရှိန်း"

"ကဲ ပြော၊ ရှိန်း အခုဘာလုပ်ပေးရမလဲ"

"အေး အဲဒါပေါ့ဟာ၊ ငါ နောက်ရိုက်မယ့် အမုန်းမရှိ ဇာတ်ကားအတွက် အဝတ်အစား အဆင်သင့်မဖြစ်သေးဘူး"

"ကျွတ်"

ပိုင်စကားမဆုံးခင် မီ အံကြိတ်လိုက်သည်။ လက်သီးလည်း ဆုပ်မိသွားသည်။ ပိုင့်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတဲ့ မျက်ဝန်းက ပို၍မှောင်ကုတ်သွားကာ ရဲရဲတောက်ပသွားလေသည်။

အသက်ရှူနှုန်းပါ မြန်ဆန်တဲ့နောက် သည်းမခံနိုင်အောင် မီ ခံပြင်းသွားသည်။

"ဒီမှာ ပိုင် နင် အခုတော့ ငါ့ကို ဘေးဖယ်ပစ်တယ်ပေါ့။ ဟုတ်လား။ နင့်အတွက် ငါ ဘယ်တုန်းက ပျက်ကွက်ခဲ့လို့လဲ၊ ငါ ကြွယ်သစ်နဲ့ပါသွားတာ နင့်အတွက် လိုအပ်တာတွေ ဝယ်ဖို့၊ ... ဇာတ်ကားအတွက် နင့်ဇာတ်ရုပ်နဲ့ လိုက်မယ့်ဖက်ရှင်တွေ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ခြေတိုမတတ် လိုက်ရှာပြီးဝယ်နေလို့ နောက်ကျတာ၊ နင်သိရဲ့လား။ အပွန်း ခုတော့ နင်က ငါ့ကို ချောင်ထိုးချင်သလိုလို, ဘာလို့လိုနဲ့''

မို့အသံ ခံပြင်းနေရာမှ တဖြည်းဖြည်း ဝမ်းနည်းသိမ်ငယ်စွာ ရှေ့ဆက်ပြောလို့မထွက်အောင် အစ်ဆို့သွားလေသည်။

ပိုင်က ချက်ချင်းထ,လာပြီး မို့နဲ့ မျက်နှာချင်းဆိုင်ပြောသည်။

''ပွန်း ငါက ချောင်ထိုးတာ မဟုတ်ဘူး၊ နင်က နင့်အကြံအစည်နဲ့ နင် ရှေ့တစ်လှမ်းတိုးနေတာ''

''ဘာ၊ ငါက ရှေ့တစ်လှမ်းတိုးတာ၊ ဟုတ်လား''

မိုက အားကျမခံပြန်မေးသည်။ နှစ်ယောက်သား ရင်ဆိုင်ပြောနေတဲ့ကြားထဲ ရှိန်းရှိန်း ဝင်မပါရဲပေ။

သူမအပေါ် ပိုင် အပြစ်မြင်မှာစိုးသလို၊ မို့ဘက်က တွေးပြီးလည်း အားနာနေမိသည်။ မိုက ဘာကိုမှ အားမနာ။ ပြောချင်ရာပြောချသလို ပိုင်ကလည်း ဒိုးခနဲ ဒေါက်ခနဲပြန်ပက်၏။

''နင် ငါ့ကို ဘာမှပြန်မမေးနဲ့၊ ငါ့အတွက်ဆိုပြီး ဟိုကောင့်အတွက် စေတနာ ရေစီးကမ်းပြိုနေတယ် မဟုတ်လား''

''နင်နော်''

''နို့ မဟုတ်လား။ ဘယ်တုန်းက နင် ကြယ်သစ်နဲ့ ပါသွားဖူးလို့လဲ၊ ကြယ်သစ်အတွက် နင် ဘာစီစဉ်ပေးခဲ့လဲ၊ အခုမှ ဒီကောင့်အတွက် ငါ့ကို ခုတုံးလုပ်ရုံမက တစ်နေကုန်တစ်နေခန်း တွဲခုတ်နေ





ပြီးတော့၊ တောက်''

မို့ရင်မှာ ပါးရိုက်ခံရသလောက် နာကျင်သွားသည်။ တစ်နေ့ကုန် တစ်နေခန်း တွဲခုတ်နေသတဲ့။

ပြောထွက်တဲ့ နင့်ပါးစပ်။ မို့ရင် တစ်ခုလုံး နာသွားပါသည်။

ထို့ကြောင့် မို မျက်နှာကို ဆတ်ခနဲလွှဲခါလျှင် ဝမ်းနည်းမျက်ရည်တွေပါ ဖေါခနဲ ပြိုကျကုန်သည်။

ပိုင် နည်းနည်းလေးမှ လေသံမလျှော့ဘဲ ဆက်ပြောသည်။

''မသိရင် ငါ့ကြောင့်တဲ့ အဲဒီခေါင်းစဉ်အောက်မှာ ဟိုဝိုက ငါ အခွင့်အရေးပေးလို့ဆိုပြီး ငါ့ကို အပြစ်မြင်တယ်''

''တော်တော့ ပိုင်''

မို နားနှစ်ဖက်ကို မာနနဲ့ပိပိတ်လိုက်သည်။

''တော်လို့မရဘူး။ ပြောစရာရှိတာ ပြောရမှာပဲ၊ ငါ့ကို ခုတုံးလုပ်ပြီး ဟိုကောင်နဲ့ နင် တွဲမခုတ်နဲ့၊ တွဲခုတ်ချင်ရင် နင့်အကြောင်းပြချက်နဲ့ နင်တွဲ၊ ငါ့ကြောင့်ဆိုတဲ့အကြောင်းပြချက်နဲ့ နင် ပေးလို့မရအောင် ငါ့တာဝန် နင် ဘာမှဝင်စရာမလိုတော့ဘူး။ ငါ့ကိစ္စ, ငါ့တာဝန်ငါ့ဘာသာငါ ခိုင်းချင်တဲ့သူ ခိုင်းလို့ရတယ်၊ ဒီလောက်ဆို နင် သဘောပေါက်သင့်ပြီ၊ ကျစ်၊ ရှိန်းရှိန်း သွားမယ်၊ လိုက်ခဲ့''

ပြောချင်ရာပြောပြီး ရှိန်းရှိန်းကိုပါ တစ်ပါတည်းခေါ်ထွက်သွားတဲ့ ပိုင်။ ရှိန်းရှိန်းမောင်းတဲ့ကားပေါ် အလိုက်သင့်ပါသွားတဲ့ ပိုင်းမှာ အရှာ၊



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မို အံကြိတ်ကာ မျက်ရည်တွေသုတ်ရင်း မာနတွေ တစ်ရစ်ပြီးတစ်ရစ် ဖိတင်လိုက်သည်။

ကြယ်သစ်ကို ဗိုင်ပဲ လမ်းဖွင့်ပေးသည်။ ဗိုင်ကိုယ်တိုင် မိုနဲ့ ဗိုင့်ကို ဘာမှမတော်ဘူး ပြောလိုက်ကတည်းက ကြယ်သစ် ရှေ့တိုး လာခဲ့သည်။

ဗိုင် လမ်းဖွင့်ပေးလို့ ကြယ်သစ် ရှေ့တိုးလာတာကို မို ဘယ် လိုလုပ် တားလို့ရမလဲ။ ဗိုင်ကတောင် ပြောသေးတယ်။ ကြယ်သစ်က အစစအရာရာ ပြည့်စုံတာတဲ့။

ကြယ်သစ်ကို နင်ကြိုက်လိုက်လို့ သွယ်ဝိုက်ပြောတာလည်း ဗိုင်ပဲ။ ဗိုင် ရွဲ့လို့ မို ပြန်ရွဲ့တော့ ဗိုင့်ကို ခုတုံးလုပ်တာလို့ စွပ်စွဲပြန်တယ်။

ဗိုင့်စကားလုံးတွေအောက်မှာ မို ဘယ်ဘက်က လွတ်ကင်း လို့လဲ။

ဟော ခုတော့ -

ဗိုင်ကိုယ်တိုင် အထင်အမြင်သေးနေတဲ့ ရှိန်းရှိန်းကို ပေါ်တင် ခေါ်ထုတ်ပြီး တွဲသွားတဲ့အပြစ်။ မို ဝမ်းနည်းသင့်လား။

ဟင့်အင်း။ မို မျက်ရည်တွေ သုတ်ပစ်ရင်း မာနနဲ့ တင်းပစ် လိုက်သည်။ သူ မခင်၊ ကိုယ် မခင်။

သူ မကြည်လင်မှတော့ ကိုယ်လည်း ကြည်လင်နေဖို့ မလို ဘူး။ နင့်စိတ်၊နင့်သဘော နင်ဆောင်သလို ငါလည်း ငါ့စိတ်၊ငါ့သဘော ငါဆောင်ရမှာပဲ။





နင်နဲ့ငါ သွေးသားမတော်စပ်တဲ့အတွက် နင် မငဲ့ညှာသလို ငါလည်း နင့်ကို ငဲ့ညှာဖို့မလိုဘူး။

ဟုတ်တယ်။ ငါ့မှာလည်း မာနရှိပါတယ် ဗိုင်။

ငါ့မာနနဲ့ငါ အရာရာကို ရင်ဆိုင်မယ်၊ ဆုံးဖြတ်မယ်။ နင် တားလို့မရဘူး။ မယုံရင် စောင့်ကြည့်လိုက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ထိုနေ့ကတည်းက ဒေါ်လှလှလွင် စိတ်မသက်မသာဖြစ်ရတာ ဒီနေ့အထိ ဆိုပါတော့။

ဟုတ်တယ်လေ။ သားနဲ့သမီးဆက်ဆံရေးက တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်းမွန်မလာ။

တစ်နေ့ထက်တစ်နေ့ သိသိသာသာ တင်းမာနေကြောင်း ဒေါ်လှလှလွင် တစ်ချက်ကြည့်ရုံနဲ့ သိလေသည်။

သားနောက် တကောက်ကောက်လိုက်ပါသွားနေကျ သမီးဖြစ်သူက မှုန်ကုပ်သောမျက်နှာနှင့် တိုက်ထဲမှာ ဟိုယောင်ဒီယောင်နဲ့ ရှိနေတဲ့အဖြစ်။

တစ်နေ့မဟုတ်၊ နှစ်ရက်လည်း မက။





သုံးနေ့ဆက်တိုက် ဖြစ်လာတော့ ဒေါ်လှလှသွင် မမေးဘဲ မနေနိုင်တော့ပါ။

"သမီး"

"ရှင် မာမီ"

ဘုရားပန်း လဲရကောင်းနိုးနိုး၊ ဆွမ်းတော်ပဲ စွန့်ရမလိုလိုနဲ့ ဘာကိုလုပ်ရကောင်းမှန်း ရေရေရာရာမသိသလိုနှင့် ဘုရားခန်းထဲ ဟိုဟိုဒီဒီ လှုပ်ရှားနေတဲ့ သမီး။

ဒေါ်လှလှလွင်ခေါ်လိုက်တော့ ကယောင်ကတမ်းဖြစ်သလို ထူး၏။ ဒေါ်လှလှလွင် မဆိုင်းဘဲ ဘုရားခန်းထဲ လှမ်းဝင်သွားပြီး –

"ရှုတင် ဘာလို့လိုက်မသွားတာလဲ သမီး"

မိခင်မေးခွန်းနောက်မှာ သမီးမျက်နှာထား မသိမသာ တင်းမာသွားသည်။ လည်ပင်းရှည်သော စဝီးပန်းအိုးထဲမှာ ဝေဝေဆာဆာ ထိုးထားတဲ့ ကျူးလစ်ပန်းတွေကို မှိ စိုက်ကြည့်နေရာမှ တုံးတိတိ ဖြေသည်။

"သမီးမှ မလိုတော့ဘဲ မာမီ"

"ဘယ်လို"

"ဟုတ်တယ်၊ ရှိန်းရှိန်းကို မာမီ့သား ခေါ်သွားတယ်၊ မိုကိုတော့ မလိုက်နဲ့တဲ့၊ ဒါကြောင့် သမီးနေခဲ့တာ မာမီ"

ဒေါ်လှလှလွင် သက်မ,ပင်မချနိုင်။ ရင်မှာ မွန်းကျပ်သွားပါသည်။ သမီးက ပြောပြီးတာနဲ့ ဆွမ်းတော်တင်ထားသော သစ်သီးပန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပင့်မ,ယူဆောင်၍ ဘုရားခန်းထဲက ထွက်သွားလေသည်။

သွယ်နွဲ့သော သမီးကိုယ်ဟန်နောက်ပိုင်းကိုကြည့်၍ ဒေါ်လှလှလွင် သက်မ,ချပြီးရင်းချကာ တစ်ခုခုကို စိုးရိမ်စွာပဲ ခေါင်းတစ်ချက်ယမ်းမိလေသည်။

✿

"အလို"

ဒေါ်လှလှလွင် ခင်ပွန်းသည်ကို ဖုန်းဆက်မလို ဧည့်ခန်းက ဖုန်းခွက်ကို ကောက်ကိုင်ပြီး နားနားကပ်ရုံနှင့် အံ့သြသံ လွှတ်ခနဲ ခုန်ထွက်သွားသည်။

ကမန်းကတန်း လက်ဖဝါးနဲ့နှုတ်ခမ်းမှာ ဖိအုပ်ကာ နောက်ထပ် အံ့သြသံတွေ မထွက်အောင် ကာကွယ်ရသည့်အဖြစ်။

ဧည့်ခန်းရှိဖုန်းက တစ်တိုက်လုံး လူနေတဲ့အခန်းမှန်သမျှ ဆက်သွယ်ထားသည့် ကြိုးဖုန်းဖြစ်သည်။

ဖုန်းလာလျှင် နေရာမရွေး ကိုင်နိုင်အောင် ခင်ပွန်းသည် စီစဉ်ထားခြင်း။ ခုတော့ ဘယ်အချိန်ကတည်းက ဖုန်းဆက်နေမှန်းမသိ။ သမီးနဲ့ကြယ်သစ်ဆိုတဲ့ ကောင်လေး စကားပြောသံ ဖုန်းခွက်ထဲက တစ်ဆင့် ဒေါ်လှလှလွင်နားထဲ ဒိုင်းခနဲ ပြေးဝင်လာသည်။





မထင်မှတ်တဲ့ ထိုအသံတွေ ကြားလိုက်ရတော့ ဒေါ်လှလှလွင် အံ့သြသွားခြင်းပါ။ အံ့သြပြီး ဖုန်းခွက်ကိုလည်း မချဖြစ်။ ရူးစမ်းချင်စိတ်နဲ့ပဲ ဆက်လက်နားစွင့်လေသည်။

"မို့ ဘာလို့အရေးစိုက်ရတာလဲ၊ ပိုင့်ကို ခေါက်ထားလိုက်"

"ခေါက်လို့ရမတဲ့လား"

"ဟာ ရတာပေါ့ မို့၊ ခေါက်သို့ လုံးဝရတယ်၊ ဒီမှာ ကျွန်တော်ပြောမယ် မို့၊ ပိုင်းတားမြစ်တာ ပိုင်နောက် မလိုက်ဖို့, ပိုင့်ကိစ္စတွေ မလုပ်ဖို့ဘဲ မဟုတ်လား"

"ဟုတ်တယ်၊ ပိုင်က မလိုက်နဲ့တားတော့ မို့ မလိုက်ရဘူး"

"အေးလေ၊ ပိုင့်နောက် မလိုက်ရဘိုင်း တိုက်ထဲ ခွေနေစရာလား"

ကြယ်သစ် အားပေါ်ပါပြောလျှင် သမီးဘက်က နှုတ်ဆိတ်သွားသည်။ စဉ်းစားနေဟန်လည်း တူပါသည်၊ ဒေါ်လှလှလွင် အသက်မရှူဘဲ နားစွင့်နေမိသေးသည်။

သမီး ဘာပြန်ပြောမလဲပေါ့။

သမီး ပြန်မပြောခင် ကြယ်သစ်က စပြောသည်။ ပြောသံက အားပေးအားမြှောက်လုပ်သော အသံမျိုး။

"ပြောလေ မို့၊ မို့ တိုက်ထဲ တစ်ယောက်တည်း ဟိုလုပ်ဒီလုပ်နဲ့ အချိန်ကုန်အောင် ကွေ့ပတ်နေစရာလား၊ မဆိုင်လိုက်ဘူး မို့၊ မို့ အပြင်ထွက်ဦး၊ ကျွန်တော် ခုချက်ချင်း ငှာဘင်ဖျက်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာရာသွားပြီး စကားပြောကြတာပေါ့ မို့"

"အိုး မဖြစ်နိုင်တာ"

သမီးအသံက ကြောက်စိတ်လေးနဲ့ မဝံ့မရဲဖြစ်နေရှာသည်။ ဝံ့ဝံ့ရဲရဲဖြစ်နေတာက ကြယ်သစ်။

"ဘာလို့မဖြစ်နိုင်ရမှာလဲ မို့၊ လုံးဝ ဖြစ်နိုင်တယ်"

"ဟင့်အင်း၊ မို့ ကြောက်တယ်"

"ဘာကြောက်စရာလိုလဲ၊ မို့လွတ်လပ်ခွင့် မို့ သုံးလို့ရတယ်၊ ဝိုင်လည်း သူ့လွတ်လပ်ခွင့်နဲ့သူ လုပ်ချင်ရာလုပ်တယ်၊ မို့လည်း လုပ်လို့ရတယ်လေ၊ လုပ်ခွင့်လည်း ရှိတယ် မို့"

"ကြယ်က ဘာကိုဆိုလိုတာလဲ"

သမီး နားမရှင်းသလိုမေးလျှင် ဒေါ်လှလှလွင် ရင်ခုန်သံမြန်သွားသည်။ သမီး ဘာလုပ်ခွင့်ရှိတယ်လို့ ဘယ်လမ်းညွှန်ပြမှာလဲ။

ဒါကိုလည်း သိချင်သေးသည်။ သိချင်စိတ်ကြောင့် တစ်ကိုယ်လုံး တောင့်မတ်ကာ ဖုန်းခွက်ကို ပို၍မြဲအောင် အားနဲ့ဆုပ်ကိုင်ထားမိသည်။

သမီးမေးသံအဆုံးမှာ ကြယ်သစ် ပိုင်ပိုင်နိုင်နိုင်အသံနှင့် ပြောသည်။

"မို့၊ မို့ သိပ်ဝေးတာပဲ၊ ဒီမှာ ဝိုင်က ရှိန်းရှိန်းကို အနားမှာထားသလို ကျွန်တော့်အနားမှာလည်း မို့ နေလို့ရတယ်လေ၊ မို့အတွက် ကျွန်တော့်ရင်ထဲ အသည်းထဲက အချိန်မရွေး welcome ပဲ၊ မို့ကို





ကျွန်တော် ချစ်နေတယ်၊ ကျွန်တော့်အနားမှာ တစ်သက်လုံး နေလို့ရတယ် မို့"

ဒေါ်လှလှလွင် လန့်ဖျပ်ကာ ကပ်ထားတဲ့ဖုန်းခွက်ကို နားမှာမှ ချက်ချင်းခွာမိသည်။

သမီးကို တစ်ပါးကောင်လေး ချစ်ရည်းစားစကား လှမ်းပြောတာကို နားနဲ့ဆတ်ဆတ်ကြားရတဲ့ မိခင်၊ ရင်ထဲ ဘာတွေဖြစ်ကုန်မလဲ ဆိုတာ မပြောတတ်တော့ပါ။

တစ်ဆက်တည်း ဖုန်းခွက်ကို မကြည့်မိဘဲ ကယောင်ကတမ်းချမိလေသည်။

ဘုရား ဘုရား။

သူမ စိုးရိမ်တာ စ,ဖြစ်နေပြီလား။

ရင်ဘတ်ကိုပင် လက်ဖဝါးနဲ့ မဖိနိုင်ဘဲ ဆိုဖာပေါ် ဂုန်းခနဲထိုင်ချသည်။ ပြီးတော့ ချက်ချင်း ထကာ ဖုန်းခွက်ကို လှမ်းကြည့်သည်။ ပြန်ကောက်ကိုင်ရန်းနဲ့ လက်က ရှေ့ဆန့်ထွက်သွားသည်။

ဒါပေမဲ့ မကိုင်ဖြစ်။

လက်ချောင်းတွေကို ပြန်ဆုပ်ထွေးရင်း ညှိခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိတာက စိတ်လှုပ်ရှားစွာပဲဖြစ်သည်။

သူမတို့လင်မယား ဖြစ်စေချင်တာ တစ်မျိုး။

သားနဲ့သမီး ဦးတည်နေတာက တခြား။

တလွဲပဲဖြစ်နေတာကို သူမ ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



တွေးမိရုံနဲ့ ဒေါ်လှလှလွင် ခေါင်းပူကာ ရင်ခုန်သံတွေ မြန်ဆန်သွားသည်။

မဖြစ်ဘူး။ ပြောဦးမှပဲ။

❀ ❀ ❀



## အခန်း (၂၂)

"မပြောနဲ့ မာမီ"

"ဘယ်လို သား"

ယုကျုံးမရှဖြစ်သော ဝမ်းနည်းသံက ဒေါ်လှလှလွင်နှုတ်မှ ဝုန်းခနဲ ခုန်ထွက်သွားသည်။

ပိုင်ကတော့ မိခင်ကို မမှုနိုင်သောမျက်နှာပေးဖြင့် တည့်တည့်ကြည့်နေရာမှ အနည်းငယ်လွှဲပြီး ဆက်ပြောသည်။

"ဟုတ်တယ်လေ၊ ကျွန်တော့်ပယောဂမပါဘဲ မို့ဘာသာ ရွေးချယ်တာ၊ ကျွန်တော်နဲ့ ဘာဆိုင်လဲ"

"ဟဲ့ မဆိုင်ဘူးပြောလို့ ရမလား"

"ရတယ် မာမီ၊ ကျွန်တော့်ကိုခုတုံးလုပ်ပြီး ဟပို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သစ်နဲ့တွဲတာ၊ ရှေ့ဆက်တွဲလို့ရအောင် ကြယ်သစ် အခွင့်အရေးပေးသမျှ အရယူတာလေ၊ ကျွန်တော်တားနေတဲ့ကြားက မာမီ့သမီးရအောင်တွဲနေတာ၊ ကျွန်တော် တားရဲ့နဲ့တွဲတာ ဘာသဘောလဲ၊ ဒါတွေကို မာမီ့သမီး နားလည်နေရမယ်၊ နားမလည်ရင်တောင် ဆင်ခြင်ဖို့ကောင်းတယ်ဆိုတဲ့အသိမျိုး ဝင်ရမယ်၊ အခုတော့ နားလည်ဖို့ နေနေသာသာ၊ ဆင်ခြင်ဖို့,ဘာဖို့ စိတ်မကူးဘဲ ကြယ်သစ်နဲ့ နိုးအောင် ခုန်ထွက်သွားတဲ့ကိစ္စ၊ ကျွန်တော့်ကြောင့်လို့ မာမီအပြစ်ပြောနေတာ ကျွန်တော်အံ့သြတယ် မာမီ၊ မှီနဲ့ပတ်သက်ရင်း မှီ ဘာလုပ်လုပ် ကျွန်တော့်အပေါ် မာမီအမြင်မကြည်ဘူး၊ ဒယ်ဒီလည်း ဒီအတိုင်းပဲ၊ မှီ့ကြောင့် ဒယ်ဒီနဲ့မာမီရှေ့မှာ ကျွန်တော် ဘယ်လိုနေရမလဲ၊ တစ်ဆိတ်ပြော မာမီ၊ မှီ့ကြောင့် ရှေ့ဆက်ပြီး ကျွန်တော် ဘယ်လိုနေရမလဲ''

ပိုင့်ရင်ထဲမှာ အနှစ်နှစ်အလလ ပြောချင်နေတဲ့ ထိုစကားလုံးတွေ ခုလို အခြေအနေနဲ့အချိန်အခါ တိုက်ဆိုင်လာတဲ့အနေအထားမှာ ဝိုင် အောင့်အီးမနေနိုင်တော့ပါ။

ကရားထဲက ရေသွန်သလို ဒလဟော ပြောလေသည်။ ဒေါ်လှလှလွင် ကျွန်းလှေကားလက်တန်းကို ဆုပ်ကိုင်ထားရာမှ လက်လွှတ်သည်။ ကျန်လက်တစ်ဖက် ခါးထောက်ထားရာမှလည်း ဖြည်ချကာ ,တစ်ဆက်တည်း သားဖြစ်သူဆီ ခြေလှမ်းသွားသည်။

သားက နံရံမှာ အလှချိတ်ဆွဲထားတဲ့ နွယ်ပန်းခိုင်ကြီးကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေလေသည်။





မာမီ့ခြေသံ တစ်လှမ်းချင်း နီးကပ်လာလျှင် –

"ပြောလေ မာမီ၊ မှီ့ကြောင့် ကျွန်တော် ဘယ်လိုပုံစံမျိုးနေပေးရမလဲ၊ တစ်ဆိတ်ပြောပေးပါ''

ဝိုင့်ရင်မှ ခံပြင်းအက်ရှသံနဲ့ မအောင့်နိုင်ဘဲ အသံကျယ်ကျယ်မေးချလိုက်သည်က အားမနားတမ်းဖြစ်သည်။

ဒေါ်လှလှလွင် မျက်နှာပျက်ယွင်းမသွားအောင်ထိန်းလိုက်ရပြီး

''သားရယ်''

လို့ မချိတင်ကဲ ရေရွတ်မိလေပြီ။ သားပြောတာတွေကို ဒေါ်လှလှလွင် နားလည်ပါသည်။ လက်ခံပါသည်။ သမီးကို အချစ်လွန်ကဲတဲ့ သူမတို့ဇနီးမောင်နှံဟာ သမီး ဘာပဲလုပ်လုပ် ထိုလုပ်ရပ်အတွက် သမီးကို အပြစ်တင်ဖို့ထက် သားအပေါ်ပဲ ပြစ်မှတ်ထားခဲ့သည်။

ဒါလည်း မချစ်လို့မှမဟုတ်ဘဲ။

သမီးဆန္ဒကို သားဘက်က လိုက်လိုက်လျောလျော ဖြည့်ဆည်းပေးပြီး သမီးကို ချော့မော့သိမ်းသွင်းပါစေလားဆိုတဲ့ အတွေးနဲ့ပါ။

တကယ်တမ်းမှာတော့ ထိုအတွေးက လက်တွေ့နဲ့ ဆန့်ကျင်နေသည်။ သားက သမီးဆင်ခြင်တတ်အောင် ရှိန်းရှိန်းကို တာဝန်ပြောင်းပေးလိုက်ခါမှ ပိုဆိုးသလိုဖြစ်လေသည်။

ခုဆိုရင် သမီးက ကြယ်သစ်အပါးမှာ။

တွေးမိတိုင်း ရင်မအေးရတာက ခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သားရယ်၊ ထိုင်ပါဦး"

အပြင်က ပြန်လာတဲ့ ဦးထွန်းလင်းခမျာ ဧည့်ခန်းထဲ လှမ်းဝင်ဝင်ချင်း သားအမိနှစ်ဦး အချေအတင်ဖြစ်နေကြသည်ကို တိတ်ဆိတ်စွာ နားထောင်နေမိတာ ဝင်ထိုင်ဖို့ပင် သတိမရပေ။

အခြေအနေက ပို၍တင်းမာလာတာမြင်မှ အသံပြုကာ ဧည့်ခန်းထဲဝင်လာမှ သားအမိနှစ်ယောက်ရဲ့မျက်ဝန်း သူ့ထံ ကျရောက်လာသည်။

ဒေါ်လှလှလွင်က ခင်ပွန်းသည်အပါး အားကိုးတကြီး လျှောက်သွားရင်း –

"လှတော့ စိတ်ညစ်တာပဲသိတော့တယ် ကိုကို"

လို့ ငိုသံမဲ့မဲ့နဲ့ ပြောသည်။

ခင်ပွန်းသည်က နှစ်သိမ့်ပေးသလို ဇနီးသည်ပခုံးကို သိုင်းဖက်ရင်း ခေါင်းညိတ်ကာ ချော့ရှာသည်။

ဇနီးသည်ရင်ထဲမှာ ဘာတွေရှိလဲဆိုတာ ဦးထွန်းလင်း သိပါသည်။ သေသေချာချာ အပ်ကျမပ်ကျသိနေပါသည်။

ဒါကြောင့် ဇနီးသည်ပခုံးစွန်းကို ဖက်လျက်ပဲခေါ်ကာ ဆိုဖာပေါ် စုံတွဲထိုင်ချလိုက်သည်။

သားက ဖခင်ထံမှ အကြည့်ရုပ်ကာ နံရံမှ ပန်းနွယ်တွေကို အဓိပ္ပာယ်မဲ့ ပြန်ကြည့်သည်။ ခါးမှာ အားမာန်အပြည့်နဲ့ ထောက်ထားတဲ့ လက်နှစ်ဖက်ကို အသားဖြုတ်ချပြီး ဘေးဆန့်ချလေသည်။





"သား ထိုင်ပါဦးကွာ"

ဒယ်ဒီက စိတ်လှုပ်ရှားတာတွေကို ထိန်းချုပ်ပြီးသောအသံဖြင့် ဆိုသည်။

ဝိုင့်ရင်မှလည်း ပြောချင်ရာ ပြောခွင့်ရလိုက်သည်မို့ အနည်းငယ် ပေါ့သယောင်ဖြစ်သွားသည်။

ဒါပေမဲ့ ဝိုင်မထိုင်။ ဒယ်ဒီနဲ့မာမီ့ဘက်ဆီ မျက်နှာလှည့်ပြီး ခတောင့်တောင့်ကြီးပဲ ရပ်နေမြဲဖြစ်သည်။

"ရတယ် ဒယ်ဒီ၊ ဒယ်ဒီရော ကျွန်တော့်ကို ဘာပြောချင်သေးလဲ"

ဝိုင် ပွင့်ပွင့်လင်းလင်းပဲ စကားစပေးလိုက်၏။ ဦးထွန်းလင်း ခေါင်းတစ်ချက်ဆတ်ကာ မျက်နှာကိုမော့၍ သားကိုလှမ်းကြည့်သည်။

ဘဲဥပုံဆန်သော သားမျက်နှာလေးက ဇနီးသည်နှင့်တူကာ မဟာနဖူးနဲ့ မျက်ခုံးနှစ်ဖက် စိမ်းမှောင်ပုံက သူနဲ့ တူလှသည်။

နှုတ်ခမ်း ပါးပါးလွှာလွှာက ဇနီးသည်နဲ့ တူသလိုလို သူနဲ့ပဲ တူသလို ခွဲခြားရခက်ပေမယ့် လှနေသည်။ နှာတံက ဘယ်သူ့ဘက်မှ မလိုက်ဘဲ ဖြောင့်တန်းကာ အဖျားမှာ လုံးဝန်းနေသည်မှာ ကျစ်ကျစ်လျစ်လျစ်နှင့် မျက်နှာလေးကို ပို၍ထင်ပေါ်နေစေသည်။

နက်ပြာသောမျက်ဆန်က ထူးထူးကဲကဲ တောက်ပလျက်။ ကြည့်လိုက်တိုင်း ထိထိမိမိရှိကာ တဖျစ်ဖျစ်တောက်ပနေသည်မှာ မဟူရာရောင်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မင်းသားပီသစွာ ခန့်ညားသောကိုယ်ကို တစ်ချိန်ကုန် သ,သလို အားကစားမှန်မှန်လေ့ကျင့်ထားတဲ့ကိုယ်က တောင့်တဲ့နေရာတောင့်၊ ကြွတဲ့နေရာကြွနှင့် တအားကြည့်ကောင်းနေသည်၊

အင်း ဒီလို သားချောသားလှအတွက် မိဘနှစ်ပါး နောက်ခံ တတင်းတင်းရှိခဲ့သည်။ သမီးက အနီးကပ် ထက်ကြပ်မကွာပါနေလို့သာ စိတ်ချထားရတဲ့အဖြစ်။

ခုတော့ သားနဲ့သမီးက တကွဲတပြားစီ၊

သားနဲ့သမီး ခွဲရေးဖြစ်နေတာကို သူတို့မိဘနှစ်ပါးအနေနဲ့ မလိုလား မနှစ်မြို့သည်က ရည်ရွယ်ချက်မဲ့ မဟုတ်ပေ။

ဒီအကြောင်း သားလက်ခံလာအောင် ပြောရတော့မယ့်အချိန် တန်လေပြီ။

"သား၊ သားရင်ထဲမှာ ဘာရှိလဲဆိုတာ ဒယ်ဒီသိပါတယ်ကွ"

ဦးထွန်းလင်း လေပြေလေးနှောသလို စကားစပြောသည်။ ဘာသိတာလဲ မေးခွန်းပါတဲ့ ပိုင့်နှုတ်ခမ်းပါးလေးတစ်ချက် လှုပ်ကာ

"ဒယ်ဒီ ဘာသိတာလဲ"

"အေး မို့ကို သား စိုးရိမ်နေတာပါ၊ အထူးသဖြင့် ကြယ်သစ်နဲ့ ငြိသွားမှာလေ"

ဒယ်ဒီ့စကားအဆုံးမှာ ပိုင် မျက်ခုံးနှစ်ဖက် တွန့်ခေါက်သွားသည်။ ဟုတ်ရဲ့လားလို့ သူ့ကိုယ်သူ ပြန်မေးရင်း စောဒကတက်လေသည်။





"ဒယ်ဒီတို့က မို့တစ်ခုခုဖြစ်ရင် ကျွန်တော့်ကိုပဲ အပြစ်တင်တာကိုး"

"ဒယ်ဒီတို့ အပြစ်တင်တာက နောက်၊ သားစိုးရိမ်တာ အရင်လေ၊ ဟုတ်တယ်မဟုတ်လား"

ဒါတော့ ပိုင် ငြင်းလို့မရပေ၊ ငယ်ငယ်ကတည်းက မို့ တစ်ခုခုဖြစ်မှာ ပိုင် စိုးရိမ်သည်။ နှစ်ယောက်အတူတူကစားရင်း မို့ ခြေလွတ်လက်လွတ် ပြုတ်ကျသွားတဲ့အခါ ပိုင့်စိတ်မှာ တစ်ခုခုဖြစ်သလို ခံစားရကာ မို့ကို ဆွဲထူ၍ တရစပ် အပြစ်တင်စကားဆိုမိတာ မှန်းနေလို့မှ မဟုတ်ဘဲ၊

ဒယ်ဒီနဲ့မာမီ့အပါးကပ်လွန်းတဲ့ မို့ကို ပိုင် အမြင်ကတ်ပေမယ့် မိဘနှစ်ပါးနားကပ်နေတဲ့ မို့ကို အဝေးကလှမ်းကြည့်ရင်း ပိုင့်စိတ်က ကျေနပ်နေခဲ့တာ ပိုင် အသိဆုံးပင်။

မို့ကို ခနဲ့တာ၊ ရွဲ့တာမှန်သမျှက မို့စိတ်တွေ တစ်ဖက်သို့ ယိမ်းယိုင်စေဖို့ ဖြစ်သည်၊

ခုတော့ ပိုင်ဖြစ်စေချင်တာနဲ့ ဖြစ်လာတာ လုံးဝခြားနားသည်။ ထိုခြားနားပြီး တွေ့မြင်နေရလို့ သားအမိသားအဖသုံးယောက်စလုံး သက်ပြင်းတွေတချချ ဖြစ်နေရရှာသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဝိုင်"

ရှိန်းရှိန်း ခေါ်သံကြားပေမယ့် ဝိုင် လှည့်မကြည့်ဖြစ်။ သစ်မြစ်ကြီးကို ဖင်ခုထိုင်နေရင်း မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ ငေးနေဆဲဖြစ်သည်။

"ဝိုင် ရှိန်းခေါ်နေတာယ်လေဟာ"

ခေါ်သံနဲ့ ရှိန်းရှိန်းခြေသံ တဖြည်းဖြည်း နီးလာသည်။

ဒါပေမဲ့ ဝိုင် လှည့်ကြည့်ဖို့ စိတ်မပါပေ။

နေ့လယ်ခင်း နေရောင်အောက် တံလျှပ်ရောင်ပြေးနေသည့် ကန်ရေပြင်ကို မျက်တောင်မခတ်တမ်း ဝိုင် ငေးကြည့်နေဆဲ ဖြစ်သည်။





ရင်ထဲမှာလည်း နွေနေ့လယ်ခင်းလို ပူနေပါသည်။

"ဝိုင် ရှိန်းကို စိတ်ဆိုးနေတာလား"

မေးရင်း တစ်ဆက်တည်း ဘေးနားကပ်ထိုင်ချတဲ့ ရှိန်းရှိန်း။ မွှေးထုံသင်းအီနေတဲ့ ရှိန်းရှိန်းကိုယ်သင်းရနံ့ကို ဝိုင် မရှူမိပါ။ ပြန်လည်းပြောချင်စိတ်မရှိမြဲကာ –

"ပြောလေ ဝိုင်၊ ရှိန်းကို စိတ်ဆိုးနေလား၊ ရှုတင်မှာ ရှိန်းလုပ်ကိုင်ပေးတာ ဘာလိုအပ်လဲဟင်၊ ဝိုင်ပြောမှ ရှိန်းသိမယ်လေ၊ အားမနာတမ်းပြောလို့ရတယ် ဝိုင်ရဲ့"

ဝိုင့်ပခုံးစွန်းကို တွန်းထိုးရင်း မေးလာလေ ဝိုင့်စိတ်က ပို၍ပူလောင်လေဖြစ်သည်။

စိတ်ထဲမှာ ရှိန်းရဲ့ ရဲဘောင်းသွက်လက်မှုကို မသာယာပေမယ့် ဝိုင်ကိုယ်တိုင် ရှိန်းကို ခေါ်ထားတဲ့အတွက် ရှိန်းရဲ့အပြုအမူတွေကို ရှောင်လွှဲဖို့ အားနာနေသည်။

ဒါပေမဲ့ မသိမသာတိမ်းရှောင်ရင်း အခြားသစ်မြစ်တစ်ခုမှာ ပြောင်းထိုင်၍ ရှိန်းရှိန်းနဲ့ လူချင်းခွာလိုက်ရသည်။

"ရှိန်းနဲ့ မဆိုင်ဘူးဟာ"

ဟု တစ်ခွန်းပြောရင်း သက်ပြင်းချသည်။

"ဝိုင်မှိုင်နေတာ ရှိန်းကြောင့် မဟုတ်ဘူး၊ ဟုတ်လား ဝိုင်"

ရှိန်းရှိန်းက နည်းနည်းလေးမှ ဝိုင့်အမူအရာကို မငြိုငြင်ပါ။ မျက်လုံးဝိုင်းလေးနဲ့ ကြည့်ရင်း ဆိုသည်။ ဝိုင်း ခေါင်းတစ်ချက်ညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှိန်းနဲ့ မဆိုင်ဘူး။ ရှိန်းကို ကျွန်တော် ကျေးဇူး တင်တယ်"

"အိုး ပိုင်ကလည်း၊ ကျေးဇူးတင်စရာ မလိုပါဘူး၊ ရှိန်းက ပိုင့်အတွက်ဆို အမြဲ ရယ်ဒီပဲ၊ အခုလို ပိုင် အခွင့်အရေးပေးတဲ့အတွက် ရှိန်းကတောင် ပိုင့်ကို ကျေးဇူးတင်နေရတာပါ၊ ဒါနဲ့ ရှိန်းကြောင့် မဟုတ်ရင် ဘယ်သူ့ကြောင့်လဲ"

ရှိန်းရှိန်းက သူမ,ဟန်အတိုင်း ပွင့်လင်းစွာမေးသည်။

ဘယ်သူ့ကြောင့်လဲတဲ့။ ပိုင် ဘယ်လိုဖြေရမလဲ။

ခေါင်းအကြိမ်ကြိမ်ရမ်းရင်း သက်မ,ချကာ တံလျှပ်ရောင်ထ နေတဲ့ ရေပြင်ကို အတန်ကြာစိုက်ကြည့်လျှင် ရေပြင်ထက်မှာ မျက်နှာ တစ်ခု ဘွားခနဲ မြင်ယောင်လာသည်။

ထိုမျက်နှာပိုင်ရှင်က မှီလေ။

ဟုတ်တယ်။ မှီမှ မှီအစစ်။

မှီ့မျက်နှာမြင်လာလျှင် ပိုင့်ရင်မှာ ပူလောင်လာသလို လှုပ် လှုပ်ရှားရှားလည်း ဖြစ်လာသည်။

မှီကြောင့် ပိုင်တင်မက ဒယ်ဒီနဲ့မာမီသည်း စိတ်လှုပ်ရှားစွာ ဆိုခဲ့သည့်အဖြစ်။ ပိုင် နားမှာ အထပ်ထပ်ကြားယောင်လာသည်။

"သား မှီ့ကို ဒယ်ဒီနဲ့မာမီက မွေးစားထားပေမယ့် သားကို ချစ်သလို ချစ်ခင်ပြုစုပျိုးထောင်ခဲ့တာ အကြောင်းမဲ့မဟုတ်ဘူးကွ"

ပိုင် မျက်ခုံးနှစ်ဖက်က တွန့်ခေါက်လျက် ကျုံ့တွသွားသည်၊





"ဟုတ်တယ် သားရယ်၊ မှီ့ကို မာမီ အများကြီး မျှော်လင့် တယ်၊ သားအတွက် အမျှော်လင့်ဆုံးပဲ သားရယ်"

မာမီ ထိုင်နေရာမှ ပိုင့်အပါး ထလာရင်း ဆိုသည်။ ပိုင် မျက်ခုံးက တွန့်ကျုံ့နေရာမှ ကုတ်ကျသွားသည်။

"ဘာသဲ မာမီရဲ့၊ ဘာမျှော်လင့်တာလဲ"

ပိုင် စိတ်လှုပ်ရှားစွာ တည့်တည့်ပဲ မေးချလိုက်သည်၊ သားအ မိသုံးယောက်ဖြစ်နေကြတာက မှီ့ကို ပိုင် ရှုတင်ခေါ်မသွားတဲ့ကိစ္စ။

မိဘနှစ်ပါး တကယ်ဦးတည်နေတာက ပိုင်နှင့်ပတ်သက်ပြီး မှီ့ကို မျှော်လင့်နေတာတဲ့။ ခေါင်းစဉ်က အလိုလိုနေရင်း ပြောင်းလဲလာ သည်။ ပြောင်းလဲသွားတဲ့ခေါင်းစဉ်ကို ပိုင့် နားမလည်နိုင်ပါ။ ဒယ်ဒီ နဲ့မာမိကို တစ်လှည့်စီကြည့်ပြီး ထပ်ဆင့်မေးသည်။

"ဒယ်ဒီတို့ မျှော်လင့်တယ်ဆိုတာ ဘာလဲဗျာ"

ဦးထွန်းလင်း သက်မ,ချလေသည်။ ထိုင်နေရာမှလည်း ထ ကာ သားအပါး ရွေ့သွားသည်က နားမလည်နိုင်သေးတဲ့ သားစိတ် ကို နားလည်အောင် ဖျောင်းဖျဖို့ပဲ ဖြစ်သည်။

မာမီက ဒယ်ဒီ့ကို အားကိုးတကြီး လှမ်းကြည့်သည်။

"သား"

မျက်နှာချင်းဆိုင်ရပ်လျက် ဒယ်ဒီ တည်တည်ငြိမ်ငြိမ်ခေါ် သည်။ ပိုင့်မျက်ဝန်းက ဒယ်ဒီ့ကို တည့်မတ်စွာ ကြည့်မိလျှင် –

"ရှင်းရှင်းပြောရရင် သားရယ် မှီ့ကို ဒယ်ဒီနဲ့မာမီ အနေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူး၊ တခြားတစ်ယောက်လက်ထဲ ပါမခံနိုင်ဘူး၊ မို့ကာ သားအတွက် ဖြစ်သလို, သားအတွက် မိုပဲ ဖြစ်ရမယ်၊ ဒါ ဒယ်ဒီတို့ ရင်ထဲမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေတဲ့ဆန္ဒ၊ အခုချိန်ထိ မပြောင်းလဲသေးဘူး။ နောင်လည်း ပြောင်းလဲမှာမဟုတ်ဘူး။ အို အရှင်းဆုံးပြောမယ် သားရယ်၊ သားနဲ့မိုကို နေရာချပေးဖို့ ဒယ်ဒီနဲ့ဒေမီ တိုင်ပင်နေပြီကွ"

ဒယ်ဒီ့စကားအဆုံးမှာ ဝိုင် မျက်လွှာစင်းကျသွားသည်။ ခေါင်းလည်း အလိုလို တစ်ချက်ယမ်းမိသွားသည်၊ ရင်ထဲမှာလည်း မဖြစ်နိုင်တာလို့ ပြည်တမ်းလျက် နှုတ်ခမ်းကို တင်းနေအောင် စေ့ပစ်သည်။

ထိုစကားရဲ့နောက်မှာ ဝိုင်ကို မျှော်လင့်ချက်ကြီးစွာ စိုက်ကြည့်နေရရှာတဲ့ မိဘနှစ်ပါးမျက်ဝန်းကလည်း စူးရှလှသည်။

အမြဲတမ်း ဝိုင့်အပေါ် အရွဲ့တိုက်ပြောတတ်ဆိုတတ်တဲ့ မို့အသံကို ဝိုင် နားကြားပြင်းကတ်ခဲ့သည်။

မို့အပေါ် အနိုင်အထက်ပြန်ပြောလိုက်ရမှ ကျေနပ်တဲ့ ဝိုင့်စိတ်။ ဘယ်ဘက်ကပဲ တွေးတွေး မဖြစ်နိုင်တာဘဲ အဖြေထွက်သည်။

ဒါကြောင့် ခေါင်းတစ်ချက်ယမ်းပြီး မိဘနှစ်ပါးအကြည့်စက်ကွင်းက ရှောင်ထွက်လျှင် –

"သား"

မာမ့်ခမျာ ဝမ်းနည်းတကြီးခေါ်ရင်း ဝိုင့်လက်မောင်းကို ဆုပ်ကိုင်သည်။ ပါးလေးပါ ဝိုင့်လက်မောင်းမှာကပ်လျက် အသနားခံသလို





မာမီဆိုလျှင် ဝိုင့်ခြေလှမ်းတွေ ရွေ့မရအောင် ဖြစ်သွားသည်။

"သားရယ်၊ သားဖြစ်ချင်သမျှ မာမီတို့ လိုက်လျောတယ် ဆိုတာ သားအပေါ်မှာ မီ ကပ်လျက်ရှိနေလို့ပဲကွယ်၊ သားနဲ့မို နီးကပ်နေသရွေ့ တခြားတစ်ယောက် တိုးဝင်လို့မရဘူးလေ၊ သားကြောင့် မို့က တခြားတစ်ယောက်နဲ့, သားက ရှိန်းရှိန်းနဲ့ ဒီလိုတွေ တွဲနေတာ မာမီ ဘယ်လိုမှ လက်မခံနိုင်ဘူး။ ဒါကြောင့် မာမ့်ဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောတာပါ၊ သားနဲ့မို့ကို မာမီတို့ နေရာချပေးမယ်၊ သားမငြင်းနဲ့ကွယ်၊ သားကြောင့် မိုလေးကို မာမီတို့ မဆုံးရှုံးပါရစေနဲ့"

"တော်ပါတော့ မာမီရယ်"

ဝိုင် ထိုမျှပဲပြောကာ မိဘနှစ်ပါးကို ကျောခိုင်းရှောင်ထွက်ခဲ့ပါသည်။ ဒယ်ဒီနဲ့မာမီက ဝိုင်နဲ့မို့ကို နေရာချပေးမလို့တဲ့။

တစ်ခါဖူးမှ ဝိုင် မတွေးမိတဲ့ဖြစ်စဉ်၊ မိဘနှစ်ပါး၏တစ်ထပ်တည်းကျတဲ့စကားသံကို ကြားယောင်လေ ရင်မှာပူလောင်လေ။

ဒီအကြောင်းတွေ မို့ရော သိရဲ့လား။

ထိုသို့လည်း တစ်ကိုယ်တည်း မေးမိပြန်သေးသည်။

"ပြောလေ ဝိုင်ရဲ့၊ ဘယ်သူ့ကြောင့်လဲ"

ရှိန်းရှိန်းက ဝိုင့်အပေါ်မှာ အားမနာတမ်းထိုင်ချရင်း ပခုံးချင်းတိုက်ကာ မေးပြန်သည်။ ဖြေဖို့ကို ဝိုင့်နှုတ်က ခဲယဉ်းနေသည်။ မျက်နှာကို တစ်ဖက်သို့ ဝိုင် လွှဲမိလျှင် –

"မို့ကြောင့် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပိုင့်မျက်နှာကို အမိအရလိုက်ကြည့်ရင်း ရှိန်းရှိန်း မေးလေသည်။

ပိုင် ဘယ်လိုဖြေရမလဲ။

မိုကြောင့်လို့ ဝန်ခံလိုက်ရင် ရှိန်းရှိန်းရင်ထဲ ဘာတွေဖြစ်ကုန်မလဲ။ ထိုသို့လည်း တွေးမိကာ ပိုင် ခေါင်းယမ်းရင်း သက်မ,ချသည်။

“သွားကြစို့ ရှိန်း၊ ရှုတင်စတော့မယ်”

ဟု စကားလမ်းကြောင်းပြောင်းကာ ရှိန်းအပါးမှ ထ,လေသည်။

ရှိန်းကတော့ ပိုင့်မျက်နှာအပြောင်းအလဲကို ကြည့်ရုံနဲ့ သိနေပါသည်။

မိုကြောင့် ဆိုတာလေ။

ပိုင်က မပြောတော့လည်း ဆက်မမေးတော့ပါ။

ပိုင့်နောက်က ကပ်လိုက်လာရင်း ရှိန်းရှိန်းရင်မှာလည်း ကန်ရေပြင်လို တံလျှပ်ရောင် ထကာ ပူလောင်နေပါပြီ။

ပိုင်ရယ်

အချစ်ဆိုတာ ပူလောင်တဲ့ဂုဏ်သတ္တိရှိတာ ယုံလားဟင်။

✿ ✿ ✿



## အခန်း (၂၃)

အနီသွေးရောင်တိမ်စိုင်ထုသည် တဖြည်းဖြည်း တလွှလွှ ရောင်ပြယ်ကာ ကာလာစုံပြောင်းလဲနေပါသည်။

အနီသွေးဖျော့ရောင်မှသည် ပန်းရင့်ရောင်၊

ပန်းရင့်ရောင်မှတစ်ဆင့် ပန်းရောင်စစ်စမ်း။

ပန်းရောင်စစ်စစ်မှသည် ပန်းနုဖျော့ဖျော့အရောင်များအဖြစ် ဆင့်ဆင့်ပြောင်းလဲပြီး လွင့်မျောနေလေသည်။

ပန်းနုရောင်ဖျော့ဖျော့ တိမ်လွှိုင်းကလေးမှာ တရွရွပြေးလွှား နေတာကို စိုက်ကြည့်နေမိတဲ့ ပိုင့်ရင်ထဲမှာ တသိမ့်သိမ့် ဖိုလှိုက်လျက် ရှိ၏။

ဒါ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရှိန်းကြောင့်လား။ မို့ကြောင့်လား။

အတွေးက ရေနွေးလို ဆူပွက်နေချိန်မှာ –

"သားရေ၊ မို့ ခုချိန်ထိ ပြန်မရောက်သေးဘူး"

ပေါ်တီကိုအောက်မှာ ရှိန်းရှိန်းကားလေး ထိုးရပ်လိုက်သည်နှင့် မာမီ စိုးရိမ်သံဖြင့် ဆီးပြောသည်။

ဝိုင် ကားပေါ်က မဆင်းဖြစ်တော့ပါ။

ကားမောင်းသူနေရာမှ ရှိန်းရှိန်းကို မျက်စနဲ့ မောင်းလို့ အသံတိတ် ပြောမိသွားသည်။ ရှိန်းရှိန်းကလည်း အချစ်စိတ်ကြောင့် ပူနေပေမယ့် ဝိုင့်အလိုကျ အလိုက်သိတတ်ပေသည်။

ကားကို ချက်ချင်းပဲ ပြန်မောင်းထွက်ခဲ့သည်။ မိခင် စိုးရိမ်နေတော့ သားဖြစ်သူလည်း မစိုးရိမ်ဘဲ မနေနိုင်တော့ပါ။

ခုတလော မို့ တမင်ရှောင်မှန်း ဝိုင်သိသည်။ ကြယ်သစ်ကလည်း အကြောင်းအမျိုးမျိုးပြပြီး ရှုတင်ဖျက်တတ်သည်။

တခြားရိုက်ကွင်းရှိသည်ဟု အကြောင်းပြကာ မို့ကိုခေါ်ထုတ်သွားလေသည်။

မို့ကလည်း ဝိုင့်ကိုရှဲ့ကာ မျက်နှာမော့လျက် ခါခါ ခါခါပါသွားစမြဲဖြစ်သည်။ ဒီအခြေအနေတွေကို မြင်နေရတိုင်း ဝိုင့်စိတ်က မငြိမ်၊ တားလို့ဆီးလို့ မရမှာ သိနေတော့ မတားမဆီးဘဲ နေခဲ့သည်။

ဒယ်ဒီနဲ့မာမီရဲ့အစီအစဉ်ကို သိသိကြီးနဲ့ မှီအရွဲ့တိုက်နေတာလား။ မသိသေးတာလား။





ဝိုင်ကလည်း ဒယ်ဒီတို့ဖွင့်ပြောလို့ သိရကတည်းက မို့ကို ရှောင်ချင်သလိုလို၊ ထိပ်တိုက်ပဲ တွေ့ချင်သလိုလိုနှင့် စိတ်မငြိမ်ပသောက်ဖြစ်ကာ –

နှစ်ယောက်သား မျက်နှာချင်းဆိုင်တွေ့သည်နှင့် မျက်နှာအလိုလို လွှဲမိသွားသည်။

ဒီလိုနဲ့ မို့နဲ့ဝိုင် အိမ်မှာရော၊ ရှုတင်မှာပါ မျက်နှာချင်းမဆိုင်မိတာ ဘယ်နှရက်ရှိနေပြီလဲ။ ရက်တွေလည်း မမှတ်မိတော့ပါ။

ဒါပေမဲ့ မို့ကြောင့် ဝိုင့်ရင်မှာ ပူလောင်နေရတာတော့ အမှန်တကယ်ဖြစ်ပါသည်။

ရင်ပူရတဲ့အထဲ စိတ်ကလည်း ပူပန်သည်။

ညခုနှစ်နာရီထိုးသည်အထိ မို့ အိမ်ပြန်မရောက်သေးတာ သိရတော့ မာမို့နည်းတူ ဝိုင်လည်း မပူဘဲ မနေနိုင်တော့ပေ။

ဒီအချိန် မို့ ဘယ်မှာရှိနိုင်မလဲ။

သေချာတာက ကြယ်သစ်နဲ့ပဲ ဖြစ်ရမယ်။

ကြယ်သစ်ဖုန်းနံပါတ်ကို ချက်ချင်းနှိပ်သည်။ ဖုန်းက တန်းခနဲ ဝင်သည်။

ဝင်သည်နှင့် ဖုန်းပိတ်ပစ်လိုက်မှန်း သိသာလျှင် ဝိုင့်ရင်မှာ ပို၍တင်းသွားသည်။

"တောက်"

ဝိုင် ဖုန်းပိတ်ရင်း တောက်တွေ ဘာတွေခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရှိန်းက ကားမောင်းနေရင်း ပိုင့်မျက်နှာရိပ်ကို မြင်နေရုံနဲ့ ပိုင် ဘာဖြစ်နေမှန်း မပြောရဘဲ သိနေသည်။

သေချာတာက ကြယ်သစ်အပါးမှာ မှီရှိနေမည်။

ကြယ်သစ်တို့ ဘယ်မှာလဲ။

ပိုင်သိချင်တာ ဒါပဲ ဖြစ်မည်။

ရှိန်းရှိန်းဆိုတာက ပိုင်သိလိုသမျှ ထောက်လှမ်းထားတဲ့ စုံထောက်မလေးပမာ အကဲခတ်တော်လှပေသည်။

"ပိုင်"

ရှိန်းရှိန်း ကားအရှိန်မြှင့်မောင်းနေရင်း မတိုးမကျယ်ခေါ်သည်။

"တောက်၊ ကြယ်သစ် တွေ့လို့ကတော့လား"

ကြယ်သစ်ကို ဒေါပွရင်း ပိုင်ပြောသည်က တခြား။ အစစအရာရာအပေါ် ရှိန်းရှိန်းက နားလည်ပြီးသား။

"တွေ့ရမှာပေါ့ ပိုင်ရဲ့၊ ကြယ်သစ်နဲ့မှီ ဘယ်မှာရှိလဲဆိုတာ ရှိန်း သိတယ်၊ စိတ်ရှုပ်မနေပါနဲ့"

"တကယ် သိလို့လား"

"သိတာပေါ့ ရှိန်းရှိန်းပဲဟာ၊ ပိုင်သိချင်သမျှ အားလုံး ကြိုတင်ထောက်လှမ်းပြီးသား"

ပခုံးလေးတွန့်ကာ ပေါ့ပေါ့ပါးပါးပြောချတဲ့ ရှိန်းရှိန်းရယ်ပါ။

ပိုင် အငေးသား ကြည့်ဖြစ်သွားသည်။





ရှိန်းရှိန်းက ဘာကြောင့် ပိုင့်အပေါ် ထိုမျှထိ အဆင်သင့်ဖြစ်နေရတာလဲ။

အိုး။ ဒါက အရေးမကြီးပါ။ ရှိန်းရှိန်းဆိုတာ ပိုင်ခေါ်လို့ ပိုင့်အပါး အရိပ်လို ကပ်ခွင့်ရထားတဲ့ မိန်းကလေးလေ။

ပိုင်မခေါ်တော့ရင် ပိုင်နောက် တစ်မိုင်အကွာမှာ ရပ်နေရမယ့်သူ။

ဟုတ်တယ်။

တကယ်အရေးကြီးတာက လောလောဆယ် ကြယ်သစ်ဆီရောက်ဖို့။ ကြယ်သစ်အပါးမှ မှီကို ဆွဲထုတ်ခဲ့ဖို့ပဲ။

ပိုင်က အတွေးနဲ့ မောင်းတင်နေဆဲမှာ ရှိန်းရှိန်းက အနက်ရောင်မှန်တံခါးချပ်တွေ ပိတ်ကာထားတဲ့ စားသောက်ဆိုင်ဘေးမှ ကားပါကင်မှာ ကားထိုးရပ်ပြီးသား ဖြစ်လေသည်။

အဲဒီနောက် ရှိန်းရှိန်း ဦးဆောင်ခေါ်သွားတဲ့အတိုင်း။။

❀

"ဟင်"

မြင်ကွင်းကြောင့် ပိုင် မျက်လုံးပြာခနဲ ဖြစ်သလို အရောင်ပေါင်းစုံ ရောထွေးသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်တဲ့မျက်လုံးက မျက်တောင်တွေ ဘာတွေလည်း မခတ်မိပေ။ ရှက်ရိပ်နဲ့ရဲနေသော မို့မျက်နှာနုနုလေးကို အမိအရ ငုံ့ကြည့်နေတဲ့ ကြယ်သစ်ရဲ့ ရင်ခုန်မျက်ဝန်း။

နှစ်ယောက်သီးသန့်စားသောက်ခန်းမှာမို့ ဘယ်သူ့မှ အရေးထားစရာမလိုဘဲ စိတ်ကြိုက် အကြည်စိုက်နေတဲ့ ကြယ်သစ်။

မို့နဲ့ဒီကောင်က ဘယ်အနေအထားလဲ။

မို့စိတ်မက ဘာကြောင့် ကက်ကက်လန်ဖြစ်မနေဘဲ ရှက်ကိုးရှက်ကန်းနဲ့ ဖိလင်တက်နေရတာလဲ။

ပိုင့်ရင်ထဲမှာ မေးခွန်းတွေ ပျံ့ဝဲသွားသည်။

ထိုစဉ် ကြယ်သစ်မျက်ဝန်းက စားပွဲပေါ်တင်ထားတဲ့ ဖြူနုသွယ်လျသော မို့လက်ချောင်းလေးများဆီ ရောက်သလို ကြယ်သစ်လက်ကလည်း မို့လက်ချောင်းဆီ အကြည့်နဲ့ တစ်ပြိုင်နက် ရောက်သွားလျှင် –

"ဟော့"

ပိုင့်နှုတ်က ဟန့်တားတဲ့စကားလုံး ဝုန်းခနဲ ခုန်ထွက်သွားသည်။ ပိုင့်အသံက မည်မျှကျယ်သွားသည်မသိပါ။

နှစ်ယောက်သီးသန့် စားသောက်ခန်းလေး ပဲ့တင်ထပ်သွားကာ ထိုအသံကြောင့် မို့လက်ချောင်းလေးတွေကို တယုတယဆုပ်ကိုင်လိုသော ကြယ်သစ်ရင်ခုန်သံက လမ်းတစ်ဝက်မှာတင် တန့်သွားလေသည်။





ကြယ်သစ်နဲ့မို့ တုံ့ခနဲဖြစ်ပြီး အသံလာရာဆီ ပြိုင်တူလှည့်ကြည့်သည်။ အခန်းဝမှာ ဘယ်အချိန်ကတည်းက ရောက်ရှိနေသည်မသိသော ပိုင်နဲ့ရှိန်းရှိန်း။

စူးစိုက်ကြည့်နေတဲ့ ပိုင့်မျက်ဝန်း။

မို့ခမျာ ရှက်ရွံ့စိတ်နဲ့ ကတုန်ကယင်ဖြစ်ကာ မျက်တောင်ပဲ ပုတ်ခတ်လုပ်နေရင်း ဘယ်သူ့ကိုမှ မကြည့်ရဲအောင် ပျာယီပျာယာ ဖြစ်သွားသည်။

"ပိုင်"

ကြယ်သစ် အာသိဝင်လာသည်နှင့် တစ်ပြိုင်နက် ပိုင့်ကို တည့်တည့်ပြန်ကြည့်၍ ဦးစွာခေါ်လျှင် ပိုင့်မျက်နှာ ပျက်သွားသည်။

ပျက်သွားတဲ့ မျက်နှာကို ပြန်မပြင်နိုင်ဘဲ –

"မင်း ဘာမှမပြောနဲ့ ကြယ်သစ်"

အပြတ်ပြတ်ချည်း ပိုင်ပြောသလို ကြယ်သစ်ရှေ့မှာပဲ မို့လက်တစ်ဖက်ကို အပိုင်အနိုင် လှမ်းဆွဲသည်။

"လာခဲ့"

မို့ ငြင်းဆန်ဖို့ ဒါမှမဟုတ် ချေပဖို့ ဆွံ့အသလို ဖြစ်သွားသည်။ ပိုင်ဆွဲခေါ်ရာနောက် ပါသွားရလေပြီ။

မို့လက်ကိုဆွဲပြီး လှည့်မကြည့်တမ်း ထွက်သွားတဲ့ ပိုင့်နောက်ကျောကို စိုက်ကြည့်ရင်း ကြယ်သစ်နဲ့ရှိန်းရှိန်း သက်ပြင်းကိုယ်စီချသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်က ရင်မောရပါလားကွယ်။

ရှိန်းရှိန်းရင်ထဲ တစ်ကိုယ်တည်းရေရွတ်ရင်း မှိုသက်ကို ဆွဲခေါ်သွားတဲ့ ဝိုင့်နောက် မပြေးရုံတမယ် လိုက်ထွက်ခဲ့သည်။

✿

ဝိုင် မင်းစိတ်က ဘယ်ဆီမှာလဲ။

တစ်ကိုယ်တည်း ကျန်ရစ်ခဲ့တဲ့ ကြယ်သစ်ရင်ထဲမှာ ထိုမေးခွန်းလေး ဖြစ်တည်ကာ။

ကောင်းကင်ပြင်၌ အရောင်စုံသော တိမ်တိုက်များ ရောထွေးသွားတဲ့အခါ ဘာအရောင် ဘာအသွေးဟု ခွဲခွဲခြားခြား ပြောမရသလို

ခုလည်း –

ဝိုင်, မှို, ရှိန်းရှိန်းနဲ့ ကြယ်သစ်တို့အဖြစ်ဟာလည်း ထိုသဘောဆောင်နေပြီထင့်။

✿ ✿ ✿



## အခန်း (၂၄)

"ဒီမှာ မာမီ့သမီး"

ရှိန်းရှိန်းမောင်းတဲ့ကားလေး ပေါ်တီကိုအောက် ရပ်သွားသည်နှင့်တစ်ပြိုင်နက် ဝိုင်ပြောရင်း ကားပေါ်က,ဆင်းသလို မှိုကိုလည်း ကားပေါ်က ဆွဲချတာ တစ်ဆက်တည်းဖြစ်သည်။

"သမီးရယ် မာမီစိတ်ပူအောင် ဘာလို့လုပ်ရတာလဲဟင်"

စိတ်ပူပင်စွာ အသင့်စောင့်နေရှာတဲ့ မာမီ။ ဝိုင့်လက်ထဲက မှို့ကို ဆွဲယူရင်း အပြစ်တင်သလို ပြောရှာသည်။

မှို ဘာမှပြန်မပြောလိုတော့ပါ။ မျက်လွှာချလျက်သားနဲ့ မာမီဆွဲခေါ်သွားတဲ့အတိုင်း ညေ့ခန်းထဲ ပါသွားရသည့်အဖြစ်။

"ပြောလေ သမီး၊ မိဘရင်းမဟုတ်လို့ မာမီ့ကို အ[illegible]ထား



www.burmeseclassic.com

www.burmeseclassic.com



တာလားဟင်''

ဝမ်းနည်းသံနှင့်ပြောတဲ့ ထိုစကားလုံးက မှို့ရင်ကို တကယ် ထိမှန်သွားတာကြောင့် –

''မဟုတ်တာဘဲ မာမိရယ်''

''မဟုတ်ရင် ဘာဖြစ်လို့ အချိန်မတော် အပြင်မှာနေတာလဲ၊ သမီးတို့ လုပ်ချင်ရာလုပ်သမျှ မာမီတို့ ဘာမှပြောခွင့်မရှိတော့ဘူးလို့ ယူဆတတ်နေပြီလား၊ ပြောပါ သမီးရယ်''

ဧည့်ခန်းအလယ်မှာ မှို့လက်ကို လွှတ်ချပြီး မျက်နှာချင်းဆိုင် ရပ်လျက်သားနဲ့ ဒေါ်လှလှလွင် မေးချ၏။

''မာမီပြောသလို မဟုတ်ရပါဘူး''

ထိုသို့အမေးခံရတော့ မှို့ရင်မှာလည်း ဝမ်းနည်းလာသည်။ မာမီ့ထံမှ အကြည့်ကိုလွှဲ၍ မှို ဝမ်းနည်းစွာပြောလေသည်။

''ဒါဆို ဘာသဘောလဲ သမီးရယ်၊ သမီးတို့ တစ်ယောက် တစ်မျိုး ထင်ရာစိုင်းနေတော့မှာလား၊ ပြောစမ်း''

မာမီ့မေးခွန်းက တင်းမာလာကာ ဧည့်ခန်းထဲ ပွဲတင်ထပ်နေသည်။ ထိုမေးခွန်းက နှစ်ယောက်စလုံးနဲ့ သက်ဆိုင်သည်မို့ မှို့နဲ့ဗိုင် တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်မိသွားသည်။

အကြည့်ချင်းအဆုံမှာ စကားလုံးများစွာ ပျော်ဝင်နေကာ နောက်ဆုံးမှာ မာနရိပ်လေး တင်းမာသွားတဲ့ မှို့မျက်ဝန်းအရောင် လက်ဖြာသွားသည်။





ဗိုင်ထက်အရင် မှို ဦးစွာ အကြည့်မလွှဲ။ ဗိုင် နှုတ်ခမ်းလေးက တစ်ခုခုပြောမလိုဟန်ပြင်တော့ မှို မျက်နှာမော့ပြီး –

''မာမီ့သားက မှို့ကို မလိုဘူးတဲ့''

မှို အငြိုးနဲ့ပြောလျှင် ဗိုင် မလုံမလဲဖြစ်သွားသည်။ ဆံပင်ထဲ လက်ချောင်းတွေ ထိုးထည့်လိုက်၊ လက်တစ်ဖက် ခါးထောက်လိုက်နဲ့ မူမမှန်ဖြစ်၏။

အရင်ကစိတ်အတိုင်းဆို ဗိုင် ပက်ခနဲ ပြန်ပြောမှာ သေချာသည်။ ခုတော့ ပြန်ပြောဖို့စကားလုံး ရှာမတွေ့ဖြစ်ကာ မာမိရှေ့က ရှောင်ထွက်ဖို့ နောက်ပြန်လှည့်လျှင် –

''နေဦး သား၊ နှစ်ယောက်လုံးကို မာမိ မကြည်လင်ဘူး၊ ရှောင်သွားဖို့ စိတ်မကူးနဲ့ သား''

မာမိ ဟန့်တားတော့ ဗိုင် ခြေလှမ်းတန့်သွားသည်။ ရှိန်းရှိန်းက အလိုက်သိစွာ ဆက်လက်နားမဆင်တော့ပါ။ စူးခနဲ ကားဟောင်း ထွက်သွားလေသည်။

ဗိုင်မှာ ရှိန်းရှိန်းကားလေးကို လည်ပြန်တစ်ချက်ကြည့်၍ သက်မချသည်၊ မှိုက မျက်နှာလေးတင်းကာ အကြည့်လွှဲလျှင် မာမိက ရင်ထဲရှိနေတာ မှန်သမျှ ပြော၏။

''သားတို့ ဘာရည်ရွယ်ပြီး ခုလို တကွဲတပြားဖြစ်ချင်ရတာလဲ''

တစ်ယောက်မှ တုတ်တုတ်မလှုပ်ဘဲ အသက်ဖိရှူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကရော ဘာကိုစိတ်ကူးယဉ်ချင်တာလဲ"

မို့ကို တည့်တည့်ကြည့်ပြီး မာမီ ထပ်ဆင့်မေးလျှင် မို မလုံမလဲဖြစ်ကာ သက်မ,ချသည်။

"မို စိတ်ကူးမယဉ်ပါဘူး မာမီ"

မို မပွင့်တပွင့် ချေပလျှင် မာမီ့ကိုယ် ဆတ်ခနဲ ငေါ်သွားသည်။ အကြည့်ကလည်း ပိုရှုစူးရှလာကာ –

"သမီး စိတ်ကူးမယဉ်တတ်ရင် ကြယ်သစ်နဲ့ ဘာလို့ကွဲရတာလဲဟင်၊ မာမီနားလည်အောင် ပြောစမ်းပါ၊ ကြယ်သစ်နဲ့သမီးက ဘာလဲ၊ ဘာဖြစ်လို့ ကြယ်သစ်နားမှာ အချိန်လွန်တဲ့အထိ ရှိနေရတာလဲ"

မို မဖြေ။ ဖြေချင်စိတ်လည်း မရှိပါ။ မာမီ့မေးခွန်းတွေနောက်မှာ မို လက်ချောင်းတွေကိုသာ တင်းအောင်ဆုပ်ထားမိသည်။

"ပြောလေ သမီး"

ဒေါ်လှလှလွင် သမီးမျက်နှာကိုကြည့်ရင်း အားမလိုအားမရဖြစ်လာသည်။ သမီးလက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရင်း ထပ်ဆင့်ပြောသံက ပြင်းထန်လာသည်။

မို ဘာပြောရမလဲ။ မို့ရင်ထဲရှိတဲ့အတိုင်း ပြောချရမှာလား။

ပြောသင့်မပြောသင့် မို ဆုံးဖြတ်လို့မပြီးသေးခင် မာမီ ဆက်တိုက်ပြောသည်။

"သမီးမပြောတာ မာမီ့ကို အလေးမထားချင်လို့ မဟုတ်လား။





အရွယ်ရောက်လာပြီး ကိုယ့်စိတ်နဲ့ကိုယ် လုပ်ခွင့်ရှိတယ်လို့ ယူဆပြီး"

ဟင့်အင်း။

မာမီ့စကားမဆုံးခင် မို ခေါင်းယမ်းကာ မာမီရှေ့မှ ရုတ်ခြည်းလျှောက်သွားဟန် ခြေလှမ်းပြင်လျှင် –

"ဒီမှာ သမီး၊ သမီးကို မာမီ ပွင့်ပွင့်လင်းလင်း ပြောပြီးသား၊ သမီးကို သားကလွဲရင် ဘယ်သူနဲ့မှ မာမီအဖြစ်မခံနိုင်ဘူး၊ သားနဲ့သမီးကို နေရာချပေးဖို့ မာမီတို့ စီစဉ်ပြီးသားလို့ သမီးကို မာမီ ပြောပြပြီးသား၊ ဒါတွေ သိသိကြီးနဲ့ကွယ်"

ဟင့်အင်း။

မို ရှေ့ဆက် ဘာမှမကြားလိုတော့ပါ။

မာမီ ပြောပြကတည်းက မို ဆုံးဖြတ်ပြီးသားပါ။

ဘယ်သူ့ကိုရွေးချယ်ရမလဲ ဆိုတာပေါ့။

"သမီး အရာရာကို အရွဲ့တိုက်ဖို့ စိတ်ကူးမယဉ်ပါနဲ့ကွယ်၊ သားနဲ့သမီးနှစ်ယောက်လုံးကို မာမီ ပွင့်ပြောထားလျက်နဲ့ တစ်ယောက်ကိုတစ်ယောက် ရှဲ့နေတာတွေ ရပ်တန်းက ရပ်လိုက်ကြတော့ကွယ်၊ မာမီ ဒီလောက်ပဲ ပြောတော့မယ်"

မာမီ့စကားအဆုံးမှာ မို နာခံသည်လည်းမဟုတ်၊ မနာခံဘူးလည်း မဟုတ်သော မျက်နှာထားနဲ့ ဧည့်ခန်းထဲက ထွက်သွားလေသည်။

မာမီ့ခမျှာ ဝမ်းနည်းစွာ သက်ပြင်းချလျက် ပိုင့်ရင်မှာ နှိုး



www.burmeseclassic.com

www.burmeseclassic.com



ကျပ်သွားသည်သာ။

မှီ နင်က သိသိကြီးနဲ့ ကြယ်သစ်နဲ့တွဲတာ ဘာသဘောလဲ။

ပိုင့်ရင်မှာ ထိုမေးခွန်းလေး ပေါ်လာကာ။

✿ ✿ ✿



## အခန်း (၂၅)

ညာ။

ဆိတ်ငြိမ်သောညက တစ်ခုခုကို ဆာလောင်မွတ်သိပ်စွာ တောင်းဆိုနေသယောင် ရှိလှသည်။

သစ်ရွက်ကလေး လှုပ်တာမြင်ရရုံနဲ့ ရင်မှာဟာကာ တစ်ခုခုကို တောင့်တသလို ပိုင့်စိတ်၌ ဖြစ်တည်လာသည်။

ဒါတင်မက

ကြယ်ရောင်အောက် ညရှုခင်းကို ကြည့်ရင်းလည်း ပိုင့်စိတ်က လပ်ဟာမှုတွေ ပို၍ကျယ်ပြန့်လာသည့်နှယ်။

တစ်ကိုယ်တည်းနေရတာ ဘယ်လိုမှ ဟာမိုနီမကျဖြစ်လျှင် ထိုင်လိုက်၊ ထလိုက် လမ်းလျှောက်လိုက်နဲ့ ဂနာမငြိမ်ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ ဝိုင့်စိတ်နဲ့ ဝိုင့်ကိုယ်က မငြိမ်သက်နိုင်ရတာလဲ။ ထိုမေးခွန်းရဲ့နောက်မှာ ဝိုင့်မျက်ဝန်း၌ မှိုင်းရိပ်လေး ပေါ်လာသည်။

အစဉ်အမြဲ ဘုဆတ်ဆတ် ပြန်ပြောတတ်သောမို။

သူ့ကို အစဉ်ဦးဆောင်သော သူမ။

ခုတော့ ကြယ်သစ်နဲ့ ဘာလိုလိုဖြစ်နေကြတာ ဝိုင့်ကြောင့်လား။ ဒါကိုတော့ ဝိုင် သိလိုလှသည်။ ဒယ်ဒီနဲ့မာမီရဲ့အစီအစဉ်နောက်မှာ ဝိုင်နဲ့မိုက အလိုလိုဝေးကွာသွားသလိုရှိသည်။

ထိုဝေးကွာခြင်းကို မို သဘောတွေ့နေတာလား။

ဝိုင်ကတော့ ဝေးကွာနေတဲ့အဖြစ်ကို လက်မခံချင်သလိုလိုဖြစ်လာသည်။ မိုနဲ့ထိပ်တိုက် တွေ့လိုသည်။

မိုက ဝိုင့်အရုပ်မြင်သည်နှင့် သိသိသာသာ ရှောင်နေပါသည်၊

မိုရှောင်လေ ဝိုင်က တွေ့ချင်လေ။

အထူးသဖြင့် ဟောဒီလို တိတ်ဆိတ်ငြိမ်သက်သောညမျိုးမှာ ပို၍ပင် တွေ့ချင်စိတ် ပြင်းပြလှသည်။

ထိုစိတ်ကြောင့် ဝိုင် အိပ်ခန်းထဲက ထွက်ခဲ့သည်။ မျက်ဝန်းက မိုကိုပဲ ရှာသည်။

မို့အခန်းတံခါးကို အသာဟကြည့်သည်။

အိပ်ခန်းထဲမှာ မို ရှိမနေ။

ဝိုင့်ရင်မှာ ဒိန်းခနဲဖြစ်ကာ ပူပင်စိတ်နှင့် ရင်ခုန်သံမြန်သွားသေးသည်။





ညအိပ်ချိန်ဖြစ်လျက် အိပ်ခန်းထဲမှာ မိုရှိမနေတာ ဘာကြောင့်လဲ။ သိချင်စိတ်နဲ့ အိပ်ခန်းကို ကျော်နိုင်းကာ စာဖတ်ခန်းထဲသွားကြည့်သည်။

စာဖတ်ခန်းထဲမှာလည်း မတွေ့ရပေ။

ဝိုင့်စိတ်က ပို၍ပူပင် လှုပ်ရှားသွားသည်။

အိပ်ခန်းထဲလည်း မရှိ။ စာဖတ်ခန်းထဲလည်း မမြင်ရတော့ ဝိုင့်မျက်ဝန်းက မြင်ချင်စိတ်နဲ့ ဟိုဟိုဒီဒီ ပျာယာခတ်သွားသည်။

အဲဒီနောက် ကမန်းကတန်း ခြံထဲဆင်းရှာသည်။ သစ်ခွပန်းရုံနံဘေးရှိ စတီးရောင်လက်လက်ထနေသော လွှဲပုခက်မှာ ထိုင်နေတဲ့ မိုကို မြင်လိုက်ရမှ ဝိုင့်ရင်ထဲက အပူလှိုင်းက ဒီရေလိုကျသွားသည်။

ဒါပေမဲ့ ရင်ခုန်သံက မပြယ်သေး။ တလှိုက်လှိုက်ရင်ခုန်နေဆဲဖြစ်သည်။

✿

"မို"

ညဥ့်လေပြည်နုနဲ့အတူ ရှူရှူလေးလွင့်လာတဲ့ခေါ်သံ။

ဝိုင့်ခေါ်သံမှန်းသိပေမယ့် မို လုံးဝလှည့်မကြည့်ပါ။

"မို"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် ထပ်ဆင့်ခေါ်၍ မိုရှေ့လာရပ်သည်။ မို ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်မိသွားသည်။

မျက်နှာချင်းဆိုင်ဖြစ်သွားတဲ့ မိုနဲ့ဝိုင်။ ကြယ်ရောင်လင်းမှုန် များဖြင့် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်းကြည့် ဖြစ်သွားသည်။

"နင့်ကို ငါ ပြောစရာရှိတယ်"

ဝိုင် စကားစပြောတော့ မို နှုတ်ခမ်းကိုမဲ့လိုက်ပြီး –

"နင်နဲ့ငါ့ကြား ဘာမှပြောစရာမရှိဘူး ဝိုင်"

"ဘယ်လို မို၊ ပြောစရာ မရှိဘူး။ ဟုတ်လား"

"ဟုတ်ကယ်၊ နင်နဲ့ငါကြားမှာ ဘာမှပြောစရာမရှိဘူး"

"ဘာလို့မရှိရမှာလဲ၊ အများကြီးရှိတယ် မို၊ နင် မသိချင်ဟန် ဆောင်မနေနဲ့"

"အဟင့် ဟင့်"

ဂိုင့်စကားအဆုံးမှာ မို ခပ်မဲ့မဲ့ရယ်သည်။

ဝိုင် မျက်မှောင်ကြုတ်လျက် မို့ကို စိုက်ကြည့်သည်။

မို့မျက်နှာပေါ်က အစိတ်အပိုင်းအသီးသီးက ကြယ်ရောင် ကြောင့်ထင်တယ်။ နဂိုထက်ပိုလှနေမှန်း ဝိုင် သတိထားမိ၏။

ဒါတင်မက ခပ်မဲ့မဲ့ရယ်ပုံက သရုပ်ဆောင်နေသလို အသက် ပါလှသည်။ အရယ်ရပ်ရင်း မျက်နှာလေးခါလျက် ဝိုင်ရှေ့မှ လှမ်းထွက် သွားတဲ့အခါ ဝိုင့်ရင်မှာ မခံချိမခံသာ ဖြစ်သွားသည်။





"မို"

မို့လက်တစ်ဖက်ကို အမိုင်အနိုင်ဆွဲထား၍ ဝိုင်ခေါ်လိုက်သည်။ မို ခြေလှမ်းရပ်ပစ်၏။ မျက်လုံးကလည်း ဝိုင့်ကိုစွေကြည့်သည်။ တစ်ဆက်တည်းလည်း ဝိုင်ဆုပ်ကိုင်ထားတဲ့လက်ကို ခါပစ်၍ပြောသည်။

"နင်နဲ့ငါ့ကြားမှာ ဘာအကာနဲ့မှ မရှိတော့ဘူး"

"ဘာလို့မရှိရမှာလဲ၊ မာမီတို့ စီစဉ်တဲ့ကိစ္စ"

"အဟွန်း"

နှာခေါင်းကို ရှုံ့မဲ့၍ ဝိုင့်ဘက် တည့်တည့်လှည့်ကြည့်၏။

"မာမီတို့စီစဉ်တိုင်း ငါ လက်ခံမယ်လို့ ထင်နေလား"

"ဘာ"

မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ မို့စကား။ ဝိုင် ဘာခနဲ အံ့ဩ ကာ မို့ကို မယုံနိုင်စွာ ပြူးပြဲကြည့်မိသွားသည်။

"နင် သိပ်အံ့ဩသွားလား ဝိုင်"

ခနဲ့သလို မို မေးလျက် စိုက်ကြည့်သည်။ ဝိုင်ကလည်း ပြန်စိုက်ကြည့်၍ မို့ပခုံးနှစ်ဖက်ကို လှုပ်ရှားစွာ ဆုပ်ကိုင်ပြီး –

"နင် ဘာတွေပြောနေတာလဲ မို"

"ငါ့ရင်ထဲကဆန္ဒကို ငါပြောနေတာ၊ နင် ငါ့အပေါ် ဘယ် တုန်းကမှ မေတ္တာရှိခဲ့တာ မဟုတ်ဘူး ဝိုင်၊ နင့်စိတ်ကို ငါ ကောင်း ကောင်းသိတယ်၊ နင့်စိတ်က ငါ့ကို အမြဲတမ်း ဒီတိုက်ပေါ်က နှင်ချ ချင်တယ်၊ တစ်ယောက်ယောက်ရင်ခွင်ထဲရောက်အောင် တွန်းပို့တာ



www.burmeseclassic.com

www.burmeseclassic.com



ငါသိတယ်၊ ဒါကြောင့် ငါ ဘယ်လမ်းကို ရွေးသင့်လဲဆိုတာ ငါ့ဦးနှောက်နဲ့ငါ ဆုံးဖြတ်ပြီးသား''

''ဟာ နင် ဘာတွေပြောနေတာလဲ မို''

''နင်ကြားတဲ့အတိုင်းပဲ''

ပခုံးပေါ်က ပိုင့်လက်ကို ဖယ်ချလျက် သံပြတ်နဲ့ပြောကာ လှည့်ထွက်သွားတဲ့ မို။

''ဟေ့ မို၊ နေဦး''

ပိုင်က ကမန်းကတန်းတားရင်း မို့ရှေ့က ပိတ်ရပ်လိုက်သည်။ မိုလည်း တုံ့ခနဲရပ်ပစ်ရင်း –

''နင် အခုမှ ဘာဖြစ်ချင်တာလဲ၊ နင်ဖြစ်ချင်တာကို ငါ ဘာမှလုပ်ပေးနိုင်တော့မှာ မဟုတ်ဘူး''

''နင် ရူးနေလား မို''

''ဟင့် ဟင့် ဟင့် ဟုတ်တယ်၊ ငါ ရူးနေတယ်လို့ သတ်မှတ်လိုက်''

''ကျစ်၊ မို နင်နော်''

ပိုင် စိတ်မထိန်းနိုင်စွာ လက်ရွယ်မိသွားသည်။ မို့စိတ်က ဒီအချိန်မှာ ဘာကိုမှ မမှုနိုင်တော့ပါ။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်မို့ အရာရာကို ပြတ်သားနေပါပြီ။

''နင် ဘာလုပ်ချင်လဲ၊ လုပ်လိုက်လေ၊ ရိုက်ချင်လား၊ ထိုးချင်လား''





ထိုမေးခွန်းနဲ့ ရင်ကော့ပြောလာတဲ့ မို့စကားနောက်မှ ရွယ်ထားမိတဲ့ ပိုင့်လက် လွင့်ကျသွားသည်။ ညက အေးနေပေမယ့် ခံပြင်းစိတ်နဲ့ ပိုင့်မျက်နှာမှာ ချွေးတွေစို့နေပါသည်။

''ဒီမှာ ပိုင်၊ မာမီတို့အစီအစဉ်ကို ငါလက်မခံတာ အကြောင်းမဲ့ မဟုတ်ဘူး၊ တစ်သက်လုံးကျွေးမွေးပြုစုလာတဲ့ မာမီတို့စေတနာကို စော်ကားတာလည်း မဟုတ်ဘူး''

''ဒါဆို နင် ဘာဖြစ်လို့ ငြင်းချင်ရတာလဲ၊ မာမိနဲ့ဒယ်ဒီ ဘယ်လောက် ဝမ်းနည်းနေမလဲ၊ နင် နည်းနည်းမှ မစဉ်းစားမိဘူးလား မို''

''စဉ်းစားတာပေါ့ ပိုင်၊ စဉ်းစားရလွန်းလို့ အိပ်ရေးပျက်ပေါင်းများလှပြီ ပိုင်၊ ဒါပေမဲ့''

မို စကားကို ဆက်မပြောတော့ဘဲ ဖြတ်တောက်ထားလိုက်သည်။ အဲဒီနောက် မို့ခြေလှမ်းကလည်း သစ်ခွပန်းရုံဘက် ရွေ့သွားလျှင် –

''ဒါပေမဲ့ ဘာဖြစ်လဲ မို''

''သိချင်ရင် နင့်နှလုံးသားကို နင် ဆန်းစစ်ကြည့်လေ''

''ဘာ''

ပိုင် အအံ့သြဆုံးဖြစ်ကာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မိုက ပိုင် အံ့သြနေတာကို ပုံမှန်အတိုင်းကြည့်၍ သွက်သွက်ကလေး ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ နင့်နှလုံးသားကို နင်ပြန်ဆန်းစစ်ကြည့်၊ ဒယ်ဒီနဲ့မာမီစီစဉ်တိုင်း နင်နဲ့ငါ ညားကြရုံသာရှိတယ်၊ ဘာခံစားချက်ရှိလို့လဲ၊ ပြောလေ ပိုင်"

မို့မေးခွန်းက ပိုင့်ရင်ဘတ်ကို တွန်းပစ်သလို အားပါလှသည်။ ထိုအခါ ပိုင့်ခြေလှမ်း အလိုလို နောက်ဆုတ်သွားမိသည်။

ဘာခံစားချက်ရှိလို့လဲတဲ့။

မို့က မေးတတ်တိုင်း မေးပေမယ့် ပိုင် မဖြေနိုင်။ ရင်ဘတ်ထဲမှာတော့ ပူလောင်ကာ တဒိုင်းဒိုင်းမြည်ဟည်းလျက် အသိတရားက ဆောက်တည်ရာမရဖြစ်လို့နေပါသည်။

"အေး နင် မပြောနိုင်ဘူး မဟုတ်လား"

"ငါ"

ပိုင် ထိုမျှအထိပဲပြောကာ ရှေ့ဆက်စကားလုံး ထွက်မလာတော့ပါ။ ပိုင့်ရင်ထဲမှာ ဘာပြန်ပြောရကောင်းမှန်း တကယ်မသိတော့ပါ။

ခံစားချက်တို့ ဘာတို့ဆိုတာထက် ဒယ်ဒီနဲ့မာမီဆန္ဒသာ အလေးထားချင်စိတ် ပိုင့်ရင်မှာ ပြည့်နှက်နေသည်။

"အစကတည်းက နင့်စိတ်ကို ငါသိတယ် ပိုင်ရယ်၊ ဒါကြောင့် ငါ့ဦးနှောက်နဲ့ငါ ရွေးသင့်တာကို ရွေးရမယ်၊ လက်ခံသင့်တာကို လက်ခံရမှာပဲ"

ပိုင် အသက်ရှူသံ ပိုမြန်သွားသည်။ မို့က ကြယ်ရောင်ဖြင့် အလှဝေနေတဲ့ သစ်ခွပန်းတို့ကို တစ်ချက်ကြည့်ရင်း ပြောသည်။





"ပြီးတော့ ကြယ်က ငါ့ကိုချစ်တယ်တဲ့"

"ဟင်"

ကြယ်သစ် မို့ကို ပိုးနေတာ ပိုင်သိသည်။ မို့ကို ကြယ်သစ်ကြွေနေမှန်းလည်း အစကတည်းက သိသည်။ ထိုစဉ်က အသိနဲ့ ယခုအသိက ကွာခြားသလို ခံစားလိုက်ရသည်။ ဒါတင်မက ပိုင့်ရင်ကို ထိထိမိမိ လှုပ်ရှားသွားစေသည်။

"ငါ့ကို ချစ်တယ်" တဲ့။

မို့ကို ကြယ်သစ်က ချစ်သတဲ့။

ထိုစကားလုံးနောက်မှာ ပိုင့်မျက်ဝန်းထဲ အရောင်တွေ ဖြာနောက်သွားသလို ဖြစ်သည်။

"နင် အစကပြောသလိုပဲ ကြယ်က ပြည့်စုံတယ်၊ အခြေခိုင်တယ်၊ ကြယ့်မိဘကလည်း ငါ့ကို လိုလားတယ်၊ ကြယ်ကလည်း ငါ့ကို ချစ်တယ်ဆိုတော့"

"တော်တော့ မို့"

ပိုင် ဆက်လက်နားဆင်နိုင်စွမ်းမရှိတော့ပါ။ မို့ ဆက်မပြောရန် ပိတ်ပြောရင်း ဗလောင်ဆူသွားတဲ့ရင်ခွင်ကို တည်ငြိမ်အောင်ထိန်းဖို့ ကြိုးစားရသည်။

ပိုင်တို့နှစ်ဦးကြား ခေတ္တတိတ်ဆိတ်သွားပေမယ့် ညဦးလေ... တိုက်ခတ်တဲ့နောက် သစ်ခွပင်တွေ နွဲ့နွဲ့ယိမ်းသွားသည်က ပိုင့်နှလုံးသားကို တီးခေါက်နေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မို၊ နင် စိတ်ထင်တိုင်း လျှောက်လုပ်ဖို့ စိတ်ကူးမယဉ်နဲ့၊ နင် စိတ်ကူးယဉ်သမျှ ငါ ခွင့်ပြုမယ်ထင်သလား၊ ဝေးသေးတယ်ကွ၊ နင့်ဘက်က သေချာပြန်စဉ်းစားဦး၊ ငါ ဒါပဲ ပြောမယ်"

"အဟင့် ပြောပေ့ါ၊ ငါ့ကို နင် ချုပ်ကိုင်လို့မရဘူး ဝိုင်၊ ငါ့စိတ်, ငါ့ကိုယ်, ငါ့နှလုံးသားနဲ့ ငါ့ဘဝအတွက် ငါ့ဘာသာငါ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသလို ဆုံးဖြတ်ခွင့်လည်းရှိတယ်၊ နင် တားတိုင်းရမယ်ထင်သလား၊ စိန်လိုက်လေ၊ အဟင့်"

"တောက် မို"

မျက်နှာလေးဝင့်ကာ စိန်ခေါ်သလို ပြောပြီးထွက်သွားတဲ့ မို။ ဝိုင့်ရင်မှာ တားမရဆီးမရဖြစ်ကာ ခံပြင်းသွားလေပြီ။

လက်သီးကျစ်ကျစ်ဆုပ်ကာ လက်ဖဝါးတစ်ဖက်မှာ ဖိထိုးရင်း ခံပြင်းစွာ အံကြိတ်ထားမိသည်။

မို နေနှင့်ဦးပေ့ါကွ။

နင်ပြောသလို ငါ့နှလုံးသားကို ငါ ပြန်ဆန်းစစ်ဦးမယ်။ ငါ့နှလုံးသားတိမ်တိုက်တွေဟာ ဘာအရောင်၊ ဘာအသွေးဆိုတာ အဖြေထွက်တဲ့နေ့ နင်နဲ့ငါ ထိပ်တိုက်တွေ့တဲ့နေ့ပဲ။

ဟုတ်တယ်နော် မိုဟု ရင်ထဲမှာ ကျိတ်ပြောမိသည်က တိတ်ဆိတ်တဲ့ညကို သက်သေထားလျက်ဖြစ်သည်။

✿ ✿ ✿



အခန်း (၂၆)

"အလို"

ညှော်ခန်းထဲ လှမ်းဝင်ဝင်ချင်း ဂုဏ်သရေရှိ ညှော်သည်စုံတွဲကို ဘွားခနဲတွေ့ရလျှင် ဒေါ်လှလှလွင် နှုတ်ခမ်းလှာ ပွင့်ဟသွားသည်။

"အန်တီ ဒါ ကျွန်တော့်ဒယ်ဒီနဲ့မာမီ"

ဟု ညှော်သည်စုံတွဲဘေးမှာ ထိုင်နေတဲ့ ကြယ်သစ် မိတ်ဆက်ပေးသံကြားမှ ဒေါ်လှလှလွင် အံ့သြရာမှ အသိဝင်လာပြီး

"သြော် အေး ဘယ်တုန်းက ရောက်နေကြတာလဲ"

"မကြာသေးဘူး အန်တီ၊ အန်တီတို့ အပြင်သွားတယ်ဆိုလို့ စောင့်နေတာ"

"အိုး အားနာစရာ၊ လာမယ်ဆိုလည်း ကြိုပြောပါလား ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လူကြီးတွေကို အားနာစရာကြီး၊ ဟင့် ဟင့်"

ဒေါ်လှလှလွင် လူမှုရေးအရ စကားသွက်သွက်ပြောရင်း ဧည့်ခန်းထဲ လှမ်းဝင်ခဲ့သည်။ ရင်ထဲမှာတော့ မကြည်လင်ပါ။

ကြယ်သစ်က မိဘတွေခေါ်လာတာ အကြောင်းမဲ့မဟုတ်မှန်း အလိုလိုသိနှင့်တာကြောင့် ခင်ပွန်းသည်ကို အဓိပ္ပာယ်ပါပါ တစ်ချက် လှည့်ကြည့်သည်။

ခင်ပွန်းသည်က သိပါတယ်ဆိုတဲ့ အမြင်မျိုးနဲ့ ခေါင်းတစ်ချက် ဆတ်ပြီး ဇနီးသည်နောက်မှ ကပ်လျက် ဧည့်ခန်းထဲ ဝင်ခဲ့သည်။

"ကျွန်မတို့လည်း အကြောင်းမကြားဘဲ လာခဲ့တာ အားတော့နာပါတယ်၊ ဒါပေမဲ့ သားက ရပါတယ်ဆိုပြီး ဖွတ်ခေါ်လာတာလေ၊ ဒီရောက်တော့မှ သမီးက,ပြောတယ်၊ ဆွမ်းကျွေးသွားကြသတဲ့၊ ရောက်ပြီးမှ မထူးပါဘူးဆိုပြီး ထိုင်စောင့်နေမိတာ၊ ကျွန်မတို့ကတောင် ပြန်ပြီး အားနာနေမိတာရှင့် ဟင့် ဟင့် ဟင့်"

ကြယ်သစ်မိခင် ဒေါ်သီတာရှိန်ကလည်း ပေါ့ပေါ့ပါးပါးလေး ဝင်ပြောသည်။

နှစ်ဖက်မိဘက တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မမြင်ဖူးကြပေမယ့် အပြန်အလှန် အားနာစကားဆိုနေကြသည်။

ဒေါ်လှလှလွင်နဲ့ ဦးထွန်းလင်းတို့ အဝတ်တွေဘာတွေ မလဲတော့ဘဲ ဧည့်သည်တွေနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီး ဧည့်ခံစကားဆိုသည်။





"ရပါတယ်ဗျာ၊ ကျွန်တော်တို့က ကြိုတင်သိမထားလို့ပါ"

"ဂရုစိုက်မနေပါနဲ့ဗျား၊ ကျွန်တော်တို့လည်း ကြိုတင်သတင်းမပေး မထားမိဘဲဗျာ၊ ရပါတယ်၊ အခုလို လက်ခံစကားပြောတဲ့အတွက် အများကြီး ဝမ်းသာရတယ်ဗျာ"

ကြယ်သစ်ဖခင် ဦးမြင့်မိုရ်လည်း ရယ်လျက် ရင်းရင်းနှီးနှီး စကားဆိုသည်။ အခုမှ မြင်ဖူးပေမယ့် ပြေပြေလည်လည် ပြောဆိုနေကြမိတာက အလားအလားကောင်းတယ်လို့ ကြယ်သစ်ယူဆကာ ရင်မှာ ရွှင်မြူးနေလေသည်။

"ဒါနဲ့ အလည်သက်သက်မဟုတ်လား"

ဦးထွန်းလင်းက သိလိုစိတ်နှင့် ဣန္ဒြေရရ စကားစပေးသည်။ ဦးမြင့်မိုရ်က ကိုယ်မတ်မတ်ပြင်ထိုင်ပြီး–

"အလည်သက်သက်တော့ မဟုတ်ဘူး၊ သားက ပူဆာတာနဲ့"

"ဘယ်လို"

ဒေါ်လှလှလွင် ဣန္ဒြေမဆည်နိုင်တော့ပါ။ ကြယ်သစ်မျက်နှာကလည်း ရှက်ပြုံးနဲ့ ခေါင်းငုံ့ချလိုက်သည်က ဘာကိုရည်ရွယ်မှန်း သိသွားသလိုဖြစ်ကာ

ဘယ်လိုဆိုတဲ့ အသံဝါကြီး ဒေါ်လှလှလွင်နှုတ်မှ ခုန်ထွက်သွားသည်။

"ဟုတ်ပါတယ်ရှင်၊ သားက သမီးမိုကို ပေးစားချင်လို့ သိတာကလည်း မိုနဲ့ဆို သားကို လက်ခံတယ်၊ ဒါကြောင့် ခေါ်ရတာပါ



www.burmeseclassic.com

www.burmeseclassic.com



သားရှင်က ဆိုက်ဆိုက်မြိုက်မြိုက် လာရတာပေါ့ရှင်''

ဒေါ်သိတာရှိန် ပွင့်ပွင့်လင်းလင်းပြောချတော့ ဦးထွန်းလင်းနဲ့ ဒေါ်လှလှလွင် မျက်နှာထား အရောင်ဖျော့ကျသွားသည်။

ဒေါ်လှလှလွင်က ခေါင်းကို တစ်ချက်ယမ်းသည်။ ချက်ချင်း လည်း ထိုင်ရာမှ ထ,လျှင် –

ဦးထွန်းလင်းက ဇနီးသည်လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲပြီး ထိုင်စေသည်။ ဧည့်သည်တွေရှေ့မှ စိတ်ထိန်းဖို့လည်း မော့ကြည့်ရင်း အချက်ပေးလိုက်သေးသည်။

သို့သော်လည်း သမီးနဲ့ပတ်သက်လျှင် ဒေါ်လှလှလွင် ဟန် မဆောင်နိုင်ပါ။

''သမီးက ငယ်သေးတယ်ရှင့်၊ တခြားတစ်ယောက်နဲ့ အိမ်ထောင်ချပေးဖို့ လုတို့ တစ်ခါမှ မစဉ်းစားမိဘူး၊ ဒီကိစ္စကြောင့် လာဟာ ဆိုရင်လည်း ဝမ်းနည်းပါတယ် ဒေါ်သိတာရှိန်''

ဒေါ်လှလှလွင် အားမနာတော့ဘဲ ပြောလေသည်။ ကြယ်သစ်တို့မိသားစုမျက်နှာမှာ မျှော်လင့်ချက်အရောင်တွေ မှိန်ဖျော့သွားပြီး

''ဒီလိုကြီး မပြောပါနဲ့ ဒေါ်လှလှလွင်ရယ်၊ လူငယ်တွေရဲ့ ဆန္ဒကိုလည်း ငဲ့ကြည့်ပါဦး၊ သားကြယ်နဲ့သမီးက မေတ္တာမျှနေပြီးသား''

ဒေါ်သိတာရှိန် ရှင်းပြသလိုပြော၏။ ဒေါ်လှလှလွင်က မျက်နှာ ပျက်ပျက်နဲ့ပဲ ဆိုသည်။

''ကျွန်မ ဘယ်လိုမှ လက်မခံနိုင်ဘူး ဒေါ်သိတာ၊ ဝမ်းနည်း





ပါတယ်၊ သမီးနဲ့ကြယ် မေတ္တာမျှနေတယ်ဆိုတာ ပိုပြီးမယုံဘူး''

''ဒါဆိုရင်ရယ် မှိုကို မေးကြည့်ပါဦး''

ကြယ်သစ်က မျက်နှာငယ်လေးနဲ့ ထ,ပြောသည်။

''ဘာမှမေးစရာ မလိုဘူးကွ''

အောက်ထပ်ဧည့်ခန်းထဲက ပျံ့လွင့်လာတဲ့စကားသံတွေကြောင့် အပေါ်ထပ်က ကမူးရှူးထိုးပြေးဆင်းလာတဲ့ ဝိုင်း၊ ဧည့်ခန်းထဲ တစ်ရှိန်ထိုး ဝင်လာရင်း ခပ်ပြတ်ပြတ်ပြောချသည်။

အားလုံးမျက်ဝန်းက ဝိုင့်ထံ ကျရောက်သွားသည်။

ကြယ်သစ်က ဝိုင့်ဆီ ချက်ချင်းလျှောက်လာပြီး –

''ဝိုင် မင်းနဲ့ကိုယ်ကြားမှာ ဘာအငြိုးရှိလို့လဲ''

''ရှိရှိ မရှိရှိ''

''မင်း တစ်ဖက်သတ်မပြောနဲ့၊ ဒီနေ့ ကိုယ့်မိဘကို ခေါ်လာ တယ်ဆိုတာ မှိုက သဘောတူလက်ခံလို့ကွ၊ မယုံရင် အားလုံးရှေ့မှာ မှိုကိုမေးကြည့်၊ မှိုငြင်းရင် ခုချက်ချင်း ကိုယ့်မိဘကို ကိုယ်ပြန်ခေါ်သွား မယ်''

ကြယ်သစ် အခိုင်အမာပြောချလျှင် ဝိုင်နဲ့ဒေါ်လှလှလွင် ငုံ ပြင်းသွားသည်။ ဦးထွန်းလင်းက ရှုပ်ထွေးနေတဲ့အခြေအနေအတွက် စိတ်ထိန်းချုပ်ရင်း ထိုင်ရာမှထသည်။

ကြယ်သစ်ကို တစ်ခုခုပြန်ပြောဟန် ဖြစ်နေသည့် ဇနီးသည်ကို လက်ကာဟန့်တားရင်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှ စိတ်ကိုလျှော့စမ်းကွာ၊ သား မင်းလည်း ပါးစပ်ပိတ်ထား၊ ဘာမဆို အေးအေးဆေးဆေး ပြောဆိုလို့ရတယ်၊ စိတ်ထင်တိုင်း ပြောလို့ပြီးတဲ့ကိစ္စမဟုတ်ဘူး"

"ဟုတ်တယ်ဗျာ ကိုထွန်းလင်း၊ ကိုထွန်းလင်းပြောတာကို ကျွန်တော် လက်ခံတယ်"

"သမီးကိုလည်း မေးကြည့်ပါဦး ဒေါ်လှလှလွင်ရယ်၊ သီတာတို့ကလည်း အတင်းအကျပ်ပြောနေတာမျိုး မဟုတ်ဘူး၊ သမီးနဲ့ သီတာ တွေ့ပြီးပြီ၊ သမီးသဘောကို သိရလို့လည်း ခုလို ရောက်ခဲ့တာပါ၊ သမီးကို မေးကြည့်ပါကွယ်"

ကြယ်သစ်မိဘနှစ်ပါးလည်း ဖျောင်းဖျဟန်နှင့် တစ်ယောက်တစ်ခွန်း ဝင်ပြော၏။ ဒေါ်လှလှလွင်နှုတ်ပိုင် မျက်နှာထား ညိုမှောင်လေပြီ။ ထိုစဉ် –

သမီးက ဧည့်သည်တွေအတွက် ကော်ဖီနဲ့မုန့်တွေကို ဗန်းဝိုင်းဖြင့် ပင့်ကိုင်ပြီး ဧည့်ခန်းထဲ လှမ်းဝင်လာသည်။

"သမီး"

ဦးထွန်းလင်း အသံကိုထိန်းချုပ်၍ ခေါ်သည်။ ဧည့်ခန်းထဲမှ ဧည့်သည်ရော အိမ်ရှင်ပါ မိုးတိုးမတ်တတ်ဖြစ်နေကြတာမြင်ရတော့ မို့ရင်မှာ ထိတ်ခနဲဖြစ်သွားသည်။

ခြေလှမ်းမမှားအောင် မို့ထိန်း၍ လျှောက်လာရင်း –

"ပြောပါ ဒယ်ဒီ"





ဟု ခပ်တိုးတိုးဆို၍ ပင့်ကိုင်လာတဲ့ ကော်ဖီပန်းကို ဧည့်ခံစားပွဲပေါ်တင်လိုက်သည်။

ဧည့်သည်နဲ့အိမ်ရှင်အားလုံး မိုးတိုးမတ်တတ်ဖြင့် မို့ကိုသာ မျှော်လင့်တကြီး စိုက်ကြည့်နေကြသည်။

"ကဲ အားလုံးထိုင်ကြဗျာ၊ သမီးလည်း ထိုင်ဦး"

ဦးထွန်းလင်း တည်ငြိမ်အောင်ထိန်း၍ ပြောသည်။ အားလုံး သတိလက်လွတ်ဖြစ်နေရာမှ အသိဝင်လာသလိုဖြစ်ကာ အသီးသီး ဆိုဖာတွေမှာ ဝင်ထိုင်ကြပေမယ့် မို့ ဝင်မထိုင်သေးပါ။

လက်ချောင်းလေးများ အချင်းချင်းပွတ်ရင်း မျက်တောင်ပုတ်ခတ်လုပ်ကာ မျက်လုံးက နူးအိနေသော ကဗ္ဗီပါအခင်းကော်ဇော ကွက်ကြီးပဲ စိုက်ကြည့်နေမိသည်။

"လာပါဦး သမီးရယ်"

ဒေါ်လှလှလွင်က ဝမ်းနည်းသံဖြင့် မို့ကိုဆွဲယူပြီး အနားမှာ ထိုင်စေသည်။ မာမီ့အပါးမှာ ကပ်ထိုင်ဖို့ မို့စိတ်က ပလုံခြုံပါ။

ဒါကြောင့် အားလုံးမျှော်လင့်စောင့်စားနေတဲ့စကားကို ဒယ်ဒီ မမေးခင် မို့ပဲ ဖြေလိုက်တော့သည်။

"ဟုတ်တယ် ဒယ်ဒီ၊ ကြယ့်ကို မို့ လက်ခံပါတယ်၊ မို့စိတ်ကို နားလည်ပေးပါ၊ မို့ ဒီလောက်ပဲပြောပါရစေတော့၊ ဟင့် ဟင့် ဟင့်"

မို့ ဆုံးဖြတ်ထားတဲ့အတိုင်း ပြောချကာ ဝမ်းနည်းသလို ငိုချရင်း ဧည့်ခန်းထဲမှာ ရှောင်ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အားလုံး ဟင်ခနဲဖြစ်ကာ ကြွယ်သစ်နဲ့ ကြွယ်သစ်မိဘမျက်နှာ ကျေနပ်ရောင်တောက်ပသွားပေမယ့် ဝိုင်နဲ့ဝိုင့်မိဘမျက်နှာ မှောင်မိုက်ပြာတူးသွား၏။

ဒေါ်လှလှလွင်က ဟန်မဆောင်နိုင်ဆုံးဖြတ်ကာ –

"သမီး"

ဟု ငိုသံကြီးနဲ့ခေါ်ရင်း သမီးနောက် ထလိုက်သွားတော့သည်။ အခြေအနေက ထင်ထားသလိုဖြစ်မလာမှန်း ရှင်းရှင်းလင်းလင်း သိလိုက်ရတဲ့ ဦးထွန်းလင်းရင်မှာ မီးလောင်သွားသည့်နှယ်။

ဝိုင်က မျက်နှာပျက်ပျက်နဲ့ ထ,ထွက်သွား၏။ ကြွယ်သစ်မိဘပြောသမျှကို ဦးထွန်းလင်း သည်းခံနားထောင်ကာ မယုတ်မလွန် စကားပြောလိုက်ရသည်။

ဧည့်သည်တွေ ပြန်သွားတော့ ဦးထွန်းလင်း အရှုပ်ကြုံးပြတ်ဖြစ်ကာ ဇနီးသည်ကို မည်သို့ဖျောင်းဖျရမလဲ၊

သမီးကို ဘယ်လိုချော့မော့သိမ်းသွင်းရမလဲ၊

သားကိုရော ဘယ်လိုဖိအားတွေ ပေးရမလဲ၊

လဲပေါင်းများစွာဖြင့် ဦးထွန်းလင်း အသက်မရှူရဲအောင်ဖြစ်လျက်။

✿ ✿ ✿



## အခန်း (၂၇)

"သမီး သိပ်ရက်စက်တယ် ကိုကို၊ ဟင့် ဟင့်"

ဒါပဲပြောပြီး ငိုနေရှာတဲ့ မာမို့ကို ဝိုင် မကြည့်ရက်နိုင်ပါ။ မာမီငိုနေရှာတာ မြင်လေ ရင်မှာ တနုံ့နုံ့နဲ့ ဝမ်းနည်းရလေဖြစ်သည်။

"ဘာတတ်နိုင်မှာလဲ လှရယ်"

"ဘာလို့မတတ်နိုင်ရမှာလဲ ကိုကို၊ လှ လုံးဝလက်မခံဘူး။ ဟင့်အင်း၊ လှ အစကတည်းက ပြောပြီးသား၊ သမီးနဲ့သားက လွဲပြီး ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး၊ အဲဒါ ကိုကို ရအောင်ပြော"

ချော့မော့နှစ်သိမ့်ပေးဖို့ ကြိုးစားနေတဲ့ ဒယ်ဒီ့စကားလုံးတွေက အရာမထင်။ မာမီ ငိုယိုရင်း ဖွတ်တရွတ်ပြောလေသည်။

ဒယ်ဒီက သက်ပြင်းတချချနှင့် သားဖြစ်သူကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပဲ ထပ်တလဲလဲတွေးကာ မွန်းကျပ်နေပါသည်။

"ဝိုင်ရယ်၊ ဝိုင့်ကို မြင်ရတာ ရှိန်းတော့ ရင်ထဲပူနေတာပဲ၊ သိလား၊ ကဲ ဝိုင် ဘာဖြစ်ချင်လဲ၊ ပြော၊ ရှိန်း ကူညီနိုင်တယ်"

စိတ်တွေ မွန်းကျပ်လို့ ရှိန်းရှိန်းအပါး ဝိုင်ရောက်ခဲ့သော်လည်း မွန်းကျပ်တဲ့စိတ်က မွန်းကျပ်နေဆဲဖြစ်သည်။

ရှိန်းရှိန်းက ဝိုင့်စိတ်အလိုတိုင်း ဖြစ်စေဖို့ စကားလမ်းကြောင်း ခင်းပေးသော်လည်း ဝိုင့်စိတ်က ဘာဖြစ်လို့ဖြစ်ချင်မှန်း တိကိကျကျ မသိတာ ခက်လှသည်။

ဝိုင် ဘာမှမပြောတော့ ရှိန်းရှိန်း မသိမသာ သက်မ,ချသည်။ ပြီးတော့ မောင်းနေတဲ့ကားကိုလည်း ဆိပ်ကမ်းသာနားအရောက်မှာ လျှော့ခနဲထိုးရပ်လိုက်လေသည်။

မွန်းကျပ်နေတဲ့ ဝိုင့်စိတ် ပြေသာစေဖို့ ရှိန်းရှိန်း ဘာမဆို လုပ်ပေးဖို့ ဝန်မလေးတော့ပါ။

"လာ ဝိုင်၊ လမ်းလျှောက်ကြရအောင်"

ရှိန်းရှိန်း ကားမောင်းသူနေရာမှ ဦးစွာဆင်းသည်။ ကားခေါင်းမှပတ်၍ ဝိုင့်ဘက်က ကားတံခါးပါ ဆွဲဖွင့်ပေးရင်းဆိုသည်။

ဝိုင် သက်မ,ချကာ ရှိန်းရှိန်းပြောတဲ့အတိုင်း ကားပေါ်က ဆင်းလိုက်သည်။

ရှိန်းရှိန်းနဲ့အတူ ဆိပ်ခံတံတားကြီးပေါ် လှမ်းလျှောက်ရင်း မွန်းကျပ်နေတဲ့စိတ်က အနည်းငယ်ပြေလျော့လာသည်။





ရေပြင်ပေါ်မှ ဖြတ်တိုက်လာတဲ့ ညနေခင်းလေက အေးလှ သည်။ ရေလယ်မှာ ကျောက်ချရပ်နားနေတဲ့ နိုင်ငံခြားသင်္ဘောကြီးတွေ၊ ကမ်းမှာဆိုက်ကပ်ထားတဲ့ သင်္ဘောတွေကို လိုက်ကြည့်ရင်း စိတ်က အနည်းငယ် ပေါ့လာသလို ခံစားရသည်။

"ဝိုင်"

ဝိုင့်မျက်နှာအရောင်ပြောင်းလဲမှုကို ရှိန်းရှိန်း ဖတ်တတ်နေ ပါသည်။ ရေပြင်ဘက် မျက်နှာမူလျက် သင်္ဘောကြီးတွေကို ငေးကြည့် နေတဲ့ ဝိုင် ဘေးနားကပ်ရပ်ရင်း ရှိန်းရှိန်း ခေါ်သည်။

ခေါ်သံနောက်မှ ဝိုင် မျက်ဝန်းလေး စွေကြည့်မိသည်။

ပန်းနုရောင်ပြေပြေလေးလိမ်းထားတဲ့ ရှိန်းရှိန်းမျက်နှာလေး က ညနေခင်းနေရောင်အောက်မှာ တောက်ပနေကာ။

ရိုတ်သင်ပုံဖော်ထားတဲ့ မျက်ခုံးတန်းကို ခဲပြာနဲ့ အရောင်တင် ဆွဲထားတာကအစ ထင်ရှားနေသည်။

အပြုအပြင် အခြယ်အသတို့နဲ့ လှပဖူးကြွနေတဲ့ ရှိန်းရှိန်း မျက်နှာလေးကိုမြင်တော့ ဘာအခြယ်အသမှမရှိဘဲ မျက်လုံး, မျက်ခုံး, နှာတံကအစ နဂိုအတိုင်းလှနေတဲ့ မို့ရဲ့ အော်ရီဂျင်နယ်အလှမျက်နှာ လေးကို မြင်ယောင်လာသည်။

"ကြည့်လှချည်လား"

ရှိန်းရှိန်းက မရက်သယောင် ရက်သယောင်အမူအရာဖြင့် ဆံပင်ကို တစ်ချက်သ,ရင်း ခပ်ရွှင်ရွှင်လေးဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှင်လန်းနေတဲ့ ရှိန်းရှိန်းအသံလေးကြောင့် ပိုင် သက်မ,ချကာ အကြည့်လွှဲသည်။

"ပြောလေ ရှိန်း၊ ရှိန်း ဘာပြောချင်လို့လဲ"

"အဟင့် ရှိန်းပြောချင်တာတွေက အများကြီးပဲ ပိုင်ရဲ့၊ ဒါပေမဲ့ ရှိန်းက ပိုင် ဘာပြောမလဲဆိုတာ နားထောင်ချင်တယ်၊ ပိုင့်ရင်ထဲရှိတဲ့ အကြောင်းအရာတစ်ခု ပိုင်ပြောလေ၊ ပိုင်ပြောတဲ့အကြောင်းအရာကို ရှိန်းက အဖြေရှာပေးမယ်၊ ကဲ ပြော၊ ပိုင် ဘာပြောချင်လဲ"

ရေပေါ်မှာ လျှပ်တိုက်ပျံသွားတဲ့ စင်ရော်ငှက်ဖြူလေးကို အမြင်တစ်ဆုံး ပိုင် လိုက်ကြည့်ရင်း မသိမသာသက်မရှိုက်သည်။

ရင်ထဲမှာရှိနေတဲ့ ပွန်းကျပ်မှုတွေ ပြေလုနီးပါးဖြစ်သော်လည်း ဘာကိုထုတ်ပြောရမလဲဆိုတာ အစရှာမရအောင် ဖြစ်နေသည်။

ရှိန်းရှိန်းက ဒီလောက်တော့ နပ်သည်။

"ကဲ ပိုင်ပြောချင်တဲ့အကြောင်းကို ရှိန်းပဲ အနီးစပ်ဆုံး ခန့်မှန်းပြီး မေးမယ်၊ မှီနဲ့ကြယ်က ဘယ်အနေအထားလဲ"

ပိုင့်ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လျှိုထည့်၍ သက်မ,ချသည်။ ကမ်းနားကို ဘောင်ခတ်ထားတဲ့ သံပိုက်တန်းတွေကို လှမ်းကိုင်ကာ ကိုယ်နဲ့ကပ်မှီလိုက်ပြီးမှ -

"အဲဒါတော့ ငါမသိဘူး"

"ဒါဆို ပိုင်သိတာ ဘာရှိလဲ"

"ဒီကောင့်မိဘက ဒယ်ဒီ့ကို တစ်ချိန်လုံး နားပူနားဆာ လုပ်





နေတယ်၊ စေ့စပ်ပွဲလုပ်ဖို့"

"ပိုင့်ဒယ်ဒီ့သဘောက"

"ဒယ်ဒီကတော့ နှစ်ဦးနှစ်ဖက်လုံးအတွက် ပူပြီး စဉ်းစား ပေးနေတာပဲ၊ မှီက လက်ခံတဲ့အတွက် ဒယ်ဒီ ဝမ်းနည်းနေပေမယ့် မာမီ့ကို ဖျောင်းဖျနေတယ်"

"စေ့စပ်ပွဲလုပ်ပေးဖို့လား"

"ဒါပဲရှိတာပေါ့ဟ၊ ကြယ့်ဘက်က အချိန်မဆွဲချင်ဘူး၊ မြန်မြန် လေကောင်းလေပဲလို့ လောနေတော့ ဒယ်ဒီက လူကြီးပီပီလုပ်ပေး မယ်တဲ့၊ မာမီ ကန့်လန့်နေလို့"

"ပိုင်ကရော"

အပြာရောင်ကာလာခြယ်ထားတဲ့ မျက်ခုံးတန်းလေးကွေးပင့်၍ ရှိန်း မေးချလျှင် ပိုင့်မျက်နှာပြင်က ညနေခင်း နေခြည်နှုကို မျှး နွေးလေးဖြစ်သွားသည်။

မလုံမလဲစိတ်နှင့်လည်း ရှိန်းဆီက အကြည့်ကိုလွှဲသည်။ ရေပြင်ထက် ငါးပေခန့်အကွာမှာ တူစုံပျံသွားတဲ့ စင်ရော်မောင်နှံကို ငေးကြည့်ရင်း ပိုင့်နှလုံးသားက လှိုင်းပုတ်ခံရတဲ့ကမ်းစပ်မှ ရေမျက်နှာ ပြင်လို မငြိမ်မသက် ဖြစ်သွားလေသည်။

"ပြောလေ ပိုင်ရဲ့၊ ပိုင့်သဘော ဘယ်လိုရှိလဲ"

ရှိန်းရှိန်းက သိလိုသမျှကို မေးလေသည်။ ရှိန်းရှိန်းပေးသမျှ ပိုင့်ရင်မှာ အဖြေမရှိသေးပါ။ ရှောင်လွှဲချင်တဲ့စိတ်နဲ့ ရှိန်းရှိန်းကို ကျော



www.burmeseclassic.com

www.burmeseclassic.com



ပေးကာ –

ဆိပ်ကမ်းသာလမ်း စကြဲ့တစ်လျှောက် တစ်လှမ်းချင်း လျှောက်ထွက်ခဲ့မိသည်။

ငါ့နှလုံးသားက ညနေဆည်းဆာနေရောင်ခြည်လို နွေးနွေးလေးဖြစ်လို့နေပါပြီ။ ဒါကိုတော့ နားလည်ပေးနိုင်မလား ရှိန်းရယ်။

✿ ✿ ✿



အခန်း (၂၈)

"မာမိ နေသာလားဟင်"

မာမီ့လက်ဖဝါးနွေးနွေးလေးကို တယုတယဆုပ်ကိုင်ရင်း ပိုင် မေးရှာသည်။ ခုတင်ခေါင်းရင်းမှာ သက်သောင့်သက်သာ မှီထိုင်နေတဲ့ မာမီခမျာ –

"နေသာပါတယ် သားရယ်"

လို့ ပြောလည်းပြောရင်း တဟင့်ဟင့်နဲ့ အသံထွက်အောင် ငိုလေသည်။

"ဟင့် ဟင့် ဟင့်"

မာမီ့ငိုသံက ပိုင့်ရင်ထဲ အတော်ထိသွားလေသည်။

"မာမိရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် ဝမ်းနည်းကြီးစွာ ရေရွတ်လျက် ဆုပ်ကိုင်ထားတဲ့ မာမီ့လက်ဖဝါးကို ပို၍တင်းအောင်ဆုပ်ကာ ဝိုင့်နှုတ်ခမ်းနှစ်လွှာနဲ့ ဖိကပ်မွေးကြူမိသွားသည်။

သားဖြစ်သူရဲ့ နှုတ်ခမ်းနွေးနွေးက မိခင်ရဲ့လက်ချောင်းတွေမှ တစ်ဆင့် သွေးကြောထဲ စိမ့်ဝင်သလိုဖြစ်ကာ မာမီ့ရှိုက်သံလေး ပိုကျယ်လာသလို မျက်ရည်များလည်း ကျလေပြီ။

"မာမီ နေသာပါတယ်ကွယ် ဟင့် ဟင့်၊ ဒါပေမဲ့ ရင်ထဲမှာတော့ မကောင်းဘူး သားရယ်၊ မာမီ တစ်သက်လုံး တယုတယမွေးလာတဲ့ သမီးလေး၊ ခုတော့ သူများလက်ထဲ ထည့်လိုက်ရတော့မယ့်အဖြစ်လေ၊ ဟင့် ဟင့် ဟင့်"

စေ့စပ်ပွဲရက်သတ်မှတ်ပြီးကတည်းက ယူကျုံးမရစိတ်နဲ့ မာမီ အိပ်ရာထဲခွေနေခဲ့တာ ခုချိန်ထိဖြစ်သည်။ ဘာမှလည်း မစားမသောက်သလို တငိုငို၊ တပြောပြောနဲ့ မျက်ရည်တွေသာကျနေကာ လူမမာလိုအားနည်းဖျော့တော့နေရှာတဲ့ မာမီ။

ဒယ်ဒီက စိတ်ပူပန်ပြီး ဆရာဝန်ခေါ်ရသည်အထိ ဖြစ်သွားခဲ့သည်။ မာမီ့ဖြစ်အင်ကိုကြည့်ရင်း မိသားစုအားလုံး ရင်ထဲမှာ မကောင်းနိုင်ဖြစ်ရသည်။

"လှရယ် မိဘဆိုတာ ဒီလိုပဲ၊ အချိန်တန်အရွယ်ရောက်ရင် ကိုယ့်ဝမ်းနဲ့လွယ်ပြီးမွေးထားတဲ့ သားသမီးတောင် သူများလက်ထဲ ထည့်ပေးရတာ သဘာဝပဲ၊ ဒီသဘာဝကို ဘယ်သူမှလွန်ဆန်လို့မရ





ဘူး၊ မိုလေးက သမီးအရင်းမဟုတ်ပေမယ့် သမီးအရင်းလို ကိုကိုလည်း ချစ်တယ်၊ လှလိုပဲ သူများလက်ထဲ ထည့်မပေးရက်ဘူး၊ ဒါပေမဲ့ အခြေအနေက လှနဲ့ကိုကို မျှော်လင့်သလိုမှ ဖြစ်မလာဘဲ၊ ဖြစ်လာတဲ့အတိုင်း သဘောထားကြီးကြီး လက်ခံရမှာပဲကွာ"

"ကိုကိုက ယောကျ်ားမို့လို့ တင်းခံနိုင်မှာပါ၊ လှကတော့ ဟင့် ဟင့်"

ဒယ်ဒီ ဖြေသိမ့်စကားဆို၍ ဖျောင်းဖျသော်လည်း မာမီက မျက်ရည်လေး တစမ်းစမ်းနဲ့ ဆိုရှာသည်။

"လှရယ် အမိက သမီးဘဝ ပြည့်ပြည့်စုံစုံ, တင့်တင့်တယ်တယ်ဖြစ်ဖို့ပဲ မဟုတ်လားကွာ"

"ဒါတော့ဒါပေါ့ ကိုကိုရယ်"

"အဲဒါဆိုလည်း သမီးရွေးချယ်တာကို ကျေနပ်ပေးလိုက်ပါတော့နော် လှ၊ မွေးစားသမီးမှန်းသိလျက် မောင်ကြွယ်တို့ဘက်က တန်းတူအခွင့်အရေးပေးပြီး တန်ဖိုးထားတင်တောင်းတာတွေက ပိဘအနေနဲ့ မငြင်းနိုင်တဲ့ အနေအထားတွေပါ၊ ဒါကြောင့် ကိုကိုလက်ခံပေးလိုက်တာ၊ ကိုကိုလက်ခံသလို လှလည်း ကျေကျေနပ်နပ် လက်ခံပေးရမယ်၊ ဒါမှလည်း သမီးဘဝ ဂုဏ်သင့်မှာပါကွာ"

မာမီ့ကို ဒယ်ဒီ တဖွဖွဖျောင်းဖျနေသည်က ဝိုင့်စိတ်ကို ပို၍မလုံမလဲဖြစ်စေပါသည်။

မိုက ဣန္ဒြေမပျက်ပါ။ မာမီ့ကို ဆရာဝန်ပေးသွားတဲ့ဆေး



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှန်တိုက်ကျွေးပြီး အခန်းထဲက ထွက်သွားနိုင်ပေမယ့် ပိုင့်ခြေလှမ်းက ထွက်သွားဖို့ အားမပါ။

ဝမ်းနည်းနေသေးတဲ့ မာမီ့ဝေဒနာကို မျှဝေခံစားပေးနေမိတာ ဘာကြောင့်မှန်း မသိတော့ပါ။

"ကဲပါ လှရယ် စိတ်ကိုလျှော့လိုက်တော့ကွာ၊ စေ့စပ်ပွဲက နက်ဖြန်ပဲ"

"လှသိပါတယ် ကိုကိုရဲ့၊ ဟင့် ဟင့် ဟင့်"

"သိတယ်ဆိုလည်း ဝမ်းနည်းတာတွေ ဘာတွေကို ရင်ထဲက ထုတ်ပစ်လိုက်တော့"

မာမီ မျက်ရည်သုတ်ရင်း ခေါင်းညိတ်ရှာသည်။ နောက်ဆုံးတော့ ဒယ်ဒီ့ဖျောင်းဖျကောင်းမှုကြောင့် မာမီ့ငိုသံတွေ ရပ်သွားလေပြီ။

"ကိုကို့သဘောပါပဲ"

လို့ မာမီ ခပ်တိုးတိုးပြော၏။ ဒီတော့မှ ဒယ်ဒီ သက်မ,ချနိုင်ကာ။

"နက်ဖြန်စေ့စပ်ပွဲမှာ လှ ထူထူထောင်ထောင်ဖြစ်နေဖို့ လိုတယ်နော်၊ ဒါမှလည်း သမီးလေး ဂုဏ်ရှိမှာကွ"

မာမီက မျက်ရည်အကြွင်းအကျန်တွေကို သုတ်ရင်း ခေါင်းညိတ်လက်ခံရှာသည်။ မာမီနဲ့ဒယ်ဒီ့ဖြစ်အင်ကို မျက်မြင်ကိုယ်တွေ့ မြင်နေတွေ့နေရတာ ပိုင့်ရင် တစိမ့်စိမ့်နဲ့ စိတ်မကောင်းနိုင်အောင် ဖြစ်လာသည်။





"ဘာပဲဖြစ်ဖြစ် သမီးလေးက ကံကောင်းပါတယ် လှရယ်၊ မိဘနဲ့ ဂုဏ်ပကာသန ဘာတစ်ခုမှမရှိတဲ့ သမီးဘဝဟာ ကိုကိုတို့စောင့်ရှောက်မှုအောက်မှာ လူတစ်လုံးသူတစ်လုံး ဖြစ်လာတယ်၊ ကိုကိုတို့ရဲ့ အရှိန်အဝါနဲ့ သမီးဘဝ တင့်တယ်လာတယ်၊ ကိုကိုတို့ရဲ့ဂုဏ်ရည်တူ သားမျိုးနဲ့ လက်ဆက်ခွင့်ရတဲ့အနေအထားက သမီးဘဝ ရှေ့ဆက်မြင့်မားဖို့ပဲလေ၊ ကိုကိုတော့ အဲသလိုပဲတွေးရင်း ဖြေသိမ့်လိုက်တယ်၊ လှလည်း ကိုကိုလိုပဲတွေးပြီး ဖြေသိမ့်ပါကွယ်၊ ကျေနပ်ပါ, လက်ခံပါလို့ ကိုကိုပြောရတာ သမီးဘဝ ပြည့်စုံတင့်တယ်မှာ ကြိုသိနေလို့ပါကွ"

"ဟုတ်တယ်နော် ကိုကို၊ ဟုတ်တယ်"

မာမီက ဒယ်ဒီဖျောင်းဖျသမှု ဖြည်းဖြည်းနားလည်လက်ခံလာလေ ပိုင့်ရင်မှာ တစ်မျိုးတစ်မည် လပ်ဟာလာလေဖြစ်သည်။

"သားနဲ့သမီးက လှတို့ဖြစ်ချင်သလို ဖြစ်မလာတော့လည်း ဖြစ်လာတာကိုပဲ ဖြေသိမ့်လက်ခံပေးရတော့မှာပေါ့၊ ဟုတ်တယ်နော်၊ ကိုကိုပြောတာ သဘာဝကျတယ်"

"ဒါပေါ့ လှရယ်၊ ကိုကိုတို့ ဇွတ်လုပ်ရင် သားနဲ့သမီး စိတ်ချမ်းသာမှာမဟုတ်သလို ကိုကိုတို့လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူးလေ၊ အခုတော့ သမီးလည်း ကျေနပ်တယ်၊ သားလည်း စိတ်ချမ်းသာတယ်၊ ကိုကိုတို့လည်း လက်ခံတယ်ဆိုတော့ အစစအရာရာ ပြေသာစရာချည်းပါပဲကွာ"

ပိုင့်ကို ဖိအားမပေးဘဲ မာမီ့ကိုပဲ အကျိုးသင့်အကြောင်းသင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပြီး စည်းရုံးသိမ်းသွင်းနိုင်တဲ့ ဒယ်ဒီ့စကားလုံးတွေနောက်မှာ မာမီ့မျက်နှာ တဖြည်းဖြည်း ကြည်လင်လာသော်လည်း –

ပိုင့်ရင်မှာ ဝေဒနာမှိုင်းတွေငြိကာ မကြည်မလင်ဖြစ်လာသည်။ ဒယ်ဒီနဲ့မာမီ ကျေနပ်လက်ခံကြောင်း ပြောနေကြမယ့် စကားလုံးတွေကိုလည်း ပိုင် ရှေ့ဆက်ကြားလိုတဲ့ဆန္ဒ မရှိတော့ပါ။

မာမီတို့အပါးက ချက်ချင်းရှောင်ထွက်ခဲ့မိတဲ့ ခြေလှမ်းက ဘာကြောင့်မှန်းမသဲပါ။ သေချာတာက မှီ့ဆီ အလိုလိုနေရင်း ဦးတည်လျက်သား ဖြစ်နေတော့သည်။

✿ ✿ ✿



## အခန်း (၂၉)

''မှီ နေဦး''

အပေါ်ထပ်လှေကားမှ ခြေလှမ်းသွက်သွက် လှမ်းဆင်းလာရင်း ပိုင် ဟန့်တားပေမယ့် မှီ အရေးစိုက်ဟန်မတူ။

''နင်က ဘာလဲ၊ ငါ့မှာ အချိန်မရှိဘူး''

ဟု ပြောရင်း ဧည့်ခန်းအပြင်ဘက် သွက်သွက်လေးလျှောက်ထွက်သည်။ ထိုအခါ မှီ့ရဲ့အပြုအမူအတွက် ပိုင် စိတ်တိုခံပြင်းသွားသည်။

''ဘာအချိန်မရှိတာလဲ၊ နေဦး''

''မနေဘူး။ ဟိုမှာ ကြယ် လာနေပြီ''

ပြောရင်းတားနေရင်းကြားက ကြယ့်ကားက ဝေါ်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ထိုးရပ်လာလေသည်။

"လာပါစေပေါ့ကွာ၊ နင့်ကို ပြောစရာရှိတယ်"

"ရှိရင် နောက်မှပြော၊ ဗျူတီပါလာ သွားရတော့မယ့်ဟာ"

ဝိုင့်ကို အရေးမထားသလို ပြန်ပြောရင်း ကြယ်သစ်ကားပေါ် လွှားခနဲ တက်သွားတဲ့မှီ။ ဝိုင် လှမ်းတားလို့မမီတော့သလို ဆွဲတားလို့လည်း မမီနိုင်တော့တဲ့အခြေအနေ။

ရင်မှာ သံသြိသာသာတင်းသွားကာ ကြယ်သစ် လက်ပြပြီး ကားကို ဝူးခနဲ မောင်းထွက်သွားတဲ့အဖြစ်ကို မကျေနပ်ဆုံး ခံစားလိုက်ရသည်။

"တောက် မှီ"

ဝိုင့်ရင်မှာ သည်းမခံနိုင်အောင် ခံပြင်းသွားသည်။ ပေါ်တီကို အောက်အထိ ထွက်ရပ်ရင်း ကြယ်သစ်ကားနောက်မြီးကို မမှီမကမ်း လှမ်းကန်လေသည်။

"ဟဲ့ သား ဝိုင်ဝိုင်၊ ဘာတွေဖြစ်နေတာလဲ"

သားဖြစ်သူ ကိုးရိုးကားရားဖြစ်နေတာကိုမြင်လို့ ဒေါ်လှလှလွင် လိုက်ထွက်လာရင်း မေးသည်။

"ဘာဖြစ်ရမလဲ၊ မာမီ့သမီး ကျွန်တော့်ကို အရေးမလုပ်ဘူး၊ တားနေရင်းကြားက ကြယ်သစ်ကားပေါ် လွှားခနဲပါသွားတာ မာမိ မြင်ရဲ့သားနဲ့"

ဘာအတွက် အလိုမကျဖြစ်ပြီး တင်းမာနေမှန်းမသိတဲ့ သား





ဖြစ်သူကိုကြည့်ရင်း မိခင် သက်မ,ချရသည်။

"သားရယ် သားက ဘာကိစ္စ ခုမှ အရေးတကြီး ဖြစ်နေရ တာလဲ"

"မသိဘူး"

"ဟာ၊ မသိရင်လည်း ပြီးရောပေါ့၊ ဘာလို့ သူများကို လိုက် တားဆီးနေရတာလဲ၊ ဒီနေ့ သမီးစေ့စပ်ပွဲလေ၊ အလှပြင်ဖို့ သွားနေ တာ သိသိကြီးနဲ့ သားတားနေတာ ဘာဖြစ်လို့လဲ၊ သား စိတ်မှမှန် သေးရဲ့လားဟင်"

မိခင်စကားနောက်မှ ဝိုင် မျက်နှာထား ပို၍တင်းမာသွား သလို ပို၍လည်း အလိုမကျ စူပုပ်သွားပြီး –

"မာမိက ကျွန်တော့်ကို အရူးထင်နေလား"

"မသိဘူးလေ၊ သားပုံစံက ပုံမှန်နဲ့မတူတာ၊ သား ဘာဖြစ် နေတာလဲ၊ သမီးအတွက် မင်္ဂလာယူမယ့်နေ့မှာ သားကြောင့် မာမီတို့ စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့ကွယ်၊ ကဲ သားလည်း သွားပြင် ဆင်ချေ၊ တော်ကြာနေ ဧည့်သည်တွေ ရောက်လာတော့မှာ"

"ရောက်ပစေ၊ ကျွန်တော့်ဧည့်သည် မဟုတ်ဘူး"

မအေကို ဘုဆတ်ဆတ်ပြောပြီး ချာခနဲ လှည့်ထွက်သွားပြန် သား။ ဒေါ်လှလှလွင် ရင်ဘတ်ဖိလျက် –

"ဟဲ့ သား ဝိုင်ဝိုင်၊ မာမီ ခေါ်နေတယ်လေ"

လို့ လှမ်းခေါ်တာကို လုံးဝလှည့်မကြည့်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရှိန်းကားကလည်း ခြံထဲဝင်လာတာနဲ့ အံကိုက်ဖြစ်ကာ သားတော်မောင်က ရှိန်းရှိန်းကားနဲ့ ပါသွားလေသည်။

''ကျွတ် ခက်တော့တာပါပဲ၊ ဒီကလေးနဲ့''

ရှိန်းရှိန်းကားလေး ခြံဝင်းထဲက ဂငယ်ကွေ့ကွေ့ပြီး ပြန်ထွက်သွားသည်အထိ ဒေါ်လှလှလွင် လက်တစ်ဖက် ခါးထောက်ရပ်လျက် အမြင်တစ်ဆုံး လိုက်ကြည့်မိလေသည်။

ပါးစပ်ကလည်း သိပ်ခက်တာပဲလို့ ရေရွတ်နေခဲ့ဖြစ်သည်။ အလိုလိုနေရင်း ဘာဖြစ်လို့ဖြစ်သွားမှန်းမသိတဲ့ သားစိတ်ကိုလည်း မိခင် လိုက်မမီတော့ပေ။

အဖြစ်အပျက်ကို စာဖတ်ခန်းထဲက လှမ်းမြင်လိုက်တဲ့ ဦးထွန်းလင်း ခေါင်းယမ်း၍ ဘဖတ်ခန်းထဲက ထွက်ခဲ့သည်။ ဆင်ဝင်အောက်မှာ ဇနီးသည်နှင့် ဆုံလျှင် –

''လွှတ်ထားစမ်းပါ လှရယ်''

''လှတော့ သားအတွက် စိတ်ပူတာပဲသိတယ် ကိုကိုရယ်၊ နေရင်းထိုင်ရင်း မူမမှန်ဖြစ်နေတာ ကိုကို မြင်တယ်မဟုတ်လား''

''မြင်တယ်၊ အစအဆုံး မြင်တယ်၊ လွှတ်ထားလိုက်တော့ လှ၊ ဒီကိစ္စမှာ ဘယ်သူ့ရွေးချယ်ချက်နဲ့ ဘယ်သူပဲ၊ သူ့ဘာသာသူ ဘာဖြစ်ဖြစ် ကြည့်သာနေလိုက်''

ခင်ပွန်းသည်စကားအဆုံးမှာ ဒေါ်လှလှလွင် သက်ပြင်းချမိတော့သည်။





''ကဲ လှလည်း ပြင်ဆင်ချေတော့၊ ဧည့်သည်တွေ ရောက်လာလို့ သမီးရှင်က အဆင်သင့်ဖြစ်မနေရင် တစ်မျိုးမြင်ကုန်လိမ့်မယ်''

ခင်ပွန်းသည်ပြောတဲ့အတိုင်း ခေါင်းတညိတ်ညိတ်နဲ့ တိုက်ထဲပြန်ဝင်ခဲ့တဲ့ ဒေါ်လှလှလွင်။

အရေးကြီးတာက ဒီကနေ့ စေ့စပ်ပွဲမှာ သမီးလေး ဂုဏ်သိက္ခာရှိစေဖို့အတွက် မိဘအနေဖြင့် ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးဖို့ပဲဖြစ်သည်။

ဟုတ်တယ်။ ဒါ အကောင်းဆုံးပဲ။

မိဘနှစ်ပါးက ထိုသို့တွေးသည်သာ။ ဝိုင်ကတော့ ပြောင်းလဲနေပြီဖြစ်တဲ့ သူ့စိတ်ဖြင့် အရာရာကို ဆန့်ကျင်ဖို့ ဆူပွက်နေလေပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မို"

ခေါ်သံနှင့်အတူ မှန်ထဲမှာ ပိုင့်မျက်နှာ ဘွားခနဲပေါ်လာသည်။

"ဘာလဲလို့"

ခပ်ဆတ်ဆတ်ထူးရင်း မှန်တင်ခုံရှေ့က,ထကာ ပိုင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

ရတနာကအစ တစ်ကိုယ်လုံးကို ရွှေဝါရောင် ဖိတ်ဖိတ်တောက်အောင် ပြင်ဆင်ပြီးနေတဲ့ သတို့သမီးလောင်းကို ပိုင် စိုက်ကြည့်ရင်း ရင်တွေခုန်လာသည်။

ပြီးတော့ အကြည့်မလွှဲဘဲ ကမူးရှူးထိုး ပြောချသည်။

"ဒီစေ့စပ်ပွဲကို နင် တက်စရာမလိုဘူး"





"ဘာ"

မို အံ့ဩလွန်းလို့ လက်တစ်ဖက် ခါးထောက်မိသည်။ ပိုင့်ကိုလည်း ပြူးပြူးပြဲပြဲကြည့်မိသွားသည်။ ထို့ပြင် စကားလုံးတွေလည်း ထစ်ထစ်ငေါ့ငေါ့ ခုန်ထွက်၏။

"ဘာ၊ ဘာတွေ လာပြောနေတာလဲ"

"နင်ကြားတဲ့အတိုင်းပဲ၊ ဒီနေ့ စေ့စပ်ပွဲကို နင် မတက်နဲ့"

"သေလိုက်ပါလား။ ငါ့စိတ်ကြိုက် ရွေးချယ်လက်ခံထားတဲ့ စေ့စပ်ပွဲ၊ ငါက ဘာဖြစ်လို့ မတက်ဘဲနေရမှာလဲ၊ နင် ရူးနေလားပိုင်"

"အေး ငါ ရူးနေတယ်၊ ဘာဖြစ်လဲ၊ နင် မတက်နဲ့ဆို မတက်နဲ့" တဲ့။

ကြည့်စမ်း။

အာဏာပါဝါပြတဲ့စကားလုံးတွေနဲ့ တားမြစ်နေတဲ့ ပိုင့်အမူအရာက ဒေါသထွက်ချင်စရာ။

မို့မျက်နှာပေါ်မှ ဒေါသငွေ့လေး ဝေ့တက်လာပြီး –

"အောင်မာ၊ နင်က ဘာမို့လို့ ငါ့ကို အမိန့်ပေးနေရတာလဲ"

"ဘာမို့ဖြစ်ဖြစ် ငါတားရင် နင်နာခံ၊ မနာခံဘဲ အဲဒီစေ့စပ်ပွဲ နင်တက်ကြည့်၊ နင် တစ်သက်လုံး ခေါင်းမဖော်ဝံ့တဲ့ အရှက်ကွဲမှုမျိုး ဖြစ်သွားစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို၊ ငါ အရှုံးကွဲအောင် နင်လုပ်မယ်ဆိုတဲ့ သဘောလား"

"အသေအချာပဲ"

"ဟွန်း၊ လုပ်ရဲရင် လုပ်ကြည့်လေ"

"နင်လည်း တက်ရဲ တက်ကြည့်"

နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် စိန်ခေါ်ကာ ရဲရဲကြီး စိုက်ကြည့်ကြသည်။

မဆီမဆိုင် လာပိတ်ပင်နေတဲ့ ဝိုင့်မျက်ဝန်းကို မို စိန်ခေါ်ကြည့်နဲ့ ကြည့်လျက် ခပ်ပြတ်ပြတ်ပဲ ပြောသည်။

"တက်မှာပဲ၊ ဒီပွဲက ငါ့ပွဲ၊ ငါ့ဘဝအတွက် ဂုဏ်သိက္ခာရှိရှိ ငါ့စိတ်ကြိုက် ရွေးချယ်ထားတဲ့ပွဲ၊ နင်တားတိုင်း ရမယ်ထင်လို့လား၊ သတ္တိရှိရင် နင် ဘာလုပ်ချင်လဲ၊ လုပ်ကြည့်လိုက်လေ၊ ခါတော်မှီဆိုတဲ့မိန်းမ ဘယ်လောက်ရင်ဆိုင်ရဲလဲဆိုတာ နင် ကောင်းကောင်း သိသွားစေရမယ်"

"ဟွန်း ကြည့်ကြသေးတာပေါ့"

မို့မေးဖျားလေးကို ပင့်ကိုင်ကာ နှုတ်ခမ်းတစ်ဖက်ရွဲ့ပြီး အတွ ကြီးကြီး ပြောသွားတဲ့ဝိုင်။

"တောက်"

မို အံတင်းတင်းဖိကြိတ်၍ ဝိုင့်နောက်ကျောကို ဒေါသနဲ့ ကြည့်ကာ လက်ထဲကိုင်ထားဆဲ ဘီးချွန်နဲ့ ပေါက်ထည့်မိသွားသည်။





ဘီးချွန်က ဝိုင့်ကျောပြင်ကိုမထိဘဲ အလှပြင်ခန်းဝမှာ အရှိန်နဲ့ ဆောင့်ကျသွားသည်။

"ဟဲ့ ဟဲ့ မို မို၊ နင့်အစ်ကိုက ဘာဖြစ်လာတာလဲကွယ်၊ အစန်းဖြင့် ကြောက်လိုက်တာ"

အလှပြင်ပစ္စည်းတွေ သိမ်းဆည်းနေတဲ့ မာမီစန်းက ပါးစပ် အဟောင်းသားဖြင့် တိတ်ဆိတ်စွာ စောင့်ကြည့်နေရာမှ ကြောက်ရွံ့ဟန်လေးဖြင့် ခပ်ခြောက်ခြောက်ဆိုသည်။

"အလကား လျှောက်ရမ်းနေတာ"

"ရမ်းနေတာကလည်းဟယ်၊ မင်္ဂလာမရှိမယ့် နိမိတ်ကြီးပဲ၊ အစန်းတော့ ရင်လေးတယ်ကွယ်၊ ကြယ်ကြယ်ကလည်း ကြားလိုက်တာ၊ ကိုယ့်သတို့သမီးလောင်းကို မြန်မြန်လာခေါ်တာ မဟုတ်ဘူး၊ တစ်ခုခုဖြစ်ရင် အစန်း ခေါင်းကြိမ်းရမှာအေ့"

မာမီစန်းက သူ့ စိတ်ပူရာကို ရှာရှာကြံပြောနေသည်က မို့ ရင်မှာ တစ်မျိုးကြီးခံစားရစေသည်။

"ဟော ကြယ်ကြယ် မြန်မြန်လာပါဟယ်"

မာမီစန်းက သူ့လက်ကလွတ် သီတင်းကျွတ်မို့ ကြယ်သစ် ရောက်လာတာမြင်သည်နှင့် အခန်းပြင်အထိ ပြေးထွက်ကာ ဆီးပြော လေသည်။

နံ့သာရောင် မြန်မာဝတ်စုံနဲ့ ရှင်မြူးတက်ကြွနေတဲ့ ကြယ်သစ် ကတော့ ဘာမှမသိရှာ။ ရွှေရောင်သတို့သမီးလောင်းလေးကို ကြည့်မဝ



www.burmeseclassic.com

www.burmeseclassic.com



ရှမဝဖြစ်ကာ –

"လာ၊ သွားစို့ မို"

ဟု လက်ကမ်းကြိုဆိုလိုက်သည်။

"ကဲ ကဲ မိုမို ကြယ်ကြယ်နောက် လိုက်သွားတော့၊ တော်ကြာ ရှင့်အစ်ကိုတော် လာရမ်းနေလို့ အစန်းဇျူတီပါလာမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လိမ့်မယ်"

ကြောက်တတ်ရှာတဲ့ မာမီစန်းစကားအဆုံးမှာ လက်ကမ်းကြိုနေတဲ့ ကြယ်သစ်နောက် မို အလိုက်သင့်ပါသွားရပေမယ့် မို့ရင်မှာ လေးလံလှသည်။

ဝိုင် ဘာဖြစ်လာတာလဲ။

ဝိုင့်စကားလုံးတွေက ဘာကြောင့် အသိတရားမဲ့သလို ဖြစ်နေရတာလဲ။

ပြီးတော့ ဘာကြောင့် မို့ကို တားမြစ်ပိတ်ပင်ရတာလဲ။

လဲ့ပျားစွာနှင့် သတို့သမီးလောင်းရင်မှာ တထိတ်ထိတ်ဖြစ်လို့ နေပါပြီ။

✿ ✿ ✿



## အခန်း (၃၁)

စေ့စပ်ပွဲနေ့။

ထိုနေ့က အစစအရာရာ တခမ်းတနားရှိလှသည်။ ပန်းတွေက ခါတိုင်းနေ့ထက် ပိုလှသလို လေပြည်လေညင်းကလည်း ပို၍ နွေးလှသည်။

ကောင်းကင်ကြီးက ပြာကာ တိမ်တိုက်တွေကလည်း အရောင်အသွေးစုံစွာ အုပ်စုလိုက် ပျော်ပျော်ပါးပါး ရွေ့လျားနေကြသည်။

ကျေးငှက်ပေါင်းစုံတို့ရဲ့ မင်္ဂလာတေးသီဆိုသံကလည်း ဟာမိုနီကျလျက် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလေသည်။

မြင်မြင်သမျှအရာတိုင်း ရှုမောဖွယ်ပန်းချီကားလို အကြည့်မလွှဲချင်လောက်အောင် နေရာတကျ လှပခမ်းနားနေပေမယ့် ဝိုင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ လှပခမ်းနားခြင်းတွေ ဆိတ်သုဉ်းနေလေသည်။

"ဟယ် ကြည့်စမ်း၊ လှလိုက်တဲ့ ချွေးမလောင်းလေး"

ဒေါ်သီတာရှိန် ဣန္ဒြေမဆည်စတမ်း ဝမ်းမြောက်ဝမ်းသာ ပြောသောအသံ။ ဝိုင် ငဲ့ကြည့်သလို ဧည့်သည်အားလုံးလည်း မို့ကို ဝိုင်းကြည့်ကြသည်။

ကြည့်သူတိုင်းလည်း –

"လှပါ့ကွယ်၊ နတ်မိမယ်လေး ကျလာသလိုပဲ"

ဟု အမျိုးသမီးတွေကလည်း ပြိုင်တူထောက်ခံချီးကျူးကြပြန်သည်။ ထိုချီးကျူးထောက်ခံသံတွေက ဝိုင့်နားထဲ ကိုးလိုးကန့်လန့် တိုးဝင်လာသည်။

ထိုအသံတွေ မကြားလိုပါ။ ထို့ကြောင့် ဝိုင် အပေါ်ထပ်တက်သွားလေသည်။ မို့ကို ငေးကြည့်မိတဲ့ မာမို့မျက်ဝန်းက တစ်ပတ်လည်ကာ ဝိုင်နောက်ကပ်ပါလာတာ ဝိုင် သိသည်။

ဒီလောက်လှတဲ့ မို့ကို ဝိုင် မျက်စိမကျရလေခြင်းလို့လည်း နှမြောတသ ခံစားမိဟန်တူတဲ့ မာမီ။

"လာ လာ၊ သားနဲ့သမီး"

ဒေါ်သီတာရှိန် ပျာပျာသလဲနှင့် သားနဲ့ချွေးမလောင်းကို ကြို နေရာချပေးသည်။

ဧည့်သည်တွေ ဝိုင်းကြည့်နေတော့ ရှက်ကိုးရှက်ကန်းဖြစ်နေတဲ့ သမီးက ပို၍ပင် လှနေရှာ့သလားကွယ်။





ဒေါ်လှလှလွင်ရင်မှာ ဝမ်းနည်းဝမ်းသာ တစ်ပြိုင်နက် ခံစားရပါသည်။

"လှသမီးက တော်တော်ချောတာပဲ၊ ဒီလိုမှန်းသိရင် အစကတည်းက ယဉ်မေ့သားအတွက် တောင်းပါတယ်ကွယ်၊ တကယ်"

မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ဒေါ်ယဉ်ယဉ်မေ မအောင့်နိုင်ဘဲ နှမြောတသ ဆိုလေသည်။ ဒေါ်စောကေသီကလည်း ရင်ထဲကအတိုင်း ပြောချပြန်သည်။

"သီတာတို့က ချွေးမ အရွေးတော်ပါ့ကွယ်၊ ဟင်း ဟင်း"

"ဟုတ်ပ့ါ"

စေ့စပ်ပွဲတက်ရောက်လာတဲ့ အမျိုးသမီးကြီးတွေ တစ်သွေးတစ်သံတည်း ပြောကြ, ဆိုကြ, ထောက်ခံကြလျှင် ဒေါ်သီတာရှိန် မျက်နှာကြီး ကြီးကာ မဖုံးနိုင် မဖိနိုင် ဝမ်းမြောက်လျက် –

"အိုး သီတာတို့က ချွေးမ,ချောပဲ လိုချင်တာလေ၊ မို့ကို မြင်လိုက်ကတည်းက မို ဘယ်လိုလှလဲဆိုတာ သိပြီးသားရှင့်၊ ဒါကြောင့် သားဆန္ဒလည်းပြည့်အောင်, ချွေးမချောချောလည်း မြန်မြန်ရအောင် ခုလို စေ့စပ်ပေးဖို့ စီစဉ်လိုက်တာလေ"

ချွေးမချောချောအတွက် တစ်ဂုဏ်တက်နေတဲ့ ဒေါ်သီတာရှိန်ကိုကြည့်ရင် ဒေါ်လှလှလွင် ရင်မှာ တကယ်ဝမ်းနည်းလာသည်။

ဒီလိုအချိန်မှာ သူမသားနဲ့သာ ဆိုလျှင်။

အိုး မဖြစ်နိုင်တာကို ဘာလို့ တွေးနေတော့မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခုလို စေ့စပ်ပွဲ အမြန်ဆုံးဖြစ်အောင် စီစဉ်နိုင်တဲ့အတွက် ကျွန်တော်တို့လည်း ဂုဏ်ယူပါကယ် ဒေါ်သီတာရယ်"

ဒေါ်ယဉ်ယဉ်မေ့ခင်ပွန်း ဦးခင်စိုးလည်း ဂုဏ်ယူစွာပဲ ပြောပြန်သည်။

ညှော်သည်အားလုံးကလည်း သဘောကျနှစ်သက်ခြင်းတို့နှင့် အပြည့်အဝ ဝမ်းသာနေကြကာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။

"ကဲပါဗျာ၊ ခုလို ချွေးမချောကို သဘောတွေ့ကြတဲ့အတွက် ကျွန်တော်အနေနဲ့လည်း ဂုဏ်ယူပါတယ်၊ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်၊ ခချိန်ကစပြီး စေ့စပ်ပွဲလေး စကြရအောင်"

မကြားချင်ပါဘူးဆိုမှ အသံတွေ ဗိုင်နားထဲ တဒိုင်းဒိုင်း ဆောင့်ဝင်လာပြန်သည်။

ကြယ်သစ်ဒယ်ဒီ ဦးမြင့်မိုရ် အားတက်သရောပြောရင်း သမီးရှင်ဘက် ငဲ့ကြည့်သည်။ ဦးထွန်းလင်းက ခေါင်းတစ်ချက်ညိတ်ရင်း စကားဆိုသည်။

"ကိုမြင့်မိုရ်တို့သဘောအတိုင်းပါပဲ၊ ကျွန်တော်တို့က သမီးလေး ကျေနပ်လက်ခံတဲ့အတွက် ဝမ်းသာပြီးသားပဲ၊ ထွေထွေထူးထူး ဘာမှပြောစရာမရှိပါဘူး"

"အဲဒါဆိုတော့ အိုကေတယ်ဗျာ၊ ကျွန်တော်တို့ကတော့ သားရှင်ပီပီ အစစအရာရာ အပြည့်အဝ တာဝန်ယူပါတယ်"





သားရှင်သမီးရှင် နှစ်ဖက် စိတ်သဘောတွေမျှနေတော့ ဧည့်သည်တွေအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်မှုနှင့် အားကျစွာကြည့်ကြသည်။

သတို့သား သတို့သမီးကလည်း ကြည်ဖြူမြတ်နိုး၊ နှစ်ဖက်မိဘကလည်း သဘောမျှခိုတော့ အထူးဧည့်သည်အဖြစ် ဒီစေ့စပ်ပွဲကို တက်ရောက်လာတဲ့ ရှေ့နေကြီး ဦးညွှန့်တင်က –

"ကောင်းပါ့ဗျာ၊ ကောင်းဗျာ၊ နှစ်ဦးနှစ်ဖက် ခုလို နားလည်မှုရှိကြတဲ့အတွက် ဝမ်းသာပါတယ်၊ ကျွန်တော့်တို့အနေနဲ့ အသိအမှတ်ပြုပါတယ်၊ နှစ်ဖက်မိဘအနေနဲ့ တခြားဘာပြောစရာ, ဆိုစရာ, တောင်းဆိုစရာတွေ ရှိသေးလဲ၊ ဒီပွဲမှာ ပွင့်ပွင့်လင်းလင်း ပြောကြတာ ပိုကောင်းတာပေါ့ဗျာ၊ ပြောစရာရှိသေးလား"

ဦးညွှန့်တင်က ရှေ့နေပီပီ ထိုသို့ပြောရင်း နှစ်ဖက်မိဘကို တစ်လှည့်စီ ကြည့်၏။

နှစ်ဖက်မိဘက ပြုံးပြုံးလေးပဲ ခေါင်းယမ်းကာ –

"သီတာ့ဘက်က ဘာမှအထွေအထူး ပြောစရာမရှိဘူး"

"လှတို့ဘက်ကလည်း ပြောစရာမရှိပါဘူး"

ဒေါ်လှလှလွင်လည်း ရင်ထဲမှာ ဝမ်းနည်းပေမယ့် ပြေပြေလည်လည်ပဲ အပြုံးမပျက် ပြောလေသည်။ ထိုအခါ ရှေ့နေကြီး သဘောတကျဖြစ်သွားကာ –

"အင်း နှစ်ဖက်မိဘက ဘာမှပြောစရာမရှိဘူးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒီအသံတွေက ပိုင့်နားထဲ ပို၍ ခါးသက်လာသည်။ ဒီခါးသီးမှုကို ပိုင် မခံစားနိုင်။ အပေါ်ထပ်ရောက်ရုံရှိသေးတဲ့ ခြေလှမ်းကို နောက်ပြန်လှည့်သည်။

ကျွန်းလှေကားထစ်တွေကို တဒုန်းဒုန်းအသံမြည်အောင် နင်းပြီး ဆင်းချလာသည်။ တစ်ဆက်တည်းလည်း ဧည့်သည့်အားလုံး ရှေ့ စွက်ခနဲ ဝင်လာကာ ရှေ့နေကြီးစကားမဆုံးခင် တစ်ရှူးထိုး ပြော လိုက်၏။

"ကျွန်တော် ပြောစရာရှိတယ် အန်ကယ်"

"ဟင်"

ရှေ့နေကြီးနဲ့အတူ နှစ်ဖက်မိဘနှင့် ဧည့်သည်အားလုံး ဟင်ခနဲဖြစ်ကာ ပိုင့်ကို ပြိုင်တူကြည့်ကြလေသည်။

ပိုင့်ပုံစံက သတို့သမီးလောင်းရဲ့ မွေးစားအစ်ကို ပီသတဲ့ အသွင်သဏ္ဍာန်မဟုတ်မှန်း သိသာနေသည်။

တစ်ခုခုကို ဖွတ်တိုးလုပ်တော့မယ့် လူငယ်လို မိုက်ငေ့းကြ နေတဲ့ မျက်နှာမျိုးနှင့် ဖြစ်လေသည်။

ရှေ့နေကြီးက တအံ့တဩ မတ်တတ်ရပ်ရင်း မေးသည်။

"ပိုင်၊ မင်းက ဘာပြောချင်တာလဲ"

"ဒီစေ့စပ်ပွဲကို ကျွန်တော် ဖျက်တယ်"

"ဘာ"

ပိုင်ပြောချလျှင် အားလုံး မျက်လုံးပြူးကုန်သည်။





"ဟဲ့ သား ပိုင်ပိုင်၊ သား ဘာတွေပြောနေတာလဲ"

"ဒီပွဲကို ကျွန်တော်ဖျက်တယ် မာမီ"

ဒုတိယအကြိမ်မြောက် ပိုင် ဖွတ်တရွတ်ပြောချလျှင် ဒေါ်လှလှလွင် ရင်ဘတ်ဖိသလို အားလုံးမျက်ဝန်းတွေ အရောင်တောက်သွားသည်။

ဘာကြောင့်ဖျက်ရတာလဲဆိုတဲ့ အကြောင်းပြချက်ကိုလည်း သိချင်စိတ်တို့ ဖြစ်လာသည်။

"အိုး ဒီလိုပဲ ဖျက်လို့ရလား သက်တန့်ပိုင်"

ဒေါ်သီတာရှိန် မျက်နှာထားနဲ့ မေး၏။

ပိုင် မမှုသလို ပြန်ပြောသည်။

"ရတယ် အန်တီ"

"ဟင် ဘာ ဘာဖြစ်လို့"

"မှီနဲ့ကျွန်တော် တိတ်တိတ်ပုန်း ညားနေလို့"

"ဘုရားရေ"

ဒေါ်သီတာရှိန် အသံဝါကြီး ခုန်ပေါက်ထွက်လျှင် အားလုံး မျက်နှာတွေပျက်ကျကာ မှီနဲ့ပိုင့်ကို တစ်လှည့်စီ ပြူကြည့်ကြသည်။

"ဘယ် ဘယ်လို ပိုင်၊ မင်းနဲ့မှီက တိတ်တိတ်ပုန်း ညားနေတာ၊ ဟုတ် ဟုတ်လား ပိုင်"

ကြယ်သစ် လန့်လန့်ဖျပ်ဖျပ်ဖြစ်ကာ သူ့နားကိုသူ မယုံနိုင်ဖြစ်လျက်။ ပိုင့်ရှေ့ တိုးကပ်သွားရင်း ထစ်ထစ်ငေါ့ငေါ့ မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှိုမှာ အုံ့ညှိုလွန်းလို့ နှုတ်ခမ်းလေးပွင့်ဟာကာ အသံပင်မထွက်နိုင်တော့ပါ။ ပိုင့်ကို ပြူးပြူးပျာပျာကြည့်ရင်း ပိုင်လို့ခေါ်သံလေး အစ်ဆို့ပျောက်ဆုံးသွားသလိုဖြစ်၏။

ကြယ်သစ် မေးချသည်နှင့်

''ဟုတ်တယ်''

လို့ ပိုင် အနိုင်အမာပြောချလျှင် အားလုံး ခြေလှမ်းတွေမှားကုန်သည်။ ထိုင်နေကြတဲ့ဧည့်သည်တွေလည်း ဝုန်းခနဲ ထရပ်ကုန်သည်။

''ဟဲ့ လှ၊ လှသား ပြောနေတာ တကယ်လား''

''သူတို့ချင်း တိတ်တိတ်ပုန်း ညားနေတာဆို''

ဟု ဒေါ်လှလှလွင်တို့ဇနီးမောင်နှံကို လက်တို့ပြီး ဧည့်သည်များပိုင်းမေးကြလေပြီ။

''အိုး မဟုတ်တာဗျာ၊ မဟုတ်တာဘဲ''

ဦးထွန်းလင်း ရှက်စိတ်နဲ့ ငြင်းပစ်သော်လည်း အချည်းနှီး။ သားဖြစ်သူက –

''တကယ်ပြောတာ ဒယ်ဒီ၊ မယုံရင် လက်တွေ့ပြမယ်''

ပိုင် ပြောလည်းပြောရင်း သူဝတ်ထားတဲ့ ဘောင်းဘီပွပွနောက်အိတ်မှာထည့်ထားတဲ့ စီဒီချပ်ကို ဆွဲထုတ်သည်။

ဧည့်ခန်းထဲ တစ်ရှူးထိုးသွားပြီး စီဒီစက်ထဲ စီဒီချပ်ထည့်၍ရီမုနှိပ်ဖွင့်လိုက်လျှင် –





ဖန်သားပြင်မှာ ပေါ်လာတဲ့ ပုံရိပ်အားလုံး မျက်နှာတွေကဘယ်သူမှ မကြည့်ရဲအောင် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် ဆူပွက်ကုန်သည်။

ဘုရား ဘုရား ဘာပုံတွေလဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ပန်းနုရောင်လွှလွှနေသော ဖဲမွေ့ရာထူထူကြီးထက် ပက်လက်ကလေးအိပ်မောကျနေသည့် မှီ။ ငေးမောကြည့်ရှုံနဲ့ အားမရနိုင်တဲ့ ဝိုင့်စိတ်က အိပ်ပျော်ခြင်းအလှတို့ စုဝေးနေသော မှီ့တစ်ကိုယ်လုံးအနှံ့ ပြန့်ကျဲသွား၏။

ထိုအခါ ဝိုင့်စိတ်တွေလည်း ဝိုင် မထိန်းနိုင်တော့ပါ။ ရင်ခုန်စိတ်တွေလည်း ပရမ်းပတာဖြစ်ကာ။

အနားတွန့်လေးများပါသော ပန်းနုရောင်အလယ်ကွဲ ဇာခြင်ထောင်လေးကို ဖွဖွလေး ဖွင့်၏။ ကိုယ်ကိုလည်း မှီ့ဘေးမှာ ရွရွလေး လှဲချမိသည်။

ဖြူနုသောပါး၊ စူးကြွသော နှုတ်ခမ်းလေးများနှင့် သွယ်လျ





သော လည်တိုင်ကြော့ကြော့လေးကို မြတ်နိုးသောနှုတ်ခမ်းဖြင့် ပန်းကလေးခြွေသလို ဖွရရွလေး ဝိုင် မွှေးကြူလျက်။ မှီ့ကိုယ်လုံးအလှလေးကို ပွေ့ဖက်လိုက်တဲ့အခါ မှီနဲ့ဝိုင်အကြားမှာ အပြာရောင်ကာလာတို့ လွှမ်းမိုးသွားလေပြီ။

✿

"တောက် ရှက်ဖို့ကောင်းလိုက်တာ၊ တိတ်တိတ်ပုန်း နှစ်ပါးသွားက, နေ့ကြတဲ့ ဒင်းလိုမိန်းကလေးနဲ့ သားကို လုံးဝသဘောမတူနိုင်ဘူး၊ ဒီစေ့စပ်ပွဲကို သီတာတို့ သားရှင်ဘက်က ဖျက်တယ်၊ ထွီ ရွံစရာကောင်းလိုက်တဲ့ ခါတော်မှီ၊ လာ သား"

ဒေါ်သီတာရှိန် ဝုန်းဒိုင်းပေါက်ကွဲကာ စောစောကတင် ချွေးမလောင်းအချောအလှအတွက် ဂုဏ်ယူဝမ်းမြောက်စွာဆိုခဲ့သော နှုတ်ခမ်းကြားမှ စကားလုံးတွေ ခုတော့ ဆန့်ကျင်ဘက်ဖြစ်ကာ –

မဲ့ကာရွဲ့ကာ ရွံရှာစဖွယ် ပြောရင်း ကြယ်သစ်လက်ကိုဆွဲကာ ပွဲဖျက်လျက် ရင်ကော့ထွက်တဲ့တဲ့အဖြစ်။

"နေ နေပါဦး သီတာရယ်၊ ကိုမြင့်မိုရ်၊ ကျွန်တော် ရှင်းပြပါရစေဦး"

ဦးထွန်းလင်း ရှုံ့ဒဲတာတွေ ဘေးဖယ်ပြီး ပြေရာပြေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ ခဲယဉ်းယဉ်ပြောလေသည်။ သားရှင်ကတော့ ရွံ့ရှာလွန်းလို့ လှည့်တောင်မကြည့်တော့ပေ။

"ဟုတ်ပါ့၊ ဖြစ်လည်း ဖြစ်ကြမှာပေါ့။ မောင်နှမအရင်းမှ မဟုတ်တာ"

"အင်းလေ၊ အတူနေလာတာကြာတော့ အိုးချင်းထား အိုးချင်းထိဆိုသလိုပေါ့၊ အခု ငြိနေတာ လက်တွေ့ပဲလေ၊ အမလေး လှတာမက်မိရင် လှည်းကျိုးထမ်းရမယ့်ကိန်း ကောသီရဲ့" "

ဒေါ်ယဉ်ယဉ်မေနဲ့ ဒေါ်စောကေသီ အချီအချပြောချသည်က သမီးရှင်အဖို့ ပါးရိုက်ခံရတာထက် ရှက်စရာကောင်းလှသည်။

"ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေရှိရင် အဓိကာတည်းက ဧည့်ခံပွဲ မလုပ်သင့်ဘူး ကုထွန်းသင်း၊ ခုတော့ဗျာ ကိုယ့်အရှက်ကိုယ်ခွဲသလိုပဲ၊ ကျွန်တော်တို့တော့ ရှက်လို့ သွားပါတော့မယ်"

ကိုယ်ခေါ်ထားတဲ့ ရွေ့နေက ကိုယ့်ဒိုင်ပြန်ပက်ကာ ဧည့်သည်တွေရှေ့မှောက် ထွက်သွားသည်က ကိုယ့်မျက်နှာကိုယ် ဖြတ်ပစ်ဖို့ပဲ ကောင်းလေသည်။

"တောက်"

အံတင်းတင်းကြိတ်ရင်း ဦးထွန်းလင်း သားနဲ့သမီးကို ဝေ့ကြည့်သည်။ သားက ခေါင်းငုံ့လျက် သမီးက အရှက်သည်းကာ မျက်နှာကို လက်ဖဝါးနဲ့ ဖိအုပ်ကာ ဟီးခနဲ ငိုချလေသည်။

ဧည့်သည်တွေ မဲ့ကာရွဲ့ကာ ပြန်ထွက်သွားလျှင် ဧည့်ခန်းထဲမှာ





ဒီမိသားစုသာ ရုပ်ပျက်ဆင်းပျက်ကျန်ခဲ့တဲ့အဖြစ်။

"ရှက်လိုက်တာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ရှက်လွန်းလို့ သေရချည်ရဲ့၊ ဟင် သား၊ သမီး၊ နင်တို့နှစ်ယောက်က ဘာတွေလဲ၊ ပြောကြစမ်းပါ။ ဘာရည်ရွယ်ချက်တွေနဲ့ ဘုရား ဘုရား၊ တစ်သက်လုံးကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တာ မိဘကို ဒီနည်းနဲ့ အရှက်ခွဲပစ်ဖို့လားဟင်၊ ဟီး ဟီး၊ ကိုကို သားနဲ့သမီး လုတို့အရှက်ကို ရက်ရက်စက်စက် ခွဲလိုက်ပြီ၊ လု ရှက်တယ်၊ သေပစ်ဖို့ပဲ ကောင်းတယ်၊ ဟီး"

ဒေါ်လှလှလွင် ရှက်လွန်းလို့ သားနဲ့သမီးကို တွန်းထိုးပုတ်ခတ်၍ ပြောရင်း တဟီးဟီး ငိုလေသည်။

အခုမှ ဘူးပေါ်သလို ပေါ်လာတဲ့ အရှက်ဆိုး။

"ရှက်တယ်ကွာ၊ ရှက်တယ်၊ သိပ်ရှက်တယ်"

ဦးထွန်းလင်းလည်း ရှက်စိတ်တွေကို မထိန်းနိုင်တော့ပါ။ အံကြိတ်လျက် လက်သီးလက်မောင်းတန်းလျက် ပြောပြီးသည့်နောက် ခုံမြင့်ပေါ်မှာ တင်ထားတဲ့ အလှပန်းအိုးကြီးကို ဒေါသအလျှောက် တွန်းပစ်လိုက်လေသည်။

အလှပန်းအိုးက ကြမ်းခင်းမှာ ဝုန်းခနဲကျကာ ရုပ်ပျက်ဆင်းပျက် ကွဲလေပြီ။

"မိဘက ချစ်လွန်းလို့စီစဉ်တော့ နှစ်ယောက်လုံး ငြင်းကြတယ်၊ ဟော အခုတော့ ခြေလွန်လက်လွန်အဖြစ်တွေ လူသိရှင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ချပြီး အရှက်ခွဲတဲ့ ဒင်းတို့နှစ်ယောက်လုံးကို မာမီ ဆက်ချစ်လို့ မရတော့ဘူး၊ တကယ်ချစ်လို့ မရတော့ဘူး၊ သွားကြ၊ နှစ်ယောက်စလုံးကို သားသမီး မတော်ချင်တော့ဘူး၊ ဟင့် ဟင့် ထွက်သွားကြသွား''

ဒေါ်လှလှလွင်လည်း အရှက်မပြယ်နိုင်စွာ ငိုရင်း ပြောရင်း သားနဲ့သမီးကို ဆွဲလွှဲပစ်လေသည်။ ဦးထွန်းလင်းလည်း ဇနီးဖြစ်သူလိုပဲ ရှက်စိတ်တွေနဲ့အတူ သားနဲ့သမီးကို မမြင်ချင်တော့ပါ။

''သွားကြ၊ မင်းတို့နှစ်ယောက်လုံး ထွက်သွားကြ၊ မင်းတို့မျက်နှာတွေ မမြင်ချင်တော့ဘူး၊ ထွက်သွား''

''ဟင့် ဟင့် ဟင့်''

မို့မှာ ရှက်လွန်းလို့ ငိုချရင်း ပြေးထွက်သွားမိသည်က ဦးတည်ရာမဲ့လေပြီ၊ ရှက်ဖို့ကောင်းတာထက် အဆပေါင်းများစွာ ပိုလေသည်။

ဘယ်ဘဝက ဝဋ်ကြွေးကြောင့် ဒီလိုအရှက်ကွဲတဲ့အဖြစ်ဆိုးမျိုး ကြုံရတာလဲဟင်။

ပြောကြစမ်းပါ။

❀

''မို''





ရုတ်ခြည်းပြေးထွက်သွားတဲ့ မို့ပုံရိပ်ကြောင့် ဒယ်ဒီရှေ့မှာ ကျောက်ရုပ်လိုဖြစ်နေတဲ့ ဗိုင် အသိဝင်လာသည်။

''မို နေဦး၊ ငါ ပြောပါရစေဟာ''

ပါးစပ်ထဲက စကားလုံးတွေ ဝေါခနဲ ထွက်လာသလို ဗိုင့်ခြေလှမ်းတွေကလည်း မို့နောက် အရှိန်နဲ့ ပါသွားသည်။

''မို''

မြို့ပြင်ရောက်သွားပြီဖြစ်တဲ့ မို့လက်ကို ကမန်းကတန်း ဖမ်းဆွဲရင်း ငိုနေရှာတဲ့ မို့ကိုယ်လုံးလေးကို ရင်ခွင်ထဲ ထွေးဖက်လိုက်သည်။

ထိုအခါ မို့က ရှက်ဒေါသနဲ့ ဆောင့်ရုန်းပြီး –

''ဗိုင် နင့်ရင်ထဲမှာ ငါ့ကို တစ်သက်လုံး မုန်းနေခဲ့တယ်မဟုတ်လား။ ငါ့ကို ဒယ်ဒီနဲ့မာမီမွေးစားကတည်းက နင့်ရင်ထဲမှာ အမုန်းတွေ စခဲ့တယ်ဆိုတာ ငါ ငယ်ငယ်ကလေးတည်းက ဖတ်တတ်ခဲ့တယ် ဗိုင်''

''မဟုတ်ဘူး မို''

''နင် အခုမှ လာမငြင်းနဲ့ ဖယ်၊ ငါ့ကို လာမထိနဲ့၊ နင် ငါ့ရှေ့ ထိုးမလာနဲ့နော်''

မို့မျက်ရည်တွေက ဒေါသမှမာနအဖြစ် ရုတ်ခြည်း ပြောင်းလဲသွားကာ ဗိုင် ဖမ်းဆွဲဟန့်တားလို့မရအောင် အကြောက်အကန် ပေါ်ပိုးဟာစ်နှင်းထုတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် ခေါင်းယမ်းပြီး ဖွတ်တရွတ် လက်ကာဟန့်တားလျှင် မို ရင်ကော့လျက် မာနရောင် ဖိတ်ဖိတ်တောက်သောမျက်နှာထားနှင့် ဝိုင့်ကို နာကြည်းစွာ စိုက်ကြည့်၏။

"မို"

ဝိုင် အယူခံလိုသော အောက်ကျုံမျက်နှာနှင့် လှိုက်လှိုက်လှဲ လှဲ ခေါ်သည်ကို အလေးမထားဘဲ လက်ညှိုးငေါက်ငေါက်ထိုးလျက် ပြောလေသည်။

"ဒီမှာ ဝိုင်၊ နင့်အမုန်းစိတ်ကို သိလို့ ငယ်ငယ်ကတည်းက နင့်စိတ်ကျေနပ်ပါစေဆိုပြီး ငါ လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာ၊ ငါ ဘယ်လောက်ပဲ လိုက်လျော့လိုက်လျော နင့်စိတ်က ငါ့ကို အမြဲ အနိုင်လိုချင်တယ်၊ ငါ့ကို ဒယ်ဒီနဲ့မာမို့ရင်ခွင်ထဲက ဖယ်ထုတ်ပစ်ချင် တယ်၊ ငါ့ကို ဖယ်ထုတ်ပစ်ချင်တဲ့ နင့်စိတ်က အရွယ်ရောက်လာလေ ပိုကဲလေ ဖြစ်လာတယ်လေ၊ ငါ့ကို လူ့ရှေ့သူ့ရှေ့မှာ သူစိမ်းပီပီ နှိမ် နှိမ်ချချ ဆက်ဆံတာတွေကို ငါ သည်းခံနိုင်ပေမယ့် ငါ့မာနက သည်း မခံချင်ဘူး၊ ဒါကြောင့် ဒယ်ဒီနဲ့မာမို့ရင်ခွင်ထဲက ထွက်ပြေးဖို့ ငါ ဆုံးဖြတ်ခဲ့ဖူးတယ်၊ ဒါတွေ နင် အသိပဲ ဝိုင်"

ဟင့်အင်း ဒါတွေကို ဝိုင် ပြန်သတိမရချင်တော့ပါ။ လောလောဆယ် မို့ရင်ထဲက အရှက်သည်းမှုတွေကို ဝိုင်ဖြေဖျောက်ပေးချင်တာပဲ သိသည်။ မိုက ဖြေရှင်းပြမှာကို လက်မခံနိုင် ရင်ထဲရှိသမျှ ပြောချသည်က ဝိုင့်ရင်ဘတ်ကို တုန်ခါနေစေသည်။





"နင့်ကြောင့် ဒယ်ဒီနဲ့မာမီရင်ခွင်ထဲက ငါထွက်ပြေးခွင့် မရခဲ့ဘူး၊ ဒါပေမဲ့ နင် ငါ့အပေါ် ရှေ့ဆက် ငြိုးမထားမိစေဖို့ ကြယ်သစ်ကို ငါ ရွေးချယ်ခဲ့တာ၊ ငါ့ဘဝဂုဏ်သိက္ခာဖို့ပါ၊ ဒါပေမဲ့ ငါ့ဂုဏ်သိက္ခာကို နင့်အတ္တနဲ့ စိရင်လိုက်တာ ငါ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး ဝိုင်၊ နင်နဲ့ငါ တိတ်တိတ်ပုန်း ညား,မညားဆိုတာ နင့်ကိုယ်နင် အသိဆုံးပဲ၊ နင် သိသိကြီးနဲ့ ငါ့ဘဝ ညစ်ထေးသွားအောင် မျက်နှာပြောင်ပြောင် နဲ့ ပြောရဲဆိုရဲတဲ့ နင့်အတ္တကို ငါ ခွင့်မလွှတ်နိုင်ဘူး ဝိုင်၊ နင့်ကိုငါ ဘစ်သက်လုံး ခွင့်မလွှတ်ဘူး"

"မို ငါတောင်းပန်ပါတယ်ဟာ"

"မတောင်းပန်နဲ့ ဝိုင်၊ ဒီအမည်းစက်က နင်တောင်းပန်ရုံနဲ့ ကျေပျက်သွားမယ့် အစွန်းအထင်းမျိုး မဟုတ်ဘူး၊ ငါ့ရဲ့အဖြူထည် ဘဝ တစ်သက်လုံး စွန်းကွက်သွားတဲ့ အမည်းစက်မျိုး၊ နင်သိလား၊ ငါ့ဘဝမှာ ဆွေမရှိမျိုးမရှိ, မိဘမဲ့, အားကိုးရာမဲ့မို့လို့ နင်ပြောသလို ငါ ခံလိုက်ရတာ ငါ ဝမ်းအနည်းဆုံးပဲ ဝိုင်၊ ဒီကနေ့ ငါ့မှာ မိဘရှိ ကြည့်၊ နင် ဒီလိုတွေ ပြောရဲမှာမဟုတ်ဘူး၊ ငါ သိတယ်၊ ဟင့်ဟင့်"

စကားလုံးနောက်မှာ မို့မျက်ရည်တွေ တသောသောကျလာ ပြန်သည်။ ဝိုင့်ရင်မှာ မချိစွာ ခံစားလိုက်ရသည်။

"ရှေ့ဆက် နင် ငါ့ကို ဘယ်လောက်တောင် အရှက်ခွဲဦးမလဲ ဆိုတာ ငါ မတွေးရဲတော့ဘူး၊ ဒါကြောင့် ငါ့ဘဝ ငါရင်ဆိုင်တော့မယ် အရှက်တကွဲဖြစ်ရတဲ့ နင့်မိဘ နင့်အသိုင်းအဝိုင်းကြားမှာ ငါ နေရဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ဒါကြောင့် နင် ငါ့ကို မတားနဲ့ လာပြီးလည်း မတောင်းပန်နဲ့၊ ငါ့ဘဝ, ငါ့သိက္ခာ, ငါ့ရဲ့ကိုယ်ကျင့်တရားနဲ့ ငါ့ရဲ့အပျိုစင်ဂုဏ်ကို ချဉ်ဖတ်ဖြစ်အောင် လုပ်ပစ်တဲ့ နင့်အတွက်ကို ငါ တစ်သက်လုံး ခွင့်မလွှတ်ဘူး၊ အဲဒါ ငါ့ရဲ့နောက်ဆုံးစကားပဲ''

''မို''

ပြောပြီး ဗိုင့်ရင်ဘတ်ကို အမုန်းနဲ့ တွန်းပစ်ကာ ပြေးထွက်သွားတဲ့ မို့ပုံရိပ်လေး။

ဗိုင် ဟန့်တားတော့လည်း မရတော့ပါ။ ဗိုင် တောင်းပန်သံနဲ့ ခေါ်သော်လည်း လှည့်မကြည့်တော့ပါ။

လိုက်မမီအောင် ကျောခိုင်းထွက်ခွာသွားသည်က တစ်သက်လုံးအတွက်လား မို့ရယ်။

ငါ့ရင်ဘတ်ကို နင် ဆွဲဖွင့်ကြည့်ပါ မို့။

ငါ့နှလုံးသားကို နင်ဖတ်ကြည့်စမ်းပါ။

✿ ✿ ✿



## အခန်း (၃၃)

''သမီးအပေါ် သားရက်စက်တယ်၊ သမီးဘဝနုနုလေးကို အညွန့်ချိုးပစ်တယ်၊ သမီးမျက်နှာ လူကြားထဲ ချပြမရဲအောင် အိုးမဲသုတ်ပစ်တယ်၊ အဲဒီအတွက် သားကို မာမီ ချစ်လို့မရတော့ဘူး သားရယ် ဟင့် ဟင့် ဟင့်''

ဗိုင့်မျက်နှာမြင်တိုင်း အချစ်ပြယ်စွာပြောရင်း တငိုငိုဖြစ်နေရှာတဲ့ မာမီ့စိတ်နှလုံးသားကို ဗိုင် မကြည့်ရက်နိုင်တော့မှာ။

ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင်ဖြစ်ကာ ရှက်စိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားတဲ့ မာမီ။

ဗိုင် မည်သို့မျှ ဖျောင်းဖျနိုင်စွမ်း မရှိတော့ပါ။

ဗိုင်ကြောင့်ဆိုတာ သေချာပေမယ့် ထိုမျှထိ မိဘရှေ့စိပါး



www.burmeseclassic.com

www.burmeseclassic.com



ခံစားရလိမ့်မယ်လို့ မထင်ခဲ့ပါ။ ထိုနေ့ကတည်းက မိုပျောက်သွားတာ ဒီကနေ့အထိ။

ဘယ်လိုပဲ စုံစမ်းပါစေ မို့သတင်း အစအနပင် မရတော့ပေ။

မို့သတင်း မရလေ၊ မာမီက ဝိုင့်ကို အပြစ်ဖွဲ့လေ။

''မို့ကို ဒယ်ဒီနဲ့မာမီ မွေးစားကတည်းက သားရင်ထဲ မကြည်လင်ခဲ့ဘူးဆိုတာ မာမီ သိတယ်၊ ဒါပေမဲ့ တစ်ရက်ရက် တစ်ချိန်ချိန် သားကြည်လင်လာမယ် ထင်ခဲ့တာ၊ ခုတော့ သား အငြိုးကြီးကြီး စိရင်လိုက်တာ မာမီရင်ကွဲတယ် သားရယ်''

ပြောရင်း ဒလဟောကျလာတဲ့ မာမို့မျက်ရည်တွေကို ဝိုင်ရင်နင့်စွာပဲ ငေးကြည့်နေမိသည်။ မာမီက ငိုရင်းရှိုက်ရင်း အတောမသတ် ပြောပြန်သည်။

''သားကြောင့် မိုလေးဟာ ညအချိန်မတော် မာမီတို့ရင်ခွင်ထဲက ထွက်ပြေးဖို့ ကြိုးစားခဲ့ဖူးတယ်၊ သားကြောင့်ပဲ ကြယ်သစ်ကို ရွေးချယ်လက်ခံတယ်၊ သားကြောင့်ပဲ အရှက်တကွဲဖြစ်ပြီး မာမီတို့ ရင်ခွင်ထဲက တကယ်ထွက်သွားရပြီ၊ သား ဘာကြောင့် သမီးအပေါ် ဒီလောက်အငြိုးကြီးရတာလဲဟင်၊ ငယ်ငယ်ကတည်းက ငြိုးထားတဲ့ သားအငြိုးက''

''တော်ပါတော့ မာမီရယ်၊ မပြောပါနဲ့တော့''

''ပြောရမယ် သားရဲ့၊ သမီးလေးက ဒယ်ဒီနဲ့မာမို့အပေါ် ဘယ်လောက်ချစ်တယ်, သားကို ဘယ်လောက်အလေးထားတယ်





ဆိုတာ သားသိသိကြီးနဲ့ ဒီလိုအရှက်ကွဲအောင် လုပ်ပစ်တာ မာမီ ရင်နာတယ် သားရဲ့၊ ဟင့် ဟင့် ဟင့်၊ မို့ကို မာမို့ဝမ်းနဲ့ လွယ်မမွေးတာ တစ်ခုပဲ ရှိတယ်၊ မာမီ တယုတယ မွေးလာတာပါကွယ်၊ အခုတော့ ဟင့် ဟင့် ဟင့်''

မငိုပါဘဲ ဝိုင့်မျက်ရည်တွေ အလိုလိုလိမ့်ကျလာသည်က မာမို့မျက်ရည်တွေကို မြင်နေရလို့ပဲဖြစ်မည်။

တကယ်တော့ ဒီအဖြစ်အပျက်မှာ ဝိုင် မှားသလား၊ မှန်သလား။ ဝိုင် အဖြေမထုတ်ချင်ပါ။

ဖြစ်ချင်တာကို ဖွတ်လုပ်လိုက်မိတဲ့အပြစ်က မိသားစုထဲမှာ မျက်ရည်သွင်သွင်စီးကျနေစေဖို့လား။ ဘာဖြစ်လို့ ဝိုင်လုပ်မိပါလိမ့်။

ဒီလိုပြန်တွေးမိလျှင် ဝိုင့်ရင်က တငွေ့ငွေ့လောင်ကျွမ်းနေတဲ့ မီးလို အပူမျိုး ခံစားရစေသည်။

ကြယ်သစ်ကို မို လက်ခံလိုက်ကတည်းက ဝိုင့်စိတ်တွေ ပြောင်းလဲနေခဲ့သည်။ ကြယ်သစ်လက်ထဲ မထည့်ပေးရက်အောင် နှမြောတသဖြစ်နေတဲ့ မာမို့ခံစားချက်တွေမြင်ရတော့ ဝိုင့်စိတ်က ဆူပွက်လာသည်။

ဘာကြောင့်ဆိုတာ ဝိုင့်စိတ်က အဖြေမထွက်ချင်ပေမယ့် မို့ကို ကြယ်သစ်လက်ထဲ မထည့်ရက်တဲ့စိတ်ဖြစ်ကာ၊ မို့ကိုပဲ အရိပ်တကြည့်ကြည့် လိုက်ကြည့်နေမိတဲ့ ဝိုင့်အဖြစ်ကို ဝိုင်ပဲသိသည်။

ဘာကြောင့်မှန်းမသိ မို့ရဲ့ လှုပ်ရှားပုံတွေ အသေးစိတ် ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ဗီဒီယိုကင်မရာနဲ့ ရိုက်ယူထားခဲ့သည်။

မနက်ဖြန်မှာ စေ့စပ်တော့မယ့် သတို့သမီးလောင်း အိပ်ပျော်နေတဲ့ မှီ့အလှတွေကို ဝိုင် ကျောခိုင်းမသွားရက်ပါ။

ကြည့်နေရင်း ရင်တွေလည်းခုန်ကာ မှီ့မွေ့ရာနား ဖြည်းဖြည်းကပ်သွားခဲ့သည်။ မှီ့ပါးပြင်နဲ့နှုတ်ခမ်းဖူးလေးကို တစ်ပါးသူ့ကို မနမ်းစေချင်။

ထိုစိတ်နဲ့ မှီမသိအောင် အနမ်းတွေ ခိုးယူခဲ့မိသည့် ဝိုင့်ရင်ခုန်သံဟာ မှီ့ကို အဆုံးအရှုံးမခံနိုင်မှန်း ဝိုင် ပို၍သိရှိသွားခဲ့သည်။

ထိုအသိကြောင့် မှီ့ကို စေ့စပ်ပွဲမတက်ဖို့ တားခဲ့သည်။ မှီဆတ်ဆတ်ထိမခံငြင်းလျှင် ခံပြင်းသွားတဲ့ ဝိုင့်စိတ်က ဗီဒီယိုကင်မရာနဲ့ ရိုက်ယူထားတဲ့ပုံရိပ်တွေကို အမြင်မတော်မှန်းသိပေမယ့် လူကြီးတွေရှေ့ ချပြခဲ့လိုက်ရာ အခြေအနေက ထင်မှတ်မထားစွာ ဆိုးသွားလေ၏။

အဲဒီအတွက် ဝိုင် မှားတယ်ဆိုရင် တောင်းပန်ပါရစေ မှီ။ မှီ ခွင့်မလွှတ်သလို ဒယ်ဒီနဲ့မာမိလည်း ဝိုင့်အတွက်ကို ခွင့်မလွှတ်နိုင်စွာ အချိန်နဲ့အမျှ အပြစ်ဖွဲ့ ပြောဆိုခဲ့သည်။

"ဒီမှာ သား၊ သားမှာ ဒီလိုအောက်တန်းကျတဲ့စိတ်မိုက်စိတ်ရိုင်းမျိုး ရှိနေမယ်လို့ ဒယ်ဒီ မထင်ဘူးကွာ၊ အခုမှ ကိုယ်မွေးထားတဲ့ သား ဒီလောက်ရိုင်းစိုင်းမှန်း သိရတော့တယ်၊ သားရဲ့အရိုင်းစိတ်က မိဘမျက်နှာကိုလည်း အသရေတုံးစေတယ်၊ သမီးလေးရဲ့





ဖြူစင်မှုကိုလည်း အမည်းစက်ဖြစ်စေတယ်၊ အဲဒီအတွက် ဒယ်ဒီတို့ ယူကျုံးမရဖြစ်ရတယ် သားရယ်"

ဒယ်ဒီမှာလည်း အရှက်မပြေနိုင်စွာဘဲ အက်အက်ကွဲကွဲပြောရင်း ဝိုင့်ကို ခွင့်မလွှတ်နိုင်တဲ့မာနနဲ့ စိုက်ကြည့်၏။

ဝိုင် ရှောင်လွှဲလို့လည်း မရတော့ပါ။

"သားကြောင့် တန်ဖိုးရှိတဲ့ သမီးတစ်ယောက် ဆုံးရှုံးရပြီးမှ တော့ သားကိုလည်း အဆုံးအရှုံးခံဖို့ ဒယ်ဒီတို့ မမှုတော့ဘူး။ ဒီနေ့ကစပြီး သားလည်း ဒယ်ဒီတို့ရင်ခွင်ထဲက ထွက်သွားတော့"

"ဒယ်ဒီ"

ဝိုင် တစ်ခုခုပြောဖို့ ပြင်သော်လည်း အခွင့်မသာ။ ဒယ်ဒီ လက်ကာဟန့်တားရင်း ဆက်ပြောသည်။

"မိဘကို အရှက်ခွဲတဲ့အတွက် မိသားစုဂုဏ်သိက္ခာကျအောင် လုပ်တဲ့အတွက် သားကို ဒယ်ဒီ ဘယ်လိုမှ ခွင့်လွှတ်ကြည့်လို့ မရတော့ဘူး။

"ဟုတ်တယ်၊ မာမိစိတ်မှာလည်း ဒီအတိုင်းပဲ၊ ဟင့် ဟင့် သားကို ခွင့်မလွှတ်နိုင်ဘူး၊ မာမိ့သမီးလေး လူတောတိုးလို့မရအောင် အရှက်ခွဲပစ်တဲ့ သားအတွက်ကို မာမိ မုန်းတယ်၊ ဟင့် ဟင့် သွား၊ မာမိရှေ့ ဘယ်တော့မှ မလာနဲ့"

ဒယ်ဒီနဲ့မာမိ တစ်လေသံတည်း နှင်ထုတ်မှုနောက်မှာ ဝိုင် ဖြေရှင်းခွင့် မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မှီအပေါ် အတွက်ကြီးစွာပြုခဲ့မိတဲ့ ဝိုင့်အဖြစ်က ထိုမျှထိ ကြီးနေရော့သလား။ မိဘရင်ခွင်ထဲက ဆွဲထုတ်ခံရတဲ့အဖြစ်။

မှီ ငါ့ဘဝကို တစ်ချက်လှည့်ကြည့်ပါကွယ်။

✿ ✿ ✿



အခန်း (၃၄)

## အမွေပြတ်စွန့်လွှတ်ခြင်း

သက်တန့်ဝိုင် (ခေါ်) ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် ဝိုင်သည် မိဘဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သည်ကို ခွင့်မလွှတ်နိုင်ပါသဖြင့် ယနေ့မှစ၍ သားရင်းအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

ဖခင် ဦးထွန်းလင်း

မိခင် ဒေါ်လှလှလွင်



www.burmeseclassic.com

www.burmeseclassic.com



## အမြန်ပြန်လာပါ

ဖြူစင်လွန်းတဲ့ သမီးလေး "ခါတော်မှီ" ဒယ်ဒီနဲ့မာမီ စိတ်ပူနေသည်။ ရောက်ရာအရပ်က အမြန်ပြန်လာပါ။

သမီးကိုချစ်တဲ့
ဒယ်ဒီ ဦးထွန်းလင်း
မာမီ ဒေါ်လှလှလွင်

ဒီနေ့ထုတ် သတင်းစာမှာ အထက်အောက်ပါလာတဲ့ ကြော်ငြာနှစ်ခု ဖတ်မိလျှင် ရှုံ့မှုံ့ရှိန်းရင်ထဲမှာ နင့်ခနဲ ဝမ်းနည်းကာ လပ်ဟာသွားပါသည်။

"ဖြစ်ရလေ ပိုင်ရယ်"

လို့ ရေရွတ်မိသလို မှိုကိုလည်း သနားမိလေသည်။ ဒီလိုတွေဖြစ်လိမ့်မယ်လို့ ရှိန်းရှိန်း ထင်မထားတာ တကယ်ပါ။

ခုချိန်မှာ ကြယ်သစ်ကို သူ့မိဘက နိုင်ငံခြားသို့ အပြီးအပိုင်ခေါ်သွားလေသည်။

ပိုင်က အမွေပြတ်စွန့်ပစ်ခံရကာ မှိုက ဘယ်ဆီရောက်ပို့ရောက်မှန်းမသိ ဖြစ်လို့နေသည်။

ပိုင်ရေ





ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ရှိန်းက ပိုင့်ဘက်တော်သားပါ။ ပိုင်ခံစားရသလို ရှိန်းလည်း ခံစားရပါတယ်ကွယ်။

ပိုင် ဝမ်းနည်းရင် ရှိန်းလည်း ဝမ်းနည်းရတယ်။

ပိုင် ကြေကွဲရင် ရှိန်းလည်း ပိုင်နဲ့ထပ်တူပါပဲ။

ရှိန်း ကိုယ်ချင်းစာပါတယ်။

မှိုအပေါ် ဘာကြောင့် ဒီလိုစီရင်ရသလဲဆိုတာ ရှိန်း သိပါတယ် ပိုင်။

ပိုင့်နှလုံးသားက ရင်ခုန်ကာလာဟာ မှိုအပေါ် ဘယ်အရောင်ပြောင်းလဲခံစားမိသလဲဆိုတာလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

တစ် နှင့် ကင်း တင်း ပြည့် ပြီး နောက်

## အခန်း (၃၅)

"ဟင်"

စာရေးစားပွဲပေါ်ရောက်နေတဲ့ အပြာရောင်စာအိတ်လေးကို မြင်လျှင် မှီ မျက်ခုံးလေး အလိုလိုပင့်တက်သွားသည်။

စာအိတ်ကိုကောက်ကြည့်တော့ နှစ်ဖက်လုံးမှာ ဘာစာတစ်လုံးမှ ရေးမထားပေ။ ဘယ်သူက ဘယ်သူ့ကို ပေးတဲ့စာလဲ။

မှ သို့ ဆိုပြီး ဘယ်သူ့နာမည်မှ ရေးမထားသော ဘယ်သူ့ကို ဘယ်သူက ပေးမှန်းလည်း မသိနိုင်ပါ။

ဘာမှန်းမသိတဲ့ အိတ်ပိတ်ထားတဲ့စာအိတ်က မှီ့စာရေးစားပွဲပေါ် ဘယ်လိုရောက်နေရတာလဲ၊ မှီ စဉ်းစားလို့မရအောင် ဖြစ်သည်။

"အလင်းအိမ်" မိဘမဲ့ဂေဟာမှာ မှီလာနေပြီး စေတနာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆေရာမ လုပ်နေခဲ့တာ ခုဆို တစ်နှစ်နီးပါးရှိပါပြီ။ ဒီအတောအတွင်း မှာ ဒီစာအိတ်ပြာလေး ဒီနေ့ ရောက်လာတာက ထူးဆန်းနေသည်။

"မို့ဆီကို စာလာတာလား၊ ဘယ်သူ့ဆီကလဲ"

တစ်ခန်းတည်း အတူနေသည့် သွယ်သွယ့်မေးသံလေး ပေါ် ထွက်လာတော့ မို အသိဝင်လာသည်။ ကိုင်ထားတဲ့ စာအိတ်ဆီက အကြည့်လွှဲရင်း –

"မသိပါဘူး သွယ်ရယ်၊ စာအိတ်ပေါ်မှာ ဘယ်သူ့နာမည်မှ ရေးမထားဘူး"

"ရေးမထားလည်း မို စားပွဲပေါ်ရောက်နေတာ မို့နဲ့ပတ်သက် လို့ပေါ့၊ ကဲ ဖတ်ကြည့်လိုက်လေ၊ ဖတ်ကြည့်လိုက်ရင် သိသွားမယ့် ဥစ္စာ"

"ဟုတ်သားပဲ ဖတ်ကြည့်လိုက်လေ"

သွယ်သွယ့်နောက်မှပါလာတဲ့ ဥမ္မာစိုးကလည်း တိုက်တိုက် တွန်းတွန်း ပြောပြန်သည်။ စာကလည်း မို့လက်ထဲ ရောက်နေပြီမို့ မဖတ်ဘူး ငြင်းလို့လည်း မကောင်းပေ။

"ဖတ်ပြီးရင် ဥမ္မာတို့လည်း ပြောဦး"

"သွယ်လည်း သိချင်တယ်၊ မြန်မြန်ဖတ်လေ မို"

ဥမ္မာနဲ့သွယ်သွယ် သက်ဆိုင်ရာ အလုပ်စားပွဲမှာ ဝင်ထိုင်ရင်း စိတ်ဝင်တစား ပြောပြန်သည်။ မထူးပြီမို့ ကြိမ်ကုလားထိုင်မှာ မို ဝင် ထိုင်ရင်း စာအိတ်လေးကို ကတ်ကြေးလေးယူပြီး သပ်သပ်ရပ်ရပ်





ညှပ်ဖောက်လိုက်သည်။

စာအိတ်ထဲမှ အပြာနုရောင် စာခေါက်လေး ထွက်လာသည်။ ခေါက်ထားတဲ့စာရွက်ကို ဖြန့်လိုက်လျှင် –

အပြာနုရောင် စာရွက်ပေါ်မှာ အပြာရင့်ရောင် မှင်စိုစိုနဲ့ ရေး ထားသော ဝိုင်းစက်စက်စာလုံးလေးများ အစီအရီ ပေါ်လာသည်။

ဒီလက်ရေးဝိုင်းဝိုင်းက ဝိုင့်လက်ရေးမဟုတ်မှန်း မိုသိသည်။

ဘယ်သူ့လက်ရေးပါလိမ့်။

တွေးရင်း စာလုံးလေးများကို စိတ်ဝင်တစား ဖတ်မိလေပြီ။

"မို" တဲ့။

မို့ကို ရင်းရင်းနှီးနှီး သိနေသော ခေါ်သံလေး၊ ပေါ်လွင်အောင် ရေးထားတဲ့ ပထမဦးဆုံး စာလုံးလေးကို စဖတ်မိသည်နှင့် မို့ရင်ခွင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ လှုပ်ရှားနေသောရင်ဖြင့် အောက်က စာကြောင်းများကို ဖတ်မိသွားလေသည်။

မို့ရေ

အဖြစ်အပျက်အားလုံးဟာ ထင်မှတ်မထားဘဲ အရှက်တကွဲ အကျိုးနည်းဖြစ်သွားတဲ့အတွက် ဝမ်းနည်းမိပါတယ်။

ဒါပေမဲ့ ဒီဖြစ်စဉ်အားလုံးရဲ့အဆုံးသတ်ဟာ မို့ကို အဆုံးအရှုံး ပခံနိုင်တဲ့ ဝိုင့်ရဲ့အတ္တစိတ်ကြောင့်ဆိုရင်လည်း မမှားဘူးလေ။

ငယ်ငယ်ကတည်းက မို့အပေါ် အလိုမကျတာတွေ၊ မျက်မုန်း ကျိုးတာတွေနဲ့ ဝိုင့်ရင်မှာ ဖွဲ့တည်နေပေမယ့် တကယ့်တကယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မို့ကို တစ်ပါးသူလက်ထဲ မထည့်နိုင်အောင် ဖြစ်နေတဲ့စိတ်ကြောင့် ပိုင့်ခမျာ ခပ်ရိုင်းရိုင်းအစီအစဉ်နဲ့ မို့စေ့စပ်ပွဲ ဖျက်ခဲ့တာပါ။

မိုရဲ့စေ့စပ်ပွဲကို ဘာကြောင့်ဖျက်ရလဲလို့မေးရင် မိုထင်သလို မိုစွပ်စွဲသလို ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ပိုင့်ရင်ထဲမှာ အမိုးစင်းဆုံးနဲ့ အလေးနက်ဆုံးအဖြေတစ်ခု ရှိနေပါတယ်။

အဲဒီအဖြေက ဘာလဲသိလား။

သိချင်ရင် ပြောပြမယ်လေ။

အသေချာဆုံးက မို့ကို ပိုင် ချစ်မိနေလို့ပေါ့။

"အို"

စာကြောင်းလေးအဆုံးမှာ မို့ရင်ခွင် ပြာခနဲဖြစ်ကာ ရင်ခုန်သံတို့ မြန်လေပြီ။

❀ ❀ ❀



## အခန်း (၃၆)

"မို့ ဦးမှာနဲ့ သွယ်သွယ်ရေ သတင်းကောင်း ပြောပြမယ်ကွဲ့"

ဝေဝေလွင်ရဲ့အားရဝမ်းသာအသံက မိုတို့နားနေခန်းထဲ ပျံ့လွင့်လာသည်။

အသံက အရင်၊ လူကလည်း နောက်ကပါလာတဲ့ ဝေဝေလွင်ကို မိုတို့သုံးယောက် ကလေးတွေရဲ့အဖြေစာအုပ်တွေ စစ်ဆေးနေရာမှ မော့ကြည့်သည်။

"ဘာသတင်းကောင်းလဲ"

"သတင်းကောင်းဆိုရင်တော့ သွယ်တို့ စိတ်ဝင်စားတယ်၊ အလှူရှင်အသစ်တွေ ရလာတဲ့အကြောင်းလား"

ဦးမှာနဲ့သွယ်သွယ်က စိတ်ဝင်တစား လှမ်းမေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေက ပြုံးချိုချိုမျက်နှာလေးနဲ့ အားတက်သရောဖြင့်ကာ နားနေခန်းထဲ သွက်သွက်ကလေး လှမ်းဝင်လာပြီး –

"အေးပေါ့ဟယ်၊ ဝေတို့ အလင်းအိမ်မိဘမဲ့ဂေဟာမှာ မိဘမဲ့ကလေးက များ, ဝန်ထမ်းအင်အားနဲ့ အလှူငွေက နည်းနေတော့ အတော်လေး အခြေအနေဆိုးနေတာ သူငယ်ချင်းတို့လည်း အသိပဲ ဥစ္စာ"

"သိပါတယ် ဝေဝေရယ်၊ ဓာတ်ပြားဟောင်းကြီး ဖွင့်ပြီး ညည်းတွားမနေပါနဲ့၊ သတင်းကောင်းသာ ပြောစမ်းပါကွယ်"

မိုလည်း သိချင်တဲ့စိတ်လောလောဖြင့် တစ်ခွန်းငင်ပြောလိုက်သည်။

အလင်းအိမ်မိဘမဲ့ဂေဟာ ရပ်တည်နေရတာ ယိုင်နဲ့နဲ့ဆိုတာ မို စေတနာ့ဝန်ထမ်းဝင်လုပ်ပေးသည့် တစ်နှစ်မှာ အတွင်းသိပင် ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ရောက်လာတဲ့ ကလေးတွေကို မပြစ်ပယ်ရက်တဲ့ ဆရာမကြီး နော်ဖူးဝါးက မေတ္တာရှေ့ဖြင့် လက်ခံတာဝန်ယူလေသည်။

ခုလို မိဘမဲ့ မိန်းကလေးတွေ တစ်ရာနီးပါးခန့် ရှိနေပြီး ဒီကလေးတွေရဲ့ စာရေး, ဝတ်ရေး, နေရေးနဲ့ ကျန်းမာရေးအတွက် ချို့ချို့တဲ့တဲ့ ချွေချွေတာတာသုံးစွဲဖို့ စီမံခန့်ခွဲနေတဲ့ ဆရာမကြီးရဲ့ ပူပင်သောကကို မိုတို့အားလုံး နားလည်ကြပါသည်။





မိုလည်း အလင်းအိမ်မှာ စေတနာ့ဝန်ထမ်း ဝင်လုပ်ပြီးမှ မိဘမဲ့ကလေးတွေအပေါ် ပိုရှုစာနာမိသည်။ မိုဘဝက မိဘမဲ့ပေမယ့် ပြည့်ပြည့်စုံစုံ နေလာခဲ့ရသည်။

ဝိုင်ကြောင့်သာ မဟုတ်လျှင်။

အိုး ဒီအကြောင်းတွေ မတွေးချင်ပါဘူး။

မေ့ထားတာ နှစ်ချီ ကြာမြင့်ခဲ့ပါပြီ။

မနေ့က ရှိန်းရှိန်းပို့ခဲ့တဲ့စာတစ်စောင်ကြောင့် ရင်တွေလည်း ခုန်ခဲ့ရပြန်သည်။ မိုကို ဝိုင် ချစ်နေလို့လေဆိုတာက ဟာကယ်လား။

အလို ဘာတွေလျှောက်တွေးနေမိလဲကွယ်။

လောလောဆယ် ဝေဝေပြောမှာက အလင်းအိမ်မိဘမဲ့ ဂေဟာရဲ့ သတင်းကောင်း။ ထိုသတင်းကောင်းကို မိုတို့ ကြားချင်နေတာလေ။ ဘယ်ကဘယ်လို ဝိုင့်အကြောင်း ရောက်သွားရတာလဲ။

တော်ပြီ မတွေးတော့ဘူး။

အခုလက်ရှိ မိုက မိဘမဲ့။ မိဘမဲ့ဂေဟာမှ စေတနာ့ဝန်ထမ်း ဆရာမလေး။ စေတနာ့ဝန်ထမ်းဆရာမပီပီ မိဘမဲ့ကလေးတွေအတွက်ပဲ အရေးထားရမှာပေါ့။

ဟုတ်တယ်။ မိုဘဝက မိဘမဲ့ကလေးတွေနဲ့ ထပ်တူပဲ။

"ဟဲ့ မို၊ ဝေပြောနေတာ ကြားရဲ့လား"

သွယ်သွယ်က မိုလက်မောင်းကို လှမ်းပုတ်ရင်း ပြောခါမှ မို အသိတို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာလဲဟင်၊ မို ကလေးတွေဆီ အာရုံရောက်သွားလို့ဟ၊ ပြန်ပြောလေ"

"ဟွန်း ဖြစ်ရမယ်၊ မိုတို့ကတော့"

"ဟုတ်ပဲ့၊ ကဲ ဝေဝေ၊ မိုကြားအောင် အကျယ်ကြီး ပြောလိုက်ပေါ့"

ဥမ္မာက စချင်နောက်ချင်စိတ်ကလေးနဲ့ မျက်စောင်းလှလှထိုးရင်း ပြောသည်။ မိုရှက်သွားတာ့ မိုကို သဘောကျသလိုကြည့်၍ အားလုံးရယ်ကြသည်။ မိုလည်း ရောရယ်ကာ

"ပြောပါတော့ ဝေ"

ဝေဝေ ခေါင်းလေးဆတ်ကာ ထိုင်ခုံမှာမထိုင်ဘဲ ရပ်လျက်ပဲ အားရဝမ်းသာပြောသည်။

"ဝေတို့ဂေဟာမှာ စေတနာ့ဝန်ထမ်းနှစ်ယောက် တိုးပြီဟ"

"ဟင် ဟုတ်လား"

"ဟုတ်တယ်ဟ၊ ဆရာတစ်ယောက် ဆရာမတစ်ယောက်"

"ဟေး ဟုတ်လား၊ ဝမ်းသာစရာပဲ ဝေရယ်၊ သွယ်နဲ့ဥမ္မာ ဟုတ်တယ်နော်၊ ဝမ်းသာစရာကြီး"

မို ဟန်မဆောင်နိုင်တမ်း ပြောမိသွားလေသည်။ တကယ်လည်း ဝမ်းသာစရာ အကောင်းဆုံးပါပဲ။

မိဘမဲ့ကလေးတစ်ရာနီးပါးအတွက် ဝန်ထမ်းအင်အား မိုပါဆိုမှ ရှစ်ယောက်တည်းရှိတာလေ။





ကလေးတွေကို မနိုင်မနင်းထိန်းနေရအခက်အခဲကြောင့် စေတနာ့ဝန်ထမ်းဦးရေ တိုးပါစေလို့ ကျိတ်ဆုတောင်းနေရသည်။

ခုတော့ မိုတို့ ဆုတောင်းပြည့်ပြီထင့်။

"ဟုတ်တယ် မိုရဲ့၊ ဝေတို့လည်း အရမ်းဝမ်းသာတာပဲ၊ အဲဒါ ဆရာမကြီး နော်ဖူးဝါးက ဝန်ထမ်းအသစ်နှစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့တဲ့၊ ဝေ့ကို လာခေါ်ခိုင်းလိုက်တယ်၊ ရုံးခန်းကို အမြန်လာခဲ့ကြသူငယ်ချင်းတို့"

"လာမှာပေါ့ဟဲ့"

သွယ်သွယ်နဲ့ဥမ္မာက ဝေဝေ စကားအဆုံးမှ ထရပ်ပြီးသား ဖြစ်သည်။

"ဟဲ့ မို မြန်မြန်လာခဲ့"

ဝေဝေ နှိုးဆော်ရင်း ရှေ့က ဦးဆောင်ထွက်သွားလျှင် သွယ်သွယ်နဲ့ ဥမ္မာစိုးလည်း တစ်ဆက်တည်း ပါသွားသည်။

မိုမှာ ဝမ်းသာ သက်မ,လေးချကာ စစ်ဆေးလက်စ ဖွင့်ထားဆဲဖြစ်သည့် ကလေးတွေရဲ့အဖြေလွှာစာအုပ်ကို ပိတ်သိမ်းပြီး ထိုင်ရာမှ ထသည်။

ပြီးတော့ မိတ်ဆက်ပေးမယ့် ဝန်ထမ်းအသစ်နှစ်ဦးရှိရာ ဆရာမကြီး နော်ဖူးဝါးရုံးခန်းဆီ မိုခြေလှမ်း ဦးတည်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"လာ လာလေ မို"

အစိမ်းနုရောင် လိုက်ကာစလေးဖယ်၍ ရုံးခန်းထဲ မို လှမ်းဝင်သည်နှင့် ခံ့ခံ့ညားညားထိုင်နေတဲ့ ဆရာမကြီး ဒေါ်နော်ဖူးဝါးက ဝမ်းသာအားရ ဖိတ်ခေါ်လေသည်။

ဆရာမကြီးရှေ့မှာ ဝန်ထမ်းအသစ်နဲ့ ဝန်ထမ်းအဟောင်းတွေ အားလုံး မို့ဘက်ကို ကျောပေးလျက်သား ထိုင်နေကြသည်။

မို ခေါင်းလေးဆတ်၍ပြုံးကာ ဆရာမကြီး ညွှန်ပြသည့် ထောင့်ဆုံးမှ ထိုင်ခုံအလွတ်ဆီ လျှောက်သွားသည်။

"အင်း အားလုံးနဲ့ မိတ်ဆက်ပေးပြီးပြီ မိုပဲ ကျန်တော့တယ်၊ မို့နဲ့လည်း မိတ်ဆက်ပေးမယ်၊ ဒီမှာလေ ဆရာမကြီးရဲ့မိဘမဲ့ဂေဟာမှာ





စေတနာဝန်ထမ်း တာဝန်ထမ်းမယ့် ဆရာမနဲ့ဆရာလေ"

မို ထိုင်ခုံမှာ မထိုင်ဖြစ်သေးပါ။ ဆရာမကြီး ရှေ့တည့်တည့်မှာထိုင်နေကဲ့ ဝန်ထမ်းအသစ်နှစ်ဦးကို မို ဝမ်းသာစွာ ငဲ့ကြည့်လျှင်–

"ဆရာမနာမည်က ရှိန်းရှိန်းတဲ့"

"ဟင်"

မို့ရင်မှာ ဟင်ခနဲဖြစ်ကာ ရှိန်းရှိန်းနဲ့ အကြည့်ချင်းဆုံသွားသည်။ ရှိန်းရှိန်းက ပြုံးနေနိုင်ပေမယ့် မို မပြုံးနိုင်ပါ။

"ဆရာ့နာမည်က သက်တန့်ပိုင်တဲ့၊ ရုပ်ရှင်နဲ့ဗွီဒီယိုမင်းသားပိုင်တဲ့လေ"

ဆရာမကြီး ဂုဏ်ယူဝမ်းမြောက်စွာ မိတ်ဆက်ပေးသံအဆုံးမှာ ပိုင်နဲ့အကြည့်ချင်းဆုံလျှင် တောင်းပန်နေဆဲဖြစ်သော ပိုင့်မျက်ဝန်း။

ဟင့်အင်း။

မို ခေါင်းတစ်ချက်ယမ်းကာ အသိအမှတ်မပြုဘဲ ချာခနဲ လှည့်ထွက်ခဲ့မိသည်က ချက်ချင်းဖြစ်သည်။

"မို"

အားလုံးရဲ့ခေါ်သံတွေ ညံစီထွက်ပေါ်လာသည်။

ထိုခေါ်သံတွေကို မို အလေးမထားနိုင်တော့ပါ။ ခြေလှမ်းတွေက မို့မာနနောက် တစ်ထပ်တည်းပါသွားလေသည်။

ရှိန်းရှိန်းနဲ့ပိုင်က ဘာရည်ရွယ်ချက်နဲ့ မို့ရှိတဲ့ဆီ လိုက်လာရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အနည်ထိုင်နေတဲ့ မှိုဘဝလေးကို လာနှောင့်ယှက်ဖို့လား။ ဒီဂေဟာမှာနေကတည်းက မှိုဘဝ အမည်းစက်ကို ဖုံးကွယ်ပြီး နေခဲ့မိတာ။ သူတို့နှစ်ယောက်ကြောင့် ထိုအမည်းစက် ပြန်ပေါ်သာရင် ခက်ရချည်ရဲ့။

"မှို နေဦးဟ"

ရှိန်းရှိန်းခေါ်သံနဲ့အတူ ပြေးလိုက်လာတဲ့ ခြေသံလည်း မှို့နောက်က ပါလာသည်။ ဆရာမကြီးနဲ့တူ ဝန်ထမ်းအားလုံး အံ့သြကာ ငေးကြည့်နေကြသည်။

"မှို ရှိန်းပြောမယ်၊ နားထောင်ပါဦး မှိုရယ်"

ရုံးခန်းအပြင်ဘက် လျှောက်သွားရုံမက အလင်းအိမ်မိဘမဲ့ဂေဟာကို ကျောခိုင်းစွန့်ခွာသွားဖို့ ခြေလှမ်းဦးတည်နေတဲ့ မှို့ရှေ့ ရှိန်းရှိန်း အလောတကြီး ပိတ်ရပ်လေသည်။

ထိုအခါ မှို့ရင်မှာ မာနတွေ အနည်ထလာကာ –

"ရှိန်းရှိန်း မှို ဘယ်လောက်ခံစားခဲ့ရလဲဆိုတာ နင်သိပါတယ်ဟာ"

မှို ခြေလှမ်းရပ်ပစ်ရင်း ရှိန်းကို တည့်တည့်ကြည့်ကာ ရင်နာစွာ ပြောသည်။

"ရှိန်း သိတာပေါ့ မှိုရဲ့၊ ရှိန်းသိလွန်းလို့ မှို့သတင်းစုံစမ်းခဲ့တာ၊ မှို ဒီဂေဟာမှာ ရှိနေတဲ့သတင်းကြားလို့ မှို့ဆီ စာပို့ခဲ့တယ်လေ၊ မှို ဖတ်ရတယ် မဟုတ်လား"





"အို မှိုက ဘာမှမခံစားချင်ဘူး၊ ဒီဂေဟာမှာ မှို့ဘဝ ငြိမ်းချမ်းနေပါတယ်၊ ငြိမ်းချမ်းနေတဲ့ မှို့ဘဝကို ဘာလို့လာနှောင့်ယှက်ရတာလဲ"

"မှိုရယ်"

အရှက်ကွဲခံခဲ့ရခြင်းအတွက် အငြိုးမပြေနိုင်စွာ မှို ဆိုသည်။ မှို့စိတ်ကို ရှိန်း ခံစားတတ်ပါသည်။ ဒါကြောင့် သက်မ,လေးချကာ မှို နာမည်လေးရွတ်လျက် ခေါင်းလေးယမ်းပြီး

"မှိုထင်သလို ရှိန်းတို့လာနှောင့်ယှက်တာ မဟုတ်ပါဘူး၊ မှို့ဘဝ ငြိမ်းချမ်းနေတာကိုမြင်လို့ ရှိန်းတို့ အားကျတာပါ၊ အားကျလွန်းလို့ မှို့လိုပဲ စေတနာ့ဝန်ထမ်းလာလုပ်တာပါကွယ်"

"အိုး ရှိန်းတို့ လာလုပ်စရာမလိုပါဘူး၊ မှိုက မိမဲ့ဖမဲ့, အားကိုးရာမဲ့မို့ လာလုပ်နေရတာလေ"

"ဟုတ်ပါတယ်၊ မှို့လိုပဲ ဝိုင်လည်း မိမဲ့,ဖမဲ့, အားကိုးရာမဲ့နေလို့"

"တော်တော့"

မှို ဝမ်းနည်းတကြီး ဟန့်တားရင်း ရှိန်းရှိန်းလက်ကို ဖယ်ပစ်ကာ ရှေ့တိုးထွက်၏။ ရှိန်းက ထွက်ခွင့်မပေးဘဲ မှို့လက်ကို အတင်းဆုပ်ကိုင်လျက် –

"မှိုရယ် မှိုက မိမဲ့,ဖမဲ့, အားကိုးရာမဲ့မဟုတ်ဘူး။ မှို့မှာ အားကိုးရာ မွေးစားမိဘရှိတယ်၊ ဟောဒီမှာကြည့်"

လက်ကိုင်အိတ်ထဲ အသင့်ခေါက်ထားတဲ့ သတင်းစာ[illegible]က်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှိန်းက ကမန်းကတန်း ထုတ်ပြသည်။ မျက်စိရှေ့ရောက်နေသည့် မို့ မဖတ်ဘဲနဲ့ စာလုံးတွေကို မို ထင်ထင်ရှားရှား မြင်နေရသည်။

သမီးလေး ခါတော်မို

သမီးလေး မာမီတို့ရင်ခွင်ထဲ ပြန်မလာသရွေ့ မာမီ စိတ်သောက ရောက်ပြီး သေရပါလိမ့်မယ် သမီးရယ်။ မာမီတို့ရင်ခွင်ထဲ ပြန်လာခဲ့ပါကွယ်။ မာမီမသေခင် သမီးလေးမျက်နှာကို မြင်ချင်ပါတယ်။ သမီးလေး ရောက်ရာအရပ်က အမြန်ပြန်လာပါတော့။

သမီးကိုအစဉ်ချစ်ခင်နေတဲ့
ဒယ်ဒီ ဦးထွန်းလင်း
မာမီ ဒေါ်လှလှလွင်

သဲသဲကွဲကွဲ မြင်လိုက်ရတဲ့ စာလုံးတွေရဲ့နောက်မှာ ဒယ်ဒီနဲ့ မာမီ့မျက်နှာလေး ဘွားခနဲ မြင်ယောင်လေသည်။

"မို့ကို အခုချိန်ထိ အန်တီနဲ့အန်ကယ်က သမီးအရင်းလို့ အသိအမှတ်ပြုနေတာပါ၊ မိုကသာ အန်တီနဲ့ အန်ကယ်ကို စွန့်ခွာခဲ့တာလေ၊ မို စွန့်ခွာခဲ့သလို ပိုင့်ကိုလည်း အန်တီနဲ့အန်ကယ် စွန့်ခွာခဲ့တာ ဒီနေ့ဒီအချိန်ထိပဲ မို့ရဲ့၊ မယုံရင် ဒီအောက်က ကြော်ငြာကို ဖတ်ကြည့်"

ရှိန်းရှိန်း သွက်သွက်ကလေးပြောရင်း "သမီး အမြန်ပြန်လာပါ" ဆိုတဲ့ ကြော်ငြာအောက် ကြော်ငြာစာသားကို ရှိန်းရှိန်းပဲ အသံ





ထွက်ဖတ်လေသည်။

အမွေပြတ်စွန့်လွှတ်ထားဆဲဖြစ်သော သက်တန့်ပိုင် (ခေါ်) ရှပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် ပိုင်နှင့်ပတ်သက်၍ စုံစမ်းခြင်း၊ မေးမြန်းခြင်း သည်းခံကြပါရန်။

ဖခင် ဦးထွန်းလင်း
မိခင် ဒေါ်လှလှလွင်

ရှိန်းရှိန်း စာဖတ်သံအဆုံးမှာ မို့မျက်ဝန်းထဲ အယူခံဝင်လိုသော ပိုင့်မျက်နှာလေး ထင်းခနဲ ပေါ်လာပြန်သည်။

ပိုင့်ကို ဒယ်ဒီနဲ့မာမီက ခုချိန်ထိ ပစ်ထားသတဲ့လား။ ရှိန်းရှိန်းကို မေးမိသလိုကြည့်မိလျှင် ရှိန်းရှိန်း သက်မ,လေးချသည်။

ပြီးတော့ မို့လက်ကိုဆွဲကာ ဆုပ်ကိုင်လျက်ဆိုသည်။

"ဟုတ်တယ် မို၊ မို့ကို မတရားကြံစည်ပြီး အရှက်တကွဲ လုပ်လိုက်တဲ့ ပိုင့်ကို အန်တီနဲ့အန်ကယ် ခုချိန်ထိ ခွင့်မလွှတ်ဘူး၊ ဒီနေ့အထိ စွန့်ပစ်ထားခဲ့တာလေ၊ ပိုင်ကမှ မိဘရင်းရှိလျက် တကယ့်ကို မိမဲ့ဖမဲ့ အားကိုးရာမဲ့နေတာပါ၊ မို့ကို မွေးစားမိဘက အချိန်မရွေး ကြိုဆိုနေတယ်၊ ပိုင့်ကိုတော့ အချိန်အကန့်အသတ်မရှိ တကယ်စွန့်ပစ်ထားတာပေါ့"

ရှိန်းရှိန်းစကားအဆုံးမှာ မို့ရင်ထဲ ဝမ်းနည်းသလိုလိုဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒယ်ဒီနဲ့မာမီ့ရင်ခွင်ဆီ မို အချိန်မရွေး ပြေးခွင့်ရပေမယ့် ဝိုင်းက ဝင်ခွင့်မရဘူးတဲ့။ ဟုတ်ရဲ့လားကွယ်။

"ဝိုင်းကလည်း သူ့အပြစ်သူ ကျေကျေနပ်နပ်ခံယူပြီး မိမဲ့ဖမဲ့ ဘဝနဲ့ ဒီဂေဟာမှာ တာဝန်ထမ်းဖို့ ရောက်ခဲ့တာပါ၊ ငြိမ်းချမ်းနေတဲ့ မို့ဘဝကို နှောင့်ယှက်ဖို့ မဟုတ်ပါဘူးကွယ်"

ဘာကြောင့်မှန်းမသိ မို့ရင်မှာ အင့်ခနဲ တစ်ချက်ဆို့ကျင်သွား၏။

"မို့ဘဝက ဘယ်မှာနေနေ ငြိမ်းချမ်းနေပေမယ့် ဝိုင့်နှလုံးသားက မငြိမ်းချမ်းဘူးလေ၊ ဒါကြောင့် မို့ရှေ့မှောက် အပြစ်တွေ ဆေးကြောခွင့်ရဖို့ ခုလို ရောက်လာခဲ့တာပါ"

ရှိုက်မိနေတဲ့ရင်မှာ တသိမ့်သိမ့်တုန်လျက် ပို့မျက်ဝန်းမှာ ဝမ်းနည်းမျက်ရည်တွေ ဝဲသွားသည်။

"လက်ရှိအခြေအနေမှာ တကယ့်မိမဲ့ဖမဲ့ဟာ မို့မဟုတ်ဘူး ဝိုင်ပါ မို့ရဲ့"

ဟုတ်ရဲ့လားကွယ်။ လက်ရှိ ဝိုင်က မိမဲ့ဖမဲ့လား။

မျက်ဝန်းအိမ်မှာ ဝဲနေသော မို့မျက်ရည်ကြည်များ လွှဲတက်ကာ ဝေါခနဲ ပြိုကျလာလေပြီ။

မို့မျက်ရည်တွေက ဘယ်သူ့အတွက် ကျတာလဲကွယ်။

ဝိုင်ကြောင့်လား၊ မို့ကြောင့်လား။ ဒယ်ဒီနဲ့မာမီအတွက်လား။

ပြောကြစမ်းပါလေ။

✿ ✿ ✿



## အခန်း (၃၈)

"မို သမီး၊ အမလေး သမီးလေးရယ်၊ မာမီတို့ကို ပစ်ထားရက်တယ်၊ နော် သမီး ဟင့် ဟင့် ဟင့်"

ရှိုန်းရှိုန်း သတင်းပေးလို့ ဝင်တယ်၊ ဒယ်ဒီနဲ့မာမီ ချက်ချင်းရောက်လာကြသည်။ မို့ကိုမြင်သည်နှင့် မာမီ ဟန်မဆောင်နိုင်စတမ်း ပြေးဖက်ကာ ဝမ်းနည်းတကြီးပြောရင်း ငိုရှာလေသည်။

"မာမီရယ်"

မာမီ့မျက်ရည်တွေမြင်ရတော့ မို့ရင်မှာ တောင့်မခံနိုင်တော့ပါ။ မာမီ့ကို ပြန်ဖက်မိလေပြီ။

"မာမီ့သမီးလေး ဘယ်လောက်ရိုးသားဖြူစင်သလဲဆိုတာ မာမီ သိပါတယ် သမီးရယ်၊ သမီးကို မာမီ့ရင်ခွင်ထဲမှာပဲ နေစေမယ်



www.burmeseclassic.com

www.burmeseclassic.com



သမီး၊ မာမိနဲ့ ပြန်လိုက်ခဲ့ပါကွယ် ဟင့် ဟင့် ဟင့်"

ပြောရင်း အတောမသတ် ငိုနေရှာတဲ့ မာမိ။ မို့ ဘယ်နလုံး သားနဲ့ ကျောခိုင်းရက်မှာလဲကွယ်။ ငြင်းလို့လည်း ရမှာမဟုတ်တာ မို့ သိသည်။ ဒါကြောင့် မာမိဆန္ဒအတိုင်း ခေါင်းညိတ်ရရှာသည်။

ဒယ်ဒီက ဆရာမကြီးကို အကျိုးအကြောင်းရှင်းပြလျှင် ဆရာမကြီးလည်း မို့တာဝကို စုတ်တသပ်သပ်နဲ့ သနားကရုဏာဖြစ်လေ သည်။

ဆရာမကြီး ခွင့်ပြုလို့ မို့ကို မာမီ ဆွဲခေါ်သွားလေသည်။ ဂေဟာရှေ့မှာ ရပ်ထားတဲ့ ဒယ်ဒီမောင်းတဲ့ကားပေါ် မို့ရောက်လျှင်–

"မာမိ"

လို့ ခေါ်လိုက်တဲ့ ဝိုင့်အသံကျယ်ကြီး ပျံ့ထွက်လာသည်။ ဒယ်ဒီက လှည့်မကြည့်ပါ။ စိတ်မထိန်းနိုင်ဘဲ မို့နဲ့မာမီ လှည့်ကြည့်လျှင် ကလေးတွေကို ကာယလေ့ကျင့်ခန်းသင်ပေးနေရာမှ အမောတကော ပြေးလာတဲ့ ဝိုင်။

ဒူးဆစ်ဖုံးဘောင်းဘီပွပွ၊ ရှပ်ကျယ်အနွမ်း၊ ကိုယ်နဲ့ မျက်နှာမှာ ချွေးတွေ စိုနေတဲ့ ဝိုင်။

"သားအတွက်က ဒီနေ့ထိ မာမို့နှလုံးသားကို အရှက်ရနေသေး တယ် ဝိုင်ဝိုင်ရယ်၊ သားကို မာမိ ခွင့်လွှတ်ပေးလိုက်ရင် သမီးအပေါ် မာမိ တာဝန်မဲ့ရာရောက်သွားမှာမို့၊ သမီးအပေါ် မာမိ တာဝန်ကျေ ချင်တယ်၊ ဒါကြောင့် သားကို အသိအမှတ်မပြုနိုင်သေးဘူး၊ အဲဒီ





အတွက် ဒယ်ဒီနဲ့မာမို့အပေါ် မုန်းချင်မုန်းလိုက်ပါတော့ကွယ်၊ နောက် နောင်လည်း မာမီလို့ မခေါ်ပါနဲ့၊ သမီး ခွင့်မလွှတ်နိုင်သရွေ့ မာမိတို့ အသိအမှတ်ပြုမှာ မဟုတ်ဘူး၊ ဒါ မာမို့ရဲ့နောက်ဆုံးစကားပဲ"

မာမို့စကားလုံးတွေက ဝိုင့်ရင်ဘတ်ကို အကာန်ခံရသည်နှယ်။ ထိုစကားလေးတွေနောက်မှာ မျှော်လင့်ကြီးစွာ ရင်ခုန်ဖို့ ပြေးလာတဲ့ ဝိုင့်ခြေလှမ်းတွေ အလိုလို ရပ်တန့်သွားကာ အမောပင်ဆို့ချေပြီ။

"ဝိုင်ရယ်"

လို့ မို့ ရေရွတ်လို့မဆုံးခင် ဒယ်ဒီ့ကား လျှောခနဲ မောင်းထွက် သွားလေသည်။

ဒယ်ဒီ့ကားပေါ် မို့ပါသွားပေမယ့် မို့စိတ်က မိဘမဲ့ဂေဟာ လေးကို ပြန်ကြည့်မိသွားသည်။

မိဘမဲ့ဂေဟာကို ကျောခိုင်းရလို့လား။

ဝိုင့်ကို ချန်ရစ်ခဲ့ရလို့လား။

သေချာတာတစ်ခုက ဝိုင့်လိုပဲ မို့လည်း မျက်ရည်တွေ ဘ သောသောကျကာ –

"မို့ နင့်ဘဝ အမည်းစက်စွန်းအောင် လုပ်ခဲ့မိတဲ့ ငါ့အတွက် ငါ့အချစ်တွေပါကွာ၊ နင့်ကို ငါချစ်မိနေလို့ အဆုံးရှုံးခံရမှာစိုးရိမ်ပြီး ဒိုက်ဒိုက်မဲမဲ စီရင်ခဲ့မိတာပါ၊ အဲဒီအတွက် ငါ့အချစ်တွေနဲ့ နင်ဘဝထဲ ငင်ပါရစေ၊ ကျရှုံးခဲ့တဲ့ ဂုဏ်သိက္ခာအားလုံးအတွက် နင့်ကို ငါ လက်ထပ်ပါရစေ မို့ရယ်၊ နင် ခွင့်လွှတ်တဲ့အထိ ငါ ဒူးထောက်တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

မျက်ရည်တွေနောက်မှာ လွှင့်စဉ်ထွက်လာတဲ့ ပိုင့်နှလုံးသား ထဲက အသံတွေ။

''ငါ့အချစ်ကို နင် ခံစားပေးပါဟား၊ နင်မရှိရင် ငါ့ဘဝ လမိုက် ညပဲ မို့ရယ်၊ နင့်မျက်နှာမမြင်ရရင် ငါ့နှလုံးသားက ဘယ်လိုမှ ရှင် သန်လို့ မရခဲ့ပါဘူး၊ ဒါကြောင့် ငါ ငါ့သနားပါတဲ့ သရုပ်ဆောင်အလုပ် ကို စွန့်ပြီး နင့်ရှေ့မှောက် ငါ လာခဲ့တာပါမို့၊ ငါ့အချစ်တွေနဲ့ နင့်ဘဝ အတွက် အလုပ်အကျွေးပြုပါရစေလား၊ ငါ့အချစ်တွေကို ကျောခိုင်း မသွားပါနဲ့ မို့ရယ်၊ ငါ့အချစ်ကို အသိအမှတ်ပြုလို့ ငါ တစ်သက်လုံး ဒူးထောက်တောင်းပန်နေပါ့မယ်၊ ငါ့ကို ခွင့်လွှတ်ပါ၊ ငါ့အချစ်ကို နားလည်ပေးပါဟာ''

ဒယ်ဒီ့ကား ဘီးလိမ့်သံနောက်မှာ ကပ်ပါလာတဲ့ ပိုင့်ရင်ကွဲ သံတွေ မို့ နားမဆင်နိုင်တော့ပါ။

လည်ပြန်ကြည့်မိတဲ့ မို့နှလုံးသားဟာ တကယ်ဒူးထောက်ပြီး အယူခံဝင်နေတဲ့ ပိုင့်ကို ကျောခိုင်းမသွားနိုင်ရက်တော့ပါ။

''ဒယ်ဒီ ကား ခဏရပ်ပေးပါနော်လို့''

မို့ ငိုချရင်း တောင်းဆိုမိသွားသည်၊

အကြိမ်ကြိမ် မို့ရှေ့မှာ ပိုင် ဒူးထောက်တောင်းပန်ခဲ့တာကို မို့ နားဆင်နိုင်ပေမယ့် ဒီတစ်ခါ နားမဆင်နိုင်တော့သလို ပိုင့်ကိုလည်း မထားရက်နိုင်တော့ပါ။





''ဘာလုပ်ဖို့လဲ သမီးရယ်''

မာမီ ပေးပေမယ့် မို့ မဖြေတော့ပါ။ ကားအရှိန်လျော့သွား သည်နှင့် တံခါးဖွင့်ကာ ကမန်းကတန်း မို့ ကားပေါ်က ဆင်းချလိုက် သည်။

ကားက အရှိန်ရှိနေသည်မို့ မို့ကိုယ်လေး ယိုင်ခနဲဖြစ်ကာ နောက်ပြန်ကျသွားသည့်က ပိုင်ရှေ့မှာပင် ဖြစ်တော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

BURMESE CLASSIC .com

"မို"

လက်ဖျားလေးကို မရဲတရဲဆုပ်ကိုင်၍ ဝိုင် ခေါ်သည်။ မို မျက်တောင်လေး ပုတ်ခတ်ရင်း မော့ကြည့်ဖို့ မရဲသလို ဖြစ်သွားသည်။

"ဝိုင့်ကို ခွင့်လွှတ်လားဟင်"

မို့ခေါင်းလေး အလိုလို ငုံ့ကျသွားသည်။ မေးချထားတဲ့ မျက်တောင်များကြားမှ ဆုပ်ကိုင်ထားဆဲဖြစ်သော ဝိုင့်လက်ချောင်းကလေးကို ကြည့်မိကာ –

"ပြောလေ မို"

ပခုံးကလေးကိုင်၍ မို့မေ့ဖျားလေးပင့်ကာ ရင်ခုန်နေသော ဝိုင့်မျက်နှာ တိုးကပ်၍ မေးလာလျှင် မို့ရင်ခုန်သံမြန်သော နှုတ်ခမ်းတို့





လှုပ်ကြွကာ "အင်း" လို့ ရေရွတ်ရင်း ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ထိုအခါ လှိုက်ခနဲမြူးသွားတဲ့ ဝိုင်။

"ဟာ ဒါဆို မို နင် ငါ့ကို ချစ်တယ်ပေါ့"

မို ဖျတ်ခနဲမော့ကြည့်၏။ ရင်ခုန်မြူးကြွနေသော ရင်ခုန်[illegible] ကြောင့် တောက်ပရွှန်းစိုနေသော ဝိုင့်မျက်ဝန်းနဲ့ အကြည့်ချင်းဆုံလျှင် မို့ရင်ခုန်သံတို့ မြန်ကာ –

သက်တံရောင်ခြယ်ထားတဲ့ ညနေခင်းနေရောင်တို့လည်း မေ့သွားသည်။ ပန်းရနံ့ပေါင်းစုံမြမြလေး မွှေးသင်းနေတာတို့လည်း သတိမရတော့ပါ။ အိပ်တန်းပြန် ကျေးငှက်တို့ရဲ့ ညနေဆည်းဆာ တယောထိုးသံတွေလည်း မကြားနိုင်တော့ပါ။ ဒါတင်မက သက်ရှိ သက်မဲ့ အရာအားလုံးကို သတိမထားနိုင်ဖြစ်လျက် –

"ချစ်တာပေါ့"

လို့ တိုးတိုးလေးပြောမိသွားလေသည်။

"ဘယ်လို၊ ချစ်တယ် ဟုတ်လား၊ မာမီရေ မိုက သားကို ခွင့်လွှတ်တယ်၊ ချစ်တယ်တဲ့"

"ဝိုင်နော်"

မို ဟန့်တားပေမယ့် မရတော့ပါ။

"မိုက ခွင့်လွှတ်တယ်တဲ့၊ ချစ်တယ်တဲ့ မာပီရေ"

လို့ ဝိုင်ပြောရင်း မို့ကို ရင်ခွင်ထဲထည့်ကာ ဟာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြေးတော့ မို့နုလုံးသားလေး ချစ်စိတ်ကြောင့် ရှက်ကာသွားလေပြီ။ ရှက်လွန်းလို့ ပိုင့်ရင်ခွင်ထဲ ခေါင်းလေး ထိုးဖွက်လိုက်တဲ့အခါ –

"ချစ်တယ် မို့ရယ်"

"အိုး"

မို့ ရှောင်လွှဲလို့လည်း မရတော့ပါ။ အချစ်တွေနဲ့အတူ ကာလာခြယ်အနမ်းတို့က အရောင်သွေးစုံလှတဲ့ ဇာတ်ဂိုက်တွေလို။

မို့ရဲ့ချစ်မျက်နှာလေးအနှံ့ ရင်ခုန်နေသော အစိတ်အပိုင်းအသီးသီးဆီသို့ မရပ်မနား ရွေ့လျားသွားတဲ့အခါ အနမ်းတွေ ဘယ်နှစ်ချပ်ပါတော့လဲ ပိုင်ရယ်လို့လည်း မပြောလိုပါ။

အချစ်ရဲ့မိတ္တူက အနမ်းပွင့်ကလေးများအဖြစ် သက်သေပြုကာ အနမ်းပန်းတို့ ထာဝစဉ်ပွင့်သည်ကို သိမ့်သိမ့်ပိမ့်ပိမ့်လေး ရင်ပွင့်မတတ် ခံစားရင်း –

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

အမှတ် ၂၇ (A)၊ ပထမထပ်၊ ဦးလွန်းလမ်း၊
အရှိးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၈၀၂၁၁၃၇

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com